၇ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

https://7day.news

KBZ LIFE Insurance
01-2307001 | 09-957-777-999

အတွဲ(၁၉)၊ အမှတ် (၇) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ဗုဒ္ဓဟူး၊ (မေ ၆၊ ၂၀၂၀)



# ကပ်ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် စိန်ခေါ်မှုများ

*နိုင်ငံတစ်ဝန်းရှိ အစိုးရဆေးရုံများတွင်လိုအပ်နေသည့် Mask နှင့် PPE ဝတ်စုံများကို လှူဒါန်းရန်အတွက် ရွှေပြည်သာစက်မှုဇုန်အတွင်းရှိ ရွှေဆည်းဆာအထည်ချုပ်စက်ရုံ၌ ချုပ်လုပ်ပေးနေစဉ်။ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် လိုအပ်နေသောဆေးရုံများသို့ လိုက်လံလှူဒါန်းနေခြင်းဖြစ်သည်။*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

စာမျက်နှာ ၂၀ »

## ကွင်းဆက်ပျောက် လူနာများ၏ နောက်ကွယ်မှ မသိကိန်းများ

စာမျက်နှာ ၃ »

## ကပ်ရောဂါ တိုက်ဖျက်ရေးကြောင့် ငြိမ်းချမ်းရေးခရီး နှီးစေမလား

စာမျက်နှာ ၂ »

## ကပ်ဘေးအတွင်းက မေ့ရင်သွေး

**ညီညီဇော်**

**၂၀၂၀ ပြည့်နှစ် ဧပြီ ၁၇ ရက် နံနက် ၅ နာရီဝန်းကျင်၊ မူဆယ်မြို့လယ် နာရီစင်အနီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း။**

တိတ်ဆိတ်ခြောက်ကပ်နေတဲ့ မူဆယ်မြို့ကြီးကိုကြည့်ရင်း နိမ့်ပီးဟွိုင်တို့ဇနီးမောင်နှံ ပါးစပ်အဟောင်းသားဖြစ်သွားခဲ့တယ်။ တရုတ်ပြည်နယ်စပ် မူဆယ်မြို့ဟာ ကုန်ရောင်းကုန်ဝယ်တွေနဲ့ ၂၄ နာရီပတ်လုံး စည်ကားနေတဲ့မြို့ကြီး။ အခုတော့ နာရီစင်ကြီးကသာ ခြောက်တိခြောက်ကပ်သွားနေတာ မြို့ပေါ်မှာတော့ လူသူမရှိ တိတ်ဆိတ်လို့။ နိမ့်ပီးဟွိုင်ရဲ့ အမျိုးသားဖြစ်သူက "ကားတွေ ရှိမှ ရှိပါ့မလားမသိဘူး"လို့ ပြောရင်း သူ့မျက်နှာက စိုးရိမ်နေပုံရ တယ်။ နိမ့်ပီးဟွိုင်လည်း စိတ်ထဲကြောက်ရွံ့သလိုလို ဖြစ်လာတယ်။

စာမျက်နှာ ၅ »

## ဂျက်ကီနှင့် ကယ်တင်ရှင်သူရဲကောင်း



**အောင်ရဲကို**

သာယာအေးချမ်းလှသော ဂျက်ကီ့ဘဝထဲသို့ မျှော်လင့်မထားသော မုန်တိုင်းတစ်ခု ခပ်ကြမ်းကြမ်း ဝင်ရောက်လာခဲ့၏။

မုန်တိုင်းဆိုသည်မှာ ကမ္ဘာ့ကပ်ရောဂါ COVID-19 ပင်ဖြစ်ပြီး ဂျက်ကီဆိုသည်ကတော့ အိမ်မွေးခွေးတစ်ကောင်ပင်ဖြစ်သည်။ ကပ်ရောဂါသည် သူ့ကို တိုက်ရိုက်ကူးစက်သည်မဟုတ်။ သူ့သခင်ထံ ကူးစက်လာသဖြင့် ဒုက္ခက သူ့ဆီရောက်လာခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၇ »

## “ တပ်မတော် တပ်ရင်းတစ်ရင်း ဝင်ထိန်းတာကြာပြီ

ရွှေကုက္ကိုမြို့သစ်စီမံကိန်းနှင့်ပတ်သက်၍ BGF အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးစောချစ်သူအား ဆက်သွယ်မေးမြန်းခြင်း

၁၉ »



News Analysis

# ကပ်ရောဂါတိုက်ဖျက်ရေးကြောင့် ငြိမ်းချမ်းရေးခရီး နီးစေမလား

အောင်ဇော်ထွန်း



အစိုးရ၊ တပ်မတော်နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များ တက်ရောက်သော JICM အစည်းအဝေး ယခုနှစ်ဆန်းပိုင်းက ပြုလုပ်နေစဉ် ဓာတ်ပုံ - NRPC

တရုတ်နိုင်ငံမှအစပြုပြီး ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ ပျံ့နှံ့နေသည့် COVID-19 ဟု ခေါ်ဆိုသော နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါသည် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပေါ်သို့လည်း ကြီးမားသည့်ရိုက်ခတ်မှု ဖြစ်ပေါ်စေခဲ့သည်။

ရောဂါပိုးကူးစက်ခံရသည့် လူနာ မြန်မာနိုင်ငံတွင်မတွေ့ရမီကတည်းက အစိုးရနှင့်အပစ်အခတ်ရပ်စဲရေး မလုပ်ရသေးသည့် ကချင်(KIA)၊ တအာင်း(TNLA)၊ ကိုးကန့်(MNDAA)၊ ရခိုင်(AA) လက်နက်ကိုင်အဖွဲ့များအကြား ဆွေးနွေးပွဲကိုရောဂါအကြောင်းပြ နောက်ဆုတ်ခဲ့သည်။

မတ်လ ၂၃ရက်တွင် COVID-19 ရောဂါပိုးရှိသူကို နိုင်ငံအတွင်း စတင်တွေ့ရှိခဲ့ခြင်းကြောင့် ဧပြီလကုန်တွင်ကျင်းပရန် ဆုံးဖြတ်ထားသည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံကိုလည်း မဖြစ်မနေရွှေ့ဆိုင်းခဲ့ရသည်။

ကပ်ရောဂါဆိုးကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှောင့်နှေးခဲ့ရသည်ဟု သုံးသပ်မှုရှိသကဲ့သို့ ယခင်ကတည်းက မပြေမလည်ဖြစ်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပြင်ဆင်ချိန်ပိုရသည်ဟုလည်း သုံးသပ်သူအချို့ရှိသည်။

"ကပ်ရောဂါ ဝင်လိုက်တာက ပြင်ဆင်ချိန်တောင် ပိုရသွားသလိုဖြစ်တာပေါ့။ မဟုတ်ရင် JICM အစည်းအဝေး သတ်မှတ်ချိန်တွေက တွန်းတွန်းတိုက်တိုက် လုပ်ရမလိုဖြစ်သွားတယ်။ အခုကျတော့ JICM ရဲ့ ဆုံးဖြတ်ချက်တွေကလည်း ကပ်ရောဂါကြောင့် အထူးအခြေအနေကြောင့် ရွှေ့ရတဲ့အခါကျတော့ ပြင်ဆင်ရမယ့် အခြေအနေကလည်း အသက်ရှူပေါက်ချောင်တာပေါ့"ဟု ပအိုဝ်းလက်နက်ကိုင်အဖွဲ့ (PNLO) ဦးဆောင်နာယက ဗိုလ်မှူးကြီးခွန်ဥက္ကာကပြောသည်။

## ၂၁ ရာစုပင်လုံညီလာခံ ကျင်းပနိုင်ရေးနှောင့်နှေး

အစိုးရ၊ တပ်မတော်နှင့် NCA လက်မှတ်ထိုးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ထိပ်ပိုင်းခေါင်းဆောင်များ တက်ရောက်သည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို ယခုနှစ် ဇန်နဝါရီကကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ၂၁ရာစုပင်လုံညီလာခံကို ဧပြီလကုန်တွင်ကျင်းပရန်၊ ညီလာခံ၌ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အခြေခံမူများသဘောတူညီချက်ရရှိရေး ညှိနှိုင်းရန်တို့မှာ အဓိကဆုံးဖြတ်ချက်များဖြစ်သည်။

လက်ရှိ အစိုးရလက်ထက်တွင် ကျင်းပပြီးဖြစ်သည့် ၂၁ရာစုပင်လုံညီလာခံ သုံးကြိမ်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍများမှ ဖက်ဒရယ်ဆိုင်ရာအခြေခံမူ စုစုပေါင်း ၅၁ ချက် သဘောတူညီမှုရရှိထားပြီး ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁)နှင့် (၂)ဟူ၍ ချုပ်ဆိုကာ လွှတ်တော်၌အတည်ပြုထားသည်။ ယင်းသဘောတူညီချက် ၅၁ချက်နှင့် ထပ်မံညှိနှိုင်းရရှိသည့် အခြေခံမူများကို လာမည့် စတုတ္ထအကြိမ် ညီလာခံတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)အဖြစ် ချုပ်ဆိုရန်လည်း JICM ကဆုံးဖြတ်ခဲ့သည်။

ယင်းပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)တွင် NCA ကို မည်သို့မည်ပုံဆက်လက်အကောင်အထည်ဖော်မည်ဆိုသည့်မူဘောင်တစ်ရပ်နှင့် ၂၀၂၀ အလွန်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမည်သို့ဆောင်ရွက်မည်ဆိုသည့်အာမခံချက်ကိုပါ ထည့်သွင်းချုပ်ဆိုရန်လည်း အစိုးရနှင့်အပစ်ရပ်အဖွဲ့များ ညှိနှိုင်းနေသည်။

"မြန်မာပြည်ရဲ့ ဒီအစိုးရ သက်တမ်းငါးနှစ်မှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်တွေကြားထဲမှာ ဘယ်လောက်ထိရလဒ်ထွက်ခဲ့လဲဆိုတဲ့ဟာကို အဓိကအဆုံးအဖြတ်ပေးသွားမှာက နောက်ဆုံးပင်လုံ (စတုတ္ထအကြိမ် ၂၁ ရာစုပင်လုံညီလာခံ)ပဲ ဖြစ်လိမ့်မယ်" ဟု ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျုဒ် (MIPS) အမှုဆောင်ဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးက သုံးသပ်သည်။

သို့ရာတွင် လက်ရှိအစိုးရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ချက်ကို အကဲဖြတ်နိုင်မည့် ၂၁ ရာစုပင်လုံညီလာခံ ကျင်းပရေးမှာ COVID-19 ကြောင့် မရေမရာအခြေအနေ ဖြစ်ပေါ်နေသည်။

## ဇူလိုင်လ နောက်ဆုံးထားကျင်းပရန် ဆွေးနွေးထား

နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက COVID-19 ကပ်ရောဂါ ရင်ဆိုင်နေရသော်လည်း ၂၁ ရာစု ပင်လုံကျင်းပနိုင်ရေးအတွက်အစိုးရနှင့် NCA လက်မှတ်ထိုးအဖွဲ့များအကြား စဉ်ဆက်မပြတ်ဆွေးနွေးနေသည်ဟုပြောသည်။

လာမည့် နိုဝင်ဘာအတွင်း ရွေးကောက်ပွဲကျင်းပရန်ရှိ၍ ၂၁ ရာစုပင်လုံညီလာခံကို ဇူလိုင် နောက်ဆုံးထားကျင်းပရန် ဆွေးနွေးထားသည်ဟုလည်း ၎င်းက ဆိုသည်။

"ဇူလိုင်လအတွင်း နောက်ဆုံးထား ကျင်းပဖို့ရှိတယ်။ အဲဒီအခါကျရင် အကယ်၍ဒီဗိုင်းရပ်စ်ပျံ့နှံ့မှုက ဒီအတိုင်းဖြစ်နေတယ်ဆိုရင် ညီလာခံကို ဘယ်ပုံဘယ်နည်းနဲ့ ကျင်းပမလဲဆိုတာစဉ်းစားဖို့ရှိတယ်"ဟု ဦးဇော်ဌေးကပြောသည်။

ညီလာခံကျင်းပရာတွင် လူတစ်ဦးနှင့် တစ်ဦးသတ်မှတ်အကွာအဝေးအလိုက် နေရာချထားပြီး ညီလာခံကျင်းပခြင်း၊ (သို့မဟုတ်) အစုအဖွဲ့အလိုက်အွန်လိုင်းမှဆွေးနွေးခြင်း စသည့်နည်းလမ်းများရှိကြောင်း ၎င်းကဆိုသည်။

"အရမ်းကို ပြင်းထန်နေပြီဆိုရင်တော့ မဖြစ်မနေပေါ့လုပ်ရမယ့်လူလောက်ပဲ အဲဒီလောက်နဲ့ သွားဖို့တော့စဉ်းစားထားတာ" ဟု ဦးဇော်ဌေးက ပြောသည်။

ကရင်အမျိုးသားအစည်းအရုံး(KNU)အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးကလည်း ၂၁ ရာစုပင်လုံ သဘောတူညီချက်ရရှိရေးအတွက် ယခင်ကလူဦးရေ ၇၀၀ ကျော် ညီလာခံတက်ရောက်ခဲ့ရကြောင်း၊ ရောဂါဖြစ်ပွားမှုအခြေအနေကြောင့် ညီလာခံကိုလူဦးရေအများအပြားဖြင့် မကျင်းပနိုင်ပါက အခြားနည်းလမ်းကို စဉ်းစားသင့်ကြောင်း မှတ်ချက်ပြုသည်။

"တိုးတက်တဲ့ ဒီလိုခေတ်ကြီးမှာ အွန်လိုင်းနဲ့ပုံစံတစ်မျိုးမျိုးနဲ့ ကြိုတင်ပြီးတော့ ညှိနှိုင်းမှုတွေ၊ သဘောတူညီမှုတွေကို ပြုလုပ်ထားနိုင်တဲ့ပုံစံမျိုးတွေဖန်တီးထားနိုင်မယ်ဆိုရင်လည်း နောက်ထပ်တွေးခေါ်နိုင်တဲ့၊ စဉ်းစားနိုင်တဲ့ လမ်းကြောင်းလည်း ဖြစ်ပါလိမ့်မယ်"ဟု ၎င်းကပြောသည်။

အားလုံးလက်ခံနိုင်သည့် အခင်းအကျင်းဖြင့် အားလုံးဆန္ဒပါဝင်သည့်သဘောတူညီချက်ထွက်ပေါ်လာရေး နည်းလမ်းရှာပါက ၂၁ ရာစုပင်လုံသဘောတူညီချက်ရရှိလာနိုင်သည်ဟု KNU ခေါင်းဆောင်ကဆိုသည်။

"တကယ်လို့ COVID က အန္တရာယ် ဆက်ပြီးရှိနေသေးတယ်ဆိုရင်တော့ ကျွန်တော်တို့ အဲဒီလို နည်းလမ်းရှာလို့ရပါတယ်"ဟု ပဒိုစောတာဒိုမူးကပြောသည်။

## ကပ်ရောဂါ ကာကွယ်ရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်များ

KNU ဗဟိုအလုပ်အမှုဆောင် ပဒိုမန်းငြိမ်းမောင်က COVID-19 ကပ်ရောဂါဆိုးကို ကျော်လွှားနိုင်ရန် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး တက်ကြွစွာပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှတ်ချက်ပြုသည်။

အစိုးရ အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အခြေပြုရာဒေသများ၌ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေး ထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဟု ဆိုကာ ဧပြီ ၂၇ရက်တွင် ကော်မတီတစ်ရပ်ကိုဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်သမ္မတရုံးက ဧပြီ ၂၇ ရက်တွင် ဖွဲ့စည်းခဲ့သည့် အဆိုပါကော်မတီ၏ ဥက္ကဋ္ဌမှာအမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဒုဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းဖြစ်ပြီး ဒုတိယဥက္ကဋ္ဌမှာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း) ဖြစ်သည်။ ၎င်းတို့အပါအဝင် ကော်မတီတွင်ပါဝင်သည့် လေးဦးလုံးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းနေသည့်ငြိမ်းချမ်းရေးကော်မရှင်၌ တာဝန်ရှိသူများဖြစ်၍ ယခင်ကတည်းကတိုင်းရင်းသားလက်နက်ကိုင်များနှင့် အဆက်သွယ်ရှိသူများဖြစ်သည်။

ကော်မတီ၏ လုပ်ငန်းတာဝန်များတွင် ရောဂါကာကွယ်ရေးအတွက် သတင်းအချက်အလက်များဖလှယ်ရန်၊ ရောဂါစစ်ဆေး၊ စောင့်ကြပ်ကြည့်ရှုမှုနှင့် ကုသမှုလုပ်ငန်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အခြေပြုရာ ဒေသများတွင် COVID-19 ဆိုင်ရာ အရေးပေါ်ဆောင်ရွက်ရန်ကိစ္စများ ပေါ်ပေါက်လာပါက NRPC ၏လမ်းညွှန်ချက်များနှင့်အညီ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် စသည့်အချက်များပါဝင်သည်။

စာမျက်နှာ ၄ »

# ကွင်းဆက်ပျောက် လူနာများ၏ နောက်ကွယ်မှ မသိကိန်းများ

**အောင်ရဲကို**

COVID-19 လူနာ အမှတ် (၁၅၅) ၏နောက်ကြောင်းရာဇဝင်ကိုဖော်ထုတ်နိုင်ရေးသည် အရေးကြီးတာဝန်အဖြစ် ဦးသိန်းမြင့် မှတ်ယူထားသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သည့်ဦးသိန်းမြင့်ကၺင်း၏တာမွေမြို့နယ်အတွင်း အကြောင်းရင်းမသိဘဲ COVID-19 ရောဂါရှိသူတစ်ဦး မေလ ၃ ရက် ည၌ ထွက်ပေါ်လာခြင်းအတွက် စိုးရိမ်မိသည်ဟု ဝန်ခံသည်။

“ညက စဉ်းစားရင်း အိပ်မပျော်ဘူး။ ဒါနဲ့ဆို တာမွေမှာ နှစ်ယောက်မြောက် ကွင်းဆက်ပျောက်တာ”ဟု ဦးသိန်းမြင့်က ပြောသည်။

မေလ ၄ ရက် ည ၈ နာရီအထိ မြန်မာနိုင်ငံ၌ စစ်ဆေးတွေ့ရှိရသော COVID-19 ရောဂါအတည်ပြု လူနာ ၁၆၁ ဦးအနက် ၁၄ ဦးမှာ အတည်ပြုလူနာများနှင့် ထိတွေ့ခဲ့မှုမရှိသည့်အပြင် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိဘဲ ကူးစက်ခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အကြောင်းရင်းမသိဘဲ COVID-19 ရောဂါရရှိခဲ့သူများ၏ ကွင်းဆက် ဖော်ထုတ်နိုင်ရေးကို အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်နေကြောင်း ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက ပြောသည်။

“ဒီဟာက ကျွန်တော်တို့အတွက် အရမ်းအရေးကြီးတယ်။ တတ်နိုင်သမျှ တွေ့အောင်လိုက်နေတယ်”ဟု ဒေါက်တာသန်းနိုင်စိုးက ပြောသည်။

ယင်းသို့ ဖော်ထုတ်နိုင်ရေး လုပ်ဆောင်ရာမှ ကွင်းဆက်ပြတ်တောက်နေသည့် အဆိုပါလူနာ ၁၄ ဦးအနက် ထက်ဝက်ခန့်မှာ ပြည်ပခရီးသွားလာမှုနှင့် နိုင်ငံခြားသားများနှင့်ထိတွေ့မှုရှိခဲ့ကြောင်း စုံစမ်းနိုင်ခဲ့သည်ဟု ၎င်းက ဆိုသည်။

ယင်းတို့အနက် နှစ်ဦးသည် ပြန်လည်သက်သာလာသဖြင့် ဆေးရုံမှ ဆင်းသွားခဲ့ပြီဖြစ်သော်လည်း ၎င်းတို့၏ နောက်ကြောင်းရာဇဝင်ကို မဖော်ထုတ်နိုင်သေးပေ။

### ကွင်းဆက်ပြတ်လူနာများ

အဆိုပါ လူနာ ၁၄ ဦးအနက် ပထမဆုံး ကွင်းဆက်ပြတ်တောက်လူနာမှာ ဗဟန်းမြို့နယ်နေ (၅၅)နှစ်အရွယ် အမျိုးသား လူနာ အမှတ်(၂၅)ဖြစ်ပြီး ဧပြီ ၁၀ ရက်က COVID-19 ရောဂါတွေ့ရှိခဲ့သည်။ ၎င်းသည် မတ်လ ၂၅ ရက်တွင် မြိတ်မြို့မှ ပြန်လာသူဖြစ်ပြီး ယင်းမတိုင်မီက ထိုင်းနိုင်ငံသို့ ဆေးသွားကုခဲ့သည့် ရာဇဝင်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖော်ထုတ်ထားသည်။

ယင်းနောက် ဧပြီ ၁၂ ရက်တွင် COVID-19 ရောဂါပိုးရှိကြောင်း အတည်ပြုခဲ့သော ကွင်းဆက်ပြတ် ဒုတိယမြောက်လူနာမှာ ရွှေပြည်သာမြို့နယ်တွင် နေသူဖြစ်သည်။

(၂၉)နှစ်အရွယ် အဆိုပါ အမျိုးသမီးမှာ ဖျား၍ အင်းစိန်ဆေးရုံသို့ ရောက်ရှိပြီးနောက် စစ်ဆေးခဲ့ရာ COVID-19 ရောဂါပိုးရှိသည့် အတည်ပြုလူနာ အမှတ်(၃၃)ဖြစ်လာသည်။၎င်း၏နောက်ကြောင်းရာဇဝင်ကို စုံစမ်းနေဆဲဖြစ်သော်လည်း မသိရသေးပေ။ သို့သော် အဆိုပါလူနာသည် ပြန်လည်သက်သာခဲ့သဖြင့် ဆေးရုံဆင်းခွင့်ရရှိခဲ့သည်။

ဖျား၍ ဧပြီ ၁၀ ရက်တွင် အင်းစိန်ဆေးရုံသို့ တက်ရောက်ကုသခဲ့သော (၇၈)နှစ်အရွယ် အမျိုးသမီးမှာလည်း ကွင်းဆက်ပြတ်နေသည့် တတိယမြောက်လူနာဖြစ်သည်။ လူနာ အမှတ်(၃၈)ဖြစ်သည့်၎င်းထံတွင် ရောဂါပိုးရှိကြောင်း ဧပြီ ၁၂ ရက်က ကြေညာခဲ့သည်။ ယင်းလူနာသည်လည်း မေလ ၁ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

“လူနာ အမှတ် (၃၈)က အင်းစိန်အုပ်စုနဲ့ ဆက်စပ်မှုရှိ၊ မရှိလိုက်နေတုန်း”ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အတည်ပြုလူနာများနှင့် ထိတွေ့မှုမရှိသည့်အပြင် ပြည်ပနိုင်ငံများသို့ ခရီးသွားလာခြင်းမရှိခဲ့သော ပန်းဘဲတန်းမြို့နယ်နေ (၈၅)နှစ်အရွယ် အမျိုးသားထံ၌ COVID-19 ရောဂါပိုးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဧပြီ ၁၂ ရက်တွင်ပင် ထုတ်ပြန်ခဲ့သည်။ ၎င်းသည် ရောဂါပိုးတွေ့ရှိသည့် လူနာ အမှတ် (၃၉) ဖြစ်ပြီး ဧပြီ ၁၁ ရက်တွင် ရန်ကုန်ဆေးရုံကြီးသို့ စတင်တက်ရောက်ကုသခဲ့ကာ ဧပြီ ၁၂ ရက်၌ ကွယ်လွန်ခဲ့သည်။

အဆိုပါလူနာသည် ဆီးချို၊ သွေးတိုးနှင့် နှလုံးရောဂါအခံရှိသဖြင့် ဆေးရုံ၊ ဆေးခန်းသွားသည့် နောက်ကြောင်းရာဇဝင်ရှိကြောင်း၊ သို့သော် ၎င်းသည် Carrier မဖြစ်နိုင်ဟု သတ်မှတ်ကြောင်း ပန်းဘဲတန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ပြောသည်။

“နောက်ပြီး သူ့မိသားစုဝင်တွေထဲမှာပါ အတည်ပြုလူနာတွေ ထပ်တွေ့တယ်။ ဒါကြောင့် နောက်ကြောင်းရာဇဝင်ကို မြေပြင်အနေအထားအရ လိုက်ရခက်နေတယ်”ဟုဦးသန်းနိုင်ဦးကပြောသည်။

လူနာ အမှတ် (၃၉)မှ ထပ်ဆင့်ကူးစက်ခံရသူ ခြောက်ဦးရှိပြီး လူနာ အမှတ် (၆၅)၊ (၆၆)၊ (၆၇)၊ (၆၈)၊ (၉၅)နှင့် (၉၉)တို့ဖြစ်သည်။ ဧပြီ ၁၆ ရက်က ရောဂါပိုးတွေ့ရှိကြောင်းအတည်ပြုခဲ့သည့် ဗဟန်းမြို့နယ်နေ (၄၃)နှစ်အရွယ် Pan Pacific ဟိုတယ်ဝန်ထမ်းတစ်ဦးလည်းဖြစ်သော အမျိုးသား လူနာ အမှတ် (၇၉)သည်လည်း ကူးစက်ခံရမှုကွင်းဆက်ပျောက်ဆုံးနေသူအဖြစ် ကနဦး သတ်မှတ်ခဲ့သည်။




သို့သော် နောက်ပိုင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ၎င်း၏ လုပ်ငန်းသဘာဝအရ နိုင်ငံခြားသားများနှင့် ထိတွေ့မှုများသူအဖြစ် သတ်မှတ်ခဲ့သည်။ လူနာ အမှတ် (၇၉)မှတစ်ဆင့် COVID-19ရောဂါထပ်မံရှာဖွေတွေ့ရှိခဲ့သူ ၁၂ ဦးရှိထားသည်။

ထို့အပြင် ကွင်းဆက်ပြတ်နေသည့် ပုဇွန်တောင်မြို့နယ်မှ (၆၃)နှစ်အရွယ် အမျိုးသား လူနာ အမှတ် (၈၃)ထံ၌ COVID-19 ရောဂါရှိကြောင်းဧပြီ၁၆ရက်တွင် အတည်ပြုခဲ့သည်။သို့သော်အဆိုပါလူနာသည် စင်ကာပူနိုင်ငံသို့ လပိုင်းအတွင်း သွားရောက်ထားသည့် ရာဇဝင် ဖော်ထုတ်နိုင်ခဲ့သည်။

ဧပြီ ၁၆ ရက်၌ပင် ပိုးတွေ့ရှိခဲ့သော တောင်ဒဂုံမြို့နယ်နေ (၇၇)နှစ်အရွယ် အမျိုးသား လူနာ အမှတ် (၈၅)သည် ယခင် အတည်ပြုလူနာများနှင့် ထိစပ်မှုမရှိခဲ့သည့်အပြင် ပြည်ပခရီးသွားရာဇဝင်မရှိခဲ့ပေ။ ၎င်း၏ မိသားစုဝင် အပါအဝင် နေမကောင်းသဖြင့် ဆေးခန်းလိုက်ပို့ခဲ့သည့် တက္ကစီယာဉ်မောင်းကိုပါ ဆေးစစ်ရာ ရောဂါပိုးမတွေ့ခဲ့ကြောင်းတောင်ဒဂုံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်က ပြောသည်။

“အခုကွင်းဆက်ပျောက်နေတာပေါ့။ အဖြေရှာရခက်သွားတယ်”ဟု ဦးသိန်းနိုင်က ပြောသည်။

ဖျားနာ၍ ဧပြီ ၁၅ ရက်တွင် ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက် ကုသခဲ့သော တာမွေမြို့နယ်နေ (၆၂)နှစ်အရွယ် အမျိုးသား လူနာ အမှတ် (၈၇)သည် ကွင်းဆက်ပြတ်နေသည့် လူနာ ၁၄ ဦးစာရင်းတွင် ပါရှိသည်။ ၎င်းသည် ဧပြီလဆန်းတွင် ဘုရားကျောင်းတက်ခဲ့ပြီး အတူနေသည့် သမီးကလည်း ပုဂ္ဂလိကဆေးရုံမှ ကျန်းမာရေးဝန်ထမ်းဖြစ်ကြောင်း ဒေါက်တာသန်းနိုင်စိုးက ပြောသည်။

“သူ့လည်း လိုက်နေတုန်း” ဟု ဒေါက်တာသန်းနိုင်စိုးက ပြောသည်။

ဧပြီ ၂၀ ရက် COVID-19 အတည်ပြုလူနာစာရင်း ထုတ်ပြန်ချက်၌ ပါဝင်ခဲ့သောသင်္ဃန်းကျွန်းမြို့နယ်ရှိ လူနာ အမှတ် (၁၀၉) သည် ရောဂါပိုးရှိသူများနှင့် ထိတွေ့မှုမရှိ၊ ပြည်ပနိုင်ငံများသို့ သွားရောက်ထားခြင်းမရှိကြောင်း ပါရှိခဲ့သည်။သို့သော် ကျန်းမာရေးတာဝန်ရှိသူများ၏ နောက်ပိုင်းစုံစမ်းချက်အရ ၎င်းသည် ဥရောပနိုင်ငံများနှင့် စင်ကာပူနိုင်ငံများသို့ သွားရောက်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

လှိုင်သာယာမြို့နယ်တွင် နေထိုင်ခဲ့ပြီး အဆုတ်ကင်ဆာရောဂါအခံရှိသူ လူနာ အမှတ် (၁၁၁) သည်လည်း မည်သည့်အခြေအနေမှ ကူးစက်ခဲ့ကြောင်း ဖော်ထုတ်နေဆဲဖြစ်သည်။

သို့သော် ၎င်းသည်အဆုတ်ကင်ဆာရောဂါကြောင့် ကင်ဆာဆေး ငါးကြိမ်သွင်းထားသူဖြစ်ပြီး ဆေးရုံ၊ ဆေးခန်းသို့ မကြာခဏ သွားရောက်ရသည့်အပြင် COVID -19 ကဲ့သို့ အဆုတ်သို့ အလွယ်တကူ ဝင်ရောက်နိုင်သောရောဂါအခံရှိသည်ဟု ကျန်းမာရေးတာဝန်ရှိသူများက သုံးသပ်သည်။

ကွင်းဆက်ပြတ်တောက်နေသည့် လူနာနောက်တစ်ဦးသည် ဒဂုံမြို့သစ်အရှေ့ပိုင်းတွင် နေထိုင်သူဖြစ်ပြီး ၎င်းသည် လူနာ အမှတ် (၁၂၀)ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဧပြီ ၂၁ ရက်တွင် ထုတ်ပြန်သည်။

(၂၁)နှစ်အရွယ် အဆိုပါ အမျိုးသမီးသည် မြန်မာပလာဇာတွင် အလုပ်လုပ်ကိုင်နေသူဖြစ်ပြီး

စာမျက်နှာ ၄ »

# News Analysis

စာမျက်နှာ ၂ မှ

## ကပ်ရောဂါတိုက်ဖျက်ရေးကြောင့် ငြိမ်းချမ်းရေးခရီး နီးစေမလား

ကော်မတီဒုဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)က ကော်မတီအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုကို အရှိန်တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ဧပြီ ၂၉ရက်တွင် ၎င်း၏ Facebook စာမျက်နှာမှတစ်ဆင့် အသိပေးခဲ့သည်။

COVID-19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းစဉ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြောင်းလည်း ၎င်းကဆိုသည်။

COVID-19 ရောဂါ ကာကွယ်ရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် အစိုးရ၏ဆောင်ရွက်ချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုကကြိုဆိုခဲ့ပြီး အချို့က ကော်မတီ၏ဆက်သွယ်မှုကို စောင့်ဆိုင်းနေသည်ဟု တုံ့ပြန်သည်။

အပစ်ရပ်စဲရေး လက်မှတ်မထိုးရသေးသည့် ကချင်လက်နက်ကိုင်အဖွဲ့ (KIO/KIA)က အစိုးရ၏ ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်သင့်သည့် ကိစ္စရပ်များကို ပူးပေါင်းလုပ်ဆောင်ရန် ဆန္ဒရှိကြောင်းပြောကြားသည်။

သတင်းအချက်အလက်ဖလှယ်ခြင်း၊ ဆေးဝါးပစ္စည်းများ ကူညီပံ့ပိုးမှုကို လက်ခံရယူခြင်းတို့သည် ပူးပေါင်းလုပ်သင့်သည့် အချက်များဖြစ်ကြောင်း KIO/KIA ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးနော်ဘူက ပြောသည်။ KIO/KIA ထိန်းချုပ်ဒေသသို့ အစိုးရဘက်မှ လာရောက်ဆောင်ရွက်မည့်ကိစ္စများတွင် အကန့်အသတ်ရှိမည်ဟု ၎င်းကဆိုသည်။

“လုံခြုံရေးပိုင်းနဲ့လည်းသက်ဆိုင်ပါတယ်”ဟု ဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

KIO/KIAသည် အပစ်ရပ်စဲရေးလုပ်ဆောင်ထားခြင်းမရှိသေးသော်လည်း လတ်တလောတွင် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုမရှိပေ။

သို့ရာတွင် လတ်တလော တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားနေပြီး အစိုးရကအကြမ်းဖက်အဖွဲ့အဖြစ်ကြေညာထားရသည့် ရခိုင်လက်နက်ကိုင်အဖွဲ့(AA)နှင့် ရောဂါကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဖြစ်၊မဖြစ်မှာ မသေချာပေ။

ရခိုင်အမတ်အချို့ကမူ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် AA အဖွဲ့ကို ချန်မထားဘဲ ပူးပေါင်းဆောင်ရွက်ရန် အစိုးရအားတိုက်တွန်းသည်။

“တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ပေါင်းစပ်ညှိနှိုင်းလုပ်မယ်ဆိုတာ တကယ်တမ်းစေတနာနဲ့ လုပ်စေချင်တယ်။ နိုင်ငံတကာက စစ်ပွဲတွေရပ်စဲဖို့ တောင်းဆိုနေချိန်မှာ အပြသဘောမျိုးနဲ့ လုပ်တာမျိုးမဟုတ်ဘဲ တစ်နိုင်ငံလုံးအကျိုးဝင်တဲ့ ပူးပေါင်းဆောင်ရွက်မှုမျိုး ဖြစ်စေချင်တယ်။ အထူးသဖြင့်ရခိုင်ပြည်နယ်မှာရှိတဲ့ AA အဖွဲ့အစည်းနဲ့လည်း အဲဒီလိုပူးပေါင်းဆောင်ရွက်နိုင်ရင်ကောင်းပါတယ်” ဟု မြေပုံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းကပြောသည်။

### ကပ်ရောဂါတိုက်ဖျက်ရေးက ငြိမ်းချမ်းရေးအတွက် အခွင့်အလမ်းလား

အစိုးရနှင့် တိုင်းရင်းသားအဖွဲ့များအကြား ကပ်ရောဂါကိုအတူတကွ ပူးပေါင်းရင်ဆိုင်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေး အထောက်အကူဖြစ်စေနိုင်ကြောင်း PNLO ဒုဥက္ကဋ္ဌခွန်မြင့်ထွန်းက ပြောသည်။

“ဒီလိုဘေးအန္တရာယ်တွေကလည်း လုပ်တတ်ကိုင်တတ်လို့ရှိရင် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အထောက်အကူပြုတာတွေ ရှိပါတယ်”ဟု ခွန်မြင့်ထွန်းက အင်ဒိုနီးရှားနိုင်ငံအာချေးဒေသ၌ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဥပမာပေးသည်။

အာချေးဒေသတွင် ဆွေးနွေးညှိနှိုင်းမှုများ ခက်ခဲနေချိန် ဆူနာမီဖြစ်ပေါ်ခဲ့၍ ဒေသပြန်လည်ထူထောင်ရေးကို အင်ဒိုနီးရှားအစိုးရ၊ အာချေးဒေသရှိ လက်နက်ကိုင်အဖွဲ့နှင့် နိုင်ငံတကာတို့ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရာမှ အပြန်အလှန်နားလည်မှုရပြီးငြိမ်းချမ်းရေးအောင်မြင်ခဲ့သည်ဟု ၎င်းကဆိုသည်။

KNU အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးကလည်း ဘေးအန္တရာယ်ကို အတူတကွပူးပေါင်းဖြေရှင်းပြီး နားလည်မှုရရှိကာ နောက်ဆုံးတွင်နိုင်ငံရေးပြဿနာကိုဖြေရှင်းနိုင်သည့် နိုင်ငံများရှိကြောင်းမှတ်ချက်ပြုသည်။

“ဒီဇော်မြူလာကြီး ရှိနေပေမယ့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ ဆန္ဒမရှိရင်တော့ ဘယ်လိုမှ ဖြစ်နိုင်စရာအကြောင်းမရှိဘူး”ဟု ၎င်းကဆိုသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးမှာ သက်ဆိုင်ရာအဖွဲ့အားလုံး၏ ပြဿနာဖြေရှင်းလိုသည့် ဆန္ဒသည်သာအဓိကကျသည်ဟုဆိုသည်။

COVID ရောဂါ ပေါ်လာခြင်းကြောင့် ပြည်တွင်းစစ်နှင့်ဆက်နွယ်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကိစ္စအပါအဝင် နိုင်ငံ၏မြောက်မြားလှစွာသော အခြားစိန်ခေါ်မှုများ လျော့မသွားကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဧပြီ ၂၉ရက်တွင်က ၎င်း၏ Facebook စာမျက်နှာမှ တစ်ဆင့် ပြည်သူများသို့အသိပေးသည်။

“COVID အလွန်အတွက်လည်း အခုကတည်းကပြင်ဆင်ထားရပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေကို အမြင်ကျယ်စေချင်တယ်၊ စိတ်ခိုင်မာစေချင်တယ်၊ ဝီရိယကောင်းစေချင်တယ်၊ သွေးစည်းစေချင်တယ်” ဟုဒေါ်အောင်ဆန်းစုကြည်ကရေးသားခဲ့သည်။

စာမျက်နှာ ၃ မှ

## ကွင်းဆက်ပျောက် လူနာများ၏ နောက်ကွယ်မှ မသိကိန်းများ

ကနဦး စုံစမ်းချက်အရ ရုံးနှင့် အိမ်သို့သာ အဆက်အသွယ်ရှိသည်ကို စုံစမ်းနိုင်ပြီး နောက်ဆက်တွဲ ကွင်းဆက် မသိရသေးကြောင်း ဒဂုံမြို့သစ်အရှေ့ပိုင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်မောင်က ပြောသည်။

ဧပြီ ၂၃ ရက်တွင် မန္တလေးတိုင်း မတ္တရာမြို့နယ်တွင် ကွင်းဆက်ပြတ်လူနာတစ်ဦးကို တွေ့ရှိခဲ့သည်။ ၎င်းလူနာသည် အသက် (၈၀)အရွယ်ရှိ အမျိုးသားဖြစ်ပြီး မြန်မာနိုင်ငံ၌ စစ်ဆေးတွေ့ရှိရသော လူနာ အမှတ် (၁၃၂) ယောက်မြောက်ဖြစ်သည်။




အသွားအလာကန့်သတ်ထားသော မင်္ဂလာဒုံမြို့နယ်ရှိ လမ်းတစ်လမ်းကိုတွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မတ္တရာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းက အဆိုပါလူနာသည် အသက်ကြီး၍ မည်သည့်နေရာမျှ မသွားဘဲ အိမ်တွင်ပင်နေထိုင်သူဖြစ်ကြောင်း၊ ၎င်း၏ မိသားစုဝင်နှင့် ဆေးရုံသို့ လိုက်ပို့သူသုံးဦးကို စစ်ဆေးရာတွင်လည်း ပိုးမတွေ့ကြောင်း ပြောသည်။

“တော်တော်ကို နောက်ကြောင်း လိုက်ရခက်နေတယ်။ ပဟေဠိ တော်တော်ဆန်တယ်” ဟု လူနာ အမှတ် (၁၃၂) နှင့်ပတ်သက်၍ ဦးမင်းမင်းက ပြောသည်။

ဧပြီ၏ နောက်ဆုံးတွေ့ရှိခဲ့သည့် ကွင်းဆက်ပြတ်လူနာမှာ လူအများစိတ်ဝင်စားခဲ့သည့် လှိုင်သာယာဖိနပ်စက်ရုံမှ စကားပြန်ဝန်ထမ်း လူနာ အမှတ် (၁၄၄) ဖြစ်ပြီး ၎င်း၏ နောက်ကြောင်းရာဇဝင်ကိုလည်း မဖော်ထုတ်နိုင်သေးပေ။

လူနာ အမှတ် (၁၄၄)နှင့် အနီးကပ်ထိတွေ့ခဲ့သူ ၁၀၀ ကျော်ကို ဓာတ်ခွဲစစ်ဆေးခဲ့ရာတွင်လည်း COVID-19 ရောဂါ မတွေ့ရှိခဲ့ကြောင်း လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်ရှုပါစိုးက ဆိုသည်။

အင်းစိန်မြို့နယ်၏ ဒုတိယမြောက် ကွင်းဆက်ပြတ်လူနာကို မေလ ၁ ရက်တွင် စစ်ဆေးတွေ့ရှိခဲ့ပြီး (၂၅)နှစ်အရွယ် အမျိုးသမီးဖြစ်သည်။ အဆိုပါလူနာသည် ပုဂ္ဂလိကကျောင်းမှ ဆရာမဖြစ်ကြောင်း၊ ၎င်းသည် ဧပြီ ၂၈ ရက်တွင် အင်းစိန်ရှိ Fever Clinic သို့ လာခဲ့ကြောင်း၊ ယင်းမှတစ်ဆင့် အင်းစိန်ဆေးရုံကြီး၌ စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ပြီးထားခဲ့ကြောင်း အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန္တာဆွေက ပြောသည်။

“ကျောင်းကလည်းပိတ်ထားတာ တစ်လကျော်ပြီ။ နောက် အသွားအလာလည်း သိပ်မရှိခဲ့ဘူး။ ထပ်တော့ စုံစမ်းနေဆဲဖြစ်တယ်” ဟု အဆိုပါလူနာ၏ နောက်ကြောင်းရာဇဝင်နှင့်ပတ်သက်၍ ဒေါက်တာသန္တာဆွေက ရှင်းပြသည်။

လူနာ အမှတ် (၁၅၁)ကို တွေ့ရှိခဲ့ပြီးနောက် ၎င်းနေထိုင်ရာ အနောက်ကြို့ကုန်းရပ်ကွက် ခဝဲခြံ (၂)လမ်းရှိ နေအိမ် တွင် အတူနေထိုင်သူ ခြောက်ဦးကိုဓာတ်ခွဲစစ်ဆေးခဲ့ရာတွင် သုံးဦးမှာ COVID-19 ရောဂါပိုးတွေ့ရှိခဲ့သည်။ ၎င်းတို့သည် လူနာ အမှတ် (၁၅၂)၊ (၁၅၃)နှင့် (၁၅၄) တို့ဖြစ်သည်။

### သတိထားရမည့် အခြေအနေ

အထက်ပါ ကွင်းဆက်ပြတ်လူနာများ ဆက်လက်တွေ့ရှိနေရခြင်းသည် သတိကြီးကြီးထားရမည့် အခြေအနေရှိနေသေးသည်ကို ပြသကြောင်း ကျန်းမာရေးတာဝန်ရှိသူအချို့က ကောက်ချက်ချသည်။

ရောဂါကူးစက်မှု ဇာစ်မြစ်မသိသောသူများကို ကူးစက်ခဲ့သည့် လူများ၊ နေရာများထံမှ အခြားသူများကိုလည်း ဆက်လက်ကူးစက်နေနိုင်ခြင်းမှာ စိုးရိမ်စရာပင်ဖြစ်ကြောင်း ကပ်ရောဂါအကြောင်း လေ့လာနေသူများကပြောသည်။ ကူးစက်မှု ဇာစ်မြစ်သိပါက ၎င်းတို့ကို ကန့်သတ်စောင့်ကြည့်ခြင်း၊ ပိုးစစ်ဆေးခြင်းစနစ်တကျလုပ်ကိုင်၍ ကူးစက်ပျံ့နှံ့မှုမရှိအောင် ထိန်းချုပ်နိုင်သည်။

လူနာ အမှတ် (၂၄) မှတစ်ဆင့် ဆင့်ပွားကူးစက်သူ ၈၀ ခန့်ထိရှိလာသော်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကစနစ်တကျ ခြေရာခံကာ ထိန်းချုပ်နိုင်သည်။ ရောဂါကူးစက်မှု ဇာစ်မြစ်မသိသူမှာမူ ရောဂါထိန်းချုပ်ရေးအတွက် ကြီးမားသောစိတ်ခေါ်မှုဖြစ်သည်။

“Local Transmission (ပြည်တွင်းကူးစက်မှု)တော့ရှိနေပြီပေါ့။ အဲဒီအတွက် စိတ်ပူနေရတယ်” ဟု လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်ရှုပါစိုးက ပြောသည်။

မြန်မာနိုင်ငံတွင် COVID-19 ရောဂါပိုးတွေ့ရှိသူ၏ ထက်ဝက်ကျော် (၅၇ ရာခိုင်နှုန်း) သည် ရောဂါလက္ခဏာ မပြကြောင်း၊ ယင်းသို့ ရောဂါလက္ခဏာမပြဘဲ ပိုးရှိနေနိုင်သည်ဆိုသည့်အချက်ကိုပြည်သူများသတိပြုရန် လိုအပ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။ ထို့အပြင် လူထုအတွင်းကူးစက်မှုရှိနေနိုင်၍မပေါ့ဆကြရန်လည်း ဝန်ကြီးက သတိပေးထားသည်။

အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန္တာဆွေက “လူတိုင်းကူးစက်ခံရနိုင်တယ်။ လက္ခဏာမပြဘဲ ရှိနေနိုင်တယ်။ ကိုယ့်မှာ မရှိသေးဘူးလို့ ယူဆရင်တောင် ရောဂါရှိတယ်လို့သဘောထားပြီး အနေအထိုင်ဆင်ခြင်ကြပါ”ဟု သတိပေးစကား ဆိုသည်။

တာမွေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် ဦးသိန်းမြင့်ကမူ ၎င်း၏မဲဆန္ဒနယ်အတွင်း ကွင်းဆက်ပြတ်နေသည့် လူနာရှိနေသည့်အပေါ် စိတ်မအေးသေးပေ။

“ကျန်းမာရေး တာဝန်ရှိသူတွေကတော့ အဓိကအခန်းကဏ္ဍကနေလိုက်ပြီး စုံစမ်းနေတယ်။ ကျွန်တော်ကတော့ ပေးနိုင်သမျှအင်အားနဲ့ ပံ့ပိုးသွားမယ်”ဟု ဦးသိန်းမြင့်က ပြောသည်။

# Life

“ လင်မယားနှစ်ယောက်စလုံး ကလေးကို စိတ်ရှိလက်ရှိ မကိုင်ရဲသေးဘူး။ တို့မှာများ ပိုးရှိရင် တို့သမီးလေးအတွက် ခက်လှချည်ရဲ့ဆိုပြီး တတ်နိုင်သမျှ ဝေးဝေးနေကြတယ်။ ဓာတ်ခွဲစစ်ဆေးတဲ့အဖြေတွေ မရမချင်း လင်မယားနှစ်ယောက်စလုံး ရင်တွေတထိတ်ထိတ် ခုန်ခဲ့ရတာပေါ့။

# ကပ်ဘေးအတွင်းက မွေ့ရင်သွေး



အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးရှိ အထူးသီးသန့်ခန်းတွင် ကလေးမွေးဖွားရင်း ကွာရန်တင်းနေထိုင်နေသော မနိမ့်ပီးဟွိုင်တို့မိသားစုအား တွေ့ရစဉ်

ဓာတ်ပုံ – ညီညီဇော်

**ညီညီဇော်**

**၂၀၂၀ ပြည့်နှစ် ဧပြီ ၁၇ ရက် နံနက် ၅ နာရီဝန်းကျင်၊ မူဆယ်မြို့လယ် နာရီစင်အနီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း။**

တိတ်ဆိတ်ခြောက်ကပ်နေတဲ့ မူဆယ်မြို့ကြီးကိုကြည့်ရင်း နိမ့်ပီးဟွိုင်တို့ ဇနီးမောင်နှံ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့တယ်။ တရုတ်ပြည်နယ်စပ် မူဆယ်မြို့ဟာ ကုန်ရောင်းကုန်ဝယ်တွေနဲ့ ၂၄ နာရီပတ်လုံး စည်ကားနေတဲ့ မြို့ကြီး။ အခုတော့ နာရီစင်ကြီးကသာ ခြောက်တိခြောက်ကပ်သွားနေတာ မြို့ပေါ်မှာတော့ လူသူမရှိ တိတ်ဆိတ်လို့။ နိမ့်ပီးဟွိုင်ရဲ့ အမျိုးသားဖြစ်သူက “ကားတွေရှိမှ ရှိပါ့မလားမသိဘူး”လို့ ပြောရင်း သူ့မျက်နှာက စိုးရိမ်နေပုံရတယ်။ နိမ့်ပီးဟွိုင်လည်း စိတ်ထဲကြောက်ရွံ့သလိုလို ဖြစ်လာတယ်။ နိမ့်ပီးဟွိုင် ယောကျ်ားဖြစ်သူရဲ့လက်ကို တင်းတင်းဆုပ်ကိုင်ထားတယ်။ နောက်လက်တစ်ဖက်ကတော့ သူ့ရဲ့ ဖောင်းအစ်အစ်ဗိုက်ကလေးကိုသာ ကိုင်နေမိတော့တယ်။

နိမ့်ပီးဟွိုင်က အသက် (၂၁) သာရှိသေးတဲ့ ချင်းအမျိုးသမီးလေးတစ်ယောက်ပါ။ ဇာတိကတော့ တမူးမြို့နယ်ထဲကပါ။ နိမ့်ပီးဟွိုင်က ဆယ်တန်းအထိတော့ ကျောင်းနေခဲ့ဖူးတယ်။ ဆယ်တန်းကျတော့ မိသားစုစားဝတ်နေရေးအရ ကျောင်းဆက်မတက်တော့ဘဲ အလုပ်ထွက်လုပ်တယ်။ တမူးမှာက အလုပ်အကိုင်အခွင့်အလမ်းနည်းပါးတာမို့ နိမ့်ပီးဟွိုင်တစ်ယောက် သိပ်အဆင်မပြေလှဘူး။ ဒါနဲ့ စပ်မိစပ်ရာအဆက်အသွယ်တွေကြောင့် စင်ကာပူနဲ့ မကာအိုနိုင်ငံအထိ အလုပ်သွားလုပ်ဖူးတယ်။ အိမ်အကူအလုပ်သွားလုပ်တာပါ။ အဲဒီမှာလည်း သိပ်အဆင်မပြေတာနဲ့ တမူးပြန်လာပြီး ၂၀၁၉ ထဲမှာတော့ တရုတ်ပြည်ကို သွားအလုပ်လုပ်ခဲ့တယ်။ ကွမ်ကျိုးနယ်ထဲက တီဗီစက်ရုံတစ်ခုမှာပါ။

အဲဒီမှာ သွားအလုပ်လုပ်ရင်း သူ့ကို နှမလေးတစ်ယောက်လိုပါ စောင့်ရှောက်တဲ့ ရှမ်းပြည်နယ်သားလေးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ သူက နိမ့်ပီးဟွိုင်ထက် ဆယ်နှစ်ကြီးပါတယ်။ နိမ့်ပီးဟွိုင်တို့ ကွမ်ကျိုးမှာပဲ အခန်းလေးတစ်ခန်း ငှားနေရင်းဘဝကိုစခဲ့ကြတယ်။

သူတို့ညားပြီး ညအနည်းငယ်အကြာမှာ နိမ့်ပီးဟွိုင် ရင်သွေးလေး စလွယ်ခဲ့ရတယ်။ နိမ့်ပီးဟွိုင်ကော သူ့ယောကျ်ားပါ ပျော်တာပေါ့။ သားဦးလေးရတော့မှာမို့ လင်မယားနှစ်ယောက်စလုံး အလုပ်တွေ တက်တက်ကြွကြွ လုပ်ခဲ့ကြတယ်။ နိမ့်ပီးဟွိုင်က ကလေးမွေးတဲ့အခါ တမူးပြန်ဖို့တော့ စဉ်းစားထားတယ်။ တမူးက မိဘတွေရင်ခွင် ပြန်ဝင့်ရင်း သားဦးလေးကို မွေးဖွားချင်တာပါ။ ပထမဆုံးရင်သွေးမို့ လင်ကိုယ်မယား နှစ်ယောက်တည်းရှိတဲ့ တရုတ်ပြည်မှာတော့ မမွေးချင်ခဲ့ဘူး။

အဲဒီလိုနဲ့ နေလာရင်း ၂၀၁၉ ဒီဇင်ဘာထဲမှာတော့ တရုတ်ပြည် ဝူဟန်မြို့မှာ ဗိုင်းရပ်စ်တွေဖြစ်ပွားလာခဲ့တယ်။ ဝူဟန်ကနေ တခြားပြည်နယ်တွေကိုပါ ကူးစက်လာတယ်။ ရောဂါဖြစ်ပွားမှုက တရုတ်နှစ်ကူးနီးလာလေ ပိုပိုဆိုးလာလေပဲ။ နိမ့်ပီးဟွိုင်တို့ စက်ရုံလည်း နှစ်ကူးမှာ အလုပ် ၁၀ ရက်ပိတ်မယ်ဆိုပြီး နောက်တော့ ရောဂါတွေပိုဆိုးလာလို့ သုံးလပိတ်မယ်ဖြစ်သွားတယ်။ နိမ့်ပီးဟွာတို့ အပြင်လည်း ထွက်လို့မရတော့ဘူး။ ဗိုင်းရပ်စ်ပိုးကြောင့် လမ်းတွေ၊ မြို့တွေလည်း ပိတ်ထားလိုက်ပြီ။ အပြင်မှာလည်း ကွမ်ကျိုးမြို့ကြီးက လူသွားလူလာ မရှိတော့ဘူး။

ဖေဖော်ဝါရီနဲ့ မတ်လတစ်လလုံး နိမ့်ပီးဟွိုင်တို့လင်မယား အခန်းထဲမှာတင် ဖြတ်သန်းခဲ့ရတယ်။ တချို့ရက်တွေမှာ နိမ့်ပီးဟွိုင် သိပ်အားငယ်တာပဲ။ ကိုယ့်ဟာကိုယ် တစ်ယောက်တည်းသာဆို နိမ့်ပီးဟွိုင် စိတ်မပူဘူး။ အခုဟာက ဗိုက်ထဲက ရင်သွေးလေးအတွက် လင်မယားနှစ်ယောက်စလုံး စိတ်ပူတာ။ တစ်ခါတလေများဆို နိမ့်ပီးဟွိုင် ငိုတောင်ငိုမိတယ်။ ဖြစ်နေတဲ့ အနေအထားကြီးကြောင့် အားငယ်လာလို့လေ။ ပြီးတော့ လခကလည်းမရှုတော့ မွေးဖို့ဖွားဖို့ စုထားတာလေးတွေ ထုတ်ထုတ်စားရင်း ကုန်လာပြီ။

စာမျက်နှာ ၆ »


GREE

Making Better Air Conditioners




GREE Aircon Myanmar မှ ဖောင်ကြီးကျန်းမာရေးစင်တာသို့ လေအေးပေးစက်များ လှူဒါန်း

ယခုလက်ရှိ မြန်မာနိုင်ငံအတွင်းဖြစ်ပွားနေသော ကမ္ဘာ့ကပ်ရောဂါဆိုးကြီး COVID-19 ကို အားလုံးဝိုင်းဝန်းကူညီတိုက်ထုတ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၃ ရက်၊ ကြာသပတေးနေ့က ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးကျန်းမာရေးစင်တာရှိ ဥက္ကလာဆောင် ICU ဌာနသို့ ကျပ်သိန်း (၁၈၀)တန်ဖိုးရှိ GREE အမှတ်တံဆိပ် လေအေးပေးစက်နှင့် Stand Fan များကို **GREE Aircon Myanmar Company** မှ သွားရောက် လှူဒါန်းခဲ့ပြီး **Myanmar BigC Environment Co.,Ltd** မှ အဲကွန်းများ အခမဲ့ တပ်ဆင်ခြင်း (Installation) အလှူအဖြစ် ပါဝင်ခဲ့ပါတယ်။ **GREE Aircon Myanmar Company** အနေဖြင့် ယခုလိုအခက်အခဲများကြားတွင် မြန်မာပြည်သူ၊ ပြည်သားများနှင့်အတူ ပါဝင်ကူညီခွင့် ရသည့်အတွက်လည်း အထူးဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ မိဘပြည်သူများ အားလုံးလည်း ယခုလိုပူပြင်းသည့်နွေရာသီတွင် အိမ်ထဲမှာနေထိုင်ခြင်းဖြင့် ကျန်းမာရေး အထူးဂရုစိုက်ရန် တိုက်တွန်းလိုပြီး COVID-19 ကပ်ရောဂါဆိုးကြီးမှလည်း အမြန်ဆုံးကျော်လွှားနိုင်ပါစေ ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

GREE Hotline - 099 666 035 70

# Life

စာမျက်နှာ ၅ မှ

## ကပ်ဘေးအတွင်းက မေ့ရင်သွေး

ဧပြီလထဲမှာတော့ တရုတ်ပြည်မှာ ရောဂါဖြစ်ပွားမှုလျော့လာတာကြောင့် အပြင်ထွက်ခွင့်တွေ ပြန်ရလာခဲ့တယ်။ နိမ့်ပီးဟွိုင်တို့ စဉ်းစားရပြီ။ ဒီမှာဆက်နေမလား၊ တမူးပြန်မလား။ ဆက်နေရင် အလုပ်က ဘယ်ချိန်ဖွင့်မယ်မှန်းမသိကြာရင်မလွယ်။ ပြီးတော့ နိမ့်ပီးဟွိုင် ရင်သွေးလေးလည်း မွေးရဦးမှာမို့ တမူးပြန်ဖို့ပဲ ဆုံးဖြတ်လိုက်ကြတယ်။

ကွမ်ကျိုးကနေ ရွှေလီအထိ ကားနှစ်ဆင့်စီးရတယ်။ ကားခတွေလည်း နှစ်ဆလောက် ပေးရတယ်။ ခြောက်ကပ်နေတဲ့လမ်းကြီးတွေကိုကြည့်ရင်း နိမ့်ပီးဟွိုင်စိတ်ထဲ ကြောက်ကြောက်လာတယ်။ မြန်မာပြည်ပြန်ရောက်တော့မှာပါလေလို့ပဲ လအားတင်းရတယ်။ ရွှေလီနားရောက်တော့ နိမ့်ပီးဟွိုင်တို့ ခိုးပေါက်ကနေထွက်ရတယ်။ နှစ်ယောက်စလုံးက တရားဝင်သွားတာမဟုတ်လို့ပါ။ ညကြီးမင်းကြီး ဖုန်းမီးလေးကိုင်ပြီး စိုက်ခင်းတွေထဲလည်း ဖြတ်ရတယ်။ ချောင်းတွေထဲလည်း ဖြတ်ရတယ်။ ယောကျ်ားက ကျောပိုးအိတ်ကိုလွယ်ရင်း နိမ့်ပီးဟွိုင် လက်ကိုဆွဲကာ သွားရတယ်။

မူဆယ်ရောက်တော့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ မနက်အစောကြီး။ တည်းခိုခန်းတွေ လိုက်ရှာတော့ အကုန်ပိတ်ထားတယ်။ ကားလိုင်းတွေလည်း ပိတ်ထားတယ်ဆိုလို့ မြန်မာထုံးစံအတိုင်း နှစ်ဆန်းတစ်ရက်နေ့မို့ ပိတ်တယ်ထင်တာ။ တရုတ်ပြည်မှာက Wechat ပဲ အသုံးများတော့ ဖေ့စ်ဘွတ်ခ်လည်းမသုံးရတော့ မြန်မာပြည်ထဲ ဘာတွေဖြစ်လို့ဖြစ်နေမှန်း နိမ့်ပီးဟွိုင်တို့ မသိကြဘူး။ နောက်မှ မြန်မာပြည်မှာလည်း တရုတ်ပြည်မှာလိုပဲ ဗိုင်းရပ်စ်ပိုးကြောင့် ပိတ်ဆို့ထားတာတွေရှိတာ သိရတာ။ လိုင်းကားတွေမရှိတော့ မူဆယ်တင် ပိတ်မိကြပြီ။ နိမ့်ပီးဟွိုင်တို့လင်မယား ဘာဆက်လုပ်ရမှန်းမသိတော့ဘူး။

လင်မယားနှစ်ယောက် စိတ်ညစ်ညစ်နဲ့ ရွှေလီမြစ်ဘေးသွားကြတယ်။ ရွှေလီမြစ်ထဲ မျက်နှာသစ်နေရင်း ကျန်းမာရေးဦးစီးဌာနဝန်ထမ်းတွေ ရောက်လာပြီး ရုံးကိုခေါ်သွားတယ်။ ကျန်းမာရေးစစ်ဆေးတာတွေ လုပ်တယ်။ သွားမယ့်အရပ်ဒေသကို မေးတယ်။ နောက်တော့ ရပြီဆိုတာနဲ့ နိမ့်ပီးဟွိုင် ယောကျ်ားလည်းကားလိုက်ရှာတယ်။ လိုင်းကားမရတာနဲ့ အိမ်စီးကားငှားလိုက်ရတယ်။ မန္တလေးအထိ တစ်သိန်းကျော်ပေးရတယ်။

မူဆယ်ကထွက်တော့ ညမိုးချုပ်ပြီ။ ကားသမားကတော့ မူဆယ်–မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ခပ်ဖြည်းဖြည်းပဲမောင်းလာတယ်။ ကိုယ်ဝန်ဆောင်သည်ပါတာကြောင့် အသာအယာ မောင်းပေးတာပါ။ ညဉ့်က တဖြည်းဖြည်းနက်လာတယ်။ မူဆယ်–မန္တလေးလမ်းမကြီးပေါ် ယာဉ်အသွားအလာ ပိုနည်းလာခဲ့တယ်။

ညဉ့်နက်လာပေမယ့်နောက်မှာထိုင်နေတဲ့ နိမ့်ပီးဟွိုင်တို့ လင်မယားနှစ်ယောက်စလုံး အိပ်မပျော်ကြဘူး။ ဒီလမ်းပေါ်မှာက လက်နက်ကိုင်တွေ မကြာခဏ တက်တက်ကြတာမို့ စိုးရိမ်နေလို့ပါ။ ဒါပေမဲ့ သူတို့ ကံကောင်းပါတယ်။ မူဆယ်–မန္တလေးလမ်းကြီးကို အေးချမ်းစွာပဲ ဖြတ်သန်းခွင့်ရခဲ့တယ်။ မန္တလေးမြို့နယ်အဝင် ထုံးဘိုဂိတ်ကို နောက်တစ်နေ့ နေ့လယ်လောက်မှာ ရောက်ပါတယ်။

ကားသမားက ထုံးဘိုဂိတ်မှာ ချထားပေးပြီး ပြန်လှည့်သွားတယ်။ နိမ့်ပီးဟွိုင်တို့ သုံးဘီးလေးငှားပြီး မန္တလေးမြို့ထဲက တမူးကားတွေရှိတဲ့ဘက်ကို မောင်းခိုင်းလိုက်တယ်။

ဟိုရောက်တော့ မောရပြန်တာပဲ။ ကားဂိတ်တွေ အကုန်ပိတ် ဘယ်လိုင်းကားမှ မရှိတော့ဘူး။ နိမ့်ပီးဟွိုင်လည်း စိတ်တွေပူလာတယ်။ ဒီလိုပုံစံအတိုင်းဆို တမူးမှ ပြန်ရောက်ပါ့မလား၊ ဒါမှမဟုတ် ငါ့ရင်သွေးလေး လမ်းမှာပဲ မွေးတော့မလားအမျိုးမျိုးစိတ်ပူလာတယ်။ မန္တလေးမှာလည်း ဟိုတယ်၊ တည်းခိုခန်းတွေ ပိတ်လိုက်တာကြောင့် နိမ့်ပီးဟွိုင်တို့ ဘယ်သွားတည်းရမှန်းမသိတော့ဘူး။ ယောကျ်ားဖြစ်သူက နီးစပ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို သွားအကူအညီတောင်းတော့ သူတို့ကို နေစရာစီစဉ်ပေးကြတယ်။ အဲဒီ ညပဲ နိမ့်ပီးဟွိုင်က ခြေထောက်တွေ ကိုက်ချင်သလိုလို ဖြစ်လာတာနဲ့ ဇဟိုအမျိုးသမီးဆေးရုံကြီးကို ပြေးရပြန်တယ်။

ဆေးရုံ တစ်ရက်တက်ပြီးတာနဲ့ သက်သာတာကြောင့် နိမ့်ပီးဟွိုင်တို့ တမူးပြန်ဖို့စီစဉ်တယ်။ မန္တလေးကနေ ဘာကားမှ မရှိတာကြောင့် မုံရွာမှာများ ရှိမလားဆိုပြီး သုံးဘီးလေးငှားကာ မုံရွာခရီးဆက်ကြတယ်။ မုံရွာရောက်တော့ ဘာကားမှလည်း မရှိဘူး။ အဲဒီမှာ နိမ့်ပီးဟွိုင်တို့က တရုတ်က ပြန်လာတာမို့ Quarantine မိပါလေရော။ မုံရွာ ဒေါနခြံရပ်ထဲက Quarantine Center မှာ နေရတယ်။



ကပ်ဘေးကာလအတွင်း ကွာရန်တင်းနေထိုင်ရင်း မွေးဖွားခဲ့သည့် သမီးလေးအား ကြည်နူးစွာ ကြည့်နေသည့် မနိမ့်ပီးဟွိုင်တို့ဇနီးမောင်နှံ ဓာတ်ပုံ – ညီညီဇော်

နိမ့်ပီးဟွိုင်က တမူးပြန်ချင်တာမို့ တာဝန်ရှိသူတွေကို အကူအညီတောင်းတဲ့အခါ လူမှုကူညီရေးအသင်းကားနဲ့ ကလေးမြို့အထိ ပို့ပေးမယ်လို့ ပြောကြတယ်။ ကလေးကနေ မိဘတွေက လာကြိုပြီး တမူးပြန်မယ်ပေါ့။ Quarantine နေပြီး နောက်တစ်ရက် ဧပြီ ၂၀ ရက် ည ၉ နာရီလောက်မှာတော့ နိမ့်ပီးဟွိုင် ဗိုက်တွေနာလာပါလေရော။ ခါးတွေလည်း ညောင်းလာတယ်။ အော်ရင်းဟစ်ရင်း မနက် ၂ နာရီလောက်မှာ ဘယ်လိုမှ မရတော့တာနဲ့ Quarantine စင်တာမှာ တာဝန်ကျတဲ့သူတွေနဲ့ ရဲလေးတွေက မုံရွာ အိုးဘိုတောင်ရပ်ကွက်မှာရှိတဲ့ မြန်မာ အိန္ဒိယချစ်ကြည်ရေး ခုတင် ၂၀၀ ဆံ့ အမျိုးသမီးသားဖွားမီးယပ်နဲ့ ကလေးဆေးရုံကို ပို့ပေးလိုက်ကြတယ်။

နိမ့်ပီးဟွိုင်ဟာ မနက် ၅ နာရီ ၄၃ မိနစ်မှာ သမီးမိန်းကလေးကို သဘာဝအတိုင်း ချောချောမောမောပဲ မွေးလိုက်နိုင်ပါတယ်။ ဆေးရုံတာဝန်ရှိသူ ဒေါ်အေးအေးသစ်နဲ့ ဆရာဝန်ကြီးတွေ၊ သူနာပြုတွေ၊ သန့်ရှင်းရေးသမားတွေကလည်း ဂရုစိုက်ကြတယ်။ ထမင်းချိန် ထမင်း ဟင်းချိန်ဟင်း ပြည့်စုံအောင် စီမံပေးကြတယ်။ အိုးဘိုတောင်ရပ်ကွက်က အုပ်ချုပ်ရေးမှူးကိုခိုင်မိုးဦးတို့ကလည်းလိုအပ်တာဘာရှိလဲ အချိန်မရွေးလာမေးကြတယ်။

သမီးလေးက ကျန်းမာလို့ နိမ့်ပီးဟွိုင်ရော သူ့ယောကျ်ားပါ ပျော်ရတယ်။ ဒါပေမဲ့ ကလေးကို မထိရဲကြသေးဘူး။ သူတို့က တရုတ်ပြည်ကနေ ခရီးရှည်ကြီး ပြန်လာတာဆိုတော့ သူတို့မှာများ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံနေရသလား မသိသေးတဲ့အတွက်ပါ။ လင်မယားနှစ်ယောက်စလုံးကျန်းကျန်းမာမာရှိပေမယ့် ဒီပိုးက ရောဂါလက္ခဏာ ချက်ချင်းမပြတတ်တာမို့စိုးတော့စိုးရိမ်စရာပါ။ ဒါနဲ့ ဆေးရုံတာဝန်ရှိသူတွေက ဧပြီ ၂၄ ရက်မှာ နိမ့်ပီးဟွိုင်တို့ လင်မယား နှစ်ယောက်စလုံးရဲ့ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် နမူနာတွေယူပြီး ဓာတ်ခွဲစစ်ဆေးတဲ့ဆီ ပို့ပေးခဲ့ကြတယ်။

လင်မယားနှစ်ယောက်စလုံး ကလေးကို စိတ်ရှိလက်ရှိ မကိုင်ရဲသေးဘူး။ တို့မှာများ ပိုးရှိရင် တို့သမီးလေးအတွက် ခက်လှချည်ရဲ့ ဆိုပြီး တတ်နိုင်သမျှ ဝေးဝေးနေကြတယ်။ ဓာတ်ခွဲစစ်ဆေးတဲ့အဖြေတွေ မရမချင်း လင်မယားနှစ်ယောက်စလုံး ရင်တွေတထိတ်ထိတ်ခုန်ခဲ့ရတာပေါ့။ အဲသလိုနေလာရင်း နှစ်ရက်လောက်နေတော့ သူတို့ အဖြေတွေ ထွက်လာခဲ့တယ်။ ဓာတ်ခွဲအဖြေက လင်မယားနှစ်ယောက်စလုံးမှာကိုရိုနာဗိုင်းရပ်စ်ပိုး Negative၊ ပိုးမရှိပါ (မရှိပါ)တဲ့။ နိမ့်ပီးဟွိုင်တို့ ပျော်လိုက်ရတာ။

မေလ ၁၀ ရက်ဆို နိမ့်ပီးဟွိုင်တို့ Quarantine ရက် ၂၁ ရက် ပြည့်ပါပြီ။ တမူးက သမီးလေးရဲ့ ဘိုးဘိုးဘွားဘွားတွေလည်း မျှော်လှပါပြီ။ နိမ့်ပီးဟွိုင်လည်း အမေတို့၊ အဖေတို့ဆီ ပြန်ချင်လှပါပြီ။ တရုတ်ပြည်ကနေပြန်လာရင်းလမ်းတစ်လျှောက် မောပန်းခဲ့ရတဲ့ ရက်တွေကတော့ သမီးလေးမျက်နှာမြင်ပြီး ကင်းစင်ပျောက်လွင့်သွားခဲ့ပါပြီ။ တမူးပြန်ရောက်ပြီး ဒီကပ်ဘေးကာလကြီးအတွင်း နိမ့်ပီးဟွိုင်တို့မိသားစုလေး အတူနေခွင့်ရဦးမှာပါ။ ကပ်ဘေးကာလကျော်ရင်တော့ နိမ့်ပီးဟွိုင်က သမီးလေးနဲ့အတူ နေခဲ့ပြီး နိမ့်ပီးဟွိုင် အမျိုးသားက သမီးလေးနဲ့ မိသားစုရှေ့ရေးအတွက် တစ်နယ်တစ်ရပ်ဆီ အလုပ်သွားလုပ်ရဦးမှာပါ။ အဲဒီအခါကျရင် နိမ့်ပီးဟွိုင်တို့ သားအမိတွေ မျှော်ပေဦးပေါ့။ နိမ့်ပီးဟွိုင်တို့လည်း ကံဇာတ်ဆရာချတဲ့နေရာမှာ အမျိုးမျိုးအဖုံဖုံ ဆက်ကကြရဦးမှာပေါ့။ ။




မနိမ့်ပီးဟွိုင်တို့ ကွာရန်တင်းနေထိုင်ရင်း ကလေးမွေးခဲ့သည့် မုံရွာမြို့ရှိဆေးရုံ ဓာတ်ပုံ – ညီညီဇော်

# ဂျက်ကီနှင့် ကယ်တင်ရှင်သူရဲကောင်း

အောင်ရဲကို



ဂျက်ကီကို ပွေ့ဖက်နေသော သူ၏ကယ်တင်ရှင် ကိုအောင်ကျော်မိုး




ဂျက်ကီကို ကိုယ်အပူချိန်တိုင်းနေစဉ် ဓာတ်ပုံ - အေကေအမ်

သာယာအေးချမ်းလှသော ဂျက်ကီဘဝထဲသို့ မျှော်လင့်မထားသော မုန်တိုင်းတစ်ခု ခပ်ကြမ်းကြမ်း ဝင်ရောက်လာခဲ့၏။

မုန်တိုင်းဆိုသည်မှာ ကမ္ဘာ့ကပ်ရောဂါ COVID-19 ပင်ဖြစ်ပြီး ဂျက်ကီဆိုသည်ကတော့ အိမ်မွေးခွေးတစ်ကောင်ပင်ဖြစ်သည်။ ကပ်ရောဂါသည် သူ့ကို တိုက်ရိုက်ကူးစက်သည်မဟုတ်။ သူ့သခင်ထံ ကူးစက်လာသဖြင့် ဒုက္ခက သူ့ဆီ ရောက်လာခဲ့ခြင်းဖြစ်သည်။

ဂျက်ကီသည် (၂)နှစ်အရွယ် အယ်လ်ဇေးရှင်းခွေးအမျိုးအစား တစ်ကောင်ဖြစ်ပြီး ဂျက်ကီ၏ ပိုင်ရှင်သည် အခြားသူမဟုတ်။ COVID-19 ရောဂါကြောင့် ဧပြီ ၈ ရက်က ကွယ်လွန်သွားခဲ့သော လူနာအမှတ်(၁၇) ပေါက်ခေါင်းမြို့နယ်က ဒုမြို့နယ်အုပ်ချုပ်ရေးမှူးပင်ဖြစ်သည်။

"သူ့သားသမီးတွေက ရန်ကုန်မှာနေတော့ သူက ဂျက်ကီကို အဖော်အဖြစ်နဲ့ နှစ်လသားကတည်းက မေမြို့ကနေဝယ်ပြီး မွေးခဲ့တာလို့ သိရတယ်။ (၂)နှစ်ကျော်ပြီ။ မနက်အစော ဂျက်ကီနဲ့ ဒုမြို့နယ်မှူး လမ်းလျှောက်ထွက်တတ်တယ်။ တော်တော်တော့ သံယောဇဉ်ရှိပုံရတယ်"ဟု ပေါက်ခေါင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က သူ့သခင်နှင့် ဂျက်ကီ၏ သံယောဇဉ်ကို ပြောပြသည်။

သခင်ဖြစ်သူက ရောဂါကူးစက်ခံရပြီး ဆေးရုံတက်နေရသဖြင့် ဂျက်ကီမှာ တစ်ကောင်တည်း ကျန်ခဲ့ပြီး စားရမဲ့၊ သောက်ရမဲ့ ဘဝရောက်ရတော့သည်။ အိမ်တွင် ဂရုစိုက်မယ့်သူမရှိ။ လောကဓံက ထိုမျှဖြင့်မရပ်သေး။

ဂျက်ကီ၏အားကိုးခင်တွယ်ရာ ဒုမြို့နယ်မှူး၏ မိသားစုလိုက် COVID-19 ကူးစက်ခံလိုက်ရပြီး ဂျက်ကီဆီတွင်ပါ ပိုးရှိနိုင်သည်ဟူသော သံသယဖြင့် သူ့ကိုသုတ်သင်ပေးဖို့ တောင်းဆိုမှုအချို့ ရှိလာကြတော့သည်။

"ခွေးက အပြင်တွေ ထွက်လာရင်လည်း ရောဂါကူးစက်ခံရမှာ ကြောက်ကြလို့ ပြောလာတဲ့သူတွေလည်းရှိတယ်။ ဒါကြောင့် မြို့နယ်စည်ပင်ကို အသိပေးတယ်။ တိုင်ပင်ခဲ့တယ်"ဟု ပဲခူးတိုင်း လူဝင်မှုကြီးကြပ်ရေးဝန်ကြီးလည်းဖြစ်သူ ပေါက်ခေါင်းမြို့နယ် ပြည်ခရိုင် COVID-19 တားဆီးရေးတာဝန်ခံ ဦးထွန်းထွန်းဦးက ပြောသည်။

ကံတရားက ဂျက်ကီဘက်တွင် ရှိနေခဲ့ပါသည်။ ဧပြီ ၃ ရက် မတိုင်မီအထိ အဆိုးသတင်းများသာ ရရှိခဲ့သည့် 'ဂျက်ကီ'ထံသို့ သတင်းစကားတစ်ခု ရောက်ရှိလာလေသည်။ ယင်းကား ဂျက်ကီ့သတင်းကို ကြားသိရသော သူတစ်ဦးက ဂျက်ကီကို ထိန်းသိမ်းပြုစုခွင့်ပေးပါဟူ၍ ပဲခူးတိုင်း လူဝင်မှုကြီးကြပ်ရေးဝန်ကြီးထံသို့ ခွင့်တောင်းလာခြင်းပင် ဖြစ်သည်။

"ရန်ကုန်က ကျွန်တော့်အသိမိတ်တွေဆီကနေ တစ်ဆင့် ဖုန်းဆက်လာတယ်။ ခွေးကို ပြုစုခွင့်ပေးပါဆိုပြီးတော့။ အဲဒီတော့ ဘယ်လိုဆုံးဖြတ်ရသလဲဆိုတော့ ပြုစုမယ့်သူနဲ့ ခွေးက Quarantine ဝင်ရမယ်။ နောက်ဆက်တွဲတွေ သေချာစီစဉ်ထားရင် ရတယ်ဆိုပြီး ခွင့်ပြုလိုက်တယ်"ဟု ဦးထွန်းထွန်းဦးက ရှင်းပြသည်။

ဂျက်ကီကို ထိန်းသိမ်းစောင့်ရှောက်ခွင့် တောင်းသူသည် ပေါက်ခေါင်းမြို့နှင့် ဆက်စပ်နေသည့် ပြည်မြို့မှ အသက်(၃၀) ကျော်အရွယ်ရှိ ကိုအောင်ကျော်မိုးဆိုသူဖြစ်သည်။

သူက လူမှုကွန်ရက်မှတစ်ဆင့် ဂျက်ကီသခင် ပေါက်ခေါင်းမြို့နယ်အုပ်ချုပ်ရေးမှူး မိသားစုသတင်းနှင့် ဂျက်ကီတွင် အသက်အန္တရာယ်ရှိနေပြီဆိုသည်ကိုကြားသိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် "သတ်ဖြတ်ဖို့ တောင်းဆိုတာတွေလည်းရှိတယ်လို့ ပါလာတော့ မဖြစ်သင့်ဘူး၊ မလုပ်သင့်ဘူးလို့ ဆုံးဖြတ်တယ်။ ဒါကြောင့် အဲဒီညမှာ သတင်းကို သေချာအောင် စုံစမ်းခဲ့တယ်။ နောက်နေ့မနက် ကျွန်တော့်ကားလေးနဲ့သွားခေါ်ဖို့ စီစဉ်ခဲ့တယ်" ဟု ကိုအောင်ကျော်မိုးက ဂျက်ကီကို ကယ်တင်ဖို့ ဆုံးဖြတ်ခဲ့ပုံကို ပြောပြသည်။

ဂျက်ကီကို အသက်ဘေးမှ ကယ်တင်ရန်လည်း နည်းမျိုးစုံကြိုးစားခဲ့ရပြီး မထင်မှတ်ထားသည့် အခက်အခဲများ ကြုံခဲ့ရသည်ဟု ကိုအောင်ကျော်မိုးက ဆိုသည်။

ခေါ်ဆောင်ခွင့်ရဖို့ ဝန်ကြီးဌာနကို အဆင့်ဆင့်တင်ပြရ လွှတ်တော်အမတ်မှတစ်ဆင့် ဝန်ကြီးဆီခွင့်တောင်းရ၊ အထွေထွေအုပ်ချုပ်ရေးမှူးတွေကိုလည်းတင်ပြရနှင့် အချိန်ခြောက်နာရီကျော်ကြာ စောင့်ဆိုင်းခဲ့ရသည်ဟုဆိုသည်။ ခွင့်ပြုချက်ရပြီးလည်း မပြီးသေး၊ နောက်ထပ် အခက်အခဲများ ကြုံရပြန်သည်။

"ဒုမြို့နယ်မှူး နေအိမ်နဲ့ ခြံမှာ ခြံထဲကိုပဲ ပိုးသတ်ဆေးဖျန်းထားတယ်။ အိမ်ထဲမှာ ခွေးရှိတာကတစ်ပိုင်း၊ နောက်အကြောင်းအမျိုးမျိုးကြောင့် မဖျန်းရသေးဘူးဆိုပြီး တာဝန်ရှိသူတွေက ပြောတယ်။ အိမ်ထဲလိုက်ဖို့ကျ ဘယ်သူမှ မရဲခဲ့ကြဘူး"ဟု ၎င်းကပြောသည်။

ထို့ကြောင့် သူတစ်ဦးတည်း ပြည်မြို့မှ ကြိုတင်ပြင်ဆင်လာခဲ့သော PPE ဝတ်စုံကို ပေါက်ခေါင်းမြို့နယ်ဆေးရုံမှ လက်ထောက်ဆရာဝန် သင်ပေးလိုက်သော ဝတ်နည်းဖြင့် ဝတ်ဆင်ကာ ဂျက်ကီရှိသည့် နေအိမ်တွင်းသို့ ဝင်ရောက်ခဲ့တော့သည်။ အထဲရောက်သည်နှင့် ကိုအောင်ကျော်မိုး တွေးထင်မထားသည့် အန္တရာယ်က ဆီးကြိုနေလေသည်။



ထောက်ခံချက်

ရက်စွဲ၊

COVID-19 ရောဂါပိုးကူးစက်နေသူများနှင့် အနီးကပ်ထိတွေ့သူများကိုလည်းကောင်း၊ [illegible] များမှ ပြန်လည်ရောက်ရှိလာသူများကိုလည်းကောင်း စုံစမ်းရှာဖွေဖော်ထုတ်၍ ထားရှိသည့် အသွား/အလာကန့်သတ်ခြင်း (သို့မဟုတ်) တားမြစ်ခြင်းပြုလုပ်သောနေ[illegible] ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပေးထားသော လုပ်ငန်းစဉ်အညွှန်း[illegible] ရောဂါလက္ခဏာပေါ်ပေါက်ခြင်းရှိ/မရှိ (၁၄)ရက် စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ ဖော်ပြပါ[illegible] အဆိုပါအခါ[illegible] လိုက်နာဆောင်ရွက်ပြီးဖြစ်ပါကြောင်း ထောက်ခံပါသည်-

အမည် -
အသက်-
အဘအမည်-
Quarantine နေရာ-
၁၄-ရက်ကာလ - အထိ

သက်သေ / ထောက်ခံသူ
အမည်- / အမည်-
ရာထူး- / ရာထူး-
ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး / မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန (သို့မဟုတ်) သက်ဆိုင်ရာအရာရှိ

ကိုအောင်ကျော်မိုး အသွားအလာကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်ပြည့်နေထိုင်ခဲ့ကြောင်း ထောက်ခံစာ ဓာတ်ပုံ - အေကေအမ်

"ခွေးက ဘာအမျိုးအစားမွေးထားမှန်းလည်းသိတာမဟုတ်ဘူး။ သတ်ခံရမှာစိုးလို့သာ ဝင်ကယ်တာ။ အိမ်ထဲလည်းရောက်ရော အယ်လ်ဇေးရှင်းခွေးကြီးဗျ။ သူကလည်း ကိုယ့်ကို PPE ဝတ်စုံနဲ့ဆိုတော့ကြောက်။ ကိုယ်ကလည်းသူ့ကြောက် ထုပ်ဆီးတိုးနေတာ နာရီဝက်လောက်ကြာတယ်။ နောက်အိမ်ထဲမှာလည်း ပိုးရှိနေနိုင်တော့ အကြောက်တရားနှစ်ခု ဒွန်တွဲပြီး ရှောင်နေရတာပေါ့။ သူလည်း မောလာတဲ့အချိန် စောင့်ပြီး လည်ပင်းကြိုးကွင်းစွပ်ပေးနိုင်ခဲ့တယ်" ဟု ကိုအောင်ကျော်မိုးက ဂျက်ကီကိုခေါ်ဆောင်ရသည့် စွန့်စားခန်းကို ပြန်ပြောပြသည်။

ဂျက်ကီကို မိပြီးသည့်အခါတွင်လည်း နောက်ထပ်အခက်အခဲတစ်ခုကို ရင်ဆိုင်ရသေးသည်။ သူနှင့် ဂျက်ကီ အသွားအလာကန့်သတ်ခံရပြီး၁၂ရက်ကြာ အတူနေရမည်ဖြစ်သည်။ အသွားအလာကန့်သတ်နေထိုင်ရန် ပြည်မြို့မှ လက်ခံနိုင်မည် မဟုတ်သည်ကို ကြိုတင်တွက်ဆ၍ ပဲခူးရိုးမရှိ ကျယ်ဝင်းသော ခြံတစ်ခုကို မိတ်ဆွေတစ်ဦးထံမှ အကူအညီတောင်းခံ၍ ထိုနေရာသို့ သွားရောက်နေထိုင်ခဲ့သည်။

"ရန်ကုန်နဲ့ ပဲခူးအစပ်နားက ပဲခူးရိုးမထဲမှာ ၁၈ ကေကျယ်တဲ့ ခြံထဲရောက်သွားတယ်။ အနီးဆုံးရွာနဲ့က နှစ်မိုင်ဝန်းကျင်လောက်ဝေးတယ်။ စိတ်ချောက်ချားစရာကောင်းခဲ့တယ်"ဟု ကိုအောင်ကျော်မိုးက ရင်ဖွင့်သည်။

တောတွင်း၌ ဂျက်ကီနှင့် နေထိုင်ခဲ့ရသည့် အတွေ့အကြုံမှာ မမေ့နိုင်စရာဟု ကိုအောင်ကျော်မိုးကဆိုသည်။ စစချင်း ခွေးက မယဉ်ပါးသေး။ ထို့ကြောင့် သူ့လည်း အန္တရာယ်မဖြစ်အောင်နှင့် ယဉ်ပါးဖို့ ကြိုးစားခဲ့ရသည်ဟု သူကဆိုသည်။

"မင်းကို ငါသတ်ဖို့မဟုတ်ဘူး။ မင်းက သေမိန့်ကျပြီးသား။ ငါမင်းကို မသေအောင် ကယ်လာတာ။ ငါ့ကို အန္တရာယ်မပေးနဲ့။ ငါ့ကို အန္တရာယ်ပေးရင် ဒီလှောင်အိမ်ထဲမှာ ရက်အရှည်ကြီးနေရမှာ။ အပြင်ထွက်ချင်ရင်အန္တရာယ်မပေးနဲ့ဆိုပြီး အစာကျွေးလိုက်၊ ရေတိုက်လိုက်၊ သူနဲ့စကားပြောလိုက်၊ သူ့ခန္ဓာကိုယ်ကို အပြင်ကဆပ်ပြာတွေနဲ့ဖျန်း၊ ဧပြီ ၅ ရက်နေ့မှာ သူ့ကို လှောင်အိမ်ထဲက ထုတ်လိုက်တယ်။ ချော့ထုတ်လို့ရသွားတယ်"ဟု ကိုအောင်ကျော်မိုးက ရှင်းပြသည်။

အတူနေစဉ် ရက်ပိုင်းအတွင်း ဂျက်ကီ၏ ကိုယ်ပူချိန်၊ အသက်ရှူမှုနှုန်းမှအစ ဆီး၊ ဝမ်းသွားသည့်အဆုံး မှတ်တမ်းရယူခဲ့ကာ တစ်စုံတစ်ခု ဖြစ်ပေါ်လာပါက

စာမျက်နှာ ၈ »

# Life & Editorial

အယ်ဒီတာ့အာဘော်

## စစ်မှန်သောသတင်းသမား၏ ဝိညာဉ်

မြန်မာ နိုင်ငံတွင်ရော ကမ္ဘာတွင်ပါ သတင်းအချက်အလက်အမှန်ကို မည်သည့်အချိန်တွင်ကမျှ ယနေ့လောက် မလိုအပ်ပေ။ အကြောင်းမှာ လူ့သမိုင်းတစ်လျှောက်တွင် ကြောက်စရာအကောင်းဆုံး ကပ်ရောဂါတစ်ခုဖြစ်သော ကိုရိုနာဗိုင်းရပ်စ်နှင့် စစ်ခင်းနေရသော အချိန်ဖြစ်သောကြောင့်ဖြစ်၏။ လူမှုကွန်ရက်မီဒီယာ အားကောင်းမှုကြောင့် ကမ္ဘာ့မည်သည့်အရပ်ဒေသမှ အဖြစ်အပျက်ကိုမဆို စက္ကန့်ပိုင်းအတွင်း အလွယ်တကူသိနိုင်သလို လူမှုမီဒီယာကြောင့်ပင် လူတစ်ဦး မီဒီယာတစ်ခု ပြောရလောက်အောင် လူတိုင်းက ရေးသားဖော်ပြလိုသမျှကို လူမှုကွန်ရက်မီဒီယာတွင် အလွယ်တင်နိုင်သဖြင့်လည်း နောက်ဆက်တွဲဆိုးကျိုးအဖြစ် ကောလာဟလများ၊ သတင်းအမှားများ၊ ဝါဒဖြန့်ချိမှုများ၊ အကောက်အယူအလွဲများက ကပ်ရောဂါကာလတွင် အုံနှင့်ကျင်းနှင့် မြင်တွေ့နေရပါသည်။ ထို့ကြောင့်ပင် ကမ္ဘာသည် ကပ်ရောဂါ COVID-19 နှင့် ရင်ဆိုင်နေသည့်သာမက သတင်းအချက်အလက်ကပ်ဆိုက်ခြင်း (Infodemic) ကိုပါ ရင်ဆိုင်နေရသည်ဟု ကျန်းမာရေးနှင့် မီဒီယာအရေးကျွမ်းကျင်သူများက ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုလာခြင်းပင်။

ကမ္ဘာတွင် သတင်းအချက်အလက်အမှန် အလိုအပ်ဆုံးအချိန်တွင် လူများ၏ သတင်းသိပိုင်ခွင့်ကို အဓိကဖြည့်ဆည်းပေးသော သတင်းမီဒီယာများ၊ ဂျာနယ်လစ်များမှာ ကမ္ဘာ့ကပ်ရောဂါပါမက အခြားပြဿနာကိုပါ ရင်ဆိုင်နေရပါသည်။ သတင်းအချက်အလက်ရပိုင်ခွင့်ပြဿနာပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအများစုတွင် အာဏာရှင်အစိုးရများ၊ နိုင်ငံခေါင်းဆောင်များသာမက ဒီမိုကရေစီအစိုးရအချို့ကပါ ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအကြောင်းပြ၍ သတင်းအချက်အလက်အမှန်များ ထိမ်ချန်လာခြင်း၊ လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်ကို တားမြစ်ခြင်းတို့ ပြုလုပ်လာသောကြောင့်ဖြစ်သည်။ ထို့အပြင် ယခင်ကတည်းက ယိုင်နဲ့နေသော ပုံနှိပ်မီဒီယာများမှာ ကပ်ရောဂါကြောင့် အမှောင်မိုက်ဆုံးကာလကို ဖြတ်သန်းနေကြသည်။

သို့သော် အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ကြုံနေရသော်လည်း မီဒီယာများက သတင်းအချက်အလက် အမှန်များ၊ ကျင့်ဝတ်နှင့်ညီကာ အဆိပ်အတောက်ကင်းသော သတင်းများ၊ ဆောင်းပါးများ၊ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် အရေးကြီးသော ဆန်းစစ်သုံးသပ်ချက်များ၊ စူးရှနက်ရှိုင်းသော သတင်းပေးပို့မှုများ ပြုလုပ်နေကြပါသည်။ အကျပ်အတည်းကာလတွင် ယခင်ကထက်ပင် ရဲဝံ့ပြောင်မြောက်သော သတင်းပေးပို့မှုများ ပြုလုပ်နေကြသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံတွင်လည်း ကပ်ရောဂါကြောင့် ယခင်ကတည်းက ခက်ခဲစွာရုန်းကန်နေရသော သတင်းမီဒီယာဌာနများထဲမှ အချို့သည် ဝန်ထမ်းလျှော့ချခြင်း၊ အချို့စာစောင်များ ရပ်နားသွား၍ ဂျာနယ်လစ်များ အလုပ်ဖြုတ်ခံရခြင်း၊ လစာလျှော့ချခြင်း၊ စာမူခလျှော့ချခြင်းများ ရင်ဆိုင်နေရပါသည်။ ထို့အပြင် အစိုးရက ကပ်ရောဂါအတွက် သတင်းစာရှင်းလင်းပွဲများ ပုံမှန်မလုပ်ပေးသလို ပြောရေးဆိုခွင့်ရှိသူများက အလုပ်များ၍ ဖုန်းပိတ်ထားမှု၊ မဖြေဆိုမှုများကိုလည်း ကြုံရသည်။ ထို့ကြောင့် မီဒီယာများသည် ပြည်သူများနည်းတူ အစိုးရ၏ ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် ထုတ်ပြန်မှုများကိုသာ ကိုးကား၍ လွှတ်တော်အမတ်များ၊ အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဝန်ထမ်းအချို့၊ ပြည်သူများကို အဓိကမေးမြန်း၍ မှန်ကန်အောင်၊ ပြည့်စုံအောင်၊ မျှတအောင် ပြုလုပ်နေကြရ၏။

အမှန်တွင် ပြည်သူများ၏ တစ်ခဲနက်ရွေးချယ်မှုနှင့် ဆယ်စုနှစ်ငါးစုကျော်အတွင်း ရှားရှားပါးပါးတက်လာသော အရပ်သားအစိုးရထံမှ သတင်းအချက်အလက်ရယူခွင့်နှင့် မီဒီယာအပေါ် အသိအမှတ်ပြုမှုကို ယခုထက် ကျွန်ုပ်တို့ မျှော်လင့်ခဲ့ပါသည်။ ကမ္ဘာ့ကပ်ရောဂါနှင့် ရင်ဆိုင်ရချိန်တွင် ကောလာဟလများ၊ သတင်းအမှားများ၊ အယူအဆအလွဲများ များပြားလွန်းသဖြင့် ဖေ့စ်ဘွတ်ခ်နှင့် နိုင်ငံပိုင်မီဒီယာများမှ ထုတ်ပြန်ရုံဖြင့် မလုံလောက်ပါ။ အစိုးရတာဝန်ရှိသူများ၊ သက်ဆိုင်ရာ ပညာရှင်များက မီဒီယာကို တစ်ပတ်တစ်ကြိမ်ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ ပုံမှန်တွေ့ဆုံခြင်း၊ COVID-19 ကြောင့် လူကိုယ်တိုင် ရှင်းလင်းပွဲမလုပ်လျှင်ပင် အွန်လိုင်းမှ ရှင်းလင်းပွဲ ပုံမှန်ပြုလုပ်ရန် လိုအပ်ပါသည်။ သတင်းအချက်အလက် အမှန်များကသာ ကောလာဟလကို အကောင်းဆုံးတိုက်ဖျက်နိုင်ပါသည်။ ပုံမှန်သတင်းစာရှင်းလင်းပွဲများ၊ မီဒီယာများ မေးမြန်းအတည်ပြုရန် အချိန်အများစု ဖြေဆိုနိုင်သော ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များထားကာ ထုတ်ပြန်ခြင်းမှာ ပြည်သူများ၏ သတင်းသိပိုင်ခွင့် ဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း အစိုးရက သဘောပေါက်ရန် လိုပါသည်။ သတင်းအချက်အလက် သိပိုင်ခွင့်သည် နိုင်ငံသားတစ်ဦးချင်း၊ လူသားတစ်ဦးချင်း၏ ရပိုင်ခွင့် အခြေခံလူ့အခွင့်အရေးဖြစ်၏။

မာယာများသော ကိုရိုနာဗိုင်းရပ်စ်နှင့် ရင်ဆိုင်ရချိန်တွင် သတင်းအချက်အလက်အမှန်များ၊ ကျင့်ဝတ်နှင့်ညီကာ အဆိပ်အတောက်ကင်းသော သတင်းပေးပို့ချက်များက လက်နက်ဖြစ်ပါသည်။ ထို့ကြောင့် အခက်အခဲများနှင့် နပန်းလုံးကာ အမှောင်မိုက်ဆုံးကာလကို ဖြတ်ကျော်နေရင်း ပြည်သူများကို သတင်းအချက်အလက်အမှန်များ ပေးနေသော မီဒီယာများကို အသိအမှတ်ပြု၍ သတင်းရပိုင်ခွင့်ကို ဖြည့်ဆည်းပေးစေလိုသည်။ မီဒီယာများအခက်အခဲကို စာနာ၍ အကူအညီပေးမည်ဆိုပါကလည်း ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်ပေမည်။

အစိုးရများက အသိအမှတ်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ကျင့်ဝတ်နှင့်ညီသော မီဒီယာများက အခက်အခဲများကြားမှပင် လူထုဆီသို့ သတင်းအချက်အလက်အမှန်ရောက်အောင် ကြိုးစားနေကြမည်ဖြစ်သည်။ ဤသည်ပင် သတင်းထောက်၏ စစ်မှန်သောဝိညာဉ်ဖြစ်သည်။

ယနေ့ကျရောက်သော ကမ္ဘာ့မီဒီယာလွတ်လပ်ရေးနေ့တွင် မြန်မာနှင့် ကမ္ဘာတစ်ဝန်းမှ အခက်အခဲမျိုးစုံကြားမှ သတင်းအချက်အလက်အမှန် ရရှိအောင် ကြိုးစားနေကြသော သတင်းစာဆရာအားလုံးကို ယခုအာဘော်ဖြင့် ဦးညွှတ်လိုက်ပါသည်။ ။

**(မေလ ၃ ရက်ထုတ်** 7Day News **သတင်းစာပါ အယ်ဒီတာ့အာဘော်)**

စာမျက်နှာ ၇ မှ

## ဂျက်ကီနှင့် ကယ်တင်ရှင်သူရဲကောင်း

သက်ဆိုင်ရာဌာနသို့တင်ပြနိုင်ရန် ကိုအောင်ကျော်မိုးတစ်ယောက်စီစဉ်ခဲ့လေသည်။

သို့သော် ထိုသို့ နေလာစဉ် ဂျက်ကီ၏ပိုင်ရှင် ပေါက်ခေါင်းမြို့နယ် ဒုမြို့နယ်မှူး ဧပြီ ၈ ရက်တွင် ကွယ်လွန်ခဲ့သည်ဟူသော သတင်းစကား ရောက်လာခဲ့လေသည်။ ထိုသတင်းကြားပြီး သူကိုယ်တိုင်ပင် စိတ်ကယောင်ချောက်ချား ဖြစ်လာခဲ့သည်ဟု ကိုအောင်ကျော်မိုးက ဆိုသည်။

“၁၁ ရက်နေ့ကျတော့ ဒုအုပ်ချုပ်ရေးမှူးကို ကုပေးခဲ့တဲ့ ဆရာဝန်မကြီးက ရောဂါတွေ့တယ်ဆိုတော့ ထပ်စိုးရိမ်သွားတယ်။ ကိုယ့်မှာများ ကူးသွားနိုင်မလား။ စိုးရိမ်ရတယ်။ ကြောက်နေရတယ်။ ဘာလုပ်ရလဲဆိုတော့ အာဟာရအစားအသောက်ကို ဦးစားပေးတယ်။ အားဆေးသောက်တယ်။ ဗီတာမင်စီသောက်တယ်။ ရေနွေးတွေ သောက်လိုက်။ ကိုယ်လက်နာကျင်ရင် ပါရာစီတမောသောက်တယ်။ ကိုယ့်ကိုယ်ကိုယ် စိတ်ဖိစီးမှုတွေ ဝင်လာတာကို တော်တော်ကြိုးစားခဲ့ရတာ” ဟု ၎င်းကပြောသည်။

ထိုသို့နေလာရင်း သတ်မှတ်ရက်လည်းပြည့်ပြီမို့ ပဲခူးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်မြို့မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဆက်သွယ်ကာပြန်လာလိုကြောင်းကိုအောင်ကျော်မိုးတစ်ယောက် အကြောင်းကြားခဲ့၏။

သို့သော် ပြန်လာလိုပါက ဂျက်ကီအား ထားခဲ့ရမည်ဖြစ်ပြီး ၎င်းအနေဖြင့် ဆေးစစ်မှုခံယူလိုပါက ဆောင်ရွက်ပေးမည်ဟု အကြောင်းကြားလာသည်။ ထို့ကြောင့် ရန်ကုန်မြို့တွင် နေထိုင်သည့် အဒေါ်ဖြစ်သူနေအိမ်သို့ ဂျက်ကီအား ဧပြီ ၁၄ ရက်တွင် ပို့ဆောင်လိုက်၏။

“ပြည်မှာတော့ ခွေးကိုခေါ်လာဖို့ မသင့်သေးဘူးတဲ့။ အဲဒါကြောင့် ကျွန်တော့်အဒေါ်အိမ်ကို သွားပို့။ သူတို့ကလည်း လိုလိုလားလားနဲ့ ပြုစုစောင့်ရှောက်ခဲ့တယ်။ ကျွန်တော်က ပြည်မြို့ကို ပြန်တယ်။ ၁၄ ရက်ညမှာ Quarantine ဝင်ခဲ့တယ်”ဟု ကိုအောင်ကျော်မိုးက ပြောသည်။

Quarantine ဝင်ပြီး နောက်တစ်ရက် ဧပြီ ၁၅ ရက်တွင်တော့ ၎င်းထံမှ ဓာတ်ခွဲနမူနာရယူပြီး စစ်ဆေးခဲ့သည်။ ၁၆ ရက်တွင် COVID-19 ရောဂါပိုးမရှိကြောင်း အဖြေထွက်ခဲ့လေသည်။ သို့သော် ရလဒ်အဖြေကို သေချာမှုရှိစေရန် Quarantine သတ်မှတ်ထားသည့် ၂၁ ရက်အပြည့်နေထိုင်ခဲ့သည်ဟု ကိုအောင်ကျော်မိုးကဆိုသည်။

“ဒီနေ့(မေလ ၃ ရက်)ကပဲ သတ်မှတ်ရက်ပြည့်တယ်။ အခုအိမ်ပြန်ရောက်ပြီ။ ကျွန်တော့်စေတနာမှန်တယ်လို့ ခံစားရတယ်” ဟု ကိုအောင်ကျော်မိုးက ပြောသည်။

ကိုအောင်ကျော်မိုးသည် ပြည်မြို့၌ တိရစ္ဆာန်များကို ကယ်တင်သည့် ပရဟိတအဖွဲ့တွင် ပါဝင် ဆောင်ရွက်နေသူဖြစ်ပြီး တိရစ္ဆာန်များနှင့်ဆက်စပ်၍လည်း ခွေး၊ ကြောင် မရွေး ကယ်တင်သူဖြစ်ကြောင်း ပြည်မြို့ခံ ကိုရဲထွန်းဦးက ချီးကျူးစကားဆိုသည်။

ကိုအောင်ကျော်မိုးက “အရက်ဆိုင်က သတ်စားခံရမယ့် မျောက်နှစ်ကောင်ကိုလည်း ဝယ်ပြီး လွှတ်ပေးခဲ့တယ်။ နောက်တောထဲက ဟင်းစားရှာလာတဲ့ လိပ်တွေလည်း ဝယ်ပြီး ပြန်လွှတ်ဖူးတယ်။ အဓိကကတော့ ဂေဟစနစ်တွေ မပျက်စီးစေချင်ဘူး။ လူတွေရဲ့ မတော်လောဘတွေကြောင့် အခုလိုကပ်ရောဂါနဲ့ တန်ပြန် သက်ရောက်နေကြတာ”ဟု သူ့အမြင်ကို ပြောသည်။



*ဂျက်ကီ* ဓာတ်ပုံ – အေကေအမ်

ဂျက်ကီအား ကယ်တင်ခဲ့သည့် လုပ်ရပ်မှာလည်း အစိုးရသို့ အကူအညီ တစ်စိတ်တစ်ပိုင်းပေးချင်၍ လုပ်ဆောင်ခြင်းဖြစ်ပြီး လူမှတစ်ဆင့် တိရစ္ဆာန်သို့ COVID-19 ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ တိကျသည့် အမြင်များရရှိစေလို၍ဖြစ်ကြောင်း သူက ရှင်းပြသည်။

“ဒါတစ်ကောင်တည်း သေမယ့်ကိစ္စမဟုတ်ဘူး။ အတည်ပြုလူနာတွေရဲ့ အိမ်မှာရှိတဲ့ အိမ်မွေးတိရစ္ဆာန်တိုင်း သတ်ခံရဖို့ရှိတယ်” ဟု သူကဆိုသည်။

မြန်မာနိုင်ငံတွင် တိရစ္ဆာန်မှ လူကို ကူးစက်နိုင်၊ မနိုင်ကို လေ့လာပြုစုထားခြင်း မတွေ့ရသဖြင့် မှတ်တမ်းတစ်ခုအနေနှင့် ပေးချင်သည်ဟုလည်း သူက ယခုလို ဆို၏။

“လူကနေ တိရစ္ဆာန်ကို ပြန်ကူးတယ်ဆိုလည်း ကူးတယ်။ မကူးဘူးဆိုလည်း မကူးဘူးပေါ့။ ဒီရောဂါကူးစက်ရင် ကိုယ့်ဆီလာ ကူးရင်လည်း သက်သေတစ်ခုပြချင်တယ်။ ဒီလို သက်သေပြလိုက်မှ နောက်ဖြစ်လာမယ့် အလားတူ ပြဿနာတွေမှာ အိမ်မွေးတိရစ္ဆာန်တွေအတွက် ဆေးဝါးကုသမှု လိုအပ်တယ်၊ မလိုအပ်ဘူး ဆုံးဖြတ်နိုင်မယ်”

# 2020 Election

## ‘အခုကတည်းကရွေးကောက်ပွဲ လုပ်၊ မလုပ်ဆိုတာ စပြီးတော့ စဉ်းစားဖို့လိုပြီ။ ဒါကိုတစ်ယောက်တည်း ကျိတ်ပြီးတော့ တစ်ဖက်သတ်စဉ်းစားနေတာက တိုင်းပြည်အတွက် အန္တရာယ်ကြီးတယ်ဆိုတာ ပြောချင်တယ်’’

### ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်နှင့် ဆက်သွယ်မေးမြန်းခြင်း

နိုင်လင်း

ကူးစက်မြန် ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ နီးပါးတွင် ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခဲ့ရသည်။ သို့သော်ကပ်ရောဂါကာလအတွင်းမှာပင် ရွေးကောက်ပွဲများကို မူလသတ်မှတ်ကာလအတိုင်းဆက်လက်ကျင်းပခဲ့သည့် နိုင်ငံ ၁၄ နိုင်ငံလည်းရှိသည်။

မြန်မာနိုင်ငံတွင်လည်း ယခုနှစ်သည် အထွေထွေရွေးကောက်ပွဲ ကျင်းပရမည့်နှစ်ဖြစ်သည်။ ပုံမှန်အားဖြင့် ယခုနှစ်ကုန်ပိုင်းနိုဝင်ဘာတွင် အထွေထွေရွေးကောက်ပွဲကျင်းပရန်ရှိနေသည်။ သို့သော်လက်ရှိအချိန်အထိ ကူးစက်ပျံ့နှံ့နေဆဲ COVID-19 ဂယက်ကြောင့် အထွေထွေရွေးကောက်ပွဲကို မူလလျာထားချိန်အတိုင်း ကျင်းပရန် သင့်၊ မသင့် နိုင်ငံရေးပါတီများကြား ဝိဝါဒကွဲပြားစရာဖြစ်လာသည်။

ယင်းနှင့်ပတ်သက်၍ ပြည်တွင်းအခြေစိုက် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် အရပ်ဘက်အဖွဲ့တစ်ခုဖြစ်သော ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့(PACE) အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်ထံ 7Day News ဂျာနယ်ကဆက်သွယ်မေးမြန်းထားပါသည်။

**သဘောတရားရေးရာ မေးခွန်းတစ်ခုနဲ့ စပါရစေ။ အခုကမ္ဘာမှာ ပျံ့နှံ့နေတဲ့ ကပ်ရောဂါကြောင့် ရွေးကောက်ပွဲ ရွှေ့ဆိုင်းလိုက်တဲ့နိုင်ငံတွေရှိသလို သတ်မှတ်ထားတဲ့အတိုင်း ဆက်လုပ်သွားတဲ့ နိုင်ငံတွေတချို့လည်းရှိတယ်။ ဆိုတော့ ဒီလိုကာလမျိုးမှာ အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေလုပ်သင့်တယ်လို့ယူဆလား။**

ပထမဆုံးကတော့ ရွေးကောက်ပွဲကို ကပ်ရောဂါကာလအတွင်းမှာပဲ လုပ်မယ်၊ မလုပ်ဘူး ဆုံးဖြတ်တာကတော့ တကယ်အရေးကြီးတဲ့ နိုင်ငံရေးဆုံးဖြတ်ချက်ပါပဲ။ လောလောဆယ်မှာတော့ တချို့နိုင်ငံပေါင်း ၄၀ ကျော် ၅၀ နီးပါးလောက်ကတော့ သူတို့သတ်မှတ်ထားတဲ့ရက်အတိုင်း မလုပ်နိုင်တော့ဘဲနဲ့ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုက်ရတာပေါ့။ ၁၄ နိုင်ငံလောက်ကတော့ လုပ်မယ်လို့ ဆုံးဖြတ်လိုက်တာမျိုးလည်း ရှိပါတယ်။ လောလောဆယ် လုပ်ဖြစ်ထားတာကတော့ တောင်ကိုရီးယားပဲရှိတယ်။ ပြောရရင် အများစုကတော့ ကပ်ရောဂါကြောင့် ရွေးကောက်ပွဲကိုလောလောဆယ်ရွှေ့ဆိုင်းကြတယ်။ တောင်ကိုရီးယား ဥပမာကို ကြည့်မယ်ဆိုရင် သူတို့ရဲ့စဉ်းစားချက်ကကျတော့ ကပ်ရောဂါဖြစ်နေတာတော့ မှန်တယ်။ ဒါပေမဲ့ ဒီမိုကရေစီအရေးကိုလည်း ကပ်ရောဂါဖြစ်နေလို့ ချန်လုပ်ထားခဲ့တာမျိုး သူတို့မကြိုက်ဘူးဆိုပြီးတော့မှ ကပ်ရောဂါကို အတတ်နိုင်ဆုံး ထိန်းချုပ်မယ်၊ ဒီလိုကာလမျိုးမှာလည်း ဒီမိုကရေစီ Institution တွေကို အားကောင်းအောင်လုပ်လို့ရတယ်ဆိုတာပြချင်တယ်ပေါ့။ ပြီးတော့ သူတို့က ရွေးကောက်ပွဲစလုပ်တဲ့ ၁၉၈၈ ကတည်းက အခုအချိန်အထိ ရွေးကောက်ပွဲကိုတစ်ခါမှ မရွှေ့ဆိုင်းခဲ့ဘူး။ H1N1 ဖြစ်တုန်းကလည်း မရွှေ့ခဲ့ဘူး။ ကိုရီးယားစစ်ပွဲတုန်းကလည်း မရွှေ့ဆိုင်းခဲ့ဘူး။ သူတို့ကတော့အဲဒီလိုအကြောင်းပြချက်နဲ့ ဒီလိုကာလမျိုးမှာလည်း ဒီမိုကရေစီအရေးကိစ္စတွေကို အလုပ်ဖြစ် အောင်လုပ်လို့ရတယ်ဆိုတာကို ပြောတာပေါ့။ ဒါကလည်း အရေးကြီးတဲ့ ချေပမှုပါပဲ။ ရွှေ့ဆိုင်းတဲ့ နိုင်ငံတွေကျတော့လည်း ဒီလိုကာလမျိုး ကပ်ရောဂါအသစ်ကို ရင်ဆိုင်နေရတာဖြစ်တော့ ဘယ်လောက်အထိ ပြန့်မယ်ဆိုတာ မသိတဲ့အခြေအနေမှာ အစောပိုင်းမှာ ရွှေ့ဆိုင်းကြတာပေါ့။ ကျွန်တော့်အမြင်ကတော့ ရွှေ့ဆိုင်းသည်ဖြစ်စေ၊ ဆက်လုပ်သည်ဖြစ်စေ နိုင်ငံရေးခေါင်းဆောင်တွေအတွက် စိန်ခေါ်မှုအင်မတန်ကြီးတဲ့ ဆုံးဖြတ်ချက်လို့မြင်တယ်။ တကယ်လို့ ရွှေ့ဆိုင်းမယ်ဆိုရင်လည်း ကျွန်တော်တို့အမြင်အရ နိုင်ငံရေးအရ ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီချက်ရှိဖို့လိုတယ်။ အထူးသဖြင့် မြန်မာနိုင်ငံဆိုရင် နိုင်ငံရေးပါတီပေါင်းတစ်ရာကျော်ရှိတယ်။ အဲဒီပါတီတွေနဲ့ ရွေးကောက်ပွဲကော်မရှင်ရယ်၊ အစိုးရရယ် တိကျတဲ့ သဘောတူညီချက်ရယူဖို့ လိုတယ်။ အားလုံးက သဘာတူတယ်၊ မြန်မာနိုင်ငံမှာ ကပ်ရောဂါကြောင့် ရွေးကောက်ပွဲကို မလုပ်နိုင်ဘူးဆိုရင်လည်း ရွှေ့ဆိုင်းကြတာပေါ့။ ဒါမှမဟုတ် ဆက်လုပ်မယ်ဆိုရင်လည်း ဘယ်လိုလုပ်ကြမလဲဆိုတာ တိုင်ပင်ဖို့လိုတယ်။ အကြမ်းဖျင်းကတော့ အဲဒီလို စဉ်းစားမိပါတယ်။



**အဲဒီလို သဘောတူညီမှုမယူထားဘဲ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ပုံမှန်အတိုင်း ကော်မရှင်နဲ့ အစိုးရကပဲ ဆုံးဖြတ်လိုက်ရင် ဘယ်လိုသက်ရောက်မှုတွေရှိလာနိုင်မလဲ။**

ကော်မရှင်နဲ့ လက်ရှိအစိုးရကသာ တစ်ဖက်သတ် ဆက်လုပ်မယ်၊ ဒါမှမဟုတ် ရွှေ့ဆိုင်းမယ်လို့ ဆုံးဖြတ်တာက သူ့အတွက် နိုင်ငံရေးအရ ပိုပြီးတော့ အကျပ်အတည်းဖြစ်စေတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိကျွန်တော်တို့ရဲ့ နိုင်ငံရေးဖြစ်စဉ်မှာ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုက အင်မတန်နည်းတာကိုး။ ဘာပဲလုပ်လုပ် အကုန်လုံးက ကိုယ်အသာရဖို့ လုပ်တယ်ဆိုတာမျိုး တွေးနိုင်တယ်။ အဲဒီလို အခြေအနေမျိုးကို ရှောင်ဖို့လိုတယ်။ ဆိုပါစို့ ကူးစက်ရောဂါပြန့်ပွားမှုကို မထိန်းချုပ်နိုင်သေးလို့ ရွေးကောက်ပွဲရွှေ့ဆိုင်းလိုက်မယ်။ ဒါပေမဲ့ တခြားနိုင်ငံရေးပြဿနာတွေကို ဖိတ်ခေါ်သလိုဖြစ်နေမှာပေါ့။ နိုင်ငံရေးဖြစ်စဉ်အရ ဆက်လုပ်မယ်ဆိုရင်လည်း တခြားပြဿနာတွေကိုဖိတ်ခေါ်သလိုဖြစ်နေမှာပေါ့။ ဒါကြောင့် ကျွန်တော့်အမြင်ကတော့ ကော်မရှင်နဲ့အစိုးရက တစ်ဖက်သတ်ဆုံးဖြတ်တာထက်စာရင် နိုင်ငံရေးပါတီတွေနဲ့သဘောတူညီချက်ရဖို့လိုတယ်။ နောက်တခြား အစိုးရအဖွဲ့အစည်းတွေနဲ့စကား ပြောဖို့လိုတယ်။ လက်ရှိအနေအထားက ၂၀၂၁ ဇန်နဝါရီ ၃၁ ရက်မှာ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကုန်မယ်။ သမ္မတနဲ့ဒုသမ္မတတွေကတော့ နောက်သမ္မတအသစ် မတင်မြှောက်မချင်း အာဏာရမှာနေမှာပေါ့။ သူနဲ့အတူတူတင်မြှောက်ထားတဲ့ အစိုးရအဖွဲ့ကကော သက်တမ်းရှိနေမယ့်သဘောလား၊ ဒါကတော့ ကျွန်တော် သေချာမသိဘူး၊ အခြေခံဥပဒေကျွမ်းကျင်တဲ့လူတွေ ပြန်ပြီး အဓိပ္ပာယ်ဖွင့်ရမယ်ထင်တယ်။ ဆိုတော့ သူတို့ရဲ့အာဏာကို ဘယ်လိုဆက်ယူမလဲ၊ ဘယ်လောက်အထိ ယူလို့ရသလဲ၊ ရွေးကောက်ပွဲ ရွှေ့တာကကော ဘယ်လောက်အထိ ရွှေ့လို့ရသလဲဆိုတာ ကြီးမားတဲ့ မေးခွန်းတွေပဲ။ အဲဒါကို ကော်မရှင်နဲ့အစိုးရက သူ့ဘာသာသူ ဆုံးဖြတ်မယ်ဆိုရင် သူ့အတွက်ရော၊ နိုင်ငံအတွက်ရော သိပ်အန္တရာယ်ကြီးလွန်းအားကြီးတယ်။

**ဆက်လုပ်မယ်ဆိုရင်ကော လက်ကျန် ခြောက်လလောက်မှာ လုပ်နိုင်တဲ့ အနေအထားရှိလား။**

ကျားကုတ်ကျားခဲနဲ့သေချာလုပ်မယ်။ အခုကတည်းကစမယ်ဆိုရင်တော့ မီကောင်းမီနိုင်ပါတယ်။ ရောဂါက ဘယ်လောက်ပြန့်ပွားမလဲဆိုတာကတော့ရှိတာပေါ့။ ဒါပေမဲ့ အခုကတည်းက စလုပ်ဖို့လိုတယ်။ မဟုတ်ရင် မမီဘူး။ လက်ရှိ ရှိနေတဲ့ ရွေးကောက်ပွဲ လုပ်ထုံးလုပ်နည်းတွေအားလုံးက ပုံမှန်အခြေအနေအတွက်ပဲ စဉ်းစားခဲ့ကြတာ။ ဒါကတစ်ကမ္ဘာလုံးလည်း ဒီလိုပါပဲ။ မြန်မာနိုင်ငံဆို ပိုဆိုးတာပေါ့။ ဥပဒေမူဘောင်အကန့်အသတ်တွေက အများကြီးရှိတယ်။ ဒီဥပဒေမူဘောင်တွေကို ကျော်ဖို့ အသစ်ဖြည့်စွက်ဖို့ဆိုတာ ကော်မရှင်က ဘယ်လောက်လုပ်ရဲသလဲဆိုတာ အများကြီးစဉ်းစားရမှာပေါ့။ ဥပမာ မဲဆန္ဒရှင်စာရင်းကပ်မယ်။ လက်ရှိပြောထားတာက ပြင်ချင်၊ ပြချင်တယ်ဆိုရင် ကိုယ်တိုင်သွားကြည့် လျှောက်လွှာတင်ပေါ့။ တကယ်လို့သာကပ်ရောဂါကာလမှာ လုပ်မယ်ဆိုရင် အွန်လိုင်းပေါ်က ကြည့်လို့ရအောင် ဘယ်လိုလုပ်မလဲ။ အဲဒါမျိုးကို သူ့ဥပဒေမူဘောင်က ခွင့်ပြုသလား၊ မပြုဘူးလား။ နောက် မဲဆွယ်စည်းရုံးရေးကို အစိုးရပိုင်မီဒီယာတွေက မဲဆွယ်ခွင့်ကို အာဏာရပါတီတစ်ခုတည်း မဟုတ်ဘဲနဲ့ တခြားပါတီအားလုံး နေ့စဉ် နေ့တိုင်းသုံးလို့ရအောင် သူဘယ်လောက် လုပ်ပေးနိုင်မလဲ။ ဆိုလိုတာက ဥပဒေမူဘောင်တွေအများကြီး ဖြည့်စွက်ဖို့လိုတယ်။ အသစ်ပြန်ပြီး စဉ်းစားဖို့လိုတယ်။ ဒီထက်ပိုပြီးတော့ တီထွင်ကြံဆဖို့လိုတယ်။ မဟုတ်ရင်တော့ ကျွန်တော့်အမြင်အရ အဆင်သင့် မဖြစ်သေးဘူး။ သိရသလောက် ကပ်ရောကလည်းပြီးသွားတယ်ဆိုတာမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရောဂါကာကွယ်ဆေးနဲ့ကုသဆေး မပေါ်မချင်းကတော့ ဒီရောဂါကရှိနေမှာပဲလေ။

**ကပ်ရောဂါကာလမှာ ရွေးကောက်ပွဲလုပ်မယ်ဆိုရင် မဲဆွယ်ဖို့ ဘယ်လိုအခက်အခဲတွေကြုံနိုင်ပါသလဲ။**

အဓိကတော့ နိုင်ငံရေးပါတီတွေအနေနဲ့လည်း လူစုလူဝေးနဲ့ လုပ်လို့မရတော့ဘူးဆိုရင် သူတို့ကိုယ်တိုင်ပါ ချဉ်းကပ်ပုံပြောင်းဖို့လိုတယ်။ ကော်မရှင်ကိုပဲ ပြောနေတာထက်စာရင် ပါတီတွေကရော အွန်လိုင်းကို သုံးပြီးတော့၊

စာမျက်နှာ ၁၆ သို့

# Health

## COVID-19 ကြောင့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် ထပ်မံရွှေ့ဆိုင်း



အသက်(၅)နှစ်အောက်ကလေးများကို ကာကွယ်ဆေး၁၂မျိုး ထိုးနှံတိုက်ကျွေးပေးနေသည်။ ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ယမင်း**

**ရန်ကုန်၊ မေလ- ၃**

COVID–19 ရောဂါကြောင့် ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက်ကျွေးခြင်းအစီအစဉ်ကို ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ အသိပေးကြေညာထားသည်။

ယင်းအစီအစဉ်ကို ဧပြီက စတင်ရပ်ဆိုင်းထားကာ မေလတွင် ပြန်လည်စတင်ရန် စီစဉ်ခဲ့သော်လည်း ယခုလက်ရှိ COVID–19 ကူးစက်မှုအခြေအနေများကြောင့် မေလတွင် မစတင်နိုင်သေးဘဲ ထပ်မံရွှေ့ဆိုင်းလိုက်ခြင်းဖြစ်သည်။ ပြန်လည်စတင်မည့်အချိန်ကိုမူ ဖော်ပြထားခြင်းမရှိပေ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားသည့်ကာကွယ်ဆေးထိုးစုရပ်များ၌အနည်းဆုံးရှိထားရမည့် COVID–19 ရောဂါကာကွယ်ရေးပစ္စည်းများ ရှိသော်လည်း ယင်းပစ္စည်းများကို ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် ဦးစားပေး ထားရှိရမည်ဖြစ်ကြောင်း၊ ကလေးငယ်များနှင့် ကျန်းမာရေးဝန်ထမ်းများ ရောဂါအန္တရာယ်မှ ဘေးကင်းစေရန် ရည်ရွယ်၍ ထပ်မံရွှေ့ဆိုင်းရခြင်းဖြစ်ကြောင်းအသိပေးကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

သို့ရာတွင် ဆေးရုံများ၌ ထိုးနှံပေးနေသော အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေး(မွေးကင်းစ)၊ ဘီစီဂျီ (မွေးကင်းစ)နဲ့ ကိုယ်ဝန်ဆောင်များကိုထိုးနှံပေးနေသော မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံပေးနေသည်။ ထို့အပြင် ဆေးရုံတက်ကုသမှုခံယူပြီး ဆေးရုံဆင်းမည့် ကလေးများကိုလည်း လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်သည်။

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် အမြန်ဆုံးပြန်လည်စတင်နိုင်ရန် စီစဉ်မည်ဖြစ်ကြောင်းတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မန်နေဂျာ ဒေါက်တာထားထားလင်းက ဧပြီက ပြောကြားထားသည်။

ကာကွယ်ဆေးထိုးပြန်လည်စတင်မည့်ရက်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်းနှင့် ပြန်လည်စတင်ချိန်တွင် မိဘပြည်သူများအနေဖြင့်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များကို တိကျစွာလိုက်နာပြီး မိမိကလေးများကို မပျက်မကွက်ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းထားသည်။

ကျန်းမာရေးနှင့် အားကစားသက် (၂)လ၊ (၄)လ၊ (၆)လအရွယ်၊ တစ်နှစ်ခွဲအရွယ်များကိုပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေး ၁၂ မျိုးအား ထိုးနှံတိုက်ကျွေးခြင်းတို့ဆောင်ရွက်နေသည်။

## ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ လေးဦးရှိ

**ယမင်း**

**ရန်ကုန်၊ မေလ- ၃**

သွေးလွန်တုပ်ကွေး ရောဂါကြောင့် ယခုနှစ် လေးလအတွင်း သေဆုံးသူလေးဦးရှိကြောင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးစီမံချက်မန်နေဂျာ ဒေါက်တာနေရည်ရည်လင်းက ပြောသည်။

ဇန်နဝါရီမှ ဧပြီ ၁၈ ရက်အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သွေးလွန်တုပ်ကွေး ဖြစ်ပွားသူဦးရေမှာ ၈၀၀ ကျော်ရှိပြီး သေဆုံးသူမှာ လေးဦးရှိပြီဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နှစ်စမှစတင်၍ သွေးလွန်တုပ်ကွေးနှိမ်နင်းရေးဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် မြို့နယ်များအထိ လမ်းညွှန်ထားခြင်းတို့အပြင် ဆေးရုံများတွင် သတင်းပို့စနစ်တို့ ဖြင့် ဆောင်ရွက်နေပြီး ယခုအခါ ယင်းလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်မည်ဖြစ်သည်။

ထို့အပြင် ပြည်သူများ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာရေးအတွက် အသိပညာပေးလမ်းညွှန်ချက်များ ထုတ်ပြန်ခြင်းတို့ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါက်တာနေရည်ရည်လင်းက ပြောသည်။

“တောက်လျှောက်ကတော့ လုပ်နေတာပါ။ သက်ဆိုင်ရာမြို့နယ်တွေက ရောဂါဖြစ်တဲ့ဆီကို ကာကွယ်ရေးလုပ်ငန်းတွေ၊ ဆေးမှုတ်တဲ့လုပ်ငန်းတွေ၊ ပညာပေးတဲ့လုပ်ငန်းတွေ၊ နောက်တစ်ခါ ပိုးလောက်လမ်းရှာဖွေခြင်းလုပ်ငန်းတွေ ဒါတွေကတော့ လုပ်နေတာပေါ့။ အခုဟာကတော့ မူလလုပ်နေတဲ့ လှုပ်ရှားမှုတွေကိုပဲ ပိုပြီးတော့ ပြည်သူလူထုပါဝင်ပြီး လုပ်နိုင်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို ပညာပေးမှာတွေ ပြင်နေပြီ”ဟု ၎င်းက ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားပြီး မိုးရာသီတွင်ပိုမိုဖြစ်ပွားလေ့ရှိသည်။ နေ့ဘက်တွင် ကိုက်သော အေးဒိစ်ခြင်ကျားကိုက်ရာမှ ကူးစက်ခြင်းဖြစ်သည်။ ၎င်းခြင်သည် ရေကြည်ရေသန့်တွင် ပေါက်ဖွားတတ်သဖြင့် ပြည်သူများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များ ခြင်မကိုက်စေရန် သတိပြုခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ပြုလုပ်ရန်လိုအပ်ကြောင်း ဆရာဝန်ကြီးများက အကြံပြုသည်။

“မိုးတွင်းရောက်လာပြီ အခုကလည်း (Stay at Home)အိမ်ထဲမှာပဲ နေခိုင်းတယ်ဆိုတော့ ကလေးတွေ ပိုပြီးတော့ခြင်ကိုက်မခံရအောင် ကာကွယ်ရမှာပေါ့နော်။ ကလေးမိဘတွေရော၊ ပြည်သူလူထုရော မိမိပတ်ဝန်းကျင်မှာ ခြင်ကျားပိုးလောက်လမ်းကင်းစင်ဖို့အတွက် အခုကတည်းကစပြီးတော့ လုပ်ဆောင်ဖို့လိုတယ်။ ဒါတွေလုပ်ဆောင်မယ်ဆိုရင် သွေးလွန်တုပ်ကွေးကြောင့်ဖြစ်တဲ့ ဖြစ်ပွားသေဆုံးမှုကို အများကြီးလျှော့ချသွားနိုင်မှာ ဖြစ်ပါတယ်”ဟု ဒေါက်တာနေရည်ရည်လင်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၉ နိုဝင်ဘာကုန်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ တစ်နိုင်ငံလုံးတွင် နှစ်သောင်းသုံးထောင်ကျော်ရှိကာ ၁၂၃ ဦး သေဆုံးခဲ့သည်။ အဖြစ်အများဆုံး တိုင်းနှင့် ပြည်နယ်များသည် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့်စစ်ကိုင်းတိုင်းတို့ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ဧပြီ ၂၈ ရက်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားထားသည်။

## ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် တစ်ရက်ကလေးမွေးဖွားနှုန်း ၁၀ ဦးခန့်ရှိ

**ယမင်း**

**ရန်ကုန်၊ မေ - ၃**

ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် ကလေးမွေးဖွားနှုန်းမှာ တစ်ရက်လျှင် အနည်းဆုံး ၁၀ ဦးခန့်ရှိနေကြောင်းယင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ပြုံးကြည်က ပြောသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)တွင် မတ်လအတွင်းက ပြုလုပ်ခဲ့သော COVID–19 ရောဂါထိန်းချုပ်၊ ကာကွယ်ကုသရေး ဆေးပစ္စည်းများ လှူဒါန်းပွဲ၌ ထိုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

“တကယ်ကတော့ ဗဟိုအမျိုးသမီးဆေးရုံ (ရန်ကုန်)သာဆိုတယ် မြန်မာနိုင်ငံတစ်နိုင်ငံလုံးနဲ့ ဆက်စပ်နေရတဲ့ ဆေးရုံကြီးတစ်ရုံပါ။ မြန်မာတစ်နိုင်ငံလုံးက လူနာတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေရော၊ ကလေးနဲ့ရော အများနဲ့ အသက်ဆိုင်ဆုံးဆေးရုံကြီးလည်း ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

ထို့ကြောင့် အဆိုပါဆေးရုံကြီးတွင် တစ်ရက်လျှင် ကိုယ်ဝန်ဆောင် အနည်းဆုံး ၁၀ ဦးခန့် မွေးဖွားပေးနေရပြီး တစ်နှစ်လျှင်မူ တစ်သောင်းကျော်ခန့် ရှိနေကြောင်း ဆရာဝန်ကြီးက ဆက်လက်ပြောသည်။

ထို့အပြင် COVID–19 ရောဂါနှင့်ပတ်သက်၍ ကိုယ်ဝန်ဆောင်မိခင်များတွင် ပိုးတွေ့ရှိပါက ကနဦးအနေဖြင့် ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် ကုသပေးနိုင်ရန် သီးသန့်ခန်းများနှင့် ဆေးဝါး၊ စက်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားကြောင်းလည်း ဒေါက်တာခင်ပြုံးကြည်က ပြောသည်။

ရန်ကုန်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီးသည် ခုတင် ၈၀၀ ဆံ့ဆေးရုံဖြစ်ပြီး အနယ်နယ်အရပ်ရပ်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အမျိုးသမီး မီးယပ်ဆိုင်ရာရောဂါများကို ကုသမှုပေးနေသည့် ဆေးရုံကြီးတစ်ခုဖြစ်သည်။

# COVID-19 ကာကွယ်ရေးနည်းလမ်းများ လိုက်နာကျင့်သုံးသူ ၂၂ ရာခိုင်နှုန်းခန့်သာရှိကြောင်း စစ်တမ်းတစ်ခုဆို

**ယမင်း**

**ရန်ကုန်၊ မေလ- ၃**

COVID–19 ရောဂါမဖြစ်ပွားစေရန် ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကျင့်သုံးသူ ၂၂ ရာခိုင်နှုန်းခန့်သာရှိကြောင်း စစ်တမ်းတစ်ခုက ဖော်ပြသည်။

လတ်တလော ဖြစ်ပွားနေသော COVID–19 နှင့်ပတ်သက်၍ မြန်မာလူမျိုးများ၏ ယင်းရောဂါအန္တရာယ်အပေါ် သဘောထားအမြင်၊ ရောဂါကာကွယ်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်သည့် အသိအမြင်ကို လေ့လာနိုင်ရန် သုတေသနတစ်ခုကို ယခုနှစ် မတ်လ ၃ ရက်မှ ၂၀ ရက်အထိ ပြုလုပ်ခဲ့ကြသည်။



COVID -19 ကာကွယ်ရေးအတွက် လက်မကြာခဏဆေးခြင်းက အဓိကကျသော ကာကွယ်ရေးနည်းလမ်းဖြစ်သည်။ ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ယင်းသုတေသနကို ပြည်သူ့ ကျန်းမာရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဦးဆောင်သော ဆရာ၊ ဆရာမများနှင့် ပြည်သူ့ကျန်းမာရေးမဟာတွဲ၊ ဆေးရုံအုပ်ချုပ်မှုပညာမဟာတွဲ လွန်ကျောင်းသားကျောင်းသူများက ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါသုတေသနကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံရောနှင့် အောင်မင်္ဂလာအဝေးပြေးကားဂိတ်၊ ဝမ်းတီးနှင့် မားမားခေါက်ဆွဲစက်ရုံ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါ်ရပ်ကွက်လေးခုတို့မှ အသက် (၁၈)နှစ်နှင့်အထက်ရှိသော လူဦးရေ စုစုပေါင်း ၅၉၇ ဦးတို့ကို မေးခွန်းမေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

ဖြေဆိုသူများ၏ ၅၄ ရာခိုင်နှုန်းသည်အသက် (၂၁)နှစ်မှ (၄၀) နှစ်အတွင်းရှိသူများဖြစ်ပြီး ၆၃ ရာခိုင်နှုန်းသည် ပညာအရည်အချင်းအားဖြင့် အထက်တန်းနှင့် တက္ကသိုလ် ကောလိပ်တက်ရောက်နေသူများဖြစ်သည်။

အဆိုပါစစ်တမ်းအရ ဖြေဆိုသူများ၏ ၂၂ ရာခိုင်နှုန်းခန့်သာလျှင် ကောင်းမွန်မှန်ကန်သော ရောဂါကာကွယ်ရေးနည်းလမ်းများကို ကျင့်သုံးသည်ကို တွေ့ရှိရပြီး လက်ကိုမကြာခဏဆေးကြော (တစ်နေ့လျှင် ငါးကြိမ်နှင့်အထက်)သည်ဟု ဖြေဆိုသူ ၄၅ ရာခိုင်နှုန်းရှိကာ ချောင်းဆိုးနှာချေစဉ်တွင် ဖုံးအုပ်ထားကြောင်း ဖြေဆိုသူသည် ၄၇ ရာခိုင်နှုန်းရှိသည်။

ထို့အပြင် ဖြေဆိုသူများ၏ ၉၈ ရာခိုင်နှုန်းသည်လတ်တလောဖြစ်ပွားနေသောအဆိုပါရောဂါအကြောင်းကို ကြားဖူးသည်ဟု ဖြေဆိုကြသော်လည်း ၈၇ ရာခိုင်နှုန်းသာ ယင်းရောဂါနှင့်ပတ်သက်သော ဗဟုသုတအနည်းငယ်ရှိသည်ကို တွေ့ရပြီး ၂၇ ရာခိုင်နှုန်းသာလျှင် COVID–19 ကို ဖြစ်စေနိုင်သော အဓိကအကြောင်းရင်းကို မှန်ကန်စွာဖြေဆိုနိုင်ကြသည်ဟု သုတေသနတွင် ဖော်ပြထားသည်။ ထို့အပြင် ဖြေဆိုသူများ၏ ၆၇ ရာခိုင်နှုန်းခန့်သည် ၎င်းရောဂါသည် ချောင်းဆိုးခြင်း၊ နှာစေးခြင်းနှင့် စကားပြောခြင်းတို့မှ ထွက်သောအရည်၊ အစက်များကြောင့် ကူးစက်သည်ဟု ဖြေဆိုပြီး ၃၀ ရာခိုင်နှုန်းကသာ နီးကပ်စွာထိတွေ့ခြင်းကြောင့် ကူးစက်နိုင်ကြောင်း ဖြေဆိုသည်။

လက်ကို မကြာခဏဆေးကြောခြင်းသည် ရောဂါပိုးကူးစက်ခြင်းကို ကာကွယ်နိုင်ကြောင်း သိနားလည်သူသည် ဖြေဆိုသူ၏ ထက်ဝက်ခန့် ၅၅ ရာခိုင်နှုန်းသာရှိသည်။

၄၅ ရာခိုင်နှုန်းသည် လူနေထူထပ်သော နေရာများကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ဖြေဆိုပြီး ၁၁ ရာခိုင်နှုန်းခန့်သည်သာ ရောဂါပိုးရှိသူနှင့် နီးကပ်စွာနေထိုင်ခြင်းကို ရှောင်ကြဉ်ခြင်းသည် ရောဂါကူးစက်ခြင်းကို ကာကွယ်နိုင်ကြောင်း ဖြေဆိုထားသည်။

ယင်းအပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID–19 နှင့်ပတ်သက်သော သတင်းအချက်အလက်များကိုအဓိကရရှိသော နေရာဖြစ်ကြောင်း ၁၃ ရာခိုင်နှုန်းက ဖြေဆိုထားပြီး ၂၅ ရာခိုင်နှုန်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ယုံကြည်ရသော သတင်းအချက်အလက်များကို ပေးနိုင်သော အဓိကအရင်းအမြစ်ဖြစ်ကြောင်း ဖြေဆိုထားသည်။

အသွားအလာထိန်းချုပ်ကန့်သတ်ခြင်းသည် ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကောင်းမွန်သော နည်းလမ်းဖြစ်ပါသလားဟု မေးမြန်းရာတွင် ၆၂ ရာခိုင်နှုန်းက သဘောတူညီမှုမရှိကြောင်း ဖြေဆိုထားကာ ၉၉ ရာခိုင်နှုန်းသည် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် ရောဂါကာကွယ်ရေးတွင် အရေးပါကြောင်းကို သဘောတူညီမှုရှိကြောင်း ဖြေဆိုသည်။

ထို့ကြောင့် ပြည်သူလူထုအတွင်းတွင် COVID–19 ရောဂါနှင့်ပတ်သက်သော ဗဟုသုတ၊ အသိပညာနှင့် ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်သည့် နည်းလမ်းများကို လိုက်နာကျင့်သုံးမှုနည်းပါးနေသည်ကို တွေ့ရှိရကြောင်း သုတေသန ပြုလုပ်သူများက ဆိုသည်။

ကောင်းမွန်မှန်ကန်သော ရောဂါကာကွယ်ရေး နည်းလမ်းများကိုကျင့်သုံးသည့်အလေ့အထသည် ရေဝတီတိုင်းနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နေထိုင်သူများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သောသူများထက် လျော့နည်းသည်ကို တွေ့ရှိရကြောင်း သုတေသနက ဖော်ပြထားသည်။

ယင်းသုတေသန တွေ့ရှိချက်ပေါ် အခြေခံ၍ COVID–19 နှင့်ပတ်သက်၍ ပြည်သူများ၏ သဘောထားအမြင်၊ ဗဟုသုတနှင့် လိုက်နာကျင့်သုံးမှု တိုးတက်ကောင်းမွန်လာစေရန်အတွက် ရပ်ကွက်၊ ကျေးရွာတိုင်း၌ လက်ကိုင်အသံချဲ့စက်၊ အသံချဲ့စက်များကို အသုံးပြု၍ နေ့စဉ် ငါးကြိမ်ကြေညာနှိုးဆော်ပေးရန် တိုက်တွန်းထားသည်။

# စည်းကမ်းမဲ့ ကွမ်းတံတွေးနှင့် သလိပ်ထွေးခြင်းများ လုံးဝမပြုလုပ်ရန် သတိပေး

**ယမင်း**

**ရန်ကုန်၊ မေလ- ၃**

COVID–19 ကာကွယ်ထိန်းချုပ်ရေးအတွက် စည်းကမ်းမဲ့ ကွမ်းတံတွေးနှင့် သလိပ်ထွေးခြင်းများ လုံးဝမပြုလုပ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတိပေးချက် ထုတ်ပြန်သည်။

ယင်း COVID–19 ပိုးရပ်စ်ပိုးသည် ရောဂါရှိသူ၏ တံတွေးဂလင်းတွင် ခိုအောင်းနေလေ့ရှိပြီး နှာချေ၊ ချောင်းဆိုးစကားပြောရာမှတစ်ဆင့် ထွက်လာသော တံတွေး၊ အစက်အမှုန်များတွင် ရောဂါပိုး အမြောက်အမြားပါဝင်ကြောင်း၊ သုတေသနစစ်တမ်းများအရ ကိုရိုနာပိုးရပ်စ်ပိုးရှိသူ၏ တံတွေးသလိပ်တွင် ပိုးရပ်စ်ပါဝင်မှုနှုန်း ၉၁ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ယင်းပိုးရပ်စ်ပိုးပါဝင်သည့် တံတွေး၊ အစက်အမှုန်များသည် အနီးကပ်ထိတွေ့သူ၏ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့မှ တစ်ဆင့် တိုက်ရိုက်ဝင်ရောက်ခြင်းကြောင့်လည်းကောင်း၊ တံတွေးအစက်မှုန်များတင် ကျန်နေသည့် မျက်နှာပြင်အရာဝတ္ထုတို့ကို ကိုင်တွယ်မိသော လက်နှင့် မိမိ၏ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ကို ကိုင်တွယ်ခြင်းကြောင့်လည်းကောင်း ကိုရိုနာပိုးရပ်စ်ကူးစက်ခံရနိုင်သည်။

သို့ဖြစ်၍ COVID–19 ဖြစ်ပွားမှုအား ထိရောက်စွာလျှော့ချနိုင်ရေးအတွက် လူ့ကျင့်ဝတ်များနှင့်အညီ စည်းကမ်းမဲ့ တံတွေးသလိပ်ထွေးခြင်းကို (အထူးသဖြင့် အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင်) လုံးဝမပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။

အလားတူ ကွမ်းစားသူများ အနေဖြင့် မိမိတွင် ကိုရိုနာပိုးရပ်စ်ပိုးရှိနေပါက ကွမ်းတံတွေးတွင် ပိုးရပ်စ်ပိုးအမြောက်အမြားစွာ ပါဝင်နိုင်ခြင်းကြောင့် စည်းကမ်းမဲ့ ကွမ်းတံထွေးခြင်းဖြင့် အခြားသူများထံ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုဖြစ်ပွားစေနိုင်သည်။

ကွမ်းယာစားသူများအနေဖြင့် ကွမ်းယာသူ၊ ကိုင်တွယ်သူ၏ မသန့်ရှင်းသော လက်မှတစ်ဆင့် ရောဂါပိုးကူးစက်ခံရနိုင်သဖြင့် ကွမ်းစားခြင်း၊ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းကို လုံးဝမပြုလုပ်ရန်လည်းနှိုးဆော်ထားသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ကွမ်းစားခြင်းသည် ခံတွင်းကင်ဆာ၊ လျှာကင်ဆာ စသည့် ရောဂါများကိုဖြစ်စေသည်သာမက ယခုအခါ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းသည် COVID–19 ကူးစက်ရောဂါကို လွယ်ကူစွာပျံ့နှံ့စေသဖြင့် ပြည်သူ့ကျန်းမာရေးကျင့်ဝတ်အရ ရှောင်ကြဉ်ရန် အသွားအလာကန့်သတ်မှုခံယူနေသူများနှင့် ပြည်သူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဧပြီ ၂၈ ရက်က ပန်ကြားသည်။

၂၀၁၄ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကောက်ယူထားသော စစ်တမ်းအရ မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသား လူဦးရေ၏ ၄၃ ရာခိုင်နှုန်းသည် ကွမ်းစားသုံးနေပြီး အများစုမှာ အမျိုးသားများ ဖြစ်သည်။

ထို့အပြင် နှာရည်၊ တံတွေး၊ သလိပ်၊ ကွမ်းတံတွေး စသည့် အညစ်အကြေးများ ပေကျံနေသော အသုံးပြုပြီး တစ်ရှူးများ၊ ပါးစပ်နှင့် နှာခေါင်းစည်းများ စသော ပစ္စည်းများကို အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ရန် ကျန်းမာရေးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

# Education

## အဝေးသင်တက္ကသိုလ် ကျောင်းအပ်လက်ခံခြင်း၊ စာစဥ်လက်ခံခြင်းများ ထပ်မံရွှေ့ဆိုင်း

ဆုဆက်

ရန်ကုန်၊ မေလ-၂

အဝေးသင်တက္ကသိုလ် ကျောင်းအပ်လက်ခံခြင်း၊ စာစဥ်လက်ခံခြင်းများကို ရက်အကန့်အသတ်မရှိ ထပ်မံရွှေ့ဆိုင်းထားသည်။

အဝေးသင်သင်တန်းများ ကျောင်းဝင်မှတ်ပုံတင်ခြင်း၊ စာစဥ်ထုတ်ယူခြင်း၊ စာစဥ်တင်သွင်းခြင်းတို့ကို လတ်တလော ရပ်ဆိုင်းထားပြီးပြန်လည်စတင်မည့် အချိန်ကာလကို ထပ်မံအသိပေးမည်ဟု အဝေးသင်သင်တန်း ဖွင့်လှစ်ထားသည့် တက္ကသိုလ်များက ကြေညာသည်။

အဝေးသင်တက္ကသိုလ် မေဂျာပြောင်း လျှောက်ထားခြင်း၊ ကျောင်းပြောင်းလျှောက်ထားခြင်း၊ ယာယီဘွဲ့ထောက်ခံစာထုတ်ခြင်း၊ ထောက်ခံစာအမျိုးမျိုးထုတ်ယူခြင်း၊ အမှတ်စာရင်းထုတ်ယူခြင်းစသည့်ကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးမည်မဟုတ်ဘဲ ရက်အကန့်အသတ်မရှိရပ်ဆိုင်းထားကြောင်း သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားသည်။

"လောလောဆယ် အကုန်လုံးရပ်ထားပါတယ်"ဟု အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ပြောသည်။

အဝေးသင် သင်တန်းဖွင့်သည့် တက္ကသိုလ်အများစုက ပထမနှစ်သင်တန်းသားများသည် မတ်လကုန်နောက်ဆုံး၊ ဒုတိယနှစ်နှင့် အထက်သင်တန်းသားများသည် မေလကုန်နောက်ဆုံး ကျောင်းအပ်ရန် မူလက သတ်မှတ်ထားသည်။

ပထမနှစ်သင်တန်းများအတွက် ပထမနှစ်ဝက်စာစဥ်နောက်ဆုံးတင်ရမည့်ရက်ကို မေလ ၃၁ ရက်၊ ဒုတိယနှစ်ဝက်စာစဥ်နောက်ဆုံးတင်ရမည့်ရက်ကို ဇူလိုင်လ ၃၁ ရက်ဟု မူလက သတ်မှတ်ခဲ့သည်။

ဒုတိယနှစ်နှင့်အထက် သင်တန်းများအတွက် ပထမနှစ်ဝက်စာစဥ်များကို ဇွန်လ ၃၀ ရက်၊ ဒုတိယနှစ်ဝက်စာစဥ်များကို ဩဂုတ် ၃၁ ရက် နောက်ဆုံးတင်သွင်းရမည်ဟု မူလကကြေညာခဲ့သည်။

မတ်လ ၂၄ ရက်ကစကာ ထိုလုပ်ငန်းများကို ယာယီရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။ မတ်လ ၂၄ ရက်ကစကာ တက္ကသိုလ် နေ့သင်တန်းများကလည်း ကျင်းပနေဆဲ စာမေးပွဲများကိုရပ်ဆိုင်းကာ ရက်အကန့်အသတ်မရှိ ပိတ်ထားသည်။

လက်ရှိ မြန်မာနိုင်ငံတွင် COVID-19ရောဂါကူးစက်ခံထားရသူ မေလ ၁ ရက်အထိ ၁၅၁ ဦးရှိနေပြီး ယင်းရောဂါနှင့်ပတ်သက်ပြီး ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို မေလ ၁၅ ရက်အထိ အစိုးရကတိုးမြှင့်ထားခြင်းကြောင့် တက္ကသိုလ်ဆရာ၊ ဆရာမနှင့် ဝန်ထမ်းများကိုလည်း မေလ ၁၅ ရက်အထိ တက္ကသိုလ်သို့မလာရန် သက်ဆိုင်ရာ တက္ကသိုလ်များကညွှန်ကြားထားသည်။

မြန်မာနိုင်ငံတွင် နေ့သင်တန်း တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူ သုံးသိန်းခွဲကျော်ရှိပြီး အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ခြောက်သိန်းခန့်ရှိသည်။

## သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ဘွဲ့ကြိုဝင်ခွင့် လျှောက်လွှာခေါ်ယူရက် အကန့်အသတ်မရှိ ရွှေ့ဆိုင်း

ဆုဆက်

ရန်ကုန်၊ မေလ-၂

သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ဘွဲ့ကြိုဒီပလိုမာ (Dip.IT)သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်းကို COVID-19 ကြောင့် ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း ထိုတက္ကသိုလ်က ကြေညာသည်။

ဘွဲ့ကြိုဒီပလိုမာ (Dip.IT) သင်တန်းကို မေလ ၁၈ ရက်တွင် စဖွင့်ရန် မူလကလျာထားခဲ့ပြီး မတ်လနှင့် ဧပြီအတွင်း သင်တန်းဝင်ခွင့်လျှောက်လွှာများ ခေါ်ယူမည်ဟုကြေညာခဲ့သည်။ သို့သော် COVID-19 ကြောင့် ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့် အစီအစဥ်ကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းကြောင်း ထိုတက္ကသိုလ်က ဧပြီ ၃၀ ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်သည်။

COVID-19 အခြေအနေအရ ဧပြီလကုန်အထိသင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်းကို ရွှေ့ဆိုင်းခဲ့သော်လည်း ယခုရက် အကန့်အသတ်မရှိရွှေ့ဆိုင်းကြောင်း ထပ်မံကြေညာခြင်းဖြစ်သည်။

လျှောက်လွှာခေါ်ယူခြင်း၊ လျှောက်လွှာပိတ်ရက်နှင့် ဝင်ခွင့်စာမေးပွဲဖြေဆိုရမည့်ရက်များကို သတင်းစာ၊ တက္ကသိုလ်၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာနှင့်ဝက်ဘ်ဆိုက်စာမျက်နှာများတွင် ထပ်မံကြေညာပေးမည်ဟုလည်း ထိုတက္ကသိုလ်က အသိပေးထားသည်။

သတင်းအချက်အလက်နည်း ပညာတက္ကသိုလ် ဘွဲ့ကြိုဒီပလိုမာ(Dip.IT)သင်တန်းကို နှစ်စဥ် မေလတွင် ဖွင့်လေ့ရှိပြီး သင်တန်းဝင်ခွင့်အတွက် ရေးဖြေစစ်ဆေးသည်။ ယခု ၂၀၂၀-၂၁ ပညာသင်နှစ်အတွက် ထိုသင်တန်းဖွင့်မည့် ရက်သည်လည်း COVID- 19 ကြောင့် အပြောင်းအလဲရှိနိုင်သည်။

COVID-19 ကပ်ရောဂါကြောင့် နိုင်ငံအနှံ့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များကို မတ်လ နောက်ဆုံးပတ်ကစကာ ရက်အကန့်အသတ်မရှိ ပိတ်ထားရပြီး အချို့တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကျင်းပနေဆဲ ပထမနှစ်ဝက် စာမေးပွဲကိုပင် ရပ်ဆိုင်းထားရသည်။

## သင်ရိုးသစ်အတန်းများအတွက် ဆရာလမ်းညွှန်စာအုပ်များစဖြန့်

ဆုဆက်

ရန်ကုန်၊ မေလ-၂



COVID -19 ကြောင့် ဆိုင်းငံ့ထားသော သင်ရိုးသစ် သင်ပြနည်းသင်တန်းများကို အွန်လိုင်းမှပို့ချရန် စီစဥ်နေသည်။ ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

လာမည့်ကျောင်းဖွင့်ချိန်တွင် စတင်ပြောင်းလဲမည့် သင်ရိုးသစ် Grade-4၊ 7၊ 10 အတန်းများ အတွက် ဆရာလမ်းညွှန်စာအုပ်များကို ဆရာ၊ ဆရာမများထံ အခြေခံပညာဦးစီးဌာနက ဧပြီနောက်ဆုံးပတ်မှစတင် ဖြန့်ဝေနေသည်။

လာမည့် ၂၀၂၀-၂၁ ပညာသင်နှစ် ကျောင်းဖွင့်ချိန်တွင် အခြေခံပညာ အတန်းများအနက် စတုတ္ထတန်း(Grade-4)၊ သတ္တမတန်း(Grade-7)၊ ဒသမတန်း (Grade-10)တို့ကို သင်ရိုးသစ်ဖြင့် ပြောင်းလဲသင်ကြားမည်ဖြစ်သည်။

သင်ရိုးသစ်အတန်းများသင်ပြနည်းအတွက် တစ်နိုင်ငံလုံးရှိ ဆရာ၊ဆရာမလေးသိန်းခွဲကိုဧပြီ၊ မေလတွင်သင်တန်းပေးရန် ပညာရေးဝန်ကြီးဌာနက မူလက စီစဥ်ထားသော်လည်း COVID-19 ကူးစက်ကပ်ရောဂါကြောင့် သင်တန်းများကို ဆိုင်းငံ့ခဲ့ရသည်။

သင်ရိုးသစ်အတွက်ဆရာ၊ ဆရာမများကို မဖြစ်မနေ သင်တန်းပေးထားရန် လိုအပ်ခြင်းကြောင့် အွန်လိုင်းနှင့်ရုပ်မြင်သံကြားမှတစ်ဆင့် မေလအတွင်း သင်တန်းပို့ချရန် စီစဥ်နေကြောင်း အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပြောသည်။

ထိုအွန်လိုင်းပို့ချမှုသင်တန်းတွင် သင်ရိုးသစ်ဆရာလမ်းညွှန်စာအုပ်များကို ဆရာ၊ ဆရာမများ အသုံးပြုနိုင်ရန်နှင့် အင်တာနက်မသုံးသည့် ဆရာ၊ ဆရာမများ၊ အင်တာနက်မရသည့်နေရာများမှ ဆရာ၊ ဆရာမများအတွက် သင်ရိုးသစ်ဆရာလမ်းညွှန်နှင့် ပုံနှိပ်စာအုပ်များ ဖြန့်ဝေနေခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"တချို့ အွန်လိုင်း မသုံးတဲ့ ဆရာ၊ ဆရာမတွေအတွက် Teacher Manual(ဆရာလမ်းညွှန်)တို့၊ Text Book(ပုံနှိပ်စာအုပ်)တို့၊ ဗီဒီယိုတို့(ဗီဒီယိုတော့ ပါချင်မှလည်း ပါမယ်။ Teacher Manual နဲ့ Text Bookကတော့ သေချာတယ်)အဲဒါက သူတို့ဆီကို တိုက်ရိုက်ပို့မယ်။ ပို့ပြီး သူတို့ကို Assignment ပါ ပေးဖို့ရှိတယ်။ နောက်တစ်ပိုင်းက Online Access လုပ်လို့ရတဲ့ ဆရာ၊ ဆရာမတွေအတွက်ကတော့ ဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်၊ အခြေခံပညာဦးစီးဌာန ဝက်ဘ်ဆိုက်ကနေ သင်တန်းတွေ ပို့ချဖို့ဆောင်ရွက်နေတယ်။ အဲဒီမှာ ခုနက ပြောတဲ့ Teacher Manual တို့၊ Text Book တို့လို Softcopy တွေရှိမယ်။ Training Video တွေရှိမယ်။ အဲဒါတွေကို ထုတ်လွှင့်ပြီးတော့အဲဒီကနေပြီးတော့မှ Assignment တွေ ပေးပြီးတော့ ပေးထားတဲ့ Assignment တွေ ပြန်စုတဲ့နည်းနဲ့ သွားဖို့ရှိတယ်"ဟု ဦးကိုလေးဝင်းက ဆိုသည်။

အွန်လိုင်းပို့ချမှုသင်တန်းများ တက်ရောက်မည့်ဆရာ၊ ဆရာမစာရင်းကိုလည်း အခြေခံပညာဦးစီးဌာနက ကောက်ယူနေပြီး မေလဒုတိယပတ်တွင် သင်တန်းများ စတင်မည်ဖြစ်သည်။

သင်ရိုးသစ် သင်ပြနည်း ဗဟိုအဆင့်သင်တန်းပို့ချချက်ဗီဒီယိုများကို ပညာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်၊ ပညာရေးဝန်ကြီးဌာန၏ Myanmar Digital Education Platform(mdep.moe.edu.mm) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Channel 7တို့မှ ထုတ်လွှင့်ပြီး အွန်လိုင်းမှ သင်ရိုးသစ်သင်ပြနည်း ပို့ချမည်ဖြစ်သည်။

သင်ရိုးသစ်သင်တန်းများကို COVID-19 ကြောင့် ဆိုင်းငံ့ထားသော်လည်း အွန်လိုင်းပို့ချမှုများ ဆောလျင်စွာစတင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာဆရာ၊ ဆရာမများအဖွဲ့ချုပ်(MTF)က ပညာရေးဝန်ကြီးဌာနကိုတိုက်တွန်းထားသည်။

သင်ရိုးသစ် ဆရာလမ်းညွှန်စာအုပ်များနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များကိုအိုင်စီတီနည်းပညာအသုံးပြု၍အွန်လိုင်းမှဒေါင်းလုတ်ပြုလုပ် လေ့လာနိုင်စေရန်စီမံပေးခြင်း၊ ဘာသာရပ်အလိုက်ပို့ချချက်အနှစ်ချုပ် ဗီဒီယိုဖိုင်များကို အွန်လိုင်းမှဖြန့်ဝေပြီး ဒေါင်းလုတ်ရယူထားသော သင်ရိုးသစ်စာအုပ်များနှင့် ချိတ်ဆက်လေ့လာနိုင်ရန် စီမံပေးခြင်း၊ အွန်လိုင်းမှပို့ချချက်များနှင့် စာအုပ်ဒေါင်းလုတ်လင့်ခ်များကို တရားဝင်ညွှန်ကြားချက်ထုတ်ပြန်၍ ဆရာ၊ ဆရာမများအားလုံး အချိန်နှင့်တစ်ပြေးညီ သိရှိလေ့လာနိုင်စေရန် စီမံပေးခြင်းတို့ပြုလုပ်သင့်ကြောင်း MTF က ပညာရေးဝန်ကြီးဌာနကိုအကြံပြုထားသည်။

# Tourism

## ဥရောပနိုင်ငံအချို့မှ ပြည်တော်ပြန်များအတွက် အင်ချွန်းလေဆိပ်ကို Transit သတ်မှတ်

**မြင့်ကျော်လှိုင်**

**ရန်ကုန်၊**

**မေလ- ၃**

ဗြိတိန်၊ ဒိန်းမတ်၊ ဆွီဒင်နှင့် အိုင်ယာလန်နိုင်ငံတို့မှ မြန်မာနိုင်ငံသို့ Relief Flight (ကယ်ဆယ်ရေး လေယာဉ်)ဖြင့် ပြန်လည်ဝင်ရောက်ရာတွင် တောင်ကိုရီးယားနိုင်ငံ အင်ချွန်းလေဆိပ်ကို Transit သတ်မှတ်လိုက်သည်ဟု လန်ဒန်မြို့ရှိ မြန်မာသံရုံးက ထုတ်ပြန်သည်။

ယခင်က စင်ကာပူ၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့မှတစ်ဆင့် မြန်မာအမျိုးသား လေကြောင်းလိုင်း MNA ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ဝင်ရောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်သော်လည်း ယခုအခါ နိုင်ငံတကာ လေကြောင်းလိုင်း ခရီးစဉ်များ ပိတ်ပင်ထားခြင်းမရှိသည့် အင်ချွန်းလေဆိပ်ကို ပြောင်းလဲသတ်မှတ်လိုက်သည်ဟု ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အင်ချွန်းလေဆိပ်သည် အမေရိကန်ပြည်ထောင်စု အပါအဝင် အနောက်နိုင်ငံမှ လေယာဉ်များကို နေ့စဉ် ပုံမှန်ဝင်ထွက်ခွင့်ပြုထားသည့်အပြင် ခရီးသည်များအတွက် သီးခြားသတ်မှတ်တောင်းခံခြင်းများလည်းမရှိသည့်အတွက် အဆိုပါလေဆိပ်ကို စုံရပ်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်ဟု လန်ဒန်မြို့ရှိ မြန်မာသံရုံးက ထုတ်ပြန်သည်။

လက်ရှိအချိန်၌ စင်ကာပူသည် ကာလတိုလာရောက်သည့် ခရီးသည်ဝင်ရောက်ခြင်း၊ ဖြတ်သန်းခြင်းကို အကန့်အသတ်မရှိ ယာယီရပ်ဆိုင်းထားသည်။ ထိုင်းနိုင်ငံသည် ခရီးသည်လေယာဉ်များ ဆိုက်ရောက်ထွက်ခွာမှုကို မေလ ၃၁ ရက်အထိ တားမြစ်ထားသည်။ အလားတူ အိန္ဒိယနိုင်ငံသည် လက်ရှိအချိန်၌ ကယ်ဆယ်ရေး လေယာဉ်များကိုသာ ဆင်းသက်ခွင့်ပြုထားသည်။

အင်ချွန်း-ရန်ကုန် Relief Flight ကို MAI က မေလ ၈ ရက်၊ ၁၅ ရက်၊ ၂၂ ရက်၊ ၂၉ ရက် နေ့များတွင် ပျံသန်းမည်ဖြစ်သည်။ လန်ဒန်မြို့ရှိ မြန်မာသံရုံးကမူ ဗြိတိန်၊ ဒိန်းမတ်၊ ဆွီဒင်နှင့် အိုင်ယာလန်နိုင်ငံတို့မှ မြန်မာနိုင်ငံသို့ ပြန်ခွင့်ရမည့် လူဦးရေနှင့် ခရီးစဉ်အသေးစိတ်ကို ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ရှိသည့် လူဦးရေသည် နိုင်ငံအတွင်း Quarantine နေရာ စီစဉ်ပေးနိုင်မှု၊ လေယာဉ်ခရီးသည် တင်ဆောင်နိုင်မှုအပေါ် မူတည်၍ မဖြစ်မနေ ပြန်လည်ထွက်ခွာရန် လိုအပ်သူများကို ဦးစားပေး စီစဉ်ခြင်းဖြစ်သည်ဟု လန်ဒန်မြို့ရှိ မြန်မာသံရုံးက ထုတ်ပြန်သည်။

## အာဆီယံခရီးသွားဝန်ကြီးများ အထူးအစည်းအဝေးပြုလုပ်ကာ ပူးတွဲကြေညာချက်ထုတ်

**မြင့်ကျော်လှိုင်**

**ရန်ကုန်၊ မေလ- ၃**



*အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ COVID-19 ဆိုင်ရာ အထူးအစည်းအဝေး ပြုလုပ်နေစဉ်* ဓာတ်ပုံ – MOHT

အာဆီယံ ခရီးသွားလုပ်ငန်းဝန်ကြီးများသည် ဧပြီ ၂၉ ရက်က Video Conference စနစ်ဖြင့် အထူးအစည်းအဝေး ကျင်းပခဲ့ပြီး အချက်ခုနစ်ချက်ပါသည့် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကြေညာချက်တွင် ခရီးသွားဧည့်သည်များနှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများအားလုံးအတွက် COVID-19ဆိုင်ရာ တိကျမှန်ကန်သော သတင်းအချက်အလက်များ ဖြန့်ဝေပေးရန်နှင့် ဖွဲ့စည်းထားရှိသော အာဆီယံ ခရီးသွားလုပ်ငန်းအရေးပေါ် အခြေအနေ ဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်တို့ ပါဝင်သည်။

COVID-19 အပြင် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် ကပ်ဘေးများကြောင့် အကျိုးသက်ရောက်မှုများလျှော့ချရေးအတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည့်စုံ၍ ပွင့်လင်းမြင်သာမှုရှိသည့် ဆောလျင်စွာ တုံ့ပြန်နိုင်သော ပူးပေါင်းဆောင်ရွက်မှု အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်ကိုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့အပြင် အဖွဲ့ဝင်နိုင်ငံများ၏ ဆိုးကျိုးသက်ရောက်မှုအခြေအနေများ၊ ပြန်လည်ထူထောင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများ၊ အတွေ့အကြုံကောင်းများနှင့် သတင်းအချက်အလက်များ ပြန်လည်မျှဝေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန် အပါအဝင် အာဆီယံသို့ လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များအကြား ဘေးကင်းလုံခြုံစိတ်ချမှုကိုမြှင့်တင်ရန်၊ ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင် ဆောင်ရွက်သူများအတွက် ပြည့်စုံလုံလောက်သည့် အကာအကွယ်များ ရရှိစေမည့် လုပ်ငန်းခွင်စံနှုန်းနှင့် လမ်းညွှန်ချက်များ ရေးဆွဲဆောင်ရွက်ရန် စသည့်အချက်များကိုလည်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ထို့အပြင် အာဆီယံ၏ ပေါင်းစည်းဈေးကွက်ဖြစ်ပေါ်လာရေး ရည်မှန်းချက်နှင့်အညီ ဒစ်ဂျစ်တယ် နည်းပညာအသုံးပြု၍ COVID-19 အလွန် ပြန်လည်ထူထောင်ရေး စီမံချက်ရေးဆွဲအကောင်အထည်ဖော်ရန်၊ အကြီးစား၊ အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းငယ်များနှင့် အခြားထိခိုက်မှုရှိသော လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေး၊ အခွန်အခနှင့် ဒစ်ဂျစ်တယ် အခြေခံလူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာ အကူအညီပေးရေးမူဝါဒများ ရေးဆွဲဆောင်ရွက်ရန်လည်း ပါဝင်သည်။

အာဆီယံ ခရီးသွားလုပ်ငန်းဝန်ကြီးများ အထူးအစည်းအဝေး ပူးတွဲကြေညာချက်ကို ဧပြီ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး COVID-19 အလွန်ကာလအတွက် အာဆီယံကို ရေရှည်တည်တံ့၍ အားလုံးပါဝင်မှုရှိသော ခရီးသွားလုပ်ငန်း ဖြစ်ပေါ်လာရေး မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်နေသူများအားလုံးနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်ရန်လည်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

## ဟိုတယ်ခရီးကဏ္ဍတွင် ပါဝင်သူတိုင်း အစိုးရချေးငွေရရှိနိုင်ရေး ဆွေးနွေးနေ

**မြင့်ကျော်လှိုင်**

**ရန်ကုန်၊**

**မေလ- ၃**

အစိုးရချေးငွေကို ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၌ ပါဝင်ပတ်သက်သူတိုင်း လက်လှမ်းမီရရှိနိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်ထွန်းက ပြောသည်။

“အခုက ရတဲ့လူကရ၊ မရတဲ့လူကမရ၊ နည်းတဲ့လူကနည်း၊ များတဲ့လူကများ ဖြစ်နေတယ်” ဟု ၎င်းကပြောသည်။

အစိုးရချေးငွေ ရယူရာတွင် ယခုကဲ့သို့ ကြုံတွေ့ရသည်များကို ကျော်လွှားနိုင်ရန် လိုအပ်သည့် အချက်အလက်များ လျှော့ချရေးကို ပြန်လည်ဆွေးနွေးသည်ဟု ဦးခင်အောင်ထွန်းကပြောသည်။

ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ဧည့်လမ်းညွှန်များအပါအဝင် အခြားသော ပတ်သက်ဆက်နွှယ်ရာ ကဏ္ဍအချို့က ချေးငွေရယူခြင်း မရှိခဲ့ကြောင်း၊ COVID-19 ရောဂါပျံ့နှံ့မှုသည် မည်မျှကြာမြင့်မည်ကို မသိရသည့်အပြင် ယခင်အတိုင်း ခရီးသွားလုပ်ငန်း ပြန်လည် လည်ပတ်ရန်မှာလည်း အချိန် မည်မျှကြာမည်ကို မသိရသဖြင့် ချေးငွေမယူခဲ့သည့်ကဏ္ဍများတွင် ငွေကြေးလိုအပ်ချက် ရှိလာနိုင်ကြောင်း ၎င်းက ပြောသည်။

“လူမှုဖူလုံရေးကြေး မသွင်းထားတဲ့ လုပ်ငန်းတွေလည်း ရှိမှာပဲ။ အဲဒါတွေကို ချေးငွေထုတ်ပေးနိုင်ဖို့ဆိုရင် သတ်မှတ်ချက်ကန့်သတ်ချက်တွေကို လျှော့ချမှရမှာ။ အခုရတဲ့လူရ၊ မရတဲ့လူမရ၊ နည်းနဲ့လူနည်း၊ များတဲ့လူများ ဆိုတာကလည်း ကန့်သတ်ချက်တွေကြောင့် စာရွက်ပေါ်မှာကြည့်ပြီး ဆုံးဖြတ်ရတာကြောင့် ဖြစ်လာတယ်လို့ မြင်တယ်”ဟု ဦးခင်အောင်ထွန်းက ပြောသည်။

အစိုးရချေးငွေရယူရန် ကန့်သတ်ချက်များကြောင့် မရရှိနိုင်ဖြစ်နေသည့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍမှ လူပုဂ္ဂိုလ်များကို လာမည့် ကျပ် ၂၀၀ ဘီလီယံ ချေးငွေတွင် ရရှိအောင် ကြိုးစားနေသည်ဟု ၎င်းကပြောသည်။

အစိုးရသည် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ အပါအဝင် ကဏ္ဍသုံးခုကို တစ်နှစ်အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် ပထမဦးဆုံးအကြိမ် ကျပ် ၁၀၀ ဘီလီယံ ထုတ်ချေးခဲ့သည်။

COVID-19 ရောဂါကူးစက်မှု ရပ်တန့်သွားသော်လည်း လာမည့် အောက်တိုဘာ ပွင့်လင်းရာသီတွင် ပြည်ပခရီးသွား ယခင်အတိုင်း ပြန်လည်ဝင်ရောက်မည် မဟုတ်ဘဲ ပြည်တွင်းခရီးသွား သုံးပုံတစ်ပုံသာ လည်ပတ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ခန့်မှန်းထားသည်။

# Youth

# “ညီမတို့လည်း ဗိုင်းရပ်စ်ကူးမှာ ကြောက်တတ်ပါတယ်။ ဒါပေမဲ့လည်း ဝမ်းရေးအတွက် မကြောက်နိုင်ဘဲ ဒီအလုပ်ကို လုပ်နေရတာပါ”

## Food Delivery လုပ်ဆောင်သည့် မသီရိလှိုင်နှင့် ဆက်သွယ်မေးမြန်းခြင်း

ရွှေဘုတ်



စက်ဘီးဖြင့် အစားအသောက်အိမ်အရောက်ပို့ဝန်ဆောင်မှုပေးနေသောဝန်ထမ်းတစ်ဦးကို ရန်ကုန်မြို့လယ်တစ်နေရာတွင် တွေ့ရစဉ်   ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

ယခင်က မြန်မာနိုင်ငံတွင် မတွင်ကျယ်သည့် အစားအသောက်များ အိမ်အရောက် ပို့ဆောင်သည့်လုပ်ငန်းသည် COVID–19 ကာလတွင် အောင်မြင်သည့် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာသည်။ ရောဂါကူးစက်မှုကိုရှောင်ရှားလို၍ အိမ်တွင်နေထိုင်သူများအကြား အစားအသောက်မှာယူခြင်းက တွင်ကျယ်လာသည်။ COVID–19 ကြောင့် မလိုအပ်ဘဲ အပြင်မထွက်ရန် တားမြစ်ထားသော်လည်း ရန်ကုန်မြို့ရှိ လမ်းများပေါ်၌ စက်ဘီးဖြင့် အစားအသောက်အိမ်အရောက်ဝန်ဆောင်မှုပေးသော ဝန်ထမ်းလူငယ်များကို တွေ့မြင်နေရသည်။ ယခင်က ယောကျ်ားလေး လူငယ်အများစုသာ လုပ်ကိုင်လေ့ရှိသည့် ယင်းလုပ်ငန်း၌ ယခုအခါ မိန်းကလေးငယ်များလည်း လုပ်ဆောင်လာကြသည်။ ထိုသို့အစားအသောက်ပို့ဆောင်ခြင်းလုပ်ငန်း လုပ်ကိုင်နေသည့် လူငယ်များအနက် အသက် (၂၀) အရွယ် မသီရိလှိုင်နှင့် 7 Day News က ဆက်သွယ်မေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဘာကြောင့် အစားအသောက်လိုက်ပို့တဲ့လုပ်ငန်းကို ရွေးချယ်ဖြစ်ခဲ့တာလဲ။**

အရင်က မော်ဘီကနေ ရန်ကုန်စရောက်ခါစကတော့ ဒီအလုပ်ကို လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်မရှိဘူး။ သူနာပြုလုပ်မယ်လို့ ရည်ရွယ်ပြီးရောက်လာတာပါ။ သူနာပြုသင်တန်းက အစိုးရကဖွင့်တဲ့သူနာပြုကျောင်းတော့မဟုတ်ဘူး။ အပြင်သင်တန်းကိုတက်တာပါ။ အပြင်သင်တန်းကပြီးတာဆိုတော့ ကိုယ်က အဆက်အသွယ်မရှိတော့ ပြင်ပပုဂ္ဂလိကဆေးခန်းအလုပ်မှာရဖို့ ခက်တယ်။ ဒါကြောင့် သူငယ်ချင်းတစ်ယောက် ပြောပေးရင်း ဒီအစားအသောက်ပို့တဲ့လုပ်ငန်းကိုလုပ်ဖို့ ရွေးချယ်ဖြစ်ခဲ့တာပါ။



ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

**ဒီအလုပ်ကို လုပ်တာ ဘယ်လောက်ကြာပြီလဲ၊ တစ်နေ့ဝင်ငွေ ဘယ်လိုရလဲ။ အလုပ်အကြောင်း ပြောပေးပါဦး။**

လုပ်တာ သုံးလလောက်တော့ရှိပြီ။ ညီမလုပ်တဲ့ Delivery ကုမ္ပဏီမှာဆို တစ်ခေါက်ပို့ရင် ၁,၁၀၀ ရတယ်။ တစ်နေ့ကို အရမ်းမဝေးရင် ၁၅၊ ၂၀ အခေါက်ရေ ပို့နိုင်တယ်။ တစ်ရက်ကို ပျမ်းမျှ နှစ်သောင်းကျော်ရတယ်။ ဘယ်လိုအစားအသောက်မျိုးပဲဖြစ်ဖြစ် အခေါက်ရေနဲ့ ပိုက်ဆံရတယ်။ ဥပမာ မုန့်ဟင်းခါး တစ်ပွဲ၊ ကော်ဖီတစ်ခွက်ဆိုလည်း ညီမတို့ကတော့ တစ်ခေါက်ပို့စာ ရပါတယ်။ ပို့ခက အတူတူပါပဲ။ ညီမတို့ ကုမ္ပဏီက အရင်ဆုံး ဖောင်ဖြည့် အလုပ်ဝင်ရင် ပုံးအနီပေးတယ်။ စက်ဘီးတော့ မပေးဘူး။ ကိုယ့်စက်ဘီးနဲ့ ကိုယ်ပဲ။ နောက်ပြီး အကောင့်တစ်ခုဖွင့်ပေးတယ်။ အမှာစာရတာနဲ့ လက်ခံလုပ်ပြီး ပို့ပေးပြီးရင် အကောင့်ထဲကို ပိုက်ဆံရောက်တယ်။ အဲဒီပိုက်ဆံကို Wave Money ကနေ တစ်ဆင့် ပြန်ထုတ်လို့ရပါတယ်။ ညီမ သူငယ်ချင်း ယောကျ်ားလေးတွေဆိုရင် ဒီကာလမှာ ပိုလည်း သွားရတော့ တစ်ရက်ကို လေးသောင်းဝန်းကျင်လောက်ရတဲ့ သူတောင် ရှိပါတယ်။

**ဒီအလုပ်လုပ်ရတာ ဘာအခက်အခဲရှိလဲ။**

အခက်အခဲကတော့ အမျိုးမျိုးရှိတယ်။ တချို့အထပ်မြင့် အခန်းတွေဏ မှာတဲ့အခါ အပေါ်တက်ခိုင်းတာမျိုးတွေကြုံရတာရှိတယ်။ ညီမတို့ကျတော့ စက်ဘီးရပ်ရတာရော၊ ပုံးတွေနဲ့ရောမို့ အပေါ်တက်လို့ အဆင်မပြေတာမျိုးတွေရှိတယ်။ အဲဒီအခါကျ သူတို့က စိတ်ဆိုးကြတယ်။ နောက်ပြီး ညီမတို့က တချို့မြေပုံပြထားတဲ့အတိုင်း သွားပေမယ့် လမ်းမှားတာမျိုးတွေ ကြုံရတဲ့အခါ သူတို့က စိတ်မရှည်ဘဲ အော်ခံရတာမျိုးတွေရှိတယ်။ ဒါပေမဲ့ညီမကတော့ အတတ်နိုင်ဆုံး စျေးဝယ်သူကို သည်းခံပြီး ဖုန်းထဲကအစ ချိုချိုသာသာပဲ ပြောပေးပါတယ်။

**ဒီအလုပ်လုပ်ရတာ ကားတွေကြား စက်ဘီးနဲ့ သွားရတော့ အန္တရာယ်များတယ်လို့ မထင်ဘူးလား။ ကုမ္ပဏီကကော ထိခိုက်မှုအတွက် အာမခံလုပ်ပေးထားတာရှိလား။**

ရန်ကုန်မှာက ကားအရမ်းများတဲ့အတွက် အန္တရာယ်တော့များပါတယ်။ လိုင်းကားတွေက အရမ်းများတယ်လေ။ ဒါပေမဲ့ ညီမက ငယ်ငယ်ကတည်းက စက်ဘီးစီးတာဖြစ်လို့ ကျွမ်းကျင်မှုတော့ ရှိတယ်။ နောက်ပြီး ညီမက အတတ်နိုင်ဆုံး လမ်းမကြီးတွေကို ရှောင်ပြီး စီးတယ်။ အစားအသောက်ပို့ရမယ့်နေရာနဲ့ မြေပုံကို ကြည့်ပြီး လမ်းကြားတွေထဲက သွားလို့ရရင် သွားတယ်။ အာမခံ အနေနဲ့တော့ သီးသန့်လုပ်ထားတာ မရှိပါဘူး။

**အခုလို လိုက်ပို့ရင်းနဲ့ COVID-19 ရောဂါ ကူးစက်မှာကို စိုးရိမ်တာမျိုးရှိလား။**

အမှန်အတိုင်းပြောရရင် ကြောက်တယ်။ ညီမတို့လည်း ဗိုင်းရပ်စ်ကူးမှာ ကြောက်တတ်ပါတယ်။ ဒါပေမဲ့လည်း ဝမ်းရေးအတွက် မကြောက်နိုင်ဘဲ ဒီအလုပ်ကို လုပ်နေရတာပါ။ ဒါကြောင့် ဘယ်သွားသွား ကြုံတဲ့နေရာမှာ အတတ်နိုင်ဆုံးလက်ဆေးတယ်၊ Mask တပ်တယ်။ ကိုယ်ကနေပဲဖြစ်ဖြစ်၊ သူတို့ဆီက ဖြစ်ဖြစ် မကူးစက်နိုင်အောင် အတတ်နိုင်ဆုံး ကာကွယ်ပါတယ်။

**ဒီအစားအသောက်ပို့ရတဲ့ လုပ်ငန်းကို ကိုယ်တိုင် သဘောကျလား။**

တကယ်တမ်းပြောရရင် ဒါက ဝန်ဆောင်မှုလုပ်ငန်းတစ်ခုပါပဲ။ အစကတော့ ရှက်သလိုဖြစ်မိပေမယ့် အခု နောက်ပိုင်းတော့ လုပ်ရတာ အဆင်ပြေလာပါပြီ။ ညီမက သူများတွေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရတာ အရင်ကတည်းက သဘောကျတယ်။ သူများတွေ အခုလို အပြင်မထွက်နိုင်တဲ့အခါမှာ ပို့ဆောင်ရတာ သူတို့အတွက်ရော၊ ကိုယ့်အတွက်ရော အဆင်ပြေပါတယ်။ ဥပမာ ဗိုက်အရမ်းဆာနေတဲ့သူကို ညီမတို့က သွားပို့လိုက်ရတဲ့အခါ သူတို့လည်းအဆင်ပြေ၊ ကိုယ်လည်း သဘောကျ နှစ်ခြိုက်ပါတယ်။ နောက်ပြီး စက်ဘီးစီးရတာက ကျန်းမာရေးလည်း ပိုကောင်းတယ်လို့ ထင်ပါတယ်။

**ဒီအလုပ်ကို ဘယ်အချိန်အထိ လုပ်ဆောင်ဖို့ ရည်မှန်းထားလဲ။**

မပြောတတ်သေးဘူး။ ဒီအလုပ်က လုပ်နေရင်း ပိုက်ဆံတော့ ပိုစုမိတယ်။ ဒါကြောင့် ကိုယ့်ရည်ရွယ်ချက်လေးဖြစ်လာတဲ့အခါ ကိုယ်ကိုယ်တိုင်လုပ်နိုင်တဲ့အထိ လုပ်ဖို့တော့ ရည်မှန်းထားတယ်။ ညီမက နယ်မှာ ဆေးဆိုင်လေး ဖွင့်ချင်တာပါ။ ဒါကြောင့်လည်း ကျန်းမာရေးနဲ့ဆိုင်တဲ့ သူနာပြုသင်တန်းကို တက်ဖြစ်တာပါ။ ဒီအစားအသောက်ပို့တဲ့အလုပ်လည်းလုပ်ရင်းပိုက်ဆံလည်း စုပြီး တတ်နိုင်တဲ့အခါကျ ဆေးဆိုင်လေး ပြန်ဖွင့်ချင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# The Brief

## COVID-19 ကပ်ရောဂါအတွင်း လုယက်မှု၊ လိမ်လည်မှု၊ ခိုးမှုကျူးလွန်ခြင်းများရှိနေ၍ သတိဖြင့်နေထိုင်ကြရန် ရဲတပ်ဖွဲ့ထုတ်ပြန်

COVID–19 ကပ်ရောဂါကာလအတွင်း အခွင့်ကောင်းယူပြီး အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ၊ လုယက်မှု၊ ခိုးမှုကျူးလွန်ခြင်းများရှိနေ၍ ပြည်သူများသတိဖြင့် နေထိုင်ကြရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ထားသည်။ ကပ်ရောဂါဖြစ်ပွားနေခြင်းကြောင့် ခရီးသွားလာမှုကန့်သတ်ခြင်း၊ အများပြည်သူတို့၏ လုံခြုံမှုပုံစံကန့်သတ်ခြင်း၊ မြို့ရွာများ လူဝင်၊ လူထွက်စိစစ်ခြင်း၊ ခရီးသည်ပို့ဆောင်ရေးယာဉ်၊ ရထား၊ လေယာဉ်များကန့်သတ်ခြင်း၊ ညမထွက်ရအမိန့်ထုတ်ပြန်ခြင်း၊ အထူးသဖြင့် Home Stay နေထိုင်စေခြင်း စသည့်အရေးပေါ်အစီအမံများ ချမှတ်ဆောင်ရွက်မှုအပေါ် ဒုစရိုက်သမားများနှင့် ဝိသမလောဘစီးပွားရေးသမားများက အခွင့်ကောင်းယူ၍ကျူးလွန်နေခြင်းများရှိကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။ ဒုစရိုက်သမားများကို ပြင်ပတွင်တွေ့မြင်ရမှုနည်းပါးသွားပြီး အွန်လိုင်းနှင့်နေအိမ်အတွင်း ကျူးလွန်မှုများအဖြစ်သို့ ပြောင်းလဲသွားကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။




*ရန်ကုန်မြို့တွင် ရဲတပ်ဖွဲ့ယာဉ်တန်း လုံခြုံရေး ဆောင်ရွက်နေစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)



ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

*COVID-19 ကြောင့် ထီရောင်းအား စံချိန်တင်ကျဆင်းပြီး ရောင်းမကုန်ထီလက်မှတ်နံပါတ်များဖြင့် တိုက်ဆိုင်စစ်ဆေးရသဖြင့် သမိုင်းတွင် ပထမဆုံးအကြိမ် ထီကို နှစ်ရက်ခွဲဖွင့်လှစ်ခဲ့သည်၊*

## သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် အောင်ဘာလေထီ နှစ်ရက်ခွဲဖွင့်

(၁၅)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲတွင် ဆုမဲအားလုံး မပြီးပြတ်၍ မေလ ၁ ရက်နှင့် ၂ ရက် နှစ်ရက်ဆက်တိုက် ဖွင့်လှစ်ပေးခဲ့ရသည်။ COVID–19 ရောဂါကြောင့် ထီစံချိန်တင် ရောင်းအားကျပြီးနောက် ထီစောင်ရေ ထက်ဝက်ကျော် လက်ကျန်ဖြစ်ပေါ်ခဲ့၍ မေလ ၁ ရက် ထီဖွင့်ပွဲတွင် ယင်းလက်ကျန်ထီလက်မှတ်နံပါတ်များနှင့် တိုက်စစ်နေရသဖြင့် အချိန်ကြန့်ကြာခဲ့သည်။ မေလ ၁ ရက် ထီဖွင့်ပွဲတွင် အမြင့်ဆုံး ကျပ်သိန်းတစ်သောင်းခွဲဆုမှ ကျပ်သိန်းနှစ်ဆယ်ဆုအထိ ဖွင့်လှစ်ခဲ့ပြီး အချိန်မလုံလောက်သဖြင့် ထီဖွင့်ပွဲကို မေလ ၂ ရက်သို့ ရက်တိုးပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မေလ ၂ ရက်တွင် ကျန်ဆုမဲများကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ အောင်ဘာလေသိန်းဆုဌာနသည် ယခင်ကဆုများကို တစ်ရက်တည်းဖွင့်လှစ်ခဲ့ပြီး ယခုကဲ့သို့ နှစ်ရက်ကြာဖွင့်လှစ်ခြင်းမှာ သက်တမ်းတစ်လျှောက် ပထမဆုံးဖြစ်ကြောင်း ထီလုပ်ငန်းရှင်များက ပြောသည်။

## ဂျာမနီက မြန်မာသို့ပေးအပ်နေသော ဖွံ့ဖြိုးရေးအကူအညီများရပ်ဆိုင်း

မြန်မာနိုင်ငံ၌ ဂျာမနီနိုင်ငံ၏ ဖွံ့ဖြိုးရေးအကူအညီပေးမှုများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်းနှင့် အရေးပါသောအကူအညီများကို ဥရောပသမဂ္ဂကသာ တစ်ဆင့်ထောက်ပံ့တော့မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ သံအမတ် Mr. Kristian Schmidt က ၎င်း၏လူမှုကွန်ရက် Twitter တွင် မေလ ၃ ရက်တွင် ရေးသားထားသည်။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကို လေးစားလိုက်နာတတ်စေရန်ရည်ရွယ်၍ ဂျာမနီနိုင်ငံက ဖွံ့ဖြိုးရေးအကူအညီများကို ရပ်ဆိုင်းခြင်းဖြစ်သည်ဟုဆိုသည်။ ဂျာမနီနိုင်ငံက နိုင်ငံအချို့ကို အကူအညီပေးနေသည်များကို ရပ်ဆိုင်းရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး အာရှမှ မြန်မာ၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံတို့ပါဝင်သည်။ ဂျာမနီက နိုင်ငံတကာဖွံ့ဖြိုးရေးစီမံကိန်းများကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ)နှင့် KFW အုပ်စု ဖွံ့ဖြိုးရေးဘဏ်တို့မှတစ်ဆင့် ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံမှ ဂျာမနီသံအမတ်နှင့် ဆွေးနွေးပြီးဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း သတင်းထုတ်ပြန်ပြီးဖြစ်သည်ဟု ၎င်းကဆိုသည်။

## လွှတ်တော်တက်ရန် နေပြည်တော်လာမည့် ကိုယ်စားလှယ်များ COVID-19 ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုခံယူရမည်

ယခုလအတွင်း ပြန်လည်ကျင်းပမည့် နေပြည်တော်လွှတ်တော်အစည်းအဝေး တက်ရောက်မည့်ကိုယ်စားလှယ်များကို COVID–19 ရောဂါပိုးကူးစက်ခံထားရခြင်း ရှိ၊မရှိ ကျန်းမာရေးစစ်ဆေးမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ဧပြီ ၃၀ ရက်တွင် ပြောသည်။ ထိုသို့ ကျန်းမာရေးစစ်ဆေးမှုခံယူနိုင်ရန် လွှတ်တော်အစည်းအဝေးတက်ရောက်မည့် ကိုယ်စားလှယ်များအနေဖြင့် နေပြည်တော်သို့ မေလ ၉ ရက်ထက် မစော ၁၀ ရက်ထက် နောက်မကျဘဲ လာရောက်ရန် ခေါ်ယူမည်ဖြစ်ကြောင်း၎င်းက ပြောသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် COVID–19 ရောဂါပိုး ရှိ၊မရှိကျန်းမာရေးစစ်ဆေးနေစဉ်ကာလအတွင်း စည်ပင်ဧည့်ရိပ်သာအတွင်း၌သာ အသွားအလာကန့်သတ်နေထိုင်ရမည်ဟုသိရှိထားကြောင်းကိုယ်စားလှယ်အချို့က ပြောသည်။ (၁၆)ကြိမ်မြောက် နေပြည်တော်လွှတ်တော်အစည်းအဝေးများကို ဧပြီ၂၇ရက်တွင် ကျင်းပရန် လျာထားသော်လည်း COVID–19 ရောဂါကူးစက်မှုအခြေအနေကြောင့် မေလ ၁၈ ရက်သို့ ရွှေ့ဆိုင်းကျင်းပခြင်းဖြစ်သည်။

## လူနာအမှတ်(၄)၏ ဇနီးကို လဝကအက်ဥပဒေဖြင့် ဒဏ်ငွေကျပ်ငါးသိန်း ပြစ်ဒဏ်ချ

အမေရိကန်နိုင်ငံသားခံယူထားသည့် COVID–19 အတည်ပြုလူနာအမှတ်(၄)နှင့် သားနှစ်ဦးတို့ မန္တလေးမြို့နေအိမ်တွင် ရောက်ရှိနေထိုင်ကြောင်းသတင်းပို့ရန်ပျက်ကွက်သည့် လူနာအမှတ်(၄)၏ဇနီးကို လဝကအက်ဥပဒေဖြင့် ဒဏ်ငွေကျပ်ငါးသိန်း ချမှတ်အရေးယူခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ နိုင်ငံခြားသားများ ရောက်ရှိနေထိုင်ကြောင်း သတင်းပို့ရန် ပျက်ကွက်သဖြင့် လူနာအမှတ်(၄)၏ ဇနီးကို နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မ ၅(၁)ဖြင့် တရားစွဲဆိုကာ ချမ်းမြသာစည်တရားရုံးမှ ဧပြီလနောက်ဆုံးပတ်တွင် အမိန့်ချမှတ် အရေးယူခဲ့ခြင်းဖြစ်ကြောင်း တရားရုံးတာဝန်ရှိသူတစ်ဦးက ပြောသည်။ လူနာအမှတ်(၄)၏ဇနီးကို ပြစ်မှုထင်ရှားသဖြင့် ငွေဒဏ် ကျပ်ငါးသိန်း(သို့မဟုတ်) ထောင်ဒဏ် ခြောက်လကျခံစေရန် တရားရုံးက အမိန့်ချမှတ်ခဲ့ရာ ငွေဒဏ်ပေးဆောင်ခဲ့ခြင်းဖြစ်သည်။ လူနာအမှတ်(၄)သည် COVID–19 ရောဂါသက်သာ၍ ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ကာ လက်ရှိတွင် နေအိမ်၌ Quarantine တစ်လနေထိုင်နေသည်။

## မောင်တော၌ အင်တာနက်လိုင်းပြန်ရ

မိုဘိုင်းအင်တာနက် အသုံးပြုခွင့်ပိတ်ပင်ထားသည့် ရခိုင်ပြည်နယ် မောင်တောမြို့နယ်ကို မေလ ၂ ရက် ည ၁၀ နာရီက စတင်ကာ အင်တာနက်လိုင်း ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ မောင်တောအပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်ရှစ်ခုနှင့် ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ်တို့ကို အစိုးရကလုံခြုံရေးအကြောင်းပြချက်ဖြင့် ၂၀၁၉ ဇွန်လ ၂၁ ရက်တွင်မိုဘိုင်းအင်တာနက် အသုံးပြုခွင့်ပိတ်ပင်ခဲ့ရာမှ မောင်တောမြို့ကို ပြန်ဖွင့်ပေးခဲ့ခြင်းဖြစ်သည်။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် မောင်တောမြို့နယ်ကို မိုဘိုင်းအင်တာနက် အသုံးပြုခွင့်ပြန်လည်ပေးအပ်ရန် အော်ပရေတာများကို ညွှန်ကြားခဲ့သော်လည်း ဘူးသီးတောင်၊ ရသေ့တောင်၊ မြေပုံနှင့် ပလက်ဝမြို့နယ်တို့ကို ၂၀၂၀ ဩဂုတ် ၁ ရက်အထိ မိုဘိုင်းအင်တာနက်လိုင်း ဆက်လက်ပိတ်ထားရန် ညွှန်ကြားခဲ့သည်။

# Cartoon


ကပ်ဘေးကဆိုးပါဘိသနဲ့ လူတွေကလမ်းပေါ်ကို ပြန်ရောက်လာပြန်ပြီဗျာ
လက်လုပ်လက်စားဘဝ ကပ်ဘေးလည်းကြောက်ရ အငတ်ဘေးလည်း ဖြေရှင်းနေရတော့ လမ်းပေါ်ကို ပြန်ရောက်လာတာပေါ့ဗျာ


အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ
သာဓု.. သာဓု.. သာဓု..
ကဲ... မေတ္တာတော့ပို့ပြီးသွားပြီ ဖေ့စ်ဘွတ်ခ်ကနေ သူများမကောင်းကြောင်း ကိုယ်ကောင်းကြောင်းလေး တင်လိုက်ဦးမှပဲ
တယ်.. ငါ့လေ






အမယ်... သတိထား...


ဘယ်ဟာ ပိုကြီးလဲ
ဥပဒေ


အစိုးရက ကျပ်ဘီလီယံ ၂၀၀ ထပ်မံထုတ်ချေးမည်
JOKER


ခင်ဗျားတို့ သမိုင်းပဲ
ခြေ/ဉ
၂၀၀၈


မကြားမိပါဘူး
JOKER


Wifi free လုပ်ပေးမှာလား..





# Knowledge

## 7DAY BOOK REVIEW




### အငြင်းသန်တဲ့ မဂ္ဂျီမသား (ကျော်ဝင်း)

အိန္ဒိယပြည်ကြီးသည် ရှေးပဝေသဏီနှစ်များစွာကြာကပင် သမိုင်းကြောင်းအခိုင်အမာရှိခဲ့သည်။ အာရှတိုက်၏ယဉ်ကျေးမှုပြယုဂ်ကြီးဆိုလျှင်လည်းမမှား။ ကိုးကွယ်ရာအယူဝါဒ အမျိုးမျိုးရှိခဲ့သလို ဗုဒ္ဓသာသနာ ထွန်းလင်းရာ ရင်းမြစ်လည်းဖြစ်ခဲ့သည်။ လူ့သမိုင်းခေတ်တစ်လျှောက် အိန္ဒိယတွင် အတွေးအခေါ်သမားအများအပြား ပေါ်ထွန်းခဲ့သလို ကမ္ဘာတစ်ဝန်း ဩဇာဖြန့်ကြက်နိုင်သည့် ကိုးကွယ်ရာပုဂ္ဂိုလ်အသီးသီး ပေါ်ထွန်းခဲ့ကြသည်။ အိန္ဒိယတွင် ရှေးက သာဝတ္ထိ၊ ဝေသာလီ၊ ရာဇဂြိုဟ်၊ တရာဏသီ၊ ကောသမီ၊ ကုသိနာရုံတို့လို ထင်ရှားသည့်မြို့ကြီးများနှင့် အလေးအမြတ်ထားရာ ဌာနေများစွာပေါ်ထွန်းခဲ့သလို ဗုဒ္ဓဘာသာ၊ ဆစ်ခ်ဘာသာ၊ ဂျိန်းဘာသာနှင့် ဟိန္ဒူဘာသာတို့လို ကိုးကွယ်ရာပေါ်ပေါက်ခဲ့သည့် မူလဘူတအရပ်ဖြစ်ခဲ့သည်။

အမတြာဆင်း (Amartya Sen)သည် ကန်းဘရစ်ချ်၊ တွိုင်နတီကောလိပ်မှ မဟာဘွဲ့ရထားသလို ဟားဗတ်တက္ကသိုလ်၌ ဘောဂဗေဒနှင့် ဒဿနဗေဒကို ပို့ချခဲ့သော အိန္ဒိယတိုင်းသားအမျိုးသားတစ်ဦးဖြစ်သည်။ ဘောဂဗေဒဖြင့် နိုဗယ်ဆုရခဲ့သော ပထမဆုံး အိန္ဒိယနိုင်ငံသား၊ အာရှတိုက်သားလည်းဖြစ်သည်။ သူသည် အလုပ်တစ်ဖက်ဖြင့် အချိန်ရလျှင် ရသလို စာပေများရေးသားလေ့ရှိခဲ့ကာ ယခုစာအုပ်ဖြစ်သော The Argumantative Indian သည် နိုင်ငံတကာတွင် ရေပန်းစားလူကြိုက်များခဲ့သည်။ ရေပန်းစားသလို ထိုစာအုပ်ပေါ်မူတည်ကာ အချေအတင်ဆွေးနွေးငြင်းခုံမှုများ ပေါ်ပေါက်ခဲ့သည်။ စာအုပ်တွင် မူရင်းစာရေးဆရာဆင်း ရေးထားသည့်အတိုင်း စာရေးသူကျော်ဝင်းက 'အငြင်းသန်တဲ့ မဂ္ဂျီမသား၊ တဂိုးနှင့် သူ၏အိန္ဒိယ၊ ကံကြမ္မာနှင့်ချိန်းဆိုခြင်း၊ ဆင်ခြင်တုံတရား၏လက်တံများ၊ ဝိရောဓိ အိန္ဒိယနှင့် ပေါင်းထုပ်ပြာနှင့် တော်လှန်ရေးသမား' ဟူ၍ အခန်းများခွဲကာ ဖော်ပြထားသည်။

အိန္ဒိယသမိုင်းနှင့် ကမ္ဘာ့စာပေတွင် ထင်ရှားခဲ့သော စာဆိုကြီးရာဘင်ဒြာနတ်တဂိုးနှင့် ပတ်သက်၍ ၎င်းမကွယ်လွန်မီ ရေးသားခဲ့သည့်စာအကြောင်း ဖော်ပြထားရာ၌ တစ်နေရာတွင် 'သန်းနဲ့ချီရှိနေတဲ့ ကျွန်တော်တို့လူထုမှာ မွေးရာပါယဉ်ကျေးမှုဓလေ့စရိုက်တွေရှိတယ်။ ငြိမ်းချမ်းတဲ့ အစဉ်အလာတွေရှိတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ဝေ်မွတ်ခေါင်းပါးတာ၊ ရောဂါထူပြောတာ၊ ပြည်တွင်းပြည်သူတွေရဲ့ သွေးစုပ်ခံရတာတွေတည်းရှိနေတယ်။ ဒီကြားထဲ ဂိုဏ်းအုပ်စုမကျေနပ်ချက်တွေက 'သခွပ်ပင်က မီးတကျီကျီ' ဆိုသလိုဖြစ်နေသေးတယ်။ ဒီလိုလူမျိုးတွေရဲ့ အနာဂတ်အတွက် အလွယ်တကူအရှုံးပေး စိတ်ပျက်နေစရာမလိုပါဘူးဗျာ"ဟု ရေးထားသည်။

စာအုပ်အဆုံးပိုင်းဖြစ်သော 'ဝိရောဓိနှင့် အိန္ဒိယ' အခန်းတွင် မူရင်းစာရေးသူဆင်းက..'အိန္ဒိယတွင် အောင်မြင်သော ဒီမိုကရေစီစနစ်ရှိနေပြီလော'။ 'ရှိနေပြီ' ဟု ဖြေရမည်သာဖြစ်ပါသည်။ ဤအတွက် အထောက်အထားတွေလည်း အလုံအလောက်ရှိသည်။ လွတ်လပ်သောရွေးကောက်ပွဲများနှင့်အတူ ပါတီစုံစနစ်မှာ ဆက်လက်ရှင်သန်နေဆဲ။ လွတ်လပ်စွာပြောဆိုခွင့်အပါအဝင် နိုင်ငံသားအခွင့်အရေးများလည်း ဆက်လက်အလုပ်ဖြစ်နေဆဲ...။ ...သို့နှင့်တိုင် ဆိုခဲ့ပါက အောင်မြင်မှုများကို ခြိမ်းခြောက်စိန်ခေါ်နေသော ပြဿနာများလည်း မနည်းမနောရှိနေဆဲသာဖြစ်ပါသည်။အာဟာရချို့တဲ့မှု၊ ကျန်းမာရေးနိမ့်ကျမှုစသော ဒုက္ခ၊ သုက္ခများမှာ ထင်ရှားသောသာဓကများဖြစ်သည်' ဟု ချင့်ချိန်ရေးသားထားပါသည်။

ယခုစာအုပ်နှင့်စပ်လျဉ်း၍ ဘာသာပြန်ဆိုသူဆရာကျော်ဝင်းက မူရင်းစာရေးဆရာဆင်း အကြောင်းကို 'စင်စစ်အမတြာဆင်းမှာ အိန္ဒိယသားသက်သက်မဟုတ်။ အာရှသားသက်သက်မဟုတ်။ ဘောဂဗေဒပညာရှင်သက်သက်မဟုတ်။ ဒဿနပညာရှင်သက်သက်မဟုတ်။ ဂလိုဘယ်နိုင်ငံသားစစ်စစ်ဖြစ်သည်။ ကမ္ဘာကြီးတစ်ခုလုံးကို ခန္တီပါရမီဖြင့် ငြိမ်းအေးစေလိုသူဖြစ်သည်။ သူ၏ မေတ္တာ၊ စေတနာနှင့် သမ္မစိတ်များမှာ ကော်စမိုပိုလီတန်သဘောဆောင်သည်။ သူ၏ လူသားအားလုံးအတွက် စိုးရိမ်သောကမှာ လောကတစ်ခုလုံးသဘောဆောင်သည်' ဟူ၍ညွှန်းဆိုထားပါသည်။ယခုစာအုပ်ကိုတကောင်းစာအုပ်တိုက်က တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ထုတ်ဝေပြီး ဖုန်း ၀၉-၅၀၀၁၉၈၃ နှင့် စီးတီးမတ်အရောင်းဆိုင်များသို့ ဆက်သွယ်မှာယူနိုင်ပါသည်။

## Knowledge ဗဟုသုတ

### ပဋိပစ္စည်းတွေဟာ သွေးထဲမှာ ထာဝရရှိနေမှာလား

ခန္ဓာကိုယ်ထဲ ဝင်ရောက်လာသော ရောဂါပိုးများကို တိုက်ဖျက်ရန် ဘီဆဲလ်များက ထုတ်လုပ်သော ပဋိပစ္စည်းများအား အကောင်းဆုံးဖြစ်ရန် ၁၄ ရက်ခန့်ကြာနိုင်ပြီး အချိန်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း ပျောက်ကွယ်သွားသော်လည်း ဘီဆဲလ်များ၏ ရောဂါတိုက်ဖျက်မည့်မှတ်ဉာဏ်မှာ နှစ်များစွာကြာအောင် ဆက်ရှိနေနိုင်သည်။

—Ref: MYDR






### ARIES — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

ပေါ်ပေါက်လာသောအခွင့်ကောင်းတို့ကို လက်တွေ့အသုံးချ၍ အဆင့်မြင့်အောင်မြင်မှုရရှိမည်။ မူလစီစဉ်ထားသည်နှင့်အလွဲလွဲအချော်ချော်ဖြစ်မည်။ ပြောင်းလဲနေသောဖြစ်စဉ်နှင့်အတူ လမ်းသစ်ထွင်၍ ဆောင်ရွက်ကာအလိုရှိရာပြည့်စုံမည်။ ဆုံးဖြတ်ချက်မှန်မည်။ လူသစ်၊ ဝန်းကျင်သစ်များနှင့်ဆက်ဆံရမည်။ ကြန့်ကြာနေသောရပိုင်ခွင့်များ ပြန်လည်ရရှိမည်။ အလုပ်ကိစ္စဆောင်ရွက်သမျှ ထွန်းပေါက်အောင်မြင်မည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

လမ်းကြောင်းဟောင်းတို့ကို ရပ်တန့်၍ လမ်းသစ်ထွင်ကာဆောင်ရွက်နိုင်သည်။ အပြောင်းအလဲနှင့် တိုးတက်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ကျန်းမာရေးအညှံ့ကြုံက မပေါ့ဆအပ်။ မောင်းနှင်နေကျမဟုတ်သော ယာဉ်၊ ကားတို့ကို ကိုင်တွယ်ရာ၌ အထူးသတိရှိပါ။ နာမည်အောင်မြင်မှုနှင့် ကောင်းသောကျော်ကြားမှုကိုရရှိမည်။ အကုန်အကျများမည်။ ငွေကြေးစုဆောင်းရန် ခက်ခဲမည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ကတိပျက်သူများနှင့်ကြုံမည်။ စာချုပ်စာတမ်းအဟောင်းတို့ကို ပယ်ဖျက်၍ အသစ်တစ်ဖန်စတင်နေခြင်းများရှိမည်။ဦးတည်ချက်ပြောင်း၍ လုပ်ကိုင်ခြင်းမှ အဆင့်မြင့်တက်လမ်းများပေါ်ထွန်းမည်။ ကုန်ပစ္စည်း၊ ငွေကြေးစာရင်းဇယားနှင့်အရေးကြီးသောစာရွက်စာတမ်းများလက်ပြောင်းလက်လွှဲများကိုအထူးသတိနှင့်ဆောင် ရွက်ပါ။ အမှားအယွင်းများ၊ ပြဿနာများဖြစ်မည်။ အပေးအယူကိစ္စများတွင် ပြဿနာဖြစ်က ချက်ချင်းဖြေရှင်းပါ။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အနှောင့်အယှက်အားလုံးဖြေရှင်းနိုင်မည်။ အတိတ်ကာလ အဆက်အသွယ်ဟောင်းများနှင့် ပြန်လည်ငြိတွယ်မည်။ မိသားစုနှင့်ပတ်သက်သော ကိစ္စရေးရာအဖြာဖြာနှင့်စီးပွားရေးအလုပ်ကို ဆောင်ရွက်အဆင်ပြေမည်။ အမျိုးသမီးမိတ်ဆွေတစ်ဦးထံမှ ထူးခြားသောအကူအညီရမည်။ အချစ်ရေး၊ မေတ္တာရေးတွင် ကံကောင်းစန်းပွင့်မည်။ သို့သော် ရေရှည်တည်မြဲမည့်မေတ္တာမျိုးမဟုတ်။ ဝေးကွာနေသူများနှင့် ပြန်လည်ဆုံစည်းမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

သစ္စာမဲ့သူများနှင့် တွေ့တတ်သည်။ ပြီးမြောက်ခါနီးမှ စကားကတိပျက်သူများကြောင့် စီမံထားသည်များအစမှအဆုံးပြန်လည်ဆောင်ရွက်ရလိမ့်မည်။ ခရီးသွားခြင်းကိစ္စ၊ အရပ်ဝေးနှင့်ဆက်သွယ်ခြင်းကိစ္စတို့ကို ဆောင်ရွက်ရန်အခါသင့်သည်။ ငွေကြေးလက်လွှန်ဆုံးရှုံးတတ်သည်။ ပေးကမ်းချေးငှားခြင်းများ ပြုရန်မသင့်။ တစ်ပါးသူကြောင့်ဖြစ်သောငွေရေးကြေးရေးပြဿနာကို ကြားဝင်၍ဖြေရှင်းကြုံမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

အခက်အခဲများကို ဖြေရှင်းနိုင်မည်။ ဆောင်ရွက်သမျှအောင်မြင်မည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှား၍အဆင့်မြင့်အောင်မြင်မှုများရရှိမည်။ အမျိုးသမီးမိတ်ဆွေအကြီးအကဲတစ်ဦးထံမှ အထောက်အကူကောင်းရရှိမည်။ ကြယ်ပွင့်ပုံပါသော လက်ဆောင်ပစ္စည်းများရရှိပါက အလွန်ကောင်းသည်။ လမ်းစပျောက်သကဲ့သို့ဖြစ်နေ သောအနေအထားမှ လွတ်ကင်း၍မြင့်မားသောတိုးတက်မှုများဆောင်ရွက်နိုင်သည့်အနေအထား ကျရောက်မည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

မှန်းဆထားသည်နှင့်လက်တွေ့ကွာဟနေမည်။ စီစဉ်ထားသည်များ အလွဲလွဲအချော်ချော်ဖြစ်မည်။ ရန်အနှောင့်အယှက်များ၊ အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ စကားကတိမတည်သူများနှင့်တွေ့မည်။ မတော်တဆထိခိုက်မှုအန္တရာယ်အထူးသတိပြုရမည်။ ပေါ်ပေါက်လာသောစိတ်ကူးသစ်များကို အကောင်အထည်ဖော်၍ အောင်မြင်မှုများရရှိမည်။ ကာလအတန်ကြာဝေးကွာနေသူနှင့် ပြန်လည်ဆုံစည်းမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

စိတ်ချမ်းမြေ့ဖွယ်ရာများရှိမည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားနိုင်မည်။ လုပ်ငန်းခွင်တွင် အဆင့်မြင့်နေရာကောင်းရရှိမည်။ ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်ကောင်းရရှိမည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်ရှေ့တိုးဆောင်ရွက်ခြင်းမှ အောင်မြင်မည်။ မိတ်ဆွေအကြီးအကဲတစ်ဦးပေးသောအကြံဉာဏ်ကို လက်ခံ၍အပြောင်းအလဲဆောင်ရွက်ပါ။ ထူးခြားစွာအဆင်ပြေမည်။



### SAGITTARIUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

တစ်ပြိုင်နက်တည်း အလုပ်နှစ်မျိုးလုပ်ရခြင်းကြုံမည်။ ကာလအတန်ကြာရပ်တန့်ထားသောအလုပ်များ ပြန်လည်ဆောင်ရွက်နိုင်မည်။ ရင်းနှီးသူများနှင့်စကားများရမည်။ ဆန့်ကျင်ဘက်ပြုသူတို့ကို ရင်ဆိုင်ဖယ်ရှားနိုင်မည်။ တရားမျှတမှုကင်းမဲ့စွာဆုံးဖြတ်၍ အရှုံးပေးခဲ့ရသောပြဿနာဟောင်းများကို ပြန်လည်ရင်ဆိုင်ဖြေရှင်းနိုင်မည်။ ကောင်းမြတ်မင်္ဂလာရှိသောသတင်းစကားများ ကြားသိရမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

ကာလရှည်ကြာကြိုးစားအားထုတ်ထားသည်တို့မှ အောင်မြင်မှုရရှိမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း စာမေးပွဲနှင့်ပတ်သက်သည်များ ထူးချွန်စွာအောင်မြင်မည်။ အရေးကြီးသောစာရွက်စာတမ်းများ လက်မှတ်ရေးထိုးရမည်။ ကြုံတွေ့သောအခက်အခဲများ ပြေလည်အောင်ဖြေရှင်းနိုင်မည်။ အကြီးအကဲဆရာသမားများ၏ အထောက်အကူရမည်။ နေရာကောင်းရရှိမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

အမှားအမှန်ဆုံးဖြတ်နိုင်ခြင်းမရှိဘဲ ကိုယ်ထင်ရာတဇွတ်ထိုးလုပ်လိမ့်မည်။ တစ်ပါးသူပြဿနာများကို တာဝန်ယူဖြေရှင်းပေးရလိမ့်မည်။ ရှေ့အနာဂတ်မည်သို့မည်ပုံရှိမည်ကို ခန့်မှန်းနိုင်စွမ်းမရှိသည့်အလုပ်တို့ကို ရွေးချယ်လုပ်ကိုင်လိမ့်မည်။ အခြားတစ်ပါးသူ လူအများစုက ဆောင်ရွက်ရန်မသင့်ဟု သတ်မှတ်သောအကြောင်းအရာတို့ကို လုပ်ကိုင်လိမ့်မည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

မိတ်ဆွေအကြီးအကဲထံမှ အကူအညီရမည်။ ကြုံတွေ့နေသောပြဿနာတို့ကို ကာကွယ်ပေးနိုင်သောသူနှင့်ကြုံတွေ့မည်။ တစ်ပါးသူမနိုင်မနင်းဖြစ်နေသည့်အလုပ်ကိစ္စတို့ကို တာဝန်ယူဖြေရှင်းပေးရလိမ့်မည်။ အလိုအလျောက်ဦးဆောင်ရသောအနေအထားရောက်ရှိမည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ခြင်းမှအောင်မြင်မှုများကို ရရှိမည်။ သူတစ်ပါးတို့၏ကတိစကားကို အလွယ်တကူယုံစားခြင်းမရှိသင့်။

Interview

# “တပ်မတော်တပ်ရင်းတစ်ရင်း ဝင်ထိန်းတာကြာပြီ”

## ရွှေကုက္ကိုမြို့သစ်စီမံကိန်းနှင့်ပတ်သက်၍ BGF အထွေထွေအတွင်းရေးမှူး ဗိုလ်မှူး ကြီးစောချစ်သူအား ဆက်သွယ်မေးမြန်းခြင်း

အောင်ဇော်ထွန်း

ကရင်နယ်ခြားစောင့်တပ်ဖွဲ့ (BGF) အခြေပြုနယ်မြေ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ရွှေကုက္ကိုမြို့သစ် စီမံကိန်းကိုတည်ဆောက်နေသည့် တရုတ်ကုမ္ပဏီသည် ရာဇဝတ်ဂိုဏ်းနှင့် ပတ်သက်နေသည်ဟု အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျု (USIP)၏ အစီရင်ခံစာ ဖော်ပြချက်ကို ရရှိကြောင်း နိုင်ငံတော်သမ္မတရုံးက မေလ ၁ ရက် သတင်းစာရှင်းလင်းပွဲ၌ ဖြေကြားခဲ့သည်။ တပ်မတော်ပြောရေးဆိုခွင့်ရှိသူကလည်း ယင်းကိစ္စကို စုံစမ်းစစ်ဆေးပြီး ဥပဒေအရဆက်လက်ဆောင်ရွက်မည်ဟု ပြောကြားခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး တပ်မတော်လက်အောက်ခံအဖွဲ့အစည်းတစ်ခုလည်းဖြစ်သည့် ကရင် BGF အဖွဲ့၏ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးစောချစ်သူအား မေလ ၂ရက်ကဆက်သွယ်ပြီး ရွှေကုက္ကိုမြို့သစ်လုပ်ငန်းဆောင်ရွက်မှုနောက်ဆုံးအခြေအနေများကို မေးမြန်းဖော်ပြလိုက်ပါသည်။

**သမ္မတရုံးသတင်းစာရှင်းလင်းပွဲမှာသတင်းဌာနတစ်ခုက မေးသွားတာရှိတယ်။ BGF နယ်မြေအတွင်းမှာ ဆောင်ရွက်နေတဲ့ မြို့သစ်တစ်ခုကိုတည်ဆောက်နေတဲ့ ကုမ္ပဏီတစ်ခုဟာ ရာဇဝတ်ဂိုဏ်းနဲ့ ပတ်သက်နေတယ်လို့ USIP အစီရင်ခံစာမှာ ဖော်ပြထားတယ်ပေါ့။ သမ္မတရုံးကလည်း USIP ရဲ့ အစီရင်ခံစာပါ အချက်အလက်တွေကို တပ်မတော်ကို ပေးပို့ထားတယ်လို့ ဆိုပါတယ်။ မြို့သစ်ဆောက်တာကို BGF က ဆောင်ရွက်နေတာဆိုတော့ ဒီအခြေအနေတွေ အပေါ် ရှင်းပြပေးပါလား။**

အဲဒီကိစ္စနဲ့ပတ်သက်တာလည်း လွန်ခဲ့တဲ့လတုန်းကလည်း သတင်းကြားပါတယ်။ ဂိုဏ်းချုပ်တစ်ယောက် ရောက်နေတယ်ဆိုတာကို အဲဒီသတင်းကို ကျွန်တော်ကြိုတင်တော့ သိတော့သိထားပါတယ်။ ဘယ်သူဘယ်ဝါဆိုတာ ဂဃနဏမသိရသေးဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ကမ္ဘာရဲ့ စည်းကမ်းချိုးဖောက်မှု၊ ဒီနိုင်ငံရဲ့ ဥပဒေနဲ့ မကိုက်ညီရင်တော့ လုံးဝလက်ခံမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ လုပ်တာဆိုရင် ကျွန်တော်တို့အစိုးရရော၊ အကြီးအကဲတွေရော ခွင့်ပြုမှလုပ်မှာပါ။အရင်တုန်းက ကရင်ပြည်နယ်ခွင့်ပြုထားတဲ့ အတိုင်းအတာတွေနဲ့လုပ်တာ၊ နောက်ပိုင်းမှာ ပြည်ထောင်စုအဆင့်ကို ခွင့်ပြုချက်မရဘဲနဲ့ ကျွန်တော်တို့ကို ရပ်ဆိုင်းခိုင်းပြီးတော့ ကျွန်တော်တို့ ရပ်ဆိုင်းထားတာလည်း သုံးလကျော်လောက်ရှိပါပြီ။ အဲဒါကို လောင်းကစားဂိုဏ်းချုပ်တစ်ယောက်ရောက်နေတယ်ဆိုတာ သတင်းတော့ ကြားတော့ ကြားပါတယ်။ တရုတ်နိုင်ငံမှာ တရုတ်ထောင်ထဲမှာ ထွက်လာတာလည်းမကြားသေးဘူး အဲဒီဂိုဏ်းချုပ်က။ အဲဒီလောက်ထိ သတင်းအတိအကျတော့ ရတော့ရထားတာပေါ့။ ဒါပေမဲ့ ဘယ်သူဘယ်ဝါလဲဆိုတာ မတွေ့ဖူးသေးဘူး။ ကျွန်တော်တို့လည်း စုံစမ်းဦးမယ်။ အခုကုက္ကိုက ဒီတစ်လောမှာ နာမည်ကြီးကြီးနေတဲ့ တရုတ်ရဲ့ မြို့သစ်၊ တရုတ်ရဲ့ မြို့သစ်ဆိုတာ၊ တရုတ်ရဲ့မြို့သစ်ပေမယ့်လည်း ကျွန်တော်တို့က အတိုင်းအတာလေးတစ်ခုကတော့ ကန့်သတ်ထားတာတော့ရပါတယ်။ အခု ကုက္ကိုမှာ မြို့သစ်တည်ဆောက်တာက ကျွန်တော်တို့ ဒေသခံတွေ အလုပ်ရရှိဖို့က နံပါတ်(၁)။ စက်မှုဇုန်အသေးစားတွေ အဓိကလုပ်ပြနိုင်မှ ဆက်လက်ပြီးတော့ ဆက်သွားမယ့် အပိုင်းတွေသုံးသပ်ကြည့်မှာပေါ့။

**ဒီမြို့သစ်နဲ့ပတ်သက်ပြီး တရုတ်မြို့သစ်လို့ပြောကြားနေတော့ ဒီအပေါ် ဘာများပြောလိုပါသလဲ။**

အခုဟာက တရုတ်ဆိုတာကလည်း စီးပွားရေးနဲ့ပတ်သက်ရင်နည်းနည်းတော့ စိုးရိမ်စရာဖြစ်နေတဲ့အဖွဲ့ ဆိုတော့လည်း ဘယ်သူမဆို စိတ်ပူမိတာပေါ့။ ဒါပေမဲ့လည်း ကျွန်တော်တို့ လုပ်တာကလည်း ထိန်းသိမ်းပြီးတော့ လုပ်မှာ။ မထိန်းနိုင် မသိမ်းနိုင်တဲ့ အထိလောက်ဆိုရင်တော့ ကျွန်တော်တို့ လုပ်မှာလည်းမဟုတ်ပါဘူး။ ပြီးတော့ ပြည်သူလူထုဘက်မှာလည်း ဆန့်ကျင်ဘက်လေးရှိခဲ့ရင်တော့ ကျွန်တော်တို့ လုံးဝလက်ခံမှာမဟုတ်ဘူး။ ကျွန်တော်တို့ဒေသခံ ဒေသန္တရရဲ့ စည်းကမ်းဥပဒေနဲ့လည်း ကိုက်ညီရမယ်။ သူတို့လုပ်တာလည်း သူ့အကျိုးတစ်ခုတည်းမကြည့်ဘဲ ဒေသရဲ့ အကျိုးကြည့်အောင်၊ ကျွန်တော်တို့ ဒေသမှာလည်း အကျိုးစီးပွားတစ်ခုခု ချန်ထားလို့ရအောင် သူတို့ပြန်သွားရင်လည်း ဖွံ့ဖြိုးမှုတစ်ခုကို ကျွန်တော်တို့လည်း မှီခိုလို့ရအောင်၊ အဲဒါမျိုးတော့ သဘောတူထားတယ်။ အကယ်၍များလာပြီးတော့ လောင်းကစားတစ်ခုပဲ ပိုက်ဆံယူပြီး ပြန်သွားတာမျိုး ကျွန်တော်တို့လည်းလက်ခံမှာ မဟုတ်ဘူးလေ။

**လောင်းကစားနဲ့ပတ်သက်ပြီးပဲ နာမည်ကြီးနေတော့ ဒီမြို့သစ်စီမံကိန်းမှာ ဘယ်လိုအကြောင်းအရာတွေ ရောပါပါသလဲ။ စီမံကိန်းကကော ဘယ်လောက်ပြီးသွားပြီလဲဗျ။**

အခု ဘယ်လိုပြီးသွားလဲဆိုတော့ ပထမဆုံး ၆၂ ကေထဲမှာ တစ်ခုရယ်၊ ပြီးတော့ ပြည်နယ်အနေနဲ့ မြေခွင့်ပြုမိန့် လေးကေကျော်သုံးနေရာ အားလုံး ၁၀ ကေကျော်တစ်ခုရယ်၊ အားလုံးကေ ၇၀ ကျော် ၈၀ နီးနီးမှာ လူနေအိမ်ဗီလာရယ်၊ ပြီးတော့ ကျွန်တော်တို့ ခွင့်ပြုထားတာ ကာစီနိုနှစ်နေရာ၊ ပြီးတော့ စားသောက်ဈေးတန်း၊ စားသောက်ဆိုင်ရယ် ပြီးတော့ လွန်ခဲ့တဲ့ ဟိုးအရင်က အွန်လိုင်းနှစ်နေရာ ခွင့်ပြုထားတယ်။ အွန်လိုင်းမှာက နောက်ပိုင်းမှာ တရားဝင်မရဘူး၊ အွန်လိုင်းဆို ပြဿနာရှိမယ်ဆိုတာ ကျွန်တော်တို့လည်း အထက်က ညွှန်ကြားတဲ့အတိုင်း ပိတ်လိုက်တာ။ ပိတ်လိုက်ရုံတင်မကဘဲ ပစ္စည်းတွေ ကွန်ပျူတာအလုံးခြောက်ရာ၊ ခုနစ်ရာလောက်သိမ်းပစ်လိုက်တာ။ သူတို့လုပ်တာလည်း ကျွန်တော်တို့ ခွင့်ပြုတဲ့ကာဆီနို၊ ကာစီနိုပြီးတော့ အွန်လိုင်းဆိုတာ ကျွန်တော်တို့သိတာက အဲဒီမှာ ဖဲကစားတာဝေတော့ပေါ့။အခု အွန်လိုင်းဆိုတာ ဘာမှလည်း မမြင်ရဘဲ ဖုန်းကနေ ဆော့တာတို့ ကျွန်တော်တို့လည်း နားမလည်လို့၊ မသိလို့။ အဲဒါ ကျွန်တော်တို့ နိုင်ငံရဲ့ မူနဲ့ ဘောင်နဲ့ မကိုက်ညီလို့ ပိတ်လိုက်တယ်။

**လက်ရှိမှာကော ဘယ်လိုလုပ်ငန်းအမျိုးအစားတွေ လည်ပတ်နေတာမျိုးရှိပါသလဲ။**

အဓိကတော့ ခုနကျွန်တော်ပြောတဲ့ ကာစီနိုတစ်ခုရယ် ပြီးတော့ သူတို့လည်း ကုက္ကိုဖွံ့ဖြိုးရေးနဲ့ပတ်သက်တာကတော့ နံပါတ်(၁)က လည်ပတ်တာတော့ ကျွန်တော်တွေ့တာတော့ အခုဆောက်လုပ်ရေးအပိုင်းမှာတော့ မရှိဘူး။ အဓိက အရင် ရှိထားတဲ့ အဟောင်းပဲ သူတို့လုပ်နေတယ်။ အသစ်ကတော့ လုံးဝရှေ့တိုးလို့လည်းမရဘူး။ နောက်ဆုံးပြောရမယ်ဆိုရင် ကျွန်တော်တို့ထိန်း


ဓာတ်ပုံ – စောအောင်မင်းဦး

မနိုင်သိမ်းမနိုင်လို့လားမသိဘူး။ အဲဒီမှာ တပ်ကနေ တပ်ရင်းတစ်ရင်းကိုသွားပြီးတော့ ထိန်းချုပ်ထားတာပေါ့။ ထိန်းချုပ်ထားတယ်ဆိုတာ ကျွန်တော်ထင်တယ်။ လုံခြုံရေးအရလောက်ပဲလား ဘယ်လို ပုံစံလဲမသိသေးဘူး။ အဲဒါ ဘာမှလည်းလုပ်လို့မရဘူး ကုက္ကိုက။

**အခုလောလောဆယ် တပ်မတော်က ထိန်းချုပ်ထားတာလား။**

တပ်မတော်တပ်ရင်းတစ်ရင်းဝင်ထိန်းတာကြာပြီ။ အရင်တိုင်းမှူးတစ်ယောက်မပြောင်းခင်မှာလည်း တစ်ခါသွားတယ်။ ပြီးတော့ ခဏလောက်ပြန်လာတယ်။ အခုရောက်တဲ့ တိုင်းမှူးလက်ထက်မှာလည်း ရောက်နေတာအခုအချိန်ထိပေါ့ချထားတာ။

**အဲဒီမှာ BGF တပ်က ကွပ်ကဲတာမဟုတ်ဘဲ တပ်မတော်တပ်ရင်းထိုင်နေတဲ့ သဘောလား။**

တပ်မတော်တပ်ရင်းကသွားပြီးတော့ အဲဒီ အဆောက်အုံတွေ၊ ဆက်ဆောက်မယ့်လူတွေ မရှိအောင်၊ ပြောရမယ်ဆိုရင် ကျွန်တော်တို့ကို သိပ်ပြီးတော့ မယုံမကြည့်တဲ့ ပုံစံလိုမျိုး တစ်က နေသွားထားမှ ဖြစ်မယ်။ အဲဒီလိုပုံစံလား မသိတော့ပါဘူး။

**တပ်မတော်ကကော မြို့သစ်တည်ဆောက်မှုနဲ့ ပတ်သက်ပြီး ဘယ်လိုပြောတာမျိုး ရှိပါသေးလဲ။**

အရင်တုန်းကတော့ အစိုးရခွင့်ပြုရင်တော့လုပ်ပါလို့ ပြောတာပေါ့။ နောက်ပိုင်းမှာလည်း အစိုးရခွင့်ပြုတာတော့ ပြည်ထောင်စုအဆင့်မဟုတ်ဘူး ဘာညာတော့ အဲဒီလိုလာတယ်။ အစိုးရခွင့်ပြုပြီဆိုရင်တော့ အစိုးရခွင့်ပြုတဲ့ အတိုင်းအတာ မူနဲ့ဘောင်နဲ့ ကိုက်ညီရမယ်၊ လာနေတဲ့ နိုင်ငံသားတွေ ပတ်စ်ပို့၊ဗီဇာနဲ့လာနေရမယ်။ အလုပ်အကိုင်ဆိုတာက ခွင့်ပြုထားတဲ့ တရားဝင်တော့မရသေးဘူး၊ကာစီနိုလုပ်ငန်းနှစ်ခုပါတာပေါ့။ အဲဒါမျိုးနဲ့ပဲပြည်ထောင်စုအဆင့်မရလို့ ပြည်ထောင်စုအဆင့်နဲ့ သွားရမယ်ဆိုပြီး အဲဒါနောက်ပိုင်း တပ်မတော်စစ်ကြောင်း နှစ်ကြောင်းပေါ့၊ တပ်ရင်းတစ်ရင်းပေါ့။ကုက္ကိုမှာ လုံခြုံရေးဝင်လိုက်တာပေါ့။

**အခုလက်ရှိမှာကော ကာစီနိုရုံတွေက လည်ပတ်နေတာရှိလား။**

အရင်လ ၃ ရက်နေ့ကတည်းက အားလုံးပိတ်ထားတယ်။ တစ်ယောက်မှလည်း ကျွန်တော်တို့ ပေးမကစားဘူး။ ဒီရောဂါကြောင့်ပေါ့။ အဲဒီ ကုက္ကိုမှာရှိတဲ့ တရုတ်တွေလည်း စီးပွားရေးကို မစဉ်းစားသေးဘဲနဲ့ အခုရောဂါအခြေအနေကို ဝိုင်းလုပ်ကူပါဦး။ အဲဒါနဲ့ပဲလုပ်တာ။

**အဲဒီမှာ တရုတ်နိုင်ငံသား ဦးရေဘယ်လောက်ရောက်ရှိနေပါသလဲ။**

ကျွန်တော်တို့ စာရင်းကောက်တာ လွန်ခဲ့တဲ့ အရင်လမကုန်မီ စာရင်းကောက်တာ။ ဒီရောဂါဖြစ်ပြီး ၁၅ ရက်ဝန်းကျင်မှာ စာရင်းကို လဝကရော၊ ရဲရော ဌာနဆိုင်ရာ အဖွဲ့စုံစာရင်းကောက်တာ သုံးရက်လောက်ကြာတယ်။ အားလုံး နိုင်ငံခြားသား တရုတ်က လေးထောင်လောက်ရှိတယ်။ ပြီးတော့ ပြည်တွင်းတရုတ်က အယောက်နှစ်ထောင်ကျော် သုံးထောင်လောက်ရှိတယ်။ အားလုံး လူခြောက်ထောင်ကျော် ခုနစ်ထောင်လောက်ရှိမှာပေါ့။ သူတို့ ပတ်စ်ပို့သက်တမ်းကုန်ရင် လဝကဥပဒေအတိုင်း လုပ်ရတာပေါ့။

**အခုမြို့သစ်နေရာက BGF နယ်မြေထဲမှာပဲရှိတာနော်။**

အေးပေါ့။ ပြောရမယ်ဆိုရင် ဟိုးအရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီးခင်ညွန့်ခေတ်တုန်းက ကျွန်တော်တို့ DKBA ကနေ ပြန်လာတာလည်း အဲဒီကော့မူးရာအထူးဒေသကနေ တပ်မတော်အစိုးရနဲ့ ပေါင်းပြီး နယ်စပ်စခန်းတစ်ခုပြီးတစ်ခု တိုက်ထုတ်ပြီးတော့ အဲဒီနေရာကို ကျွန်တော်တို့ အထူးတပ်ရင်းအနေနဲ့ တစ်ရင်း ပြန်လည်ထိန်းချုပ်ဖို့၊ တပ်ကတော့ ဝမ်ခသစ်စခန်းမှာ ထိုင်တယ်၊ ကုက္ကိုမှာ ကျွန်တော်တို့ နေလာတာပေါ့။ တပ်တွေလည်း အေးအေးဆေးဆေးနဲ့မလိုအပ်ရင် ကျွန်တော်တို့ မခေါ်ရင် မလာပါဘူး။ သူတို့လည်း ကျွန်တော်တို့အဖွဲ့ကို အဲဒီမှာ ရွာသစ်တစ်ရွာ၊ ရွာသစ်ကလည်းတော်တော်ကြီးပါတယ်၊ကုက္ကိုရွာ အဲဒါ ကျွန်တော်တို့ တည်ထောင်ပြီးတော့ နေထိုင်လာတာ နှစ်ပေါင်း ၁၇ နှစ်၊ ပြီးတော့လည်း မထင်မှတ်ဘဲနဲ့ အသွင်ကူးပြောင်းပြီးတော့ အခု အသွင်ကူးပြောင်းတာ ၁၀ နှစ်၊ အားလုံး ၂၆ နှစ်။ ၂၆ နှစ်မှာ အေးအေးဆေးဆေးပါပဲ။ အခု စီးပွားရေးအခြေအနေကြောင့် အဲဒီ တရုတ်တွေဝင်လာတဲ့ အတွက်ကြောင့်လားမသိဘူး။ အရင်လိုတော့ မဟုတ်ဘူး။ နည်းနည်းတော့ တစ်မျိုးကြီးဖြစ်တာပေါ့။ တပ်မတော်စစ်ကြောင်းက အခုလုံခြုံရေးလာယူတာ ကျွန်တော်တို့အမြင်က ကျွန်တော်တို့ BGF ကို ပြောတဲ့အတိုင်းမလုပ်မှာစိုးလို့လာပြီးတော့ ကြည့်နေတဲ့သဘောပေါ့။ လာထားတာ လောလောဆယ် ဒီရောဂါအခြေအနေကာလမှာပဲလား၊ ဒါမှမဟုတ်ရင် ကုက္ကိုရဲ့ မြို့သစ်စီမံကိန်းနဲ့ ပတ်သက်တာ ထိန်းသိမ်းဖို့အတွက်ကို လာထားတာလား ဒါကတော့ ကျွန်တော်တို့ ဘာမှလည်းမသိသေးဘူး။

**စာတွေဘာတွေနဲ့ BGF ဆီကို ညွှန်ကြားချက်လာတာတွေကော ရှိပါသလား။**

ညွှန်ကြားချက်တော့လာပါတယ်။ ခွင့်ပြုချက်မရဘဲ မလုပ်ဖို့ အဲဒီလိုတော့ လာတယ်။ ခွင့်ပြုချက် မရရင်တော့ မလုပ်ပါဘူး။ ခွင့်ပြုချက်ရမှ ကျွန်တော်တို့ လုပ်တာပါ။

**တခြားပြောကြားလိုတာ ရှိရင် ပြောပြပေးပါဦးဗျ။**

အခု ကျန်းမာရေးအခြေအနေအရတော့ ကိုယ့်ရဲ့ ပြည်သူလူထုတွေ၊ ကိုယ့်ရဲ့ဒေသတွေ အဲဒီရောဂါမကူးစက်ဖို့ အဓိက အာရုံထည့်ထားတယ်။ ကျန်တဲ့အပိုင်းတွေ ဘာတစ်ခုမှ ခေါင်းထဲမှာ မထည့်ဘူး။

**ကျေးဇူးတင်ပါတယ်။**

News Analysis

# ကပ်ရောဂါထိန်းချုပ်နိုင်ရေးအတွက် စိန်ခေါ်မှုများ

ခင်းလွင်



နိုင်ငံတစ်ဝန်းရှိ အစိုးရဆေးရုံများတွင်လိုအပ်နေသည့် Mask နှင့် PPE ဝတ်စုံများကို အလှူရှင်များက လှူဒါန်းနိုင်ရန် ရွှေပြည်သာစက်မှုဇုန်အတွင်းရှိ ရွှေဆည်းဆာအထည်ချုပ်စက်ရုံ၌ ချုပ်လုပ်ပေးနေစဉ်

မြန်မာတစ်နိုင်ငံလုံး၌ COVID-19 ရောဂါပိုးတွေ့သူ ၁၆၁ ဦးရှိရာ မေလ ၄ ရက် ည ၈ နာရီအထိ နှစ်ကြိမ်ဆက်တိုက် ရောဂါပိုးမတွေ့ရှိရတော့ဘဲ ပြန်လည်ကျန်းမာလာသူ ၄၉ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည်။

ထို့ပြင် ပြန်လည်ကျန်းမာလာသူများအနက် ၂၉ ဦးမှာ ဆေးရုံမှဆင်းခွင့်ရပြီး နေအိမ်သို့ပြန်ခွင့်ရခဲ့ပြီဖြစ်ကာ ပိုးတွေ့လူနာများတွင် သေဆုံးသူ ခြောက်ဦးရှိသည်ဟုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ရောဂါ ကူးစက်ပြန့်ပွားလျက်ရှိသော အခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂၆ ဦး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ခုနစ်ဦးစီ၊ ချင်းပြည်နယ်တွင် ခြောက်ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် သုံးဦး၊ နေပြည်တော်ကောင်စီနယ်မြေတွင် နှစ်ဦးနှင့် မွန်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် တစ်ဦးစီ ရှိနေသည်။

သို့သော် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်မူ COVID-19 ရောဂါပိုးရှိသူ တစ်ဦးမျှ မတွေ့ရှိရသေးပေ။

ရောဂါနှင့်ပတ်သက်ပြီး စိုးရိမ်စရာအချက်တစ်ခုလည်းရှိသည်။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်ထိ ပိုးတွေ့သူ ၁၆၁ ဦး ရှိထားပြီး ရောဂါဖြစ်ပွားမှုနိုင်ငံများနှင့်စာလျှင် နည်းပါးသည်ဟုဆိုနိုင်သော်လည်း စစ်ဆေးထားသည့် ဦးရေမှာ ကိုးထောင်နီးပါးသာ ရှိသေးသည်။

ဒေသတွင်း နိုင်ငံများတွင်မူ လူဦးရေ သိန်းနှင့်ချီစစ်ဆေးနိုင်ကြပြီး များများတွေ့၊ မြန်မြန်ကုသသည့်နည်းဖြင့် ရောဂါပိုးကို ထိန်းချုပ်ဖို့ ကြိုးစားနေသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း ယခုထက်ပို၍ လူဦးရေများများ ပိုစစ်ကာ မြန်မြန်ကုပြီး ထိန်းချုပ်သည့်နည်းကို လုပ်ဆောင်သင့်သည်ဟု ထောက်ပြသည်များလည်း ရှိနေသည်။

## ကွင်းဆက်ပြတ်လူနာများ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ထုတ်ပြန်ချက်များအရ COVID-19 အတည်ပြုလူနာများနှင့် ထိတွေ့မှုမရှိသည့်အပြင် ပြည်ပသို့ခရီးသွားရာဇဝင်မရှိဘဲ ရောဂါပိုးတွေ့လူနာ ၁၄ ဦး ရှိလာပြီဖြစ်သည်။

ကွင်းဆက်ပြတ်တောက်နေသည့် အဆိုပါလူနာ ၁၀ ဦး၏ ကူးစက်ခံရပုံဖြစ်စဉ်ကို ဖော်ထုတ်နေပြီး ထက်ဝက်ခန့်မှာ ပြည်ပခရီးသွားလာမှုနှင့် နိုင်ငံခြားသားများနှင့်ထိတွေ့မှုရှိခဲ့ကြောင်း စုံစမ်းနိုင်ခဲ့သည်ဟု ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက ဆိုထားသည်။

"ဒီဟာက ကျွန်တော်တို့အတွက် အရမ်းအရေးကြီးတယ်။ မိတဲ့ Contact (ထိတွေ့မှုရှိသူ) တိုင်းကို စစ်နိုင်နေပြီ။ တော်တော်လည်းမိပါတယ်။ မတွေ့တဲ့ဟာလည်း ရှိတော့ရှိတယ်။ တတ်နိုင်သမျှ တွေ့အောင်လိုက်နေတယ်" ဟု ဒေါက်တာသန်းနိုင်စိုးကပြောသည်။

ကူးစက်မှုမြန်သည့် COVID-19 ရောဂါပိုးကြောင့် ကွင်းဆက်ပြတ်တောက်သည့် လူနာ၏ ကူးစက်ခံရပုံ နောက်ကြောင်းရာဇဝင်ကို ဖော်ထုတ်နိုင်ရန်မှာ အလွန်အရေးကြီးကြောင်း ဒေါက်တာသန်းနိုင်စိုးက ပြောသည်။

လူနာ၏ကူးစက်မှု ဇာစ်မြစ်မသိပါက ထိုဇာစ်မြစ်မှပင် အခြားသူများသို့ ဆက်လက်ကူးစက်ပျံ့နှံ့နေမည်ကို ပြည်သူအချို့ကလည်း စိုးရိမ်နေသည်။

## စားဝတ်နေရေး

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၀ မြို့နယ်ကို အသွားအလာကန့်သတ်မှု Simi Lockdown ပြုလုပ်ထားရပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ခုနစ်သိန်းနီးပါး (၆၇၀,၀၀၀) ရှိနေကြောင်း တိုင်းအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဆိုသည်။

ထို့အပြင် တစ်တိုင်းလုံးကို Stay Home နေထိုင်ရန် သတ်မှတ်ထားသည်မှာ ယခု မေလ ၁၅ ရက်တွင်မှ သတ်မှတ်ရက်ပြည့်မည်ဖြစ်သည့်အတွက် ကြာကာလများတွင် စားဝတ်နေရေးလိုအပ်ချက်များ ရှိလာမည်ဖြစ်ပြီး ယင်းအခြေအနေကို အစိုးရကသာ ဝင်ရောက်ဖြေရှင်းရမည့် အခြေအနေဖြစ်ကြောင်း ၎င်းက ပြောသည်။

"ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအနေနဲ့ ခရိုင်၊ မြို့နယ်နဲ့ ရပ်ကျေးအဆင့်ဆင့်ကို စာရင်းတွေကောက်ယူ စုဆောင်းထားပါတယ်။ ရရှိလာတဲ့ အခြေအနေတွေကိုလည်း ဝန်ကြီးချုပ်ကြီးထံ တင်ပြထားပါတယ်"ဟု ဦးနိုင်ငံလင်းက ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီးမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်က "လက်ရှိအခြေအနေမှာ ကျွန်တော်တို့က ကျန်းမာရေးဘက်ကိုပဲ ဦးစားပေးနေမယ်ဆိုရင် စားဝတ်နေရေးတွေ ထိခိုက်လာမယ်။ အလားတူ စားဝတ်နေရေးကို ဦးစားပေးပြန်ရင်လည်း ကျန်းမာရေးဘက်က စိုးရိမ်စရာဖြစ်တယ်။ ဒီနှစ်ခုကို ဟန်ချက်ညီအောင်လုပ်ဖို့တော့ အတော်ခက်ခဲမယ်"ဟု မှတ်ချက်ပေးသည်။

ဦးတင်ထွန်းနိုင်သည် ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး ၎င်း၏ မဲဆန္ဒနယ်မြေအတွင်း အတည်ပြုပိုးတွေ့လူနာ လေးဦးရှိနေသည်။

Simi Lockdown ဇရိယာအတွင်းပါဝင်ပြီး အတည်ပြုလူနာလေးဦးတွေ့ရှိထားသော တာမွေမြို့နယ်နေ ဒေါ်ခင်မိုးကြည်ကလည်း ၎င်းအပါအဝင် ရပ်ကွက်နေပြည်သူများအနေဖြင့် အသွားအလာကန့်သတ်ချိန်ကြာမြင့်လာသည်နှင့်အမျှ စားဝတ်နေရေးကျပ်တည်းမှုများ ပိုမိုကြုံတွေ့လာနိုင်ပြီး ယင်းအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုလားလျက်ရှိသည်။

၎င်းသည် အိမ်တွင်းစက်မှုလုပ်ငန်းအသေးစားတစ်ခု လုပ်ကိုင်နေသူဖြစ်ပြီး လက်ရှိအခြေအနေတွင် လုပ်ငန်းရပ်နားထားရသည့်အတွက် ၎င်း၏လုပ်ငန်းကို မှီခိုနေရသော မိသားစုလေးစုမှာ အခက်အခဲ ရှိလာနေသည်ကို ကိုယ်တွေ့ကြုံလာရသည်ဟု ၎င်းက ဆိုသည်။

"ကျွန်မတို့က လိုအပ်လို့ Lockdown လုပ်မယ်ဆိုရင်လည်း စနစ်တကျ လုပ်စေချင်တယ်။ နောက်တစ်ခုက အကျိုးဆက်အနေနဲ့ ဒီကာလအတွင်း စားဝတ်နေရေးပြေလည်စေဖို့ လုပ်ငန်းကြီးတွေမဟုတ်ရင်တောင် လုပ်ငန်းငယ်လေးတွေ လုပ်ခွင့်ရအောင် စီစဉ်ပေးတာမျိုး လုပ်စေချင်တယ်" ဟု ဒေါ်ခင်မိုးကြည်က သူ့ထင်မြင်ချက်ကို ပြောသည်။

လက်ရှိတွင် လုပ်ငန်းရပ်နားထားရသည့်အပြင် ယခင်ကထုတ်လုပ်ခဲ့ပြီးသော ထုတ်ကုန်များမှာလည်း ပြန်လည်ရောင်းချရန် အဆင်မပြေသည့်အတွက် ဝင်ငွေမရှိဘဲ ထွက်ငွေသာရှိနေသည်။ ထို့ကြောင့် မည်မျှအထိတောင့်ခံနိုင်မည်ကို မတွေးဆနိုင်ဟု ၎င်းက ရင်ဖွင့်သည်။

## သတိထားရမည့် မိုးကာလ

ပြည်သူလူထု အနေဖြင့် ကျန်းမာရေး အခြေအနေများကြောင့် နေထိုင်စားသောက်ရေးများ အခက်အခဲရှိလာကြသလို မကြာမီကာလတွင်လည်း ရာသီတုပ်ကွေးကဲ့သို့သော ရောဂါများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရမှုနှေးကွေးသည့် မိုးကာလကို ကြုံကြရတော့မည်ဖြစ်သည်။

မိုးဦးကျကာလများတွင် နှစ်စဉ်ရင်ဆိုင်ရလေ့ရှိသော ရာသီတုပ်ကွေး၊ ဆင်တုပ်ကွေးနှင့် အခြားသော ကူးစက်ရောဂါများ၏ အန္တရာယ်ကိုလည်း သတိမူကြရန် လိုအပ်မည်ဟု မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာဝင်းသန္တာဖြူက သတိပေးသည်။

COVID-19 ကူးစက်ရောဂါ အရှိန်ကြောင့် ရာသီအကူးအပြောင်းကာလတွင် ကြုံလာရမည့် ဖျားနာမှုအခြေအနေများကို "ဖျားတယ်နာတယ်ဆိုရင် ကျိတ်ပြီးမကုကြဖို့၊ သက်ဆိုင်ရာဆေးရုံ၊ ဆေးခန်းတွေဆီသွားပြီး စစ်ဆေးမှုခံယူကြဖို့ တိုက်တွန်းလိုပါတယ်" ဟု သူက အကြံပြုသည်။

လက်ရှိ အခြေအနေတွင် COVID-19 ရောဂါနှင့် ပတ်သက်၍သော်လည်းကောင်း၊ အခြားသော ကူးစက်ရောဂါများ၊ တုပ်ကွေးရောဂါများနှင့်စပ်လျဉ်းသည့်



ပြည်ပမှ ပြန်လာမည့် မြန်မာနိုင်ငံသား ၂၀၀ ဦးအတွက် ကန့်သတ်စောင့်ကြည့်စင်တာအဖြစ် တိုက်ကြီး (၃၂) သဲအင်းဂူ ဝိပဿနာ ဓမ္မရိပ်သာတွင် ပြင်ဆင်နေစဉ်

အယ်ဒီတာ့အာဘော်

# မာယာများသော COVID-19 ကို မပေါ့ဆလိုက်ပါနှင့်

တစ်ရက်လျှင်နှစ်ကြိမ် ရင်ခုန်စိတ်လှုပ်ရှားရသော အခြေအနေက ရက်ပေါင်းများစွာ ကြာညောင်းပြီဖြစ်သော်လည်း ဘယ်သောအခါမှပြီးဆုံးမည်မသိ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID–19 အတည်ပြုလူနာ သတင်းထုတ်ပြန်ချက်ကို စောင့်မျှော်ရသည်မှာ ရင်မောလှသော်လည်း ကြောက်စရာကောင်းသော ကမ္ဘာ့ကပ်ရောဂါဖြစ်၍ မနက် ၉ နာရီရောက်လျှင်၊ ည ၈ နာရီထိုးလျှင် အလိုအလျောက် စောင့်ကြည့်ရက်သားဖြစ်နေသည်။ တစ်နိုင်ငံလုံးရှိ ပြည်သူအများစုမှာလည်း အလားတူပင်။

မတ်လ ၂၃မှစ၍ ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ခံရသူ စတင်တွေ့ရှိခဲ့ရာ မေလ ၃ရက်အထိ ၄၁ရက်ကြာချိန်တွင် တစ်နိုင်ငံလုံးတွင် COVID–19 အတည်ပြုလူနာ ၁၅၅ ဦးကြောင်း စစ်ဆေးတွေ့ရှိထားသည်။ ပိုးတွေ့လူနာ ၁၅၅ ဦးတွင် ရန်ကုန်မြို့မှ ၁၂၁ ဦးပါဝင်၍အားလုံး၏ ၇၈ ရာခိုင်နှုန်းကျော်ပင်ဖြစ်နေသည်။ ကျန်ဒေသ ၁၆ ခုမှ ၃၄ ဦးရှိနေခြင်းဖြစ်သည်။ အတည်ပြုလူနာဦးရေသည် ဧပြီဒုတိယပတ်မှ စတုတ္ထပတ်အတွင်း အများဆုံးတွေ့ခဲ့ပြီး ဧပြီလကုန်ပိုင်းနောက်ပိုင်း ပိုးတွေ့လူနာတွေ့ရှိမှုလျော့ကျလာသည်။

ထို့ကြောင့်ပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဒီတစ်ရက်၊ နှစ်ရက်အတွင်း COVID ငြိမ်နေလို့မပေါ့ပါနဲ့။ လုံးဝစိတ်ချရတဲ့ အခြေအနေက ဝေးပါသေးတယ်။ မမေ့သောသတိဖြင့် ပြီးစီးပြည့်စုံ လုံခြုံအောင်စောင့်ထိန်းကြပါလေ"ဟု ယမန်နေ့ညနေတွင် သူမ၏ဖေ့စ်ဘွတ်ခ်စာမျက်နှာမှတစ်ဆင့် ပြည်သူများကို တိုက်တွန်းသည်။ ဒေါ်အောင်ဆန်းစုကြည်ရေးသားပြီး နှစ်နာရီအကြာ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ရာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ လေးဦးထပ်တိုးလာသည်။ လေးဦးစလုံး ရန်ကုန်မှဖြစ်သည်။

COVID–19 က မာယာများသလို နိုင်ငံတွင်း ရောဂါတိုက်ဖျက်ရေးဆောင်ရွက်သောအချက်အလက်များအရ လုံးဝပေါ့ဆ၍မရသည်မှာသေချာသည်။ ပေါ့ဆမရသည့်အဓိကအကြောင်းရင်း လေးချက်ရှိပါသည်။

ပထမဆုံးအချက်မှာ ပိုးတွေ့သူ ၁၅၅ ဦးသာရှိသည်ဆိုသော်လည်း ကိုရိုနာဗိုင်းရပ်စ် ရှိ၊မရှိ စစ်ဆေးထားသူအရေအတွက်မှာ ၈,၇၀၀ ကျော်သာရှိပါသည်။ ထိုအရေအတွက်မှာ အာဆီယံတွင် လာအိုပြီးလျှင် အနည်းဆုံးဖြစ်ပါသည်။ မြန်မာထက်ပိုးတွေ့လူနာနည်းသော ကမ္ဘောဒီးယား၊ ဘရူနိုင်းနိုင်ငံတို့သည်ပင် လူပေါင်း ၁၂,၀၀၀ ကျော်၊ ၁၄,၀၀၀ ကျော်စစ်ဆေးခဲ့သည်။ အာဆီယံတွင် ပိုးတွေ့သူ ၂၇၁ ဦးရှိသော်လည်း လူသေဆုံးမှုမရှိဘဲ အခြေအနေအကောင်းဆုံးဖြစ်သော ဗီယက်နမ်နိုင်ငံတွင် လူပေါင်း ၂၆၀,၀၀၀ ကျော်ထိစစ်ဆေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံထက် ရောဂါဖြစ်ပွားမှုများကာ လူသေဆုံးမှုလည်းများသော ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား စသောနိုင်ငံများတွင် လူဦးရေ တစ်သိန်းကျော်မှ နှစ်သိန်းနီးပါး စစ်ဆေးနိုင်ခဲ့သည်ကိုတွေ့ရသည်။ တောင်ကိုရီးယားနိုင်ငံ၏ အောင်မြင်သောသင်ခန်းစာဖြစ်သည့် များများစစ် မြန်မြန်တွေ့ မြန်မြန်ထိန်းချုပ် နည်းဗျူဟာအရလည်း မြန်မာနိုင်ငံသည် ပိုး ရှိ၊ မရှိ စစ်ဆေးမှုကို ယခုထက်ပိုမိုပြုလုပ်နိုင်ရန်လိုနေသည်။

ဒုတိယအချက်မှာပိုးတွေ့လူနာနည်းလာသည်ဟုဆိုသော်လည်း ရောဂါပိုးရှိသူနှင့် ထိစပ်တွေ့ခဲ့ခြင်းလည်းမရှိ၊ ပြည်ပသို့သွားရောက်ခဲ့ခြင်းလည်းမရှိဘဲ ရောဂါကူးစက်မှု ဇစ်မြစ်မသိသော ကူးစက်ခံရသူ ၁၃ ဦးအထိရှိနေပါသည်။ ယင်းတို့ကိုကူးစက်ခဲ့သည့် လူများ၊ နေရာများထံမှ အခြားသူများကိုလည်း ဆက်လက်ကူးစက်နေနိုင်ခြင်းမှာ စိုးရိမ်စရာပင်ဖြစ်သည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကလည်း ပိုးတွေ့လူနာ ၅၇ ရာခိုင်နှုန်းသည် ရောဂါလက္ခဏာပြသခြင်းမရှိသဖြင့် ပြင်ပတွင်လည်း ရောဂါလက္ခဏာမပြဘဲ ပိုးကူးစက်ခံထားရသူများ ရှိနေနိုင်ကြောင်း ပြောကြားထားသည်။ ထို့ကြောင့်ရောဂါခြေရာခံခြင်းကို ယခုထက် ပိုမိုအရှိန်မြှင့်တင်ရန် လိုအပ်နေသေးသော အဓိပ္ပာယ်ပင်ဖြစ်သည်။

တတိယအချက်မှာ ထိုင်း၊ ကိုရီးယားအပါအဝင် ပြည်ပနိုင်ငံများမှ သောင်းနှင့်ချီသော မြန်မာများ ယခုရက်ပိုင်းတွင် ဆက်တိုက်ဝင်လာရန်ရှိနေသည်။ ယင်းတို့ထဲတွင် ပိုးကူးစက်ခံရသူများပါဝင်လာနိုင်သဖြင့် အသွားအလာ ကန့်သတ်စောင့်ကြည့်ခြင်း၊ ပိုးရှိ၊ မရှိ စစ်ဆေးခြင်းများကို စနစ်တကျလုပ်ကိုင်ရန်လိုအပ်ပါသည်။

စတုတ္ထအချက်သည် မိုးရာသီသို့ရောက်ရန် တစ်လခန့်သာလိုတော့ခြင်းဖြစ်သည်။ မိုးရာသီတွင် H1N1၊ သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးစသော ရောဂါပိုးများကြောင့်ပင် ပြည်သူများ ရတက်ပွေရလေ့ရှိရာ ကမ္ဘာ့ကပ်ရောဂါ COVID–19 ပါထပ်ပေါင်းလျှင် လာမည့်မိုးရာသီမှာဆိုဖွယ်မရှိတော့ပေ။ ထို့ကြောင့် မိုးမကျမီ နေရောင်ခြည်ကောင်းစွာရရှိသော ယခုမေလမှာပင် ကပ်ရောဂါကို ကောင်းစွာထိန်းချုပ်နိုင်ရေးမှာ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးနေသည်။

သို့သော် သတင်းကောင်းမှာ ထိုအခြေအနေများကို အစိုးရကလည်းသိပြီးဖြစ်ကာ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်မြှင့်ရန်ပြင်ဆင်နေသည်။ ပိုးရှိ၊မရှိစစ်ဆေးခြင်းတို့ကို ယခုထက်များစွာပိုလုပ်နိုင်ရန် အရေးကြီးလှပြီး ရောဂါပိုးရှိသူနှင့်ထိတွေ့သူ၊ စောင့်ကြည့်လူနာများအပြင် ပြည်ပမှပြန်ရောက်လာသူတိုင်းကို စစ်ဆေးနိုင်လျှင် ပိုကောင်းပါသည်။ အစိုးရက ပြည်သူများကိုလည်း ကျန်းမာရေးဝန်ကြီးဌာန လမ်းညွှန်ချက်များကို စနစ်တကျလိုက်နာရန် တိုက်တွန်းနေသည်။ မာယာများသော COVID–19 နှင့် စစ်ခင်းနေခြင်းမှာ အခြားနိုင်ငံများနည်းတူ ပွဲမပြီးသေး၍ ပြည်သူများက လုံးဝမပေါ့ဆဘဲ သတိကြီးစွာဖြင့် ကြိုတင်ကာကွယ်ကြရန် တိုက်တွန်းလိုက်ပါသည်။

**(မေလ ၄ ရက်ထုတ် 7Day Daily သတင်းစာမှ အယ်ဒီတာ့အာဘော်ဖြစ်ပါသည်။)**

အခြေအနေများကို ဝန်ကြီးဌာနအပါအဝင် အစိုးရက အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးနေသည့်အပေါ် အလေးထားလိုက်နာဆောင်ရွက်ကြစေလိုသည်ဟု ဒေါက်တာဝင်းသန္တာဖြူက ဆိုပါသည်။



*PPE ဝတ်စုံများ ချုပ်လုပ်မှုလုပ်ငန်းခွင်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**နေရပ်ပြန်များနှင့် ပြန်ဖွင့်မည့် စက်ရုံများ**

မိုးကာလမတိုင်မီ စိုးရိမ်စရာများလည်း ရှိသေးသည်။ ယခု မေလဆန်းကစ၍ နေရပ်ပြန်များ ပြန်လည်လက်ခံခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုတော့မည်ဖြစ်သည်။

ထိုင်းဘက်မှ ယခင်နေရပ်ပြန်လာသူ ငါးသောင်းကျော်ရှိသည်။ ထပ်ပြီး ပြန်လည်ဝင်ရောက်ရန် လုပ်သားသိန်းဂဏန်းထိရှိနိုင်ကြောင်းလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆိုထားသည်။

ထို့ကြောင့် ပြန်လာသူ လုပ်သားများထဲတွင်ပိုးရှိသူများလည်း ပါနိုင်ပြီး ထိုသူများကို အသွားအလာ ကန့်သတ်စောင့်ကြည့်မှုနှင့် ကျန်းမာရေး စစ်ဆေးခြင်းများကို စနစ်တကျ ပြုလုပ်နိုင်ရန် အရေးကြီးသည်ဟု ထောက်ပြသည်။

လက်ရှိတွင်မူ နေရပ်ပြန်လာသူ ၁၅၀ ကျော်ရှိနေပြီဖြစ်ပြီး ထိုင်းနိုင်ငံဘက်က ထုတ်ပြန်ထားသော အမိန့်များကြောင့် နေရပ်ပြန်အလုပ်သမားများ အလုံးအရင်းနှင့် ဝင်ရောက်မလာသေးပေ။

ထို နေရပ်ပြန်များအပြင် ယခုမေလဆန်းအတွင်း ကျန်းမာရေးစစ်ဆေးမှုခံယူပြီး ပြန်ဖွင့်မည့် စက်ရုံများလည်း ရှိလာမည်ဖြစ်သည်။ အသွားအလာ ကန့်သတ်ထားခြင်းမှ မြို့ပေါ်ရပ်ကွက်နှင့် လမ်းများပေါ်သို့လည်း ပြန်လည်ပေါ်ထွက်လာမည့်သူ များပြားလာမည်ကိုလည်းစိုးရိမ်နေသည်။

ဗိုလ်တထောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းက "ကျွန်တော်တို့လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲက ပြည်သူတွေ လမ်းပေါ်ထွက်မလာအောင်လုပ်ရတာဟာ အခက်ခဲဆုံးပဲ။ တချို့ဆို အပြင်ထွက်လို့ သတိပေးတာကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ အချေအတင်ဖြစ်လို့ ရုံးကိုခေါ်ရှင်းရတာတွေရှိတယ်"ဟု သူ့မြို့နယ်တွင်းအခြေအနေကို ပြောသည်။

ပြည်သူများအနေဖြင့် ကျန်းမာရေးအခြေအနေများအရ နေအိမ်အပြင်ဘက်မထွက်ဘဲ နေထိုင်ကြရသည့်အခါ စားဝတ်နေရေးအပါအဝင် အခြားသော လူမှုရေးဆိုင်ရာ အခက်အခဲများရှိကြမည်ဖြစ်သော်လည်း ယခုကာလကို အောင့်အည်းသည်းခံ၍ တတ်နိုင်သမျှ အိမ်ပြင်မထွက်ကြရန် ဦးစိန်သောင်းက မေတ္တာရပ်ခံလေသည်။

လတ်တလော ရင်ဆိုင်နေကြရသော COVID–19 ကူးစက်ရောဂါနှင့် နောက်ဆက်တွဲအကျိုးဆက်များမှာ မြန်မာပြည်သူများအတွက် မကြုံဖူးသေးသည့် ပြဿနာအသစ်တစ်ခုဖြစ်ပြီး ယင်းအခြေအနေကို ကျော်လွှားရန် အားလုံးပူးပေါင်းပါဝင်ကြဖို့လိုသည်ဟု တာဝန်ရှိသူများနှင့် ပညာရှင်များက ပြောသည်။

COVID–19 ထိန်းချုပ်ရေးတွင် လက်ရှိအထူးအလေးထားရမည့် ကိစ္စကြီးနှစ်ရပ်မှာ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအကြား ရောဂါမပြန့်ပွားရေးနှင့် နယ်စပ်မှပြန်လာမည့် အလုပ်သမားများအကြား ရောဂါမပြန့်ပွားရေးဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သတင်းစကားပါးသည်။

"ကျန်းမာရေးဝန်ကြီးဌာနက စက်ရုံ၊ အလုပ်ရုံတွေမှာ လိုက်နာရမယ့် စည်းကမ်း၊ စည်းမျဉ်းတွေ၊ ပြန်တော်ပြန်များနဲ့ သက်ဆိုင်တဲ့ အစီအစဉ်၊ စည်းကမ်းတွေကို သေသေချာချာထုတ်ပြန်ထားပါတယ်။ အားလုံးက တိတိကျကျ လိုက်နာမယ်ဆိုရင် ကျွန်မတို့ COVID ကို အောင်နိုင်မှာပါ"ဟု ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ရေးသားသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ပြည်တွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များကို ထုတ်ပြန်ထားပြီး မရှိမဖြစ်လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူအတွက် လိုအပ်သော လုပ်ငန်းများအဖြစ် မေလ ၃ ရက်တွင် ဖြည့်စွက်အသိပေး ထုတ်ပြန်ခဲ့သည်။

ထို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန အများစုသည် ပုံမှန်အတိုင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်ကြမည်ဖြစ်၍ ယင်းလုပ်ငန်းခွင်များနှင့် အလုပ်သမားများအကြား ရောဂါမပြန့်ပွားရေး ဂရုပြုအလေးထားရန် အတိုင်ပင်ခံပုဂ္ဂိုလ်က တိုက်တွန်းခြင်းဖြစ်သည်။

"ဒါကြောင့် ကျွန်မတို့ လုံးဝပေါ့လို့မဖြစ်ဘူးဆိုတာ ကြားရ၊ ဖတ်ရသူတွေ ငြီးငွေ့ရလောက်အောင်သတိပေးနေရတာပါ"ဟု ဒေါ်အောင်ဆန်းစုကြည်က သတိပေးလေသည်။

Opinion

# ရေလယ်ကောင်ကနေ လွတ်အောင်ပြေးကြ

**မောင်သာချို**




(တစ်)

ဗုဒ္ဓ၏ အဆုံးအမနှင့် လက်ပွန်းတတီးရှိသူများအဖို့ ကောသလမင်း၏ တစ်ဆယ့်ခြောက်ချက်သော အိပ်မက်များအကြောင်းကို ကြားဖူးနားဝရှိကြလိမ့်မည်ဟု ထင်ပါသည်။ အိပ်မက်ကို စနစ်တကျ သုတေသနပြုသူ ကမ္ဘာကျော်ပညာရှင် ဆစ်ဂမန် ဖရွိဒ် (Sigmund Freud)ကို ခဏထား၊ မြန်မာများ၏ မိရိုးဖလာယုံကြည်လက်ခံမှုများအရ အိပ်မက်ကြောင်းတရား လေးချက်ရှိသည်ဟု ဆိုပါသည်။

ရှေး၌ လေ့ကျက်ဖူး၍ အိပ်မက်မက်သည်တဲ့။ နိမိတ်ပြသည့်အနေနှင့် အိပ်မက်မက်သည်တဲ့။ နတ်တို့ လှည့်စား၍ အိပ်မက်မက်သည်တဲ့။ စိတ်ချောက်ချား၍ အိပ်မက်မက်သည်တဲ့။

သို့ဆိုပါက ဘုရားရှင်လက်ထက် ကောသလမင်း၏ အိပ်မက်တို့ကို နိမိတ်ပြသည့်အနေနှင့် မက်သော အိပ်မက်များဟု ဆိုရလိမ့်မည် ထင်ပါသည်။ ကောသလမင်း၏ အိပ်မက်တွေက နောင်ဖြစ်လာလတ္တံ့သော အနာဂတ်ကမ္ဘာကို ပုံဖော်ဟောကိန်းထုတ်ခဲ့သည့် အိပ်မက်တွေ မဟုတ်လား။

ကျေးဇူးရှင်ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသကပင်လျှင် 'ကောသလအိပ်မက်နှင့် ယနေ့ ကမ္ဘာ'ဟူ၍ တရားဒေသနာ ဟောကြားခဲ့ရသည့် အိပ်မက်များ။

အိပ်မက်ရှင် ကောသလမင်းက အိပ်မက်အလွန် နံနက်ခင်းတွင် သူ၏ပုရောဟိတ်များကို အိပ်မက်ကိစ္စ မိန့်ကြားရာ ထိုပုဂ္ဂိုလ်များက ယဇ်ပူဇော်ပြီး ယတြာချေဖို့ အကြံပေးခဲ့ပါသေးသည်။ နောင်တွင်မှ မိဖုရားကြီးက အကြံပြုသဖြင့် ဘုရားရှင်ထံ အဖူးမြော်ရောက်ကာ သူ၏ အိပ်မက် တစ်ဆယ့်ခြောက်ချက်ကို တင်လျှောက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက် ဘုရားရှင်၏ အနာဂတ်အတွက် အိပ်မက်ဖွင့်ဆိုချက်များ။

ဤတွင် ကျန်အိပ်မက်များကိုသာ အသာထား၍ အိပ်မက်အမှတ်စဉ် (၉)ကို ပြောကြားလိုခြင်းဖြစ်ပါသည်။

အိပ်မက်ထဲ၌ ရေကန်ကြီးတစ်ကန်။ ကြာငါးမည်ပွင့်လျက်။ သို့သော် ထူးထူးဆန်းဆန်း ရေကန်ကြီးသည် ရေလယ်တွင် နောက်ကျိညစ်ပတ်ကာ ရေစပ်တွင်မူ သန့်ရှင်းကြည်လင်လျက်။ အိပ်မက်အဓိပ္ပာယ်အဖွင့်က အနာဂတ်တွင် မြို့တွင်း၊ မြို့လယ် အချက်အချာကျသည့် ဒေသများသည် အခွန်အတုတ် အရှုပ်အထွေးများဖြင့် နေထိုင်၍ မကောင်းတော့ဘဲ မြို့ဆင်ခြေဖုံးဒေသများသည်သာ အေးအေးချမ်းချမ်း ကြည်ကြည်လင်လင် ပေါ့ပေါ့ပါးပါးဖြင့်နေ၍ စိတ်ချမ်းမြေ့ဖွယ် ဖြစ်လိမ့်မည်ဟူလို။

ယင်းကို လယ်တီပဏ္ဍိတ ဦးမောင်ကြီးက ရှစ်လုံးဖွဲ့ကဗျာဖြင့် ဤသို့ စပ်ဆိုခဲ့ပါသည်။

**"ကြာမျိုးငါးဝ၊**
**ပွင့်ကြရေကန်၊**
**ရေလည် နောက်လျက်၊**
**ကမ်းဖက်ကြည်ပြန်၊**
**မြို့တွင်း ပွေရှုပ်၊**
**ခွန်တုတ်တောင်းခံ၊**
**မြို့ပြင်ထွက်**
**ပြည့်နှက်စည်ကားရန်"ဟူ၍။**

(နှစ်)

အသင့်အတင့် ငွေကြေးသုံးစွဲနိုင်သူတို့ မြို့လယ်မှ ဝေးရာ (သို့မဟုတ်) မြို့ကြီးပြကြီးမှ ဝေးရာသို့ ပြေးခွာဖို့ ကြိုးစားနေခဲ့ကြသည်မှာ ကြာခဲ့ပါပြီ။ ကလော (သို့မဟုတ်) ပြင်ဦးလွင် (သို့မဟုတ်) ပင်လောင်း (သို့မဟုတ်) သန်လျင် (သို့မဟုတ်) အဝေးပြေးလမ်းမကြီးနံဘေး တစ်နေရာရာ (သို့မဟုတ်) ပင်လယ်ကမ်းစပ် အရပ်ဒေသတစ်ခုခု။ ရှုပ်ထွေးပေပွ ညစ်ပတ်နံစော် အော်ဂလီဆန်သည့် အချက်အချာနေရာတွေကို အလိုမရှိတော့။

ယခု COVID–19 ကဲ့သို့ ကမ္ဘာ့ကပ်ရောဂါကြီး ကျရောက်လာသောအခါ လူတွေ ပို၍ရှင်းလင်းရာ၊ ပို၍ကြည်လင်ရာ၊ ပို၍သံသယကင်းရာသို့ ပြေးရန် စိတ်ဇောတွေရှင်သန်လာပုံရပါသည်။ လူအထပ်ထပ်ကို အလိုမရှိတော့။ ကြက်ပျံမကျကို အားမကျတော့။ ခပ်ပါးပါး ခပ်ကျဲကျဲ ခပ်ဝေးဝေး လူမှုပုံစံ။

**ယခု COVID-19 ကဲ့သို့ ကမ္ဘာ့ကပ်ရောဂါကြီး ကျရောက်လာသောအခါ လူတွေ ပို၍ရှင်းလင်းရာ၊ ပို၍ကြည်လင်ရာ၊ ပို၍သံသယကင်းရာသို့ ပြေးရန် စိတ်ဇောတွေ ရှင်သန်လာပုံရပါသည်။ လူအထပ်ထပ်ကို အလိုမရှိတော့။ ကြက်ပျံမကျကို အားမကျတော့။ ခပ်ပါးပါး ခပ်ကျဲကျဲ ခပ်ဝေးဝေး လူမှုပုံစံ။**

America's Biggest Cities were Already Losing Their Allure တဲ့။ သတင်းတစ်ပုဒ်၏ ခေါင်းစီး။ အမေရိက၏ မြို့ကြီးပြကြီးများ၌ ညို့အားဆွဲအား ခန်းခြောက်ပြီးသွားခဲ့ပြီတဲ့။

Residents in big Cities Consider move to Less–demse Surburbs တဲ့။ အခြားသတင်းတစ်ပုဒ်၏ ခေါင်းစီး။ မြို့ကြီးနေတို့ လူနေကျဲပါးရာ ဆင်ခြေဖုံးသို့ရွှေ့ရန် စဉ်းစားပြီတဲ့။

People Seek Relocation to Surburbs due to Corona–virus တဲ့။ နောက်ထပ် သတင်းတစ်ပုဒ်၏ ခေါင်းစီး။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူတို့ ဆင်ခြေဖုံးမှာ နေရာပြန်ရှာပြီတဲ့။

Are Suburbs Safer From Coronavirus? တဲ့။ အခြားသောသတင်းတစ်ပုဒ်၏ ခေါင်းစီး။ ဆင်ခြေဖုံးဟာ ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်က ပိုပြီးလုံခြုံသလားတဲ့။

Coronavirus is making some people rethink where they want to Live တဲ့။ နောက်ထပ်သော သတင်းတစ်ပုဒ်၏ ခေါင်းစီး။ ကိုရိုနာဗိုင်းရပ်စ်က လူတချို့ကို ဘယ်မှာနေချင်သလဲဆိုတာ ပြန်တွေးဆစေသတဲ့။

Wealthy New Yorkers are Fleeing to the Suburbs တဲ့။ ယင်းသည်လည်း သတင်းတစ်ပုဒ်၏ ခေါင်းစီး။ နယူးယောက် လူချမ်းသာတို့ မြို့စွန်ကို ပြေးပြီတဲ့။

Coronavirus may cause shift to Suburbs like westport တဲ့။ ဤသည်လည်း သတင်းတစ်ပုဒ်၏ ခေါင်းစီး။ ကိုရိုနာဗိုင်းရပ်စ်က အနောက်ဘက်ကမ်းခြေလို အရပ်မျိုးကို လူတွေ ပြောင်းရွှေ့သွားစေလေသတဲ့။

အမေရိကန်နိုင်ငံ အိုကလာဟိုးမား (Oklahoma)တွင် အနီးဆုံး လေဆိပ်နှင့်ပင် ၆၅ မိုင်ဝေးသဖြင့် သူပိုင် ဧက ၂၅၀ ရှိသော ခြံကို မည်သို့လုပ်ရမလဲ မသိခဲ့သည့် ကိုင်ဆာ (Alexis Kaiser) ဆိုသည့် အမျိုးသမီး ယခု 'COVID –19 Safe House' ဟုဆိုကာ ကိုဗစ်ကင်းစင် သီရိဂေဟာဟူ၍ Online က ကြော်ငြာလိုက်ရာ ပေါက်သွားသည်ဟု ဆိုပါသည်။

ထို့အပြင် ကပ်ရောဂါဆိုးကြီးကို တွန်းလှန်ရုံမျှသာမဟုတ်၊ မိသားစု စိုးရိမ်သောကများ ကင်းစင်သွားဖို့ရာ အလှည့်အပြောင်းအဖြစ် ကျေးတောသို့ ကြွခဲ့ပါဟူ၍ 'Don't Just Hunker down to get through the pandemic, turn this frightening time into a family get–away in the country' ဆိုပြီး သူ၏ ကြော်ငြာကို နယူးယောက်၊ ဆန်ဖရန်စစ္စကို၊ ဆီယက်တဲလ်တို့၌ ကပ်ပစ်လိုက်ရာ သူ့ခြံက အလုပ်ဖြစ်သွားသည်။ လာရောက်တည်းခိုသူ၊ နေနားသူတွေ အပြည့်။

ဆိုလိုသည်မှာ လူတွေ အစွန်အဖျားသို့ ပြေးကြပြီဆိုခြင်းပင်။

(သုံး)

ရေကန်အလယ်တွင် ရေနောက်ပြီထင်၍ ရေကန်အစပ်သို့ ပြေးကြသည်။ လွတ်ပြီလား။

လူတို့၏ ကာမဂုဏ် အာရုံထွေပြားမှုများ၊ ပရမ်းပတာနေထိုင်ပြုမူတတ်သည့် အကျင့်ဆိုးများ၊ တစ်ယောက်ချင်း၏ အသိဉာဏ်ရေချိန်နည်းပါးမှုများ ကပ်ငြိလိုက်ပါနေသေးသမျှတော့ ဆင်ခြေဖုံးမကလို့ တောပိုင်း ဇနပုဒ်များကိုလွန်ကာ စကြဝဠာအဆုံးအထိ ပြေးစေဦးတော့ ဗိုင်းရပ်စ်ကို မျက်ခြည်ပြတ်နိုင်လိမ့်မည် မထင်ပါ။

တကယ်ပြေးရမှာက အဝိဇ္ဇာအမှောင်ထဲက လွတ်အောင် ဖြစ်ပါသည်။ အဝိဇ္ဇာကင်းလျှင် ကန်ရေပြင်တစ်ခုလုံး ကြည်လင်လာပါလိမ့်မည်။ ရေလယ်ရေစပ် ကြိုက်သည့်နေရာ၌ ခပ်ပေတော့ပဲ မဟုတ်ပါလား။ ။

**(စာရေးဆရာ မောင်သာချိုသည် ကဗျာ၊ ဝတ္ထုတို၊ ခရီးသွားစာပေ၊ လူမှုရေး၊ ပညာရေး၊ စာပေရေးရာ ဆောင်းပါးများရေးသားနေသူဖြစ်သည်)**

# ရောမကေရာဇ် မားကပ်စ်အော်ရီးလပ်စ်၏ ဒဿန ‘ဒိုင်ယာရီ’

ဒေါက်တာမြင့်ဇံ



CJ GUNTHER / EPA

**လွန်**ခဲ့တဲ့ နှစ်ပေါင်း ၁,၈၄၀ ကျော် (မျက်မှောက်ကာလ ၁၇ မတ် ၁၈၀) (17 March 180 Current Era)မှာ ရောမကေရာဇ်လည်းဖြစ်၊ များစွာသောကေရာဇ်တို့ထဲမှာ ဒဿနပညာရှင်တစ်ဦးအဖြစ်လည်း ထင်ရှားသူ Marcus Aurelius (26 April 121–17 March 180) (မျက်မှောက်ကာလ ၂၆ ဧပြီ ၁၂၁ – ၁၇ မတ် မျက်မှောက်ကာလ ၁၈၀) ဟာ ကွယ်လွန်ခဲ့ပါတယ်။

ဒဿနကို လေ့လာလိုက်စားသူများအနေနှင့် Marcus ရဲ့ အဓိကထင်ရှားရခြင်း အကြောင်းကတော့ သူရဲ့ဒိုင်ယာရီ (နောင်သူကွယ်လွန်ပြီးမှ အင်္ဂလိပ်ဘာသာပြန်အရ Meditations) ကြောင့်ပဲဖြစ်ပါတယ်။ ရာစုနှစ်ပေါင်းများစွာ ၁၈ ရာစုခန့်မှ အခုချိန်ထိ Meditations အင်္ဂလိပ်ဘာသာပြန် မူကွဲပေါင်းများစွာရှိပါတယ်။ အဲဒီအထဲမှာ Martin Hanmond (မာတင်ဟမ်မွန်)ဆိုသူ ဘာသာပြန်ပြီး ၂၀၀၆ ခုနှစ်မှာ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ဘာသာပြန်နှင့် ဒီအရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၆၀ ခန့်၊ ၁၈၆၂ ခုနှစ် George Long (ဂျော့လောင်း)ဆိုသူဘာသာပြန်ပြီး ပထမအကြိမ်ထုတ်ဝေခဲ့တဲ့ ဘာသာပြန်မူကွဲနှစ်မျိုးကို ကျွန်တော်ဖတ်ဖူးပါတယ်။ မာတင်ဟမ်မွန် (Martin Hanmond) ရဲ့ ဘာသာပြန်ဆိုမှုဟာ အောက်ခြေမှတ်စုများစွာနှင့် မှတ်ချက်ပြု ဖွင့်ဆိုရှင်းပြတဲ့အတွက်နှင့် အင်္ဂလိပ်ဘာသာပြန် အရေးအသားချောမွေ့တဲ့အတွက် သူ့ရဲ့ ဘာသာပြန်ဆိုမှုကို ဂျော့လောင်း (George Long)ဘာသာပြန်ဆိုမှုထက် ကျွန်တော်ပိုပြီး နှစ်ခြိုက်ပါတယ်။)

**Marcus သည် သူ၏ဒိုင်ယာရီကို ရှေးဟောင်း ဂရိဘာသာစကားနှင့် ရေးသားခဲ့ခြင်း၊ ကျန်စစ်သားမင်းသည် သူ၏‘ဒိုင်ယာရီ’ကို မွန်ဘာသာစကားနှင့် ရေးသားခဲ့သည်ဆိုသည့် လုပ်ဇာတ်အတွေး**

Marcus သည် သူ၏ ဒိုင်ယာရီနှင့် Meditations ဟု အမည်ကင်ပွန်းတပ်ခြင်း ခံရမည့် ဒဿနအတွေးအခေါ်တို့ကို ရှေးဟောင်း ဂရိဘာသာစကားတစ်မျိုးနှင့် ရေးသားခဲ့တယ်လို့ ဆိုပါတယ်။ Marcus ဟာ ရောမလူမျိုး (Latin) ဘာသာစကားနှင့် မရေးသားဘဲ ရှေးဟောင်းဂရိဘာသာစကားတစ်မျိုးနှင့် ရေးသားခဲ့ပါတယ်။ မြန်မာရာဇဝင်သမိုင်းထဲက ထုတ်နုတ်ပြီး အတွေးနယ်ချဲ့ (တကယ်မဟုတ်)ကြည့်လျှင် မြန်မာ(ဗမာ)ရှင်ဘုရင် ကျန်စစ်သားမင်း(‘ထီးလှိုင်ရှင်’) (မျက်မှောက်ကာလ ၁၀၃၀ မှ ၁၁၁၂/၁၁၁၃) ဟာ သူ့ရဲ့ ‘ဒိုင်ယာရီ’ကို မြန်မာဘာသာစကားနှင့်လည်း မရေး၊ ပါဠိဘာသာစကားနှင့်လည်း မရေးမူဘဲ မွန်ဘာသာစကားနှင့် ရေးသားခဲ့သလိုပါပဲ။ မြန်မာ (ဗမာ) ဘာသာစကားဟာ ကျန်စစ်သားမင်းကြီးရဲ့ မိခင်ဘာသာစကားဖြစ်လောက်ပါတယ်။ ကျန်စစ်မင်းကြီး (သို့မဟုတ်) သူ့ရဲ့ သားတော်တစ်ဦးဖြစ်တဲ့ ရာဇကုမာရ်ဟာ ကျောက်စာပေါင်းများစွာကို ရေးသား၊ ထွင်းထုခဲ့ပါတယ်။ ဒီကျောက်စာများထဲမှာ အထင်ရှားဆုံးဖြစ်တဲ့ ရာဇကုမာရ်ကျောက်စာကို မွန်၊ မြန်မာ၊ ပါဠိနှင့် ယခုအခါ လူမျိုးစုအရလည်းကောင်း၊ ဘာသာစကားအရလည်းကောင်း ပျောက်ကွယ်သွားပြီဖြစ်တဲ့ ပျူဘာသာစကားတို့နှင့် ရေးသား၊ ထွင်းထု၊ မှတ်တမ်းတင်ခဲ့ပါတယ်။

ကျွန်တော်တို့ နှောင်းလူများဟာ ကျန်စစ်မင်းကြီးအနေနှင့် အနည်းဆုံးတော့ ကနဦးက သူတစ်ဦးတည်းသာလျှင် ဖတ်ဖို့ဖြစ်တဲ့ ဒိုင်ယာရီ (သို့မဟုတ်) ‘နေ့စဉ်မှတ်တမ်း’ကို ရေးခဲ့၊ မရေးခဲ့ကို မသိရပါ။ ရောမကေရာဇ်မားကပ်စ်ကတော့ သူ့ရဲ့ Meditations လို့ အမည်တွင်မည့် ဒိုင်ယာရီကို သူ့မိခင်ဘာသာစကားဖြစ်လောက်တဲ့ လက်တင် (Latin) ဘာသာစကားနှင့် မရေးမူဘဲ ရှေးဟောင်းဂရိဘာသာစကားနှင့် ရေးသားခဲ့တာဟာ ကျန်စစ်သားမင်းကြီးဟာ ဒိုင်ယာရီရေးခဲ့လျှင် မြန်မာဘာသာစကား၊ ပါဠိဘာသာစကားတို့နှင့် မရေးဘဲ မွန်ဘာသာစကားနှင့် ရေးသကဲ့ဖြစ်သွားမယ်လို့ ကျွန်တော်အတွေးနယ်ချဲ့မိပါတယ်။ လက်တင်ဘာသာစကားဟာ ရှေးဟောင်း၊ အလယ်ခေတ်နှင့် မျက်မှောက်ခေတ် ခရစ်ယာန်ဘာသာရဲ့ အဓိကရည်ညွှန်းဘာသာစကား (Lingua Franca) ဖြစ်သလို ပါဠိဘာသာစကားဟာလည်း အရှေ့တောင်အာရှ ဗုဒ္ဓဘာသာရဲ့ အဓိကရည်ညွှန်း ဘာသာစကားဖြစ်ပါသည်။

ရောမကေရာဇ်ကြီး မားကပ်စ်ဟာ သူ့ရဲ့ မိခင်ဘာသာစကားဖြစ်တဲ့ လက်တင်ဘာသာစကားကို ‘ကောင်းကောင်းကြီး’ တတ်ကျွမ်းခဲ့တာ ဖြစ်လောက်ပေမယ့် ကျန်စစ်သားမင်းကြီးဟာ ပါဠိဘာသာစကား၊ မွန်ဘာသာစကားတို့ကို ဘယ်မျှအထိ တတ်ကျွမ်းတယ်ဆိုတာ ကျွန်တော်မသိပါ။ ဒီလို ရေးပြီးမှ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း ၁၉၅၆ခုနှစ်က လန်ဒန်တက္ကသိုလ်ရဲ့ ပါရဂူဘွဲ့(Ph.D)အတွက် တင်သွင်းခဲ့တဲ့ ‘History of Buddhism in Burma A.D 1000–1300’ ကျမ်း (4th Printing, January 2020, Seikku Cho Cho Publishing House, Page 12–14)မှာ ကျန်စစ်သားမင်းကြီးရဲ့ ကျောက်စာများကို အဓိကအားဖြင့် မွန်ဘာသာစကားဖြင့် ရေးထိုးခဲ့ပြီး နန်းသုံးဘာသာစကားသည်ပင် မွန်ဘာသာစကားဖြစ်ဖွယ်ရှိကြောင်း ရေးသားခဲ့တဲ့အတွက် ကျန်စစ်သားမင်းကြီးဟာ မွန်ဘာသာစကားကိုလည်း တတ်ကျွမ်းခဲ့ဟန်တူပါတယ်။ ရာဇကုမာရ်ကျောက်စာအပါအဝင် ပုဂံခေတ်ကထွင်းထုခဲ့တဲ့ ကျောက်စာများမှာ ပါဠိဘာသာစကားနှင့် ရေးသား၊ မှတ်ကျောက်တင်ခဲ့မှုများကို ဗုဒ္ဓဘာသာဘုန်းတော်ကြီးတို့က ရေးသားခဲ့တာ ဖြစ်လောက်ပါတယ်။ မွန်နှင့် ပျူဘာသာစကားတို့ဖြင့် ရာဇကုမာရ်ကျောက်စာမှာ မှတ်ကျောက်တင်ထားခဲ့တာကိုတော့ ယင်းဘာသာစကားများကျွမ်းကျင်သူ ‘နားခံတော်’များက ကူးယူ၊ ရေးသားခဲ့တာ ဖြစ်လောက်ပါတယ်။

ဗမာ (မြန်မာ) ယဉ်ကျေးမှုရဲ့ တစ်စိတ်တစ်ဒေသဟာ ပုဂံခေတ်က ပေါက္ကံပြည်ရဲ့ တောင်ပိုင်းမှာရှိတဲ့ ရာမညဒေသ(သို့မဟုတ်) သုဝဏ္ဏဘုမ္မိမှ ရရှိခဲ့တယ်လို့ ရာဇဝင်ဆရာ၊ သမိုင်းပညာရှင်အတော်များများက လက်ခံထားပါတယ်။ ခရစ်မပေါ်မီ (မျက်မှောက်ကာလမတိုင်မီ)နှင့် မျက်မှောက်ကာလ(Current Era)ရဲ့ အစောပိုင်းရာစုနှစ်များမှာ ရှေးဟောင်းရောမ (Ancient Rome) ဟာ စစ်ရေးအားဖြင့် ရှေးဟောင်းဂရိ (Ancient Greece) ထက် ပိုမိုအင်အားကောင်းတယ်လို့ ယူဆနိုင်သလို မျက်မှောက်ကာလ ၁၁ ရာစု အလယ်ပိုင်းခန့်က ပေါက္ကံပြည်မှ ဗမာများဟာ မွန်တို့ထက် စစ်ရေးအင်အားသာတယ်လို့ ယူဆနိုင်ကောင်းရဲ့။ သို့သော်လည်းပဲ ဗမာတို့ဟာ ညီရင်းအစ်ကိုဖြစ်ကြတဲ့ မွန်လူမျိုးများထံမှ ယဉ်ကျေးမှုတစ်စိတ်တစ်ဒေသကို ရရှိခဲ့တဲ့အတွက် မွန်ယဉ်ကျေးမှုရဲ့ မြန်မာ့သမိုင်းမှာ အရေးပါပုံကို အသိအမှတ်ပြုရပေမယ်။

**Marcus ရဲ့ Meditations နှင့် အနောက်တိုင်း ဒဿနကျမ်းအချို့ကို နှိုင်းယှဉ်တင်ပြခြင်း**

Marcus ဟာ သူ့ရဲ့ ဒိုင်ယာရီကို ‘ပုံနှိပ်ထုတ်ဝေ’ ရန် (သို့မဟုတ်) အများသူငှာ ဖတ်ရှုစေရန် ရည်ရွယ်ခဲ့ပုံမရပါ။ တချို့အကိုးအကားများက ကေရာဇ်ကြီးဟာ ‘ဒိုင်ယာရီ’ကို ‘သူသေပြီး/ နတ်ရွာစံ’ ပြီးလျှင် ဖျက်ဆီးပစ်ဖို့ ညွှန်ကြားခဲ့တယ်လို့ ဆိုပါတယ်။ ဒီအဆိုဟာ မှန်တယ်ဆိုရင်တော့ နှောင်းလူ၊ နောင်လာနောင်သားများဟာ ကေရာဇ်ကြီးရဲ့ အမိန့်ကို မနာခံ(မနာခံ)ခဲ့သူများကို ကျေးဇူးတင်ရပါမယ်။

Marcus Aurelius ရဲ့ Meditations ကို အသိပညာပိုင်းဆိုင်ရာ ကိုယ်ရေးအတ္ထုပ္ပတ္တိ (Intellectual Biography)လို့ ခေါ်နိုင်တဲ့ ကျမ်းတစ်ကျမ်းနှင့် နှိုင်းယှဉ်တင်ပြလိုပါတယ်။ အဲဒီကျမ်းကတော့ Marcus ရဲ့ Meditations လိုမဟုတ်ဘဲ အများသူငါဖတ်ရှုစေရန် ကနဦးကတည်းက ရည်ရွယ်ခဲ့ဟန်တူပါတယ်။ အလယ်ခေတ် ခရစ်ယာန်အတွေးခေါ်ရှင် စိန့်ဩဂုတ်စ်စတင်း Saint Augustine (၁၃ နိုဝင်ဘာ ၃၅၄–၃၀ ဩဂုတ်လ ၄၃၀)ဟာ ‘အပြစ်ရှိသူတစ်ဦး၏ (ထာဝရဘုရားသခင် အထံတော်သို့) ဖွင့်ဟဝန်ခံချက်များ (Confessions of a Sinner)’ရေးခဲ့တယ်။ ဒီကျမ်းကို ဩဂုတ်စ်စတင်းဟာ လက်တင်ဘာသာစကားနှင့် ရေးသားခဲ့တာဖြစ်ပါတယ်။ (ယခင်က စိန့်ဩဂုတ်စ်စတင်းကျောင်းလို့ အမည်နာမတွင်ခဲ့တဲ့ ကျောင်းဟာ ယခုအခါ ရန်ကုန်မြို့ရှိ ကမာရွတ် အထက(၂) ဖြစ်ပါတယ်။ (ကျွန်တော်ဖတ်ဖူးတဲ့ အင်္ဂလိပ်ဘာသာပြန်ကို ကွယ်လွန်သူ R.S Pine-Coffin ကဘာသာပြန်ခဲ့တာဖြစ်ပြီး ၁၉၆၁ ခုနှစ်က ပထမအကြိမ်ထုတ်ဝေခဲ့တာဖြစ်ပါတယ်။)

ဩဂုတ်စ်စတင်းဟာ သူ့ရဲ့ Confessions ကို သူ့အသက်(၄၃) နှစ် (မျက်မှောက်ကာလ ၃၉၇ ခုနှစ်)ခန့်မှာ စတင်ရေးသားခဲ့ပြီး Marcus တော့ သူ့ရဲ့ ‘မိမိထံသို့ မှတ်ချက်များ’ (Notes to Himself) ကို စတင်ရေးသားတုန်းက မျက်မှောက်ကာလ ၁၇၀ ခုနှစ်က အသက်(၄၈)နှစ်ခန့် ရှိပြီလို့ ဆိုပါတယ်။

စာမျက်နှာ ၂၄ »

# Opinion

စာမျက်နှာ ၂၃ မှ

## ရောမဧကရာဇ် မားကပ်စ်အော်ရီးလပ်စ်၏ ဒဿန 'ဒိုင်ယာရီ'

Augustine ရဲ့ ဖွင့်ဆိုဝန်ခံချက်များဟာ ဤဆောင်းပါးရေးသူကို နှစ်ခြိုက်တဲ့သဘောအနေနှင့်ရော မနှစ်ခြိုက်တဲ့သဘောအနေနှင့်ပါ လှုံ့ဆော်ခဲ့ပါတယ်။ Augustine ရဲ့ ဖွင့်ဆိုဝန်ခံမှုတချို့၊ ခံစားမှုတချို့ဟာ စူးရှပြင်းထန်ပေမယ့် ကျွန်တော့်အနေနှင့် အင်္ဂလိပ် ဘာသာပြန်များမှတစ်ဆင့် ဖတ်ရှုရတဲ့ Marcus ရဲ့ Meditations ကို Augustine ရဲ့ Confessions ထက် နှစ်ခြိုက်ပါတယ်။ Meditations ကို ရှေးဟောင်း ဂရိဘာသာစကားတစ်မျိုးမှ မျက်မှောက်ကာလ ၁၅၅၈ လက်တင်ဘာသာပြန်သို့ ပြန်ဆိုခဲ့ပြီး မျက်မှောက်ကာလ ၁၆၃၄ မှာ Meric Casaubom ဆိုသူက အင်္ဂလိပ်ဘာသာသို့ ပထမအကြိမ် ဘာသာပြန်ဆိုခဲ့တယ်လို့ အင်တာနက် ဝက်ဘ်ဆိုက်ပါ ဆောင်းပါးများက ဆိုပါတယ်။

ကျွန်တော့်အတွက်တော့ Meditations ပါ မှတ်ချက်များဟာ အနည်းဆုံးတော့ တချို့သော မှတ်ချက်များဟာ အသိဉာဏ်တိုးဖွယ်လည်းကောင်း စိတ်ပိုင်းဆိုင်ရာ ဖြေသိမ့်မှုအချို့ကိုလည်းကောင်း၊ တစ်စုံတစ်ခုသောအတိုင်းအတာအထိ ပေးနိုင်၊ ရယူနိုင်တဲ့စာသားများ၊ မှတ်ချက်များဖြစ်ပါတယ်။

ဤဆောင်းပါးရေးသူဟာ Marcus Aurelius ကို အကြွင်းမဲ့ ချီးမွမ်းထောမနာ မပြုလိုပါဘူး။ သို့သော်လည်း များစွာသော ချီးမွမ်းမှုများကို သူ့ရဲ့ Meditations ပါ ရေးသားချက်များကိုသာအခြေခံပြီး ပြုလုပ်လိုပါတယ်။ ကျွန်တော်ဟာ Meditations ကို သူ့




*မားကပ်စ်၏စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ၁၇၉၂ ခုနှစ်တွင် ပထမဆုံးဘာသာပြန်သောစာအုပ်*

အရင် နှစ်ပေါင်း ၄၀၀ ကျော်ခန့်က ရေးသားမှတ်တမ်းတင်ထားခဲ့တဲ့ အနောက်တိုင်းဒဿနပညာရဲ့ ဖခင်ကြီးလို့ခေါ်တဲ့ ပလေတို (ဆရာဇော်ဂျီ မြန်မာမှုပြု၊ အသံဖလှယ်မှုအရ 'ပလေးတိုး')ရဲ့ 'ချေပကထာ' (Apology)၊ နိုင်ငံရေးအရ ကျေနပ်ဖွယ်လုံးဝမကောင်းတဲ့ 'ခရီတော်ကကာ' (Crito)နှင့် တချို့သောနေရာတို့မှာ အနည်းငယ် ရယ်သွမ်းသွေးဖွယ်ကောင်း၊ စိတ္တဇနည်းနည်းဆန်တဲ့ 'ဖီဒေါ်ကထာ' (Phaedo)ပါ တမလွန်အကြောင်း ရှည်လျားစွာဆွေးနွေးထားတဲ့ ကထာတွေထက် မားကပ်စ်ရဲ့ Meditations ကို ပိုပြီး နှစ်ခြိုက်ပါတယ်။ (ဆရာဇော်ဂျီဟာ ၁၉၆၉ ခုနှစ်က ပထမအကြိမ်ထုတ်ဝေခဲ့တဲ့ 'ပလေးတိုးနိဒါန်း' မှာ Apology ကို Benjamin Jowett ရဲ့ အင်္ဂလိပ်ဘာသာပြန်မှတစ်ဆင့် တစ်စိတ်တစ်ဒေသ ဘာသာပြန်ထားပါတယ်။ Crito ကိုတော့ အပြည့်အစုံ ဘာသာပြန်ထားတယ်ထင်ပါတယ်။ အင်္ဂလိပ်ဘာသာပြန်အရ စာလုံးရေအနည်းဆုံး တစ်သောင်းငါးထောင်ခန့်ရှိမယ့် Phaedo ကထာပါ နောက်ဆုံးစာလုံးရေ တစ်ထောင့်ငါးရာခန့်ကိုသာ ဆရာဇော်ဂျီဟာ ဘာသာပြန်ထားပါတယ်။)

Marcus Aurelius ကွယ်လွန်ပြီး ရာစုနှစ်ပေါင်းများစွာမှ ပေါ်ပေါက်လာတဲ့ စာစု (သို့မဟုတ်) စာအုပ်နှစ်အုပ်အကြောင်းကို စိုးစဉ်းမျှသာ ဖော်ပြပြီး Marcus ရဲ့ Meditations နှင့် အနည်းငယ် နှိုင်းယှဉ်တင်ပြလိုပါတယ်။ ပထမစာစုက ခရစ်ယာန်တွေးခေါ်ရှင်လည်းဖြစ်၊ သိပ္ပံပညာရှင် တစ်ဦးလည်းဖြစ်တဲ့ Blaise Pascal (ဘလေ့စ်ပတ်စ်ကယ်) (၁၉ ဇွန် ၁၆၂၃–၁၉ ဩဂုတ်လ ၁၆၆၂)ရဲ့ ကျမ်းတစ်စောင်ဖြစ်တဲ့ ပြင်သစ်ဘာသာစကားနှင့် မူရင်းရေးထားတဲ့ Pensees (ပွန်းစေ) အင်္ဂလိပ်ဘာသာပြန် 'အတွေးများ' စာအုပ်နှင့် နှိုင်းယှဉ်ပြလိုပါတယ်။ ပါစကယ်ရဲ့ စာအုပ်ဟာလည်း ပါစကယ် ကွယ်လွန်ပြီးမှ ပုံနှိပ်ထုတ်ဝေခဲ့တာပါ။ ပါစကယ် ကွယ်လွန်ပြီး ရှစ်နှစ်အကြာ ပါစကယ် ရေးသားခဲ့တဲ့ ခရစ်ယာန်ဘာသာရေးရှုထောင့်မှ ခုခံချေပထားတဲ့ကျမ်း Pensees ကို ပုံနှိပ်ထုတ်ဝေခဲ့တာဖြစ်ပါတယ်။ Marcus Aurelius ရဲ့ Meditations ကို ရှေးဟောင်းဂရိဘာသာစကားတစ်မျိုးမှ လက်တင်ဘာသာဖြင့် ပြန်ဆိုထုတ်ဝေမှုဟာ Marcus ကွယ်လွန်ပြီး နှစ်ပေါင်း ၁၃၅၈ နှစ်အကြာ မျက်မှောက်ကာလ ၁၅၅၈ ခုနှစ်မှာ ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့တာဖြစ်ပြီး အစောဦးပိုင်း အင်္ဂလိပ်ဘာသာပြန်ကို ၁၇၉၂ ခုနှစ်က ပြန်ဆိုခဲ့တာ ဖြစ်ပါတယ်။ မားကပ်စ်ကွယ်လွန်ပြီး မျက်မှောက်ကာလ ၁၈၀ ခုနှစ်မှစ၍ ရေတွက်လျှင် နှစ်ပေါင်း ၁၇၅၂ အကြာမှာ စိတ်သရုပ်ခွဲ ပညာရှင်ကြီး Sigmund Freud (ဆစ်ဂမန်ဖရိုက်) (၆ မေ ၁၈၅၆–၂၃ စက်တင်ဘာ၊ ၁၉၃၉)ဟာ Civilization and its Discontents ယဉ်ကျေးမှုနှင့် သူ၏ မရောင့်ရဲမှုများ မူရင်းဂျာမန်ဘာသာစကားနှင့် ရေးသားထားတဲ့စာအုပ်ကို ၁၉၃၀ ခုနှစ်က ထုတ်ဝေခဲ့ပါတယ်။

ကျွန်တော်ရဲ့ (ဘက်လိုက်တယ်ပဲဆိုပါတော့) အမြင်အရ Pascal နှင့် Freud တို့ရဲ့ စာအုပ်များက မားကပ်စ်ရဲ့ Meditations ထက်စာရင် ဖျော့တော့တော့ရှိတဲ့ အတွေးအခေါ်များပါပဲ။ 'ဖျော့တော့တော့' မဟုတ်လျှင်ပင် ကွယ်လွန်သူ ဆရာဇန်းမော်တင်အောင် (၉ ဇွန် ၁၉၂၀ –၂၃ အောက်တိုဘာ ၁၉၇၈)ရဲ့ စာအုပ်များမှာ သုံးလေ့ရှိတဲ့စကားရပ်ကို ရည်ညွှန်းသုံးစွဲရလျှင် မားကပ်စ်ရဲ့ မျက်မှောက်ကာလ ဒုတိယရာစု (2nd Century Current Era) မှာ ရေးခဲ့တဲ့ Meditations ဟာ ၁၇ ရာစု နှောင်းပိုင်းနှင့် ၂၀ ရာစု အစောပိုင်းက Pascal နှင့် Freud တို့ရဲ့ အတွေးအခေါ်များ/မှတ်ချက်များထက် 'ခေါင်းတစ်လုံးသာ' ပါတယ်။

Pascal ရဲ့ Pensees ဟာ Augustine ရဲ့ Confessions လိုပဲ တချို့နေရာတွေမှာ ဝါဒရေးရာ ပြင်းထန်စူးရှတဲ့ အရေးအသားများ ပါဝင်ပါတယ်။ အငြင်းပွားဖွယ် ဘာသာရေးအယူအဆများကို တစိုက်မတ်မတ်နှင့် ငြင်းဆို၊ အတည်ပြုတင်ပြချက်များ ပါဝင်ပါတယ်။ ကျွန်တော်ဟာ Pensees အင်္ဂလိပ်ဘာသာပြန်ကို ၁၉၈၃ ခုနှစ် ဇူလိုင်လခန့်က အမေရိကန်ပြည်ထောင်စု လော့စ်အန်ဂျလိစ်မြို့အနီးမှာ ဖတ်ရှုခဲ့ပြီး ၁၀ ရက်ခန့် အတွင်းမှာပဲ ဆရာတော် အရှင်ဇနကာဘိဝံသရဲ့ အနာဂတ်သာသနာကို ဖတ်ရှုခဲ့ပါတယ်။

စာမျက်နှာ ၂၈ >>

7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

အယ်ဒီတာချုပ် – အားမာန်
အကြံပေး – ရဲနိုင်မိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ – စောစည်သူမိုး
အမှုဆောင် အယ်ဒီတာ – မေဝင်းမွန်
အကြီးတန်း အယ်ဒီတာ – ဗိုလ်ဗိုလ်ဝင်း
စာပြင်အယ်ဒီတာ – ချမ်းငြိမ်း
အယ်ဒီတာ – မေဇင်ဝင်း၊ ဟေမာန်ညီညီ၊ ငြိမ်းချမ်း၊ သက်ဦးမွန်
ဘာသာပြန် အယ်ဒီတာ – ရဲမင်း
သတင်းထောက်ချုပ် – အောင်ခိုင်၊ အောင်သစ်လွင်၊ ပြည်သိမ်း(စီးပွားရေး)
လက်ထောက် ကော်ပီ အယ်ဒီတာ – သန်းငွေ
ဒုတိယ သတင်းထောက်ချုပ် – အောင်ဇော်ထွန်း၊ ညီညီဇော်၊ ထက်အာကာကျော်
ဘာသာပြန် အကြီးတန်းသတင်းထောက် – ကျော်သူမောင်၊ မြတ်ကိုနိုင်၊ ကျော်ဝင်း၊ မိုးမင်း၊ ဖွဲ့ဉာဏ်၊ ခိုင်ခိုင်စိုး၊ ဆုဆက်၊ ထွန်းထွန်းမင်း၊ နိုင်လင်း
သတင်းထောက်များ – ယမင်း၊ ရဲနိုင်၊ ပိုင်စိုးသူ၊ ဝဏ္ဏအောင်၊ လင်းဟိန်း၊ ရွှေဘုတ်၊ အောင်ရဲကို
အငယ်တန်းသတင်းထောက် – စိုင်းကိုကိုထွန်း၊ သက်အောင်၊ ခွန်ယံ
မန္တလေးသတင်းထောက် – ထက်သာဦး၊ စည်သူလင်း
အကြီးတန်းဓာတ်ပုံသတင်းထောက် – ဂျေမောင်မောင်(အမရပူရ)
ဓာတ်ပုံသတင်းထောက် – ကျော်ဇင်သန်း၊ နစ်ကီ
နယ်သတင်းထောက် – မျိုးမင်းဦး၊ မောင်ကံ၊ ဂျွန်ချစ်ငြိမ်း၊ သက်ဆွေ၊ မိုးကျော်၊ လင်းသက်နိုင်
စာပြင် – သီသီအောင်၊ ကျော်စွာဝင်း၊ ကျော်နိုင်ကျော်မိုးအောင်
အကြီးတန်းဒီဇိုင်နာ – ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်
ဒီဇိုင်နာ – နွယ်မွန်ဖြိုး၊ နိုင်လင်းထွန်း၊ ဇော်ဝင်းအောင်၊ သက်ပိုင်ငွေး၊ နေဝင်းလှိုင်
ကွန်ပျူတာစာစီ – ကေသီမိုး၊ မင်းထက်ကို၊ ဇင်ထက်၊ စန်းစန်း၊ အောင်ကို

7DAY DIGITAL
7DayDaily.com | fb.com/7DayNews | fb.com/7DayOnlineTV

အယ်ဒီတာချုပ် – ငြိမ်းငြိမ်းနိုင်
အကြီးတန်း အယ်ဒီတာ – အိဖြူလွင်
အယ်ဒီတာ – ရန်မျိုးနိုင်
ဘာသာပြန်အယ်ဒီတာ – ဖွဲ့ရဲဝင့်
Moderator – ထိုက်ယဉ်အောင်၊ သူဇာဖြိုးကိုကို
ဗီဒီယိုအယ်ဒီတာ – ထက်ပိုင်၊ ကျော်ခန့်၊ မေဝသန်မိုး
ကင်မရာ – အောင်မျိုးထွန်း၊ ကျော်ဇင်ထွန်း၊ နေဝန်းဦး၊ ထက်အာကာ
ဗီဒီယိုသတင်းထောက် – အေးမြတ်၊ အိမ့်မြတ်နိုးဇော်၊ ယဉ်မွန်၊ စောအောင်မင်းဦး၊ မိုးညို၊ အောင်ကျော်ထွန်း၊ ဖြိုးဖြိုးဇော်
News Anchor – တင်နှင်းယု

အကြီးတန်းသုတေသန – နှင်းနုထွေး
သရုပ်ဖော် – စိုးသော်တာ၊ ဝလုံး
ပုံတူပန်းချီ – ဇော်မောင်
ဘဏ္ဍာရေး – ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ပိုးအိဇာ၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ်၊ သီရိဝေဖြိုး
ကြော်ငြာတာဝန်ခံ – လင်းလင်းဦး၊ ဆုရည်လွင်၊ ခိုင်မီမီကို၊ စန်းမြတ်သီတာ
ရောင်းဈေး – ၄၅၀ ကျပ်
ထုတ်ဝေသူ – ဦးမျိုးလှိုင်အောင် (၀၁၀၅၆) ၄၉၇၊ ဂီ–၁၂၊ ပြည်လမ်း၊ ကမာရွတ်။
ပုံနှိပ် – 7Day Press (၀၀၄၅၈) ၂၈၉–၂၉၁၊ စက်မှုဇုန်လမ်းကြီး။

7Day Daily သတင်းစာတိုက် - Diamond Center Building (E)၊ ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁ ၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃ ၂၂၄၅၄၁။ ဖက်စ် - ၅၁၃၅၁၉
Mandalay Office - အမှတ် -၅၇/၂၇၊ ၃၅ လမ်း၊ ၃၆ လမ်းကြား၊ ၇၇/၇၈ လမ်းကြား၊ သီရိမင်္ဂလာလမ်းသွယ်၊ မဟာအောင်မြေ မြို့နယ်၊ မန္တလေးမြို့။
ဖုန်း- ၀၉-၄၃၀၁၀၇၄၇၊ ၀၉-၄၀၂၆၀၇၇၇
Website : https:/7day.news
E-mail : editor@7daynewsjournal.com
Hotline : 0973032006



*ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးကို ကျန်းမာရေးဝန်ထမ်းများက ဆေးရုံသို့ ခေါ်ဆောင်လာစဉ်*

CHUNG SUNG-JUN / AFP

# "ဆားစ်ရောဂါနဲ့ ကြက်ငှက်တုပ်ကွေးအပြီး ခဏလောက်စိုးရိမ်ခဲ့ကြတဲ့အပြီးမှာ ကမ္ဘာ့ကပ်ရောဂါအန္တရာယ်ကို ကျွန်တော်တို့အားလုံး မေ့ပစ်ခဲ့ကြတယ်"

## ဆေးဘက်ဆိုင်ရာ သမိုင်းပညာရှင် ဖရန့်ခ်စနိုးဒန်နှင့်တွေ့ဆုံခြင်း

ကျော်သူမောင်

ဖရန့်ခ်စနိုးဒန် (၇၃)နှစ်ဟာ ယေးလ်တက္ကသိုလ်က ဆေးဘက်ဆိုင်ရာ သမိုင်းပါမောက္ခတစ်ယောက်ဖြစ်ပြီး 'Epidemics and Society: From the Black Death to Present' စာအုပ်ကို ရေးသားသူဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ခန့်က သူဟာ ရောမမြို့မှာ သုတေသနလုပ်နေရင်း အဲဒီမှာ ကာလဝမ်းရောဂါ ပျံ့နှံ့တဲ့ကာလအတွင်း နေထိုင်ခဲ့ပြီး အခုတစ်ခါ သုတေသနခရီးစဉ်တစ်ခုနဲ့ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် အဲဒီအီတလီနိုင်ငံရဲ့ မြို့တော်မှာ သူဟာ သောင်တင်နေပြန်ပါတယ်။ သမိုင်းပညာရှင်ကြီးဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရပေမယ့် ပြီးခဲ့တဲ့ တနင်္လာနေ့က DER SPIEGEL သတင်းဌာနက သူနဲ့တွေ့ဆုံမေးမြန်းချိန်မှာတော့ သူနေကောင်းနေပါပြီ။ ဒါပေမဲ့လည်း ရောဂါခြေချုပ်နေထိုင်နေရဆဲဖြစ်ပါတယ်။

သူက ဒီကနေ့ခေတ် ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါနဲ့ အတိတ်က ရောဂါပျံ့နှံ့မှုတွေ ဆင်တူနေပုံကို ဆွေးနွေးထားပြီး ဒီကနေ့ခေတ် လေ့လာသိရှိတဲ့ သင်ခန်းစာတွေကို နောက်လာမယ့် ရောဂါတွေအတွက် ကြိုတင်ပြင်ဆင်ရာမှာ မြန်မြန်ဆန်ဆန် အသုံးချရမယ်လို့ သူက ပြောပါတယ်။

**လွန်ခဲ့တဲ့ နှစ်တွေအများကြီးက ဆားစ်ရောဂါဟာ နောက်ဖြစ်လာမယ့် တကယ်ဆိုးရွားတဲ့ ကမ္ဘာ့ကပ်ရောဂါတစ်ခု၊ ပိုကြီးမားတဲ့ ပြဿနာတစ်ခုခုအတွက် စမ်းသပ်မှုပဲဖြစ်တယ်လို့ ခင်ဗျား သတိပေးခဲ့ပါတယ်။ SARS-CoV-2 လို ရောဂါပိုးတစ်မျိုးအကြောင်း စဉ်းစားပြီးတော့ သတိပေးခဲ့တာလား။**

အို...ဟုတ်တာပေါ့။ အတိအကျပါပဲ။ ပြီးတော့ ဒီလို အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်တစ်မျိုးနဲ့ ကမ္ဘာ့ကပ်ရောဂါတစ်ခု ဖြစ်လာမယ်လို့ မျှော်လင့်ခဲ့တာဟာ ကျွန်တော် တစ်ယောက်တည်းမဟုတ်ပါဘူး။ ဗိုင်းရပ်စ်ကျွမ်းကျင်သူတွေနဲ့ ကပ်ရောဂါပညာရှင်တွေက အထပ်ထပ်သတိပေးခဲ့ကြပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် တကယ်မေးမိတယ်။ "မင်းဘယ်လောက်တောင် မမြင်မကန်းဖြစ်နိုင်လဲ" လို့။ ဘယ်သူသိနိုင်ခဲ့မှာလဲလို့ ဒေါ်နယ်ထရန့်က အခုမေးနေချိန်မှာ ကျွန်တော့်ရဲ့ အဖြေကတော့ လူတိုင်းပဲ ဖြစ်ပါတယ်။

**အဲဒီသတင်းစကားကို ဘာကြောင့် မကြားခဲ့ကြတာလဲ။**

ကျိန်စာတိုက်ခံထားရတဲ့ ပရောဖိတ်တစ်ယောက်ရဲ့ ဟောကိန်းကို မယုံကြည်ကြသလိုပေါ့။ အမေရိကန်က ကူးစက်ရောဂါတွေနဲ့ ဓာတ်မတည့်မှုဆိုင်ရာ အမျိုးသားအဖွဲ့အစည်းရဲ့ ညွှန်ကြားရေးမှူး အန်တိုနီဖော်စီက အဲဒီအခြေအနေကို ပထဝီအနေအထားအလိုက် ၂၀၁၆ က ရှင်းပြခဲ့ပါတယ်။ ကာရစ်ဘီယံဒေသမှာ နေတဲ့ လူတွေဟာ ဟာရီကိန်းမုန်တိုင်းတစ်ခု မလွဲမသွေရောက်လာမယ်လို့ ရာသီဥတုသိပ္ပံပညာရှင်တွေက ပြောလိမ့်မယ်။ အဲဒီ ဟာရီကိန်းဟာ ဘယ်လောက်အားပြင်းမယ်ဆိုတာကို၊ ဘယ်နေ့ ဘယ်ရက်ရောက်လာမယ်ဆိုတာကို သူတို့ မပြောနိုင်ပေမယ့် အဲဒါအတွက် ကြိုတင်ပြင်ဆင်ထားဖို့က အရမ်းအရေးကြီးပါတယ်။ အဲဒါဟာ ကမ္ဘာ့ကပ်ရောဂါတစ်ခုအတွက်လည်း လုံးဝအတူတူပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ ဘာလုပ်ခဲ့ကြလဲ။ ဆားစ်ရောဂါနဲ့ ကြက်ငှက်တုပ်ကွေးအပြီး ခဏလောက်စိုးရိမ်ခဲ့ကြတဲ့အပြီးမှာ ကမ္ဘာ့ကပ်ရောဂါအန္တရာယ်အကြောင်းကို ကျွန်တော်တို့အားလုံး မေ့ပစ်လိုက်ကြတယ်။ ဒါကြောင့် အခုကာလမှာ ဥရောပသမဂ္ဂမှာ ကမ္ဘာ့ကပ်ရောဂါနဲ့ပတ်သက်လို့ ဘုံမူဝါဒတွေ မရှိတာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ကို ရန်ပုံငွေလျှော့ပေးနေတာ။ ပြီးတော့ ပြီးတော့ ကျွန်တော်တို့မှာ ဆေးရုံတွေရဲ့ စွမ်းပကားတွေ မြင့်တက်လာတာမျိုးမရှိဘူး။



*ဖရန့်ခ်စနိုးဒန်*

**တချို့က ဒီကိုရိုနာဗိုင်းရပ်စ်ကို Bubonic Plague လို့ခေါ်တဲ့ ဘင်ထွက်ပလိပ်ရောဂါနဲ့ နှိုင်းယှဉ်ထားကြပါတယ်။ ဒါပေမဲ့ အဲဒီလို တကယ်ဆိုးရွားပြီး ရာစုနှစ်တွေကြာအောင်ဥရောပမှာလူသေဆုံးစေခဲ့တဲ့ ရောဂါအကြောင်း ဖတ်ကြည့်ချိန်မှာ အနောက်ဥရောပဒေသတွေမှာ အတော်လေး သက်သာရတယ်လို့ ခံစားရတယ် မထင်မိဘူးလား။**

(ရယ်လျက်) အဲဒီလို စိတ်ဖြေတာ ကောင်းပါတယ်။ ကျွန်တော်လည်း အဲဒီလိုပဲ စိတ်ဖြေပါမယ်။ COVID-19 နဲ့ပတ်သက်လို့ ကျွန်တော် အရမ်းလေးလေးနက်နက် သဘောထားပေမယ့် ဒါကို

**စာမျက်နှာ ၂၆ >>**

# International

စာမျက်နှာ ၂၅ မှ

## ဆေးဘက်ဆိုင်ရာ သမိုင်းပညာရှင် ဖရန့်ခ်စနိုးဒန်နှင့်တွေ့ဆုံခြင်း

ဘင်ထွက်ပလိပ်ရောဂါနဲ့ နှိုင်းမယှဉ်သင့်ဘူးလို့ ကျွန်တော်ထင်တယ်။ အဲဒီပလိပ်ရောဂါကြောင့် ဥရောပမှာ ၁၃၄၇ နဲ့ ၁၇၄၃ ကြားမှာ လူသန်း ၁၀၀ လောက် သေခဲ့ရတယ်။ ဒေသတွေအားလုံး လူဦးရေ လျော့ကျသွားခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်မှာ ကျွန်တော်တကယ်မတွေ့နိုင်တဲ့ ကြောက်စရာအခြေအနေမျိုးတစ်ခု ဖြစ်စေခဲ့တယ်။

**ကျွန်တော်တို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွေကြောင့် ကျွန်တော်တို့ ထိခိုက်နစ်နာခဲ့ရလား။**

ကာကွယ်ဆေးတစ်မျိုး ထွက်ပေါ်လာဖို့ စောင့်နေရင်း စိတ်အားငယ်လုနီးပါးဖြစ်နေချိန်မှာ အဲဒီပလိပ်ရောဂါအတွက် ကာကွယ်ဆေးဟာ ၁၈လအတွင်း ထွက်လာမယ်လို့ ဖလောရင့်စ်မြို့က လူတွေကို ပြောခဲ့ရင် သူတို့ ထကြွလိမ့်မယ်။

ရုတ်တရက် ပေါ်လာတဲ့ ဘာမှန်းမသိတဲ့ ရောဂါသစ်တွေရဲ့ ရိုက်ခတ်မှုဟာ ကိုရိုနာဗိုင်းရပ်စ်လိုပေါ့။ အထူးသဖြင့် ကြီးမားပါတယ်။ COVID-19 လို၊ ဥပမာ ကျောက်ရောဂါလို ဆေးဘက်ဆိုင်ရာမှာ အခက်ကြုံရတဲ့ ရောဂါတွေပေါ့။ အဲဒီရောဂါဆိုးတွေက ကူးစက်တဲ့ လူထက်ဝက်ကျော်ကို သေဆုံးစေတယ်။ မကြာခဏဆို သလိုကလေးတွေအထိနာတယ်။ အသက်ရှင်တဲ့လူတွေ ပုံပျက်ပန်းပျက်ဖြစ်ရတယ်။

**တီဘီရောဂါနဲ့တူလား။**

တူကောင်းတူပါလိမ့်မယ်။ ခြားနားတာတော့ရှိတယ်။ တီဘီရောဂါက ချက်ချင်းမသေဘူးလေ။ လူတွေအများစုဟာ နှစ်ကာလတွေအများကြီးအချိန်ဖြုန်းခဲ့ကြတယ်။ ၁၉ ရာစုမှာ တီဘီရောဂါဖြစ်တာဟာ နည်းနည်းလေးတောင် သက်သာရာရပါတယ်။ ကာလဝမ်းရောဂါ၊ ဒါမှမဟုတ် ဘင်ထွက်ပလိပ်ရောဂါကူးစက်ခံရတဲ့ လူတွေဟာ လူအများရှေ့မှာ ကြိုးဆွဲချအသတ်ခံခဲ့ရတယ်။ ပလိပ်ရောဂါဆရာဝန်တွေဟာ အကူအညီမရခဲ့ကြဘူး။ နိုင်နင်းအောင် မလုပ်နိုင်ကြဘူး။ ရုပ်သံကတစ်ဆင့် ကြည့်ရတာ ဝူဟန်မြို့မှာ အလားတူပုံရိပ်တွေ ထွက်လာခဲ့တယ်။ ရောဂါကူးစက်တဲ့လူတွေ သေဆုံးမှုနှုန်းဟာ COVID-19 လိုမျိုးမှာ နှိုင်းယှဉ်ကြည့်ရင် နည်းနေပေမယ့်လို့ အဲဒီလို ထူးကဲတဲ့ အခြေအနေတွေက နိုင်ငံရေးအပြောင်းအလဲဖြစ်လာပုံ၊ စီးပွားရေးအကျပ်အတည်းတွေ ဖြစ်လာနိုင်ပုံကို ကျွန်တော် ကောင်းကောင်းကြီး မှန်းကြည့်လို့ရပါတယ်။

**ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်ဟာ စူပါပါဝါနိုင်ငံအနေအထားကို ရောက်လာနိုင်တယ်လို့တောင် လူတချို့က ထင်ထားကြပါတယ်။**

အမေရိကန်လိုပေါ့။ ငန်းဝါ အဖျားရောဂါကျေးဇူးကြောင့်။

**ဘယ်လို။**

ကောင်းပြီ။ သမိုင်းကြောင်း သတင်းအချက်အလက်တချို့ပေးရမယ်ထင်တယ်။ ၁၈၀၀ လောက်က ပြင်သစ်ကိုလိုနီဟေတီဟာ ကျွန်တွေက စိုက်ပျိုးတဲ့ သကြားစိုက်ခင်းတွေကြောင့် ကမ္ဘာမှာ အချမ်းသာဆုံး ကိုလိုနီနယ်တွေထဲက တစ်ခုဖြစ်ခဲ့တယ်။ ဒါပေမဲ့ အဲဒီ ကျွန်တွေက စပြီး တော်လှန်တယ်။ ပြင်သစ်ရဲ့ ဩဇာအာဏာကို ကမ္ဘာသစ်ဆီ တိုးချဲ့ဖို့ ရည်မှန်းထားတဲ့ နပိုလီယံက အဲဒီတော်လှန်ရေးကို နှိမ်နင်းဖို့ စစ်သား ၆၀,၀၀၀ ကျော် စေလွှတ်ခဲ့တယ်။ ဒါပေမဲ့ လူတွေအများစုဟာ ငန်းဝါအဖျားရောဂါကြောင့် သေသွားခဲ့ရတယ်။ နပိုလီယံဟာ သူ့ရဲ့ ရှေးခြားမြေခြား ရည်မှန်းချက်ကို မြေမြှုပ်ပစ်ခဲ့ရတယ်။ ပြီးတော့ ၁၈၀၃ မှာ သူဟာ လူဝီစီးယားနားနယ်ကိုလည်း အမေရိကန်ဆီ ရောင်းပစ်ခဲ့ရတယ်။ အဲဒါကြောင့် အမေရိကန်နိုင်ငံရဲ့ နယ်နိမိတ် နှစ်ဆကျယ်လာစေတဲ့သဘောပဲ။ စူပါအင်အားကြီးနိုင်ငံတစ်ခုဖြစ်လာဖို့ အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်တယ်။



*နှာခေါင်းစည်းများဖြင့်သွားလာနေသော ခရီးသည်များကို ဘေဂျင်းမြို့တွင်တွေ့ရစဉ်*

**ရောဂါပိုးမွှားတွေကြောင့် စူပါအင်အားကြီးနိုင်ငံတွေ ကျဆုံးသွားခဲ့လား။**

အများကြီးပဲ။ ခန္ဓာကိုယ်တစ်ခုလုံး အရည်အိတ်တွေ ပျံ့နှံ့စေတဲ့ ဆိုးရွားပြီး ထူးဆန်းတဲ့ ရောဂါတစ်မျိုးဖြစ်တဲ့ အေသင်ပလိပ်ရောဂါကြောင့် ရှေးဟောင်းဂရိ ကျရှုံးမှုဖြစ်စေခဲ့တယ်။ ရှေးရောမမြို့ ကျရှုံးတာနဲ့ပတ်သက်လို့ တခြားအကြောင်းရင်းတွေ အများကြီးအပြင် ငှက်ဖျားရောဂါကလည်း ကဏ္ဍတစ်ခုက ပါဝင်ခဲ့တယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် ငှက်ဖျားရောဂါဟာ ဥရောပတောင်ပိုင်းမှာ ၅ ရာစုအတွင်း စပြီးပျံ့နှံ့ခဲ့တယ်။ အသက်ရှင်ကျန်သူတွေဟာ လက်ကျန်ဘဝတစ်လျှောက်လုံးမှာ အဖျားရောဂါနဲ့ ပုံမှန်အခက်ကြုံရပြီး အရင်ကလောက် ပြင်းပြင်းထန်ထန် အလုပ်မလုပ်နိုင်တော့ဘူး။ ဒါကြောင့် စိုက်ပျိုးရေး ဆုတ်ယုတ်မှုဖြစ်ပေါ်စေခဲ့တယ်။ ဂရိတ်ဗြိတိန်မှာ ကျောက်ရောဂါကြောင့် စတူးအက်အိမ်တော်အုပ်စိုးမှု အဆုံးသတ်ခဲ့ရတယ်။ ပြီးတော့ ရုရှားမှာ နပိုလီယံစစ်တပ်ဟာ စစ်မြေပြင်မှာ ပျက်စီးသွားတာမဟုတ်ဘဲ တိုက်ဖွိုက်ရောဂါနဲ့ ဝမ်းကိုက်ရောဂါကြောင့် ပျက်စီးခဲ့ရတယ်။

**လက်ရှိ ကမ္ဘာ့ကပ်ရောဂါမှာ အများပြည်သူရဲ့ဘဝတွေကို ယိုင်နဲ့သွားစေတဲ့ အစီအစဉ်တွေနဲ့ပတ်သက်လို့ ဆွေးနွေးမှုတွေလို လူကျင့်ဝတ်နဲ့ဆိုင်တဲ့ ဖြစ်ရပ်တွေ အတူပါလာတယ်။ တကယ်တော့ ဒါက အသက်တွေ ကယ်တင်ဖို့နဲ့ စီးပွားရေးကို ကယ်တင်ဖို့လုပ်ရပ်နှစ်ခုကြားက ပဋိပက္ခတစ်ခု ဖြစ်နေတယ်။**

ဒီလိုပြောတာဟာ အရမ်းရင်းရင်းနှီးနှီးရှိပုံပဲ။ ကာလဝမ်းရောဂါကြောင့် ဒီရောဂါပျံ့နှံ့မှုကို ဘယ်လိုတားဆီးနိုင်မလဲဆိုတာကို ၁၈၅၁ ကနေ ၁၉၁၀ လောက်အထိ ပုံမှန်နိုင်ငံတကာဆွေးနွေးမှုတွေ လုပ်ခဲ့ကြတယ်။ သင်္ဘောပေါ်မှာ ရောဂါခြေချုပ်ထားတာ၊ ဒါမှမဟုတ် ခရီးသွားလာခွင့်ပိတ်တာတွေ လုပ်ခဲ့ကြတယ်။ ဥပမာ အနေနဲ့ပေါ့။ အဲဒီ အစီအစဉ်တွေကြောင့် ဖြစ်ရတဲ့ စီးပွားရေးပြဿနာတွေကိုလည်း အသေအချာဆွေးနွေးခဲ့ကြတယ်။ ငါးရက် ရောဂါခြေချုပ်ထားတာဟာ စူးအက်တူးမြောင်းကို အသုံးပြုဖို့ မထိုက်တန် ဖြစ်လာစေတယ်ဆိုတာမျိုးပေါ့။

**အဲဒါတွေက ဒီကနေ့ ငြင်းခုံနေကြတာတချို့နဲ့ တူနေသလိုပဲ။**

အိုး...ဟုတ်တာပေါ့။ နောက်ထပ် ဥပမာတွေရှိပါသေးတယ်။ ၁၇၂၀ မှာ ဆပိုင်မာနဲ့ ထရီပိုလီက တန်ဖိုးကြီးတဲ့ အဝတ်အထည်တွေတင်လာတဲ့ သင်္ဘောတစ်စီးဟာ ပြင်သစ်တောင်ပိုင်းက မာဆေးလ်ဆိပ်ကမ်းကို ရောက်လာခဲ့တယ်။ ပင်လယ်ထဲရှိနေတုန်းမှာ သင်္ဘောသား ရှစ်ယောက်၊ ခရီးသည်တစ်ယောက်နဲ့ အဲဒီသင်္ဘောရဲ့ ဆရာဝန်ဟာ ပလိပ်ရောဂါကြောင့် သေသွားပြီ။ ပုံမှန်ဆိုရင် ရောဂါခြေချုပ်တာဟာရက်ပေါင်း ၄၀ ကြာပေမယ့်လို့ ဒီဖြစ်စဉ်မှာ ဒေသဆိုင်ရာ ကုန်သည်တွေရဲ့ ဖိအားကြောင့် ၁၀ ရက်လျှော့ချခဲ့ရပြီး အဖိုးတန်အဝတ်အထည်တွေကို မီးမရှို့ခဲ့ကြဘူး။ ရလဒ်တစ်ခုအနေနဲ့ မာဆေးလ်မှာနေတဲ့ လူတစ်သိန်းရဲ့ ထက်ဝက်ကျော်ဟာ အဲဒီပလိပ်ရောဂါကြောင့် သေဆုံးခဲ့ရတယ်။ လျှော့ချခဲ့တဲ့ ရောဂါခြေချုပ်ချိန်ကို အသေးစားရောဂါခြေချုပ်တာလို့ သတ်မှတ်ပြီး အလေးမထားခဲ့ဘူး။ အဲဒါက COVID-19 ရောဂါဟာ သာမန်အအေးမိဖျားနာတဲ့ ရောဂါလို့ ကနဦးမှာ ပြောဆိုပြီး ဒေါ်နယ်ထရန့်က အလေးမထားခဲ့တာကို သတိရလာမိစေတယ်။

**ဒါဆို အဲဒီပလိပ်ရောဂါနဲ့ ကိုရိုနာဗိုင်းရပ်စ်ကြားမှာ မျဉ်းပြိုင်တချို့ရှိတယ်လို့ ဆိုရမှာပေါ့။**

ဟုတ်ကောင်းဟုတ်မှာပါ။ ဥပမာ အရမ်းချမ်းသာတဲ့ လူတွေဟာကိုရိုနာဗိုင်းရပ်စ်အန္တရာယ်ကနေ အလှမ်းဝေးတဲ့ နေရာတွေဆီ ထွက်ပြေးနေကြတယ်။ အီတလီစာရေးဆရာ ဂျီယိုဗန်နီဘိုကာစီယိုရေးတဲ့ Decamerone လို့ခေါ်တဲ့ နာမည်ကျော်စာအုပ်မှာ လူငယ် ၁၀ ယောက်ဟာ ဘင်ထွက်ပလိပ်ရောဂါကနေ ဖလောရင့်စ်မြို့ အပြင်ဘက်က စံအိမ်တစ်ခုဆီ ထွက်ပြေးခဲ့ကြသလိုပေါ့။ ပြီးတော့ တရုတ်နဲ့ အမေရိကန်တို့က ကမ္ဘာ့ကပ်ရောဂါအတွက် အချင်းချင်း အပြစ်ဖို့ဖို့ ကြိုးစားနေတဲ့အချက်က အဲဒီ ပလိပ်ရောဂါအကြောင်း သတိရလာစေတယ်။ ဘင်ထွက်ပလိပ်ရောဂါအတွင်းမှာ ပြည့်တန်ဆာတွေနဲ့ ဂျူးလူမျိုးတွေ အပြစ်တင်ခံခဲ့ရတယ်။ အဲဒါကနေပြီး ဂျူးလူမျိုးတွေ အစုလိုက်အပြုံလိုက် ဆိုးဆိုးရွားရွား အသတ်ခံခဲ့ကြရတယ်။ ပြီးတော့ ရာဇဝင်ဆိုင်ရာ ဝတ္ထုဖြစ်တဲ့ အလက်ဇန်ဒရိုမန်ဇိုနီရေးတဲ့ 'The Betrothed' မှာ စပိန်လူမျိုးလေးယောက်ဟာ ပလိပ်ရောဂါကို တမင်တကာ ဖြန့်ဝေခဲ့တယ်လို့ စွပ်စွဲခံရတာကြောင့် ရက်ရက်စက်စက် သတ်ဖြတ်ခံရတဲ့ ဇာတ်လမ်းကို ဖော်ပြထားတယ်။ ကာလဝမ်းရောဂါတုန်းကလည်း အတူတူပဲ။ ရောဂါကူးစက်လာနိုင်တဲ့ ရွှေ့ပြောင်းနေထိုင်သူတွေ ဝင်မလာအောင် ဒေါသထွက်နေတဲ့ အမေရိကန်နိုင်ငံသားတွေက သူတို့နိုင်ငံကို ဘယ်လိုကာကွယ်ခဲ့ကြတယ်ဆိုတာကို ရာဇဝင်အရ ပုံဖော်ပြသနေတယ်။ အခုကိုရိုနာဗိုင်းရပ်စ်မှာ တရုတ်ပုံပေါက်တဲ့ လူတွေဟာ နိုင်ငံတွေ အများကြီးမှာ နှုတ်အားဖြင့် စော်ကားခံရတယ်၊ ဒါမှမဟုတ် ကိုယ်ထိလက်ရောက်တိုက်ခိုက်ခံရတယ်။

**ဘင်ထွက်ပလိပ်ရောဂါက အရမ်းဆိုးဆိုးရွားရွားကြီးထွားခဲ့ပြီး လူတွေအများကြီးဟာ ဘုရားသခင်အပေါ် ယုံကြည်မှု ပျောက်ဆုံးခဲ့တယ်။ ကိုရိုနာဗိုင်းရပ်စ်က ကျွန်တော်တို့ရဲ့ လူမှုအသိုင်းအဝိုင်းမှာ ထားရှိထားတဲ့ ယုံကြည်မှုတွေကို ဘယ်လိုဖြစ်သွားစေမှာလဲ။**

ဒါက ဂလိုဘယ်လိုက်ဇေးရှင်းအပေါ် ကျွန်တော်တို့ရဲ့ ယုံကြည်ထားမှုကို မေးခွန်းထုတ်စရာဖြစ်လာစေတယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမဲ့ ဂလိုဘယ်လိုက်ဇေးရှင်းက ဘုရားသခင်လုပ်တာမဟုတ်ဘူး။ ကျွန်တော်တို့ကိုယ်တိုင် ဖန်တီးခဲ့ကြတာ။ အဲဒီလို နတ်ပုံပြင်ကို ဖန်တီးခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ စီးပွားရေးကို အလားအလာရှိသလို ဖွံ့ဖြိုးအောင် လုပ်နိုင်မယ်လို့ ထင်ခဲ့ကြတယ်။ ကမ္ဘာပေါ်မှာ လူ ရှစ်ဘီလီယံနီးပါး နေထိုင်နေတာ၊ လွန်လွန်ကဲကဲ ခရီးသွားတာ၊ ပတ်ဝန်းကျင်ညစ်ညမ်းတာ သဘာဝတရားက ပြန်တွန်းထုတ်တာတွေနဲ့အတူ ကျွန်တော်တို့ဟာ ကိုရိုနာဗိုင်းရပ်စ် ထွက်ပေါ်လာစေမယ့် အခြေအနေတွေကို တစ်ထပ်တည်းနီးပါးဖြစ်အောင် ဖန်တီးခဲ့ကြတယ်။

**ဒီကမ္ဘာ့ကပ်ရောဂါက အပေါင်းလက္ခဏာဆောင်တာတစ်ခုခုဖြစ်လာနိုင်လား။**

ဟုတ်ကဲ့။ ကျွန်တော်တို့ဟာ အခုချိန်မှာ လမ်းဆုံလမ်းခွကို ရောက်နေပြီ။ လက်ရှိ ဖြစ်နေတဲ့ အမျိုးသားရေးဝါဒဆီကို ကျွန်တော်တို့ ပြန်ကျဆင်းသွားရင် တကယ်အပြောင်းအလဲလုပ်ဖို့ အခွင့်အရေးကို ကျွန်တော်တို့ လက်လွှတ်ရလိမ့်မယ်။ ငှက်တုပ်ကွေးကနေ ဆားစ်ရောဂါ၊ အီဘိုလာကနေ ကိုရိုနာဗိုင်းရပ်စ်အထိ တိရစ္ဆာန်တွေဆီကနေ ထွက်ပေါ်လာတဲ့ အဲဒီရောဂါတွေအားလုံးပဲ "ကျွန်တော်တို့ဟာ လူသားတွေရဲ့ ရာဇဝင်မှာ တစ်ခါမှ မဖြစ်ခဲ့ဖူးတဲ့ အတိုင်းအတာမျိုးနဲ့ တိရစ္ဆာန်တွေနဲ့ ထိတွေ့နေကြတယ်။

**ပါမောက္ခ စနိုးဒန်ခင်ဗျာ ဒီတွေ့ဆုံမေးမြန်းမှုအတွက် ကျေးဇူးတင်ပါတယ်။**

## COVID-19 ၏ ဗဟိုချက် ဟူဘေးတွင် အသွားအလာပိတ်ပင်မှုများကို ဖြေလျှော့ပေး

**ဘေဂျင်း၊ မေလ- ၂**

COVID-19 ကပ်ရောဂါ စတင်တွေ့ရှိရာ တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်တွင် ဗိုင်းရပ်စ် ထိန်းချုပ်ရေး ချမှတ်ထားသောအရေးယူဆောင်ရွက်မှုများကို နောက်တစ်ဆင့် ထပ်မံဖြေလျှော့ပေးခြင်းအဖြစ် မေလ ၂ ရက်ကစကာ အရေးပေါ်တုံ့ပြန်ရေးအဆင့်ကို လျှော့ချခဲ့သည်။

ဟူဘေးတွင် အရေးပေါ်တုံ့ပြန်ရေးအဆင့်ကို အမြင့်ဆုံးအဆင့်မှ ဒုတိယအမြင့်ဆုံးအဆင့်သို့ လျှော့ချခြင်းဖြစ်ကြောင်း ဟူဘေးပြည်နယ်ဆိုင်ရာ ကျန်းမာရေးကော်မရှင်က WeChat တွင် ဖော်ပြခဲ့သည်။

ဟူဘေးသည် အရေးပေါ်တုံ့ပြန်ရေးအဆင့်ကို လျှော့ချသည့် နောက်ဆုံးပြည်နယ်ဖြစ်ပြီး ယင်းမှာ ကပ်ရောဂါဆန့်ကျင်တိုက်ဖျက်ရေးတွင် တရုတ်၏ အထင်ကရ မှတ်တိုင်တစ်ခုဖြစ်သည်။

ယခုဗိုင်းရပ်စ်သည် ဟူဘေးပြည်နယ်မြို့တော် ဝူဟန်ရှိ ပင်လယ်စာဈေးတစ်ခုမှ ၂၀၁၉ ဒီဇင်ဘာနှောင်းပိုင်းတွင် စတင်ပျံ့နှံ့သည်ဟု ကျယ်ကျယ်ပြန့်ပြန့်ယူဆထားသည်။

ဧပြီ ၃၀ ရက်က တရုတ်မြို့တော်ဘေဂျင်းတွင် ကန့်သတ်ချက်များ ဖြေလျှော့ပေးသော အလားတူကြေညာချက် ထုတ်ပြန်ရာ ဗိုင်းရပ်စ်ကူးစက်နိုင်ခြေနည်းသော တရုတ်၏ ကျန်အစိတ်အပိုင်းများမှ ပြန်ရောက်လာသူများအနေဖြင့် ၁၄ ရက်ကြာ သီးသန့်ခွဲခြားနေထိုင်ရန် မလိုအပ်တော့ပေ။ ထို့အပြင် ယင်းကြေညာချက်အရ ဘေဂျင်းတွင် အပြင်သို့သွားလာပါက နှာခေါင်းစည်းစည်းရန် မလိုအပ်တော့ဘဲ လောလောဆယ် သီးသန့်ခွဲခြားနေထိုင်ရသူများအား ပြန်လွှတ်ပေးခဲ့သည်။

ဝူဟန်တွင် ကုသမှုခံယူရသည့် COVID-19 လူနာသည် ဧပြီ ၂၆ ရက်ကတည်းက လုံးဝမရှိတော့ပေ။ *—Ref: Reuters*

# Environment

# “ဒီကာလမှာတော့ မီးဖိုချောင်ထွက်အမှိုက်ကို အများဆုံးသိမ်းရတယ်။ ပါဆယ်ယူစနစ်ဖြစ်တော့ စားသောက်ဆိုင်ထွက် အမှိုက်နည်းသွားတယ်”

## YCDC ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနိုင်နှင့်တွေ့ဆုံခြင်း

● နိုင်နိုင်စိုး

**COVID-19 ရောဂါပျံ့နှံ့မှုမရှိစေရန် အသွားအလာကန့်သတ်ခြင်း၊ အိမ်တွင်နေထိုင်ရန် နှိုးဆော်ထားခြင်းတို့ကြောင့် လူသွားလူလာမရှိသည့်အခြေအနေမှ ကောင်းကျိုးတစ်ခုကို ရန်ကုန်မြို့က ရရှိလိုက်သည်။ ယခင်ကာလများက စည်ပင်သာယာမှ သန့်ရှင်းရေးမလုပ်မချင်း လမ်းမများပေါ် အမှိုက်များရှိနေတတ်သည့် ရန်ကုန်မြို့တွင် အမှိုက်ကင်းစင်နေ၍ သန့်ရှင်းသော ရန်ကုန်ဖြစ်ခဲ့သည်။**

**COVID-19 ထိန်းချုပ်ကာလအတွင်း ရန်ကုန်မြို့တော်၏ ပတ်ဝန်းကျင်သန့်ရှင်းမှုအခြေအနေကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC)၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနိုင်နှင့် မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။**

**COVID-19 ကာလအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက လုပ်ဆောင်နေတဲ့ အမှိုက်သိမ်းဆည်းမှု အခြေအနေကို ပြောပြပေးပါ။**

မြို့နယ်အလိုက် ယခင်ကအတိုင်းပဲ စီစဉ်ဆောင်ရွက်ပါတယ်။လမ်းမကြီးတွေ၊လမ်းသွယ်တွေ၊ အိမ်တွေကနေ စွန့်ပစ်တဲ့ အမှိုက်တွေကိုလည်း ပုံမှန်သိမ်းတယ်။ အလားတူပဲ စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်တွေရှိမယ်။ နွေရာသီဆို သစ်ရွက်ကြွေတွေရှိမယ်။ ဒါတွေကလည်း ပုံမှန်ရှင်းလင်းတာ။ အရင်ကထက် အမှိုက်ထွက်ရှိမှု လျော့နည်းလာတာ တွေ့ရတယ်။ စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့စားသောက်ဆိုင်တွေပိတ်ထားတဲ့အတွက် ဆိုင်တွေကထွက်တဲ့ အမှိုက်က လျော့နည်းလာတာကြောင့်ပါ။

**အရင်က နေ့စဉ်ရှင်းလင်းရတဲ့ အမှိုက်တန်ချိန် ဘယ်လောက်ရှိပါလဲ။ COVID-19 ထိန်းချုပ်ရေးကာလမှာ တန်ချိန်ဘယ်လောက်ရှင်းလင်းခဲ့ရပါသလဲ။**

COVID–19 မတိုင်ခင်က တစ်ရက်ကို စည်ပင်နယ်နိမိတ်မှာ တန်ချိန် ၂,၅၀၀ ထွက်ရှိပေမယ့် ဒီကာလမှာ အမှိုက်ထွက်ရှိမှုက တန်ချိန် ၂,၀၀၀ ဝန်းကျင်ပဲ သိမ်းရတယ်။ စတေးဟုမ်းကာလမှာ အပြင်မထွက်တဲ့အတွက် လမ်းမကြီးတွေပေါ်မှာလည်း အမှိုက်ထွက်ရှိမှု ယခင်ထက် သိမ်းဆည်းမှု လျော့နည်းလာတယ်။ ဒီကာလမှာတော့ မီးဖိုချောင်ထွက်အမှိုက်ကို အများဆုံး သိမ်းရတယ်။ ပါဆယ်ယူစနစ်ဖြစ်တော့ စားသောက်ဆိုင်ထွက် အမှိုက်နည်းသွားတယ်။

**အသွားအလာတွေ နည်းသွားတဲ့ ရန်ကုန်မြို့တော်မှာ သန့်ရှင်းရေးလုပ်ရတဲ့ အပြောင်းအလဲက ဘာတွေဖြစ်မလဲ။**

ရန်ကုန်မြို့က လူအသွားအလာ၊ ကားအသွားလာလည်းနည်းသွားတဲ့အတွက်လမ်းပေါ်မှာစည်းကမ်းမဲ့ အမှိုက်ထွက်ရှိမှုလည်း နည်းသွားတယ်။ ဒါပေမဲ့ ဌာနကတော့ နေ့စဉ်ဆောင်ရွက်ရတာတွေ၊ လမ်းမကြီးတွေ အပြောင်ရှင်းစနစ်၊ နေ့လယ် အမှိုက်သိမ်းဆည်းတာ၊ ညပိုင်း အမှိုက်သိမ်းဆည်းတာတွေမှာ နည်းသွားတယ်။ သိမ်းဆည်းရတဲ့ အခေါက်ရေကလည်း လျော့သွားတယ်။ ပန်းခြံတွေ၊ Public ဧရိယာတွေက ပန်းဥယျာဉ်ဌာနကသိမ်းတာ၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သန့်ရှင်းရေးဌာနကတော့ အပြင်ဧရိယာတွေကို သိမ်းတယ်။ အတွင်းဆို ပန်းဥယျာဉ်က သိမ်းတယ်။ ကန်ပေါင်တို့၊ ပန်းခြံတို့ကတော့ အပြင်ဘက်ဆို သိပ်မရှိဘူး။ အဓိကကတော့ ဘုရားတွေပဲ။ ဘုရားပရဝဏ်ပြင်ပပေါ့။အဓိက ရွှေတိဂုံပေါ့။ စနေ၊ တနင်္ဂနွေနဲ့ အခါကြီးရက်ကြီးတွေဆို ရွှေတိဂုံက ဘုရားဖူးတဲ့သူများတာ၊ ပုံးတွေက အမှိုက်တွေလျှံတာ။ အခု ရွှေတိဂုံဘုရား ပိတ်ထားတော့ ပတ်လည်မှာ လူကမရှိတော့ဘူး။ ထားပေးထားတဲ့ အမှိုက်ပုံးတွေကတော့ အရင်လို အမှိုက်အများကြီး မထွက်တော့ဘူး။ တော်တော်နည်းသွားတယ်။



ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနိုင်

**COVID-19 ထိန်းချုပ်ရေးကာလမှာ အမှိုက်သိမ်းစနစ် ပြောင်းလဲတာမျိုးရှိလား။**

ည ၁၀ နာရီကနေ မနက် ၄ နာရီအတွင်း အပြင်မထွက်ရကာလမှာ အမှိုက်သိမ်းဆည်းတာကို အချိန်ပြောင်းလဲ ဆောင်ရွက်ခဲ့ရတာရှိပါတယ်။ဝန်ထမ်းတွေအနေနဲ့ပုံမှန်ညနေ၆နာရီကနေညသိမ်းအမှိုက်သိမ်းဆည်းမှုအစားအခုဆို ၄ နာရီခွဲတာနဲ့ ညပိုင်း အမှိုက်သိမ်းဆည်းမှုကို စောပြီးဆောင်ရွက်ပါတယ်။ Door to Door စနစ်နဲ့ အမှိုက်သိမ်းစနစ်ကိုလည်း မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် ညှိနှိုင်းပြီးအချိန်ပြောင်းလဲဆောင်ရွက်တာ ရှိပါတယ်။ ညပိုင်းဆိုရင် ၁၀ နာရီမထိုးခင် ဝန်ထမ်းတွေ အပြီးသိမ်းဆည်းရသကဲ့သို့ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံကိုလည်း ၁၀ နာရီမတိုင်ခင် သွားရောက်စွန့်ပစ်ရတဲ့အပိုင်းတွေ ရှိပါတယ်။ မနက်ပိုင်းဆို အရင်က ၃ နာရီ၊ ၃ နာရီခွဲဆို လင်းပြောင် စနစ်သိမ်းဆည်းရပါတယ်။ အခုဆို ၄ နာရီနောက်ပိုင်းမှသာလျှင် လှည်းသိမ်းစနစ်၊ နောက်ဆုံးအမှိုက်ပုံကို သွားရောက်သိမ်းဆည်းတာ အချိန်ပြောင်းလဲ သိမ်းဆည်းရတာတွေရှိပါတယ်။

**COVID-19 ရောဂါ ကုသတဲ့ဆေးရုံတွေနဲ့ Quarantine စင်တာတွေကထွက်တဲ့ အမှိုက်တွေကို သိမ်းဆည်းတာနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။**

COVID–19 ကာလမှာ Quarantine စင်တာတွေ၊ Home Quarantine တွေ၊ ရောဂါကုဆေးရုံက အမှိုက်တွေကိုလည်းသီးခြားစုဖွဲ့အင်အားဆိုတာ မတ်လ ၂၈ ရက်ကတည်းက သတ်မှတ်ဝန်ထမ်းတွေကို Campသွင်းပြီးတော့ စုစည်းဆောင်ရွက်တာရှိပါတယ်။ နေ့စဉ် ဆေးရုံ၊ ဆေးခန်း စွန့်ပစ်အမှိုက်၊ Quarantine စင်တာစွန့်ပစ်အမှိုက်တွေကို သီးခြားအမှိုက်သိမ်းယာဉ် ခုနစ်စီးနဲ့ ဝန်ထမ်းအင်အား ၂၂ ဦးနဲ့ နေ့စဉ် ၆ နာရီခွဲကနေ လိုက်လံသိမ်းဆည်းဆောင်ရွက်တာရှိပါတယ်။ ဒီအမှိုက်သိမ်းယာဉ်နဲ့ ဝန်ထမ်းတွေကတော့ သီးခြားစုစည်းဖွဲ့ထားတဲ့ ဝန်ထမ်းတွေဖြစ်ပါတယ်။ ဒီဝန်ထမ်းတွေက အိမ်မပြန်ဘဲ Quarantine သဘောနဲ့ လုပ်ဆောင်နေတယ်။

**အမှိုက်သိမ်းဆည်းတဲ့ ဝန်ထမ်းတွေအတွက် ရောဂါကူးစက်မှုမရှိအောင် ဘယ်လိုစီမံထားပါသလဲ။**

ဒါကတော့ စုဖွဲ့ဝန်ထမ်းတွေအပြင် နေ့စဉ် ပုံမှန်ဝန်ထမ်းတွေ၊ ဝန်ထမ်းလိုင်းခန်းတွေ သူတို့မိသားစုတွေ ဗိုင်းရပ်စ်မကူးစက်စေဖို့ဟောပြောမှုတွေ၊လက်ကမ်းကြော်ငြာတွေ ဝေတယ်။ အပြင်သွားမယ်ဆိုရင် နှာခေါင်းစည်းတပ်ဖို့၊ လက်အိတ်စွပ်ဖို့ တာဝန်ခံရုံးတွေမှာ လက်ဆေးဘေစင်တွေ ဆောက်ပြီး လက်ဆေးစေဖို့ကို ပညာပေး စည်းရုံးဆောင်ရွက်တယ်။

**ဒီကာလမှာ ရန်ကုန်မြို့ကြီးက အမှိုက်စွန့်ပစ်မှု နည်းသွားပြီး သန့်ရှင်းမှုရှိတဲ့အပေါ် ဘယ်လိုမှတ်ချက်ပေးချင်လဲ။**

ဒါကတော့ ရန်ကုန်မြို့ကြီးက လူများရင် အမှိုက်များတယ်။ လမ်းမကြီးပေါ်မှာ လူသွားလူလာများရင် စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်တွေရှိမယ်။ စတေးဟုမ်းကာလမှာ လမ်းမကြီးတွေဆိုရင် အမှိုက်တွေ မရှိသလောက်ရှင်းလင်းနေတယ်။ လူရှိရင်တော့ အမှိုက်ရှိမယ်။ လူရှင်းရင်တော့ အမှိုက်မရှိဘူးပေါ့။ သို့သော်လည်း သတ်မှတ်ထားတဲ့ အမှိုက်ကန်မှာ အမှိုက်အိတ်နဲ့ စနစ်တကျ စွန့်ပစ်မယ်ဆိုရင် သန့်ရှင်းရေးဝန်ထမ်းတွေက သိမ်းဆည်းဆောင်ရွက်ရတဲ့အခါမှာ လွယ်ကူလျင်မြန်တာပေါ့။

**အခုကာလအတွင်း သန့်ရှင်းမှုရှိရုံမက နောက်ပိုင်းကာလတွေမှာပါ အမူကျင့်ကောင်း ဆက်ပါသွားအောင် ဘာတွေလုပ်သင့်တယ်လို့ အကြံပြုချင်လဲ။**

နောက်ပိုင်းကာလမှာလည်း ပြည်သူတွေအမှိုက်ကို စနစ်တကျစွန့်ပစ်တတ်တဲ့ အလေ့အကျင့်ကောင်းတွေရရှိစေဖို့ ဌာနအနေနဲ့လည်း ပညာပေးစည်းရုံးမှုတွေ ဆက်လက်ဆောင်ရွက်မယ်။ အလားတူပဲ ပိုကောင်းမွန်တဲ့ အမှိုက်သိမ်းဆည်းစနစ်တွေမှာ လူတွေ ပါဝင်လာအောင် ဥပမာ COVID ကာလမှာ လမ်းမကြီးတွေမှာ အမှိုက်တွေ ရှင်းလင်းနေတာကို ဥပမာပြုပြီးတော့စည်းကမ်းတကျ စွန့်ပစ်တဲ့ အမူအကျင့်ကောင်းတွေ ရရှိအောင် ဆက်လက်ပညာပေး စည်းရုံးသွားမှာ ဖြစ်တယ်။ အဓိကက ပြည်သူနဲ့ ဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ကိုယ့်မြို့၊ ကိုယ့်ရွာ သန့်ရှင်းအောင် ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ လုပ်ဖို့လိုတာပေါ့။

**ကျေးဇူးတင်ပါတယ်။**

# Opinion

စာမျက်နှာ ၂၄ မှ

## ရောမကေရာဇ် မားကပ်စ်အော်ရီးလပ်စ်၏ ဒဿန ‘ဒိုင်ယာရီ’

ဘာသာရေးစာအုပ် နှစ်အုပ်စလုံးပါ တင်ပြချက်အတော်များများကိုတော့ ကျွန်တော့်အနေဖြင့် သိပ်သဘောတူလိုခြင်း၊ သဘောတူနိုင်ခြင်းမရှိပါ။ Augustine ရဲ့ Confessions အင်္ဂလိပ်ဘာသာပြန်ကို ၁၉၉၈ ခုနှစ် နိုဝင်ဘာက ဩစတြေးလျပြည် မဲလ်ဘုန်းမြို့မှာ ဖတ်ရှုခဲ့ကာ ဖရိုက်ရဲ့ Civilization and its Discontents ကို ၂၀၀၉ ခုနှစ် စက်တင်ဘာက အမေရိကန်ပြည် အနောက်ဗာဂျီးနီးယားပြည် Morgan Town မြို့မှာ ဖတ်ရှုခဲ့ပါတယ်။ ၁၉၇၁ ခုနှစ် နှောင်းပိုင်းကတည်းက ကွယ်လွန်သူ စိတ်ရောဂါအထူးကု ဆရာဝန်ကြီး အန်ကယ် ဒေါက်တာနေဝင်းက Marcus Aurelius ရဲ့ Meditations ကိုဖတ်ရှုဖို့ အကြံပြုခဲ့သော်လည်း ယင်းသို့အကြံပြုပြီး နှစ်ပေါင်း ၄၀ အကြာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာက Meditations, Martin Hammond ရဲ့ အင်္ဂလိပ်ဘာသာပြန်ကို ဖတ်ရှုခဲ့ပါတယ်။ အန်ကယ် ဒေါက်တာနေဝင်းကို အကြံပြုချက်အတွက် နှောင်းစွာ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်လိုပါတယ်။

အချို့သော ဒဿနပညာရှင်များက Meditations ကို ရေးသားထားပုံဟာ ‘စနစ်မကျ’ ဘူးတဲ့။ ကျွန်တော့်အမြင်ကတော့ စနစ်ကျသည်ဖြစ်စေ၊ စနစ်မကျသည်ဖြစ်စေ Meditations ဟာ ထွန်းပေါက်/ ပြောင်မြောက်တဲ့ ကျမ်းတစ်စောင်ဖြစ်ပြီး တချို့နေရာတွေမှာ ကေရာဇ် Marcus Aurelius ရဲ့ ရိုးစင်း၊ ရိုးသားတဲ့ ရေးသားချက်များဟာ မှတ်သားနာယူဖွယ် ကောင်းပါတယ်။ Marcus ဟာ သူ့ရဲ့ ရေးသားချက်များကို သူကွယ်လွန်ပြီး နှစ်ပေါင်း ၁,၈၀၀ ကျော်အကြာမှာ အများသူငှာကဖတ်ရှုပြီး မှတ်ချက်ပေးဖို့ ရည်ရွယ်ခဲ့တာ မဟုတ်ကြောင်း ထပ်မံဖော်ပြလိုပါတယ်။ Marcus ရဲ့ လူသားဆန်မှု၊ မိမိကိုယ်ကိုယ်မိမိနှင့် ဘဝ၏ သဘောတရားတို့ကို သုံးသပ်မှု နက်နဲခြင်းတို့ဟာ စံပြဖွယ်ရာ ကောင်းလှပါတယ်။ တချို့နေရာမှာ ရုပ်စကြဝဠာဆိုင်ရာ သူ့ရဲ့ အကဲခတ်မှုနှင့်မှတ်ချက်များဟာလည်း နှောင်းလူများတွေ့ရှိလာမှုများနှင့် တူသယောင်တော့ရှိပါရဲ့။

Marcus ကို ဒဿနပညာရှင်အဖြစ်နှင့်သော်လည်းကောင်း၊ စစ်သူကြီးအဖြစ်နှင့်သော်လည်းကောင်း၊ ကေရာဇ်အဖြစ်နှင့်သော်လည်းကောင်း ခပ်သိမ်းကုန်သောသူများနှင့် နှောင်းလူများက အကြွင်းမဲ့ဂုဏ်ပြုခဲ့တာတော့ မဟုတ်ပါ။ ကေရာဇ်တစ်ဦး၊ စစ်သူကြီးတစ်ဦးဖြစ်တဲ့ Marcus ဟာ မင်းဆိုးမင်းညစ်လုံးဝမဟုတ်(မဟုတ်)သော်လည်းပဲ သူဟာ ‘သွေးစွန်းတဲ့လက်များ’တော့ ရှိခဲ့မှာပါ။ မားကပ်စ်အရင် နှစ်ပေါင်း ၄၅၀ က ကွယ်လွန်ခဲ့တဲ့ ရှေးဟောင်းဂရိဒဿနပညာရှင် အက်ပီကျူရပ်စ် (Epicurus) (မျက်မှောက်ကာလမတိုင်မီ ၃၄၁–၂၇၀) (341–270 Before the Current Era) ဟာ စစ်သူကြီးလုံးဝမဖြစ်တဲ့အတွက် Marcus လိုတော့ Marcus လောက်တော့ သွေးစွန်းသောလက်များ မရှိခဲ့ပါဘူး။ Marcus ရဲ့ ဒဿနအယူအဆကို Stoicism ‘လောကဓံကို ကြံ့ကြံ့ခံမှုဝါဒ’ ဟု ခေါ်ဆိုနိုင်ပြီး Epicurus ရဲ့ ဒဿနဝါဒ (Epicureanism) ကိုတော့ ‘ပျော်ရွှင်ရောင့်ရဲချမ်းမြေ့မှုဝါဒ’ လို့ ကျွန်တော် ဘာသာပြန်ကြည့်ပါတယ်။

**သင်ဟာ ထင်ပေါ်ကျော်ကြားမှုကို လိုလားတဲ့ ဆန္ဒကြောင့် မအီမသာဖြစ်နေသလား၊ အရာရာအားလုံးကို လူတွေက လျင်မြန်စွာ မေ့ပျောက်သွားတယ်ဆိုတာ သိပါလေ။**

ကေရာဇ် Marcus Aurelius ‘နတ်ရွာစံပြီး’ နှစ်ပေါင်း ၁၇၄ နှစ်၊ မျက်မှောက်ကာလ ၃၅၄ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ ခရစ်ယာန်တွေးခေါ်ရှင် Augustine ဟာ Marcus ရဲ့ Meditations ကို ဖတ်ရှု၊ အကျွမ်းဝင်ခြင်း ရှိခဲ့၊ မရှိခဲ့ကို ကျွန်တော် အတိအကျမသိပေမယ့် Epicurus ရဲ့ အနည်းငယ်သာကျန်ရစ်ခဲ့တဲ့ ဒဿနရေးသားချက်များနှင့်တော့ Marcus ဟာ အကျွမ်းဝင်မှုရှိခဲ့ပါတယ်။ Marcus ဟာ သူ့ရဲ့ Meditations မှာ Epicurus အကြောင်းကို နှစ်ကြိမ်၊ သုံးကြိမ်ခန့် ရည်ညွှန်းရေးသားထားပါတယ်။ Marcus နတ်ရွာစံပြီး နှစ်ပေါင်း ၁,၄၅၂ ကျော်အကြာမှာ မွေးဖွားခဲ့တဲ့ ၁၇ ရာစုနှစ် ဒတ်ချ် (Dutch) ဒဿနပညာရှင် ဘာရှခ်စပင်နိုဇာ Baruch Spinoza (၂၄ နိုဝင်ဘာ ၁၆၃၂–၂၁ ဖေဖော်ဝါရီ ၁၆၇၇) ကို ဘယ်သူကမှ သူ့ရဲ့တိုတောင်းတဲ့ ဘဝသက်တမ်းအတွင်းမှာ လူသူအပေါင်းတို့ကို ညှဉ်းပန်းနှိပ်စက်ခဲ့သူလို့ စွပ်စွဲကြမှာ မဟုတ်ပါဘူး။

Epicurus နှင့် Spinoza တို့ကို ယခုကြည်ညိုလေးစားသူများစွာရှိသလိုပဲ အဓိကကျကျအားဖြင့်ဆိုလျှင် အတိတ်တုန်းဆီကတော့ Epicurus နှင့် Spinoza တို့ကို ပုဂ္ဂိုလ်ရေးအရလည်းကောင်း၊ ဒဿနအယူအဆ ရှုထောင့်အရလည်းကောင်း ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူများ ရှိခဲ့ပါတယ်။ Epicurus နှင့် Spinoza တို့လို မဟုတ်မူဘဲ Marcus ဟာ လူသားတွေ သေဆုံးခဲ့စေမှုနှင့် ဖိနှိပ်ခဲ့မှုတို့မှာ လုံးဝအပြစ်ကင်းစင်သူတစ်ဦးလို့ သတ်မှတ်နိုင်မယ် မထင်ပါ။

အမှန်အားဖြင့်လည်း ကေရာဇ်ကြီး Marcus ဟာ သူနန်းစံစဉ် ကာလအတွင်းက ခရစ်ယာန်ဘာသာဝင်တို့ကို ဖိနှိပ်ညှဉ်းပန်းခဲ့တယ်လို့ ဆိုကြပါတယ်။ Marcus နှင့် ခေတ်ပြိုင်ခရစ်ယာန်ဋီကာ ဆရာတစ်ဦးက Marcus ကွယ်လွန်တဲ့နေ့ဟာ ‘ခရစ်ယာန်ဘာသာသာသနာအတွက်အောင်ပွဲခံစရာနေ့’ပဲလို့ မှတ်ချက်ပြုခဲ့တယ်ဆိုပါတယ်။

Marcus ဟာ သူ့ရဲ့ Diary မှာ အနည်းဆုံးတော့ဖြင့် ကိုးကြိမ်/ ၁၀ ကြိမ်ခန့် ထပ်တလဲလဲ ရေးခဲ့တာက ထင်ပေါ်ကျော်ကြားမှု၊ အထူးသဖြင့် သူ့ရဲ့သေပြီး ပေါ်ပေါက်လာမယ့် ထင်ပေါ်ကျော်ကြားမှုကို တကယ်ပဲ မလိုလား (မလိုလား)၊ မနှစ်မြို့ကြောင်းရေးခဲ့ပါတယ်။ ဥပမာပြရမည်ဆိုလျှင် ၁၈၆၂ ခုနှစ်က ဘာသာပြန်ဆရာ ဂျော့လောင်း ဘာသာပြန်ခဲ့တဲ့ Meditations (၁၉၉၇ ခုနှစ်မှာ Dover Publications က ပြန်လည်ထုတ်ဝေတဲ့ Book IV, para. 3) အတွဲ(၄)၊ အပိုဒ်–၃မှာ ရေးထားတာကို ဘာသာထပ်ဆင့်ပြန်ဆိုရလျှင်–

သင်ဟာ ထင်ပေါ်ကျော်ကြားမှုကို လိုလားတဲ့ ဆန္ဒကြောင့် မအီမသာဖြစ်နေသလား၊ အရာရာအားလုံးကို လူတွေက လျင်မြန်စွာ မေ့ပျောက်သွားတယ်ဆိုတာ သိပါလေ။ ပစ္စုပ္ပန်ကာလရဲ့ ဟိုမှာဘက်နှင့် ဒီမှာဘက်ဆီမှာရှိတဲ့ ဇလုံးရောထွေးဖြစ်နေတဲ့ အနန္တဖြစ်စဉ် (Chaos of infinite time)ကို ကြည့်ပါ။ လက်ခုပ်ဩဘာပေးခြင်းရဲ့ လွင်တီးခေါင်၊ ခေါင်းပါးမှု၊ ချီးကျူးထောမနာပြုသူများရဲ့ အပြောင်းအလဲမြန်မှု၊ ချီးကျူးဟန်ဆောင်သူများရဲ့ အကဲဖြတ် အရည်အသွေးမဲ့ခြင်းကို ကြည့်ပါ။ ဒီတော့(အသင်) ဆိတ်ဆိတ်နေပေတော့။ ကမ္ဘာတစ်ခုလုံးဟာ အမှတ်တစ်ခုသာဖြစ်ပြီး သင်နေထိုင်ကျက်စားတဲ့ ဂေဟာတွေဟာ ဘယ်လောက်ထိသေးငယ်လေမလဲ။ ဒီနေရပ်၊ ဒီဂေဟာမှာနေသူတွေ ဘယ်လောက်နည်းသလဲ။ အဲဒီထဲမှာ သင့်ကို ချီးကျူးသူတွေဟာ ဘယ်လိုလူစားမျိုးတွေလဲဆိုတာကို စဉ်းစားပြီး ဆိတ်ဆိတ်နေပေတော့တဲ့။

ထိုကဲ့သို့ ထင်ပေါ်ကျော်ကြားမှု၊ အထူးသဖြင့် ကွယ်လွန်ပြီးမှ ထင်ပေါ်ကျော်ကြားမှုကို တကယ်မလိုလားတဲ့ Marcus Aurelius ဟာ သူ့ရဲ့ ဒိုင်ယာရီ Meditations မှတစ်ဆင့် လှစ်ဟ၊ ဖော်ပြနေတဲ့ ကိုယ်တွင်းစိတ်ရှန်းကန်မှုများ၊ မိမိထံမှ မိမိပြောကြားမှုများ၊ သူ့ရဲ့တစ်ခါတစ်ရံမှာ ဖော်ပြနေတဲ့ သံသယများ ထွင်းဖောက် သိမြင်မှုများကြောင့် Marcus ရဲ့ ဂုဏ်သတင်းဟာ အနည်းဆုံးတော့ လူတချို့ကို ထိထိခိုက်ခိုက်ခံစားရန် ဖန်တီးပေးနိုင်တဲ့ ဖြေသိမ့်မှု၊ ရောင့်ရဲမှု ပေးနိုင်ခဲ့တာပါလား။

ဒါကြောင့် ဤဆောင်းပါးရေးသူဟာ Marcus Aurelius ကွယ်လွန်ခြင်း ၁၈၄၀ နှစ်မြောက် အထိမ်းအမှတ်အနေနှင့် Marcus ရဲ့ (၂၆ ဧပြီ ၂၀၂၀ မှာ ကျရောက်တဲ့) ၁၈၈၉ နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အနေနှင့် ဤဆောင်းပါးကို ရေးသားတင်ဆက်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဟာ တစ်ကမ္ဘာလုံးရှိ ‘မိသားစုနိုင်ငံများ’ Family of Nations မှာ ပျံ့နှံ့နေတဲ့ ဒီလိုအချိန်ကာလမှာ အများသူငါတို့ကို အိမ်တွင်းမှာ ဖြစ်နိုင်သမျှ နေထိုင်ရန်နှင့် လူအုပ်လူစုတို့ကို ရှောင်ကြဉ်ရန် တိုက်တွန်းမှုများဟာ ကမ္ဘာနှင့်အနှံ့ပါပဲ။ ဒီလိုအချိန်အခါဟာ ဘေးဘယာတွေ အတော်ပဲမြည်ဟည်းနေတဲ့ အချိန်ကာလပဲ ဖြစ်ပါတယ်။ Marcus ကိုယ်တိုင်ဟာလည်း သူ့သက်တမ်းနှင့် သူ့နန်းသက်တမ်းရဲ့တချို့သောကာလများမှာ အခြားကပ်ဘေးများ အပါအဝင် ရောဂါကူးရကပ်ကို သူနှင့် သူ့တိုင်းသူပြည်သားများဟာ ကြုံတွေ့ခဲ့ရပါတယ်။

ဒဿနပညာရှင်၊ ရှင်ဘုရင် Marcus Aurelius ရဲ့ မိမိကိုယ်ကိုယ်မိမိ/ သူ့ကိုယ်သူ (Notes to Myself/Himself)ကို ဖတ်ရှုစီးဖြန်း၊ ဖြေသိမ့်မှု ရလောက်ကောင်းပါရဲ့။ ကျွန်တော်သိရသလောက်ဆိုလျှင် Marcus Aurelius ရဲ့ Meditaions အပြည့်အစုံကိုထားဘိ၊ တစ်စိတ်တစ်ဒေသကိုပင် မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းမရှိသေးပါ။ (ကျွန်တော်မှားလျှင် ထောက်ပြနိုင်ပါတယ်) (Meditations အင်္ဂလိပ်ဘာသာပြန်ကို တချို့သော Websites များမှ အခမဲ့ Download ယူနိုင်ပါတယ်) ဒဿန စိတ်ဝင်စားသူများအနေနှင့် Meditations တစ်ကျမ်းလုံးမဟုတ်လျှင်ပင် အသင့်တင့်သော အစိတ်အပိုင်းတို့ကို အင်္ဂလိပ် ဘာသာပြန်မှတစ်ဆင့် မြန်မာဘာသာသို့ ပြန်ဆိုပေးပါရန် တိုက်တွန်းလိုပါတယ်။ ။

**စာမြည်း။** ။ Marcus Aurelius, Meditations, George Long ၁၈၆၂ ခုနှစ် အင်္ဂလိပ်ဘာသာပြန်မှ ကောက်နုတ်ချက်အချို့ (မြန်မာပြန်)

– Book (IV), Paragraph 13 (အတွဲ–၄၊ စာပိုဒ် ၁၃) “ကနေ့မှာ ငါဟာ ပြဿနာအားလုံးမှ လွတ်ထွက်နိုင်ခဲ့တယ်။ တစ်နည်းဆိုလျှင် ငါဟာ ပြဿနာတွေကို မောင်းထုတ်ပစ်နိုင်ခဲ့တယ်။ ဘာပြုလို့လဲဆိုတော့ ဒီပြဿနာတွေဟာ အပြင်ကလာတာ မဟုတ်ဘဲ ငါ့ကိုယ်တွင်းမှာသာ ဖြစ်နေပြီး ငါ့ရဲ့ ထင်မြင်ချက်တွေ ဖြစ်နေလို့ပဲ”

– Book (XI), Paragraph 4 (အတွဲ–၁၁၊ စာပိုဒ် ၄) “အများအကျိုးအတွက် ငါဆောင်ရွက်ပြီးပြီလား။ ဆောင်ရွက်ပြီးလျှင် ငါဟာ ဒီအတွက် ဆုလာဘ်ရပြီပေါ့။ ဒါကို မင်းစိတ်ထဲမှာ အမြဲထည့်ထားပါ။ ကောင်းမှုလုပ်ခြင်းကို ဘယ်တော့မှ မရပ်ပါနဲ့”

– Book (XII), Paragraph 17 (အတွဲ–၁၂၊ စာပိုဒ် ၁၇) “မမှန်ကန်ဘူးထင်လျှင် မလုပ်ပါနဲ့။ သစ္စာစကားမဟုတ်လျှင် မပြောလေနှင့်။ သင့်စိတ်အလိုကို သင်ထိန်းချုပ်နိုင်ပါလေ”

**ဒေါက်တာမြင့်ဇံသည် သူပညာဆည်းပူးခဲ့၊ ဘွဲ့ရခဲ့သော ဩစတြေးလျအမျိုးသား တက္ကသိုလ်** (Australian National University -ANU)**တွင် စာသင်နှစ် ၂၀၁၈မှ ၂၀၂၀ အထိ** Myint Zan Fellowship in Philosophy **ကို (ဘွဲ့လွန်ရပြီးသော ကနဦးသုတေသန ပြုသူများအတွက်) နှင့်** Myint Zan Prize in Philosophy of Science (**သိပ္ပံဒဿနလေ့လာမှုအတွက် မြင့်ဇံဆု**)**ကို** ANU **ဒဿနိကဗေဒဌာန** (Department of Philosophy) **တွင် ဘွဲ့ကြိုဒဿနိကဗေဒအထူး ပြု** (undergraduates philosophy majors) **ကျောင်းသူ၊ ကျောင်းသားများကို ရာသက်ပန်** (in perpetuity) **အပ်နှင်းရန် တည်ထောင်ထားပါသည်။**

JOKE

## နိုင်ငံခြားအကူအညီ

နိုင်ငံခြားအကူအညီဆိုသည်မှာ ချမ်းသာသောနိုင်ငံများမှ ဆင်းရဲသားများ၏ငွေကြေးကို ဆင်းရဲသောနိုင်ငံများမှ ချမ်းသာသူများထံ လွှဲပြောင်းပေးခြင်းဖြစ်သည်။

## မသင်ရသေးဘူး

ကျောင်းများစဖွင့်ပြီး ပထမဆုံးနေ့ ကျောင်းတက်ပြီး ပြန်လာသော ကလေးငယ်ကို သူ့အမေက

“ဆီလ်ရေ သား ကျောင်းမှာ ဒီနေ့ ဘာတွေသင်ခဲ့ရလဲ”

ဟု မေးမြန်းရာ ဆီလ်က

“သား ဒီနေ့ စာဘယ်လိုရေးရမလဲ သင်ခဲ့ရတယ် မေမေ”ဟု ပြန်ဖြေသည်။

“အိုး...ငါ့သား ဘာတွေများရေးခဲ့သလဲ”ဟု မေးရာ

“မသိဘူး မေမေ။ သားကို ဘယ်လိုစာဖတ်ရမလဲဆိုတာ မသင်ရသေးဘူး”ဟု ပြန်ဖြေပါတော့သည်။



ဧပြီ ၈ ရက်က တရုတ်နိုင်ငံ ဝူဟန်မြို့တွင် Lockdown ရုပ်သိမ်းပြီးနောက် ဘူတာရုံအပြင်ဘက်တွင် တန်းစီနေသော ခရီးသည်များကို တွေ့ရစဉ် /ROMAN PILIPEY / EPA

# နိုင်ငံနှင့် စီးပွားရေးကို စနစ်တကျ ပြန်ဖွင့်ရန် ကြိုးစားနေသော တရုတ်

ကြည်နေဝင်းမင်း

လပေါင်းများစွာ အသွားအလာပိတ်ပင်မှုများ ချမှတ်ပြီး စီးပွားရေး လှုပ်ရှားမှုများ ရပ်တန့်နေခဲ့ပြီးနောက် တရုတ်နိုင်ငံသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် ကြိုးစားနေသည်။

ပထမဆုံးအဆင့်မှာ မြို့ကြီးများနှင့် ဒေသဆိုင်ရာ အသွားအလာပိတ်ပင်မှု (Lockdown)များကို ဖြေလျှော့ပေးခြင်းဖြစ်သည်။ မတ်လကုန်ကစ၍ တဖြည်းဖြည်းချင်း ဖြေလျှော့ပေးမှုများသည် တစ်ချိန်က ဗိုင်းရပ်စ်ကူးစက်မှု၏ ဗဟိုချက်ဖြစ်ခဲ့သော ဝူဟန်မြို့၏ ရက်ပေါင်း ၇၀ ကြာ Lockdown အား ဧပြီ ၈ ရက်က ဖယ်ရှားလိုက်ခြင်းဖြင့် အပြီးသတ်ခဲ့သည်။

တစ်စိတ်တစ်ပိုင်းအားဖြင့် ယင်းသို့ဖြေလျှော့ပေးမှုများသည် မြေပြင်အခြေအနေ များစွာတိုးတက်လာမှုနှင့် ကူးစက်မှုအများစုသည် နိုင်ငံခြားမှ လာရောက်သူများနှင့်သာ ပြန်ပါလာနိုင်သည်ဆိုခြင်းကို အသိအမှတ်ပြုနေခြင်းလည်း ဖြစ်သည်။ လူထုအတွင်း ကူးစက်မှုများ လျော့ကျသွားပြီဖြစ်၍ နိုင်ငံခြားကူးစက်မှုများကို နယ်စပ်တင်းကျပ်မှုများဖြင့် ထိန်းချုပ်သွားမည်ဖြစ်သည်။

ဖြေလျှော့မှုများလုပ်ဆောင်ခြင်းသည် ကူးစက်မှုထက် စီးပွားရေးနှင့် ပိုမိုသက်ဆိုင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ အကြောင်းမှာ တရုတ်စီးပွားရေးသည် နှစ်ပေါင်း ၃၀ ခန့်ကာလအတွင်း ပထမဆုံး လပတ် ဂျီဒီပီကိန်းဂဏန်းများ အနုတ်လက္ခဏာပြခဲ့သောကြောင့် ဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယလှိုင်းမဖြစ်ပေါ်စေရန် ဂရုတစိုက်လုပ်ဆောင်ရင်း နိုင်ငံ့စီးပွားရေးကိုပြန်လည်စတင်ရန်လုပ်ဆောင်နေစဉ် တရုတ်နိုင်ငံက သုံးပွင့်ဆိုင်ဖြေရှင်းရေး မဟာဗျူဟာကို အားကိုးနေသည်။ ၎င်းတို့မှာ ရောဂါပျံ့နှံ့မှုအန္တရာယ်ကို ထိန်းချုပ်ထားစဉ် Lockdownများကို သတိထားဖယ်ရှားရန်၊ စီးပွားရေးကို ပြန်လည်နှိုးဆွခြင်းနှင့် (ဗိုင်းရပ်စ်ကြောင့် ထိတွေ့ကိုင်တွယ်ရန်တို့ ဖြစ်ပါသည်။

**ကူးစက်မှုအန္တရာယ်ကို ထိန်းချုပ်ရင်း Lockdown များကို သတိထား၍ ဖယ်ရှားခြင်း**

ယခုအခါ တရုတ်နိုင်ငံတွင် ဒေသတွင်း ကူးစက်မှုထက် နိုင်ငံခြားမှ ‘တင်သွင်းသော’ ကူးစက်မှုများကို ပိုမိုဖြစ်ပေါ်နေရာ ဗဟိုအစိုးရသည် လူ့အသိုင်းအဝိုင်း စိတ်ဖိစီးမှု မြင့်မားနေခြင်းကို ကူးစက်မှု ဒုတိယလှိုင်းအန္တရာယ် လျှော့ချရေးနှင့် ချိန်ဆသွားရန် ဂရုတစိုက် လုပ်ဆောင်နေသည်။

ဝူဟန်မြို့တွင် နေထိုင်သူများသည် ယခုအခါ လွတ်လပ်စွာ လေ့ကျင့်ခန်းလုပ်နိုင်ပြီး ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များသို့ တစ်ဖန်ပြန်လည်သွားရောက်နိုင်ကြပြီဖြစ်သည်။ သို့ရာတွင် လူချင်းခပ်ခွာခွာနေရေး စည်းကမ်းများကို တင်းကျပ်စွာ လိုက်နာခြင်း၊ လူထုအတွင်း သွားလာချိန်၌ နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရခြင်း၊ ယင်းမြို့က ခံစားခဲ့ရသည်များကြောင့် အထက်ပါအရှိတရားပြန်လည်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

စားသောက်ဆိုင်များနှင့် အများပြည်သူနေရာများသည် ၎င်းတို့၏ နေရာများသို့ ဝင်ရောက်သူအားလုံးကို ကိုယ်အပူချိန်တိုင်းတာရမည်ဖြစ်ကာ ကိုယ်အပူချိန် ၃၇ ဒီဂရီဆဲလ်ဆီးရပ်စ်ထက် ကျော်လွန်သူမှန်သမျှကို ဝင်ရောက်ခွင့် ငြင်းပယ်ရမည်ဖြစ်သည်။

ပြည်သူလူထုသည် ၎င်းတို့၏ သွားလာလှုပ်ရှားမှု ရာဇဝင်အပေါ် မေးခွန်းများကို အခြေခံထားသော အရောင်နှင့် သတ်မှတ်ထားသည့် ၎င်းတို့၏ ကျန်းမာရေးအခြေအနေနှင့် Alipay နှင့် Wechat တို့ပေါ်ရှိ ၎င်းတို့၏ ကျန်းမာရေးကြေညာချက်များကို ပြသနိုင်မှသာ မြေအောက်ရထားဘူတာရုံများနှင့် အခြားနေရာများသို့ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ယင်းအတွက် QR Code တစ်ခုကို ထည့်သွင်း အသုံးပြုရမည်ဖြစ်သည်။

ရပ်ကွက်နှင့် အဆောက်အအုံကော်မတီများကလည်း နေအိမ်များကို စောင့်ကြည့်နေကြသည်။ ထိုသို့သော ကြိုးပမ်းအားထုတ်မှုများမှာ ပုံမှန်အခြေအနေသို့ ပြန်သွားခြင်းကို ထိန်းချုပ်မှု အစီအစဉ်များ ဆက်ထားခြင်း၊ နိုးနိုးကြားကြားရှိမှု မြှင့်တင်ခြင်းဖြင့် လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ခြင်းဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေသော အထက်ပါအလေ့အကျင့်များအပြင် မဟာဗျူဟာမြောက် အရေးပါသော မြို့ကြီးများတွင် ဝင်ရောက်ခွင့် လိုအပ်ချက်အသစ်များ ထားရှိပါသည်။ မြို့တော် ဘေဂျင်းတွင် အတင်းကျပ်ဆုံး အစီအစဉ်အချို့ရှိနေပါသည်။ နိုင်ငံတကာ လေကြောင်းခရီးစဉ်များကို အခြားမြို့ကြီး ၁၂ မြို့သို့ လမ်းကြောင်းလွှဲပေးထားသည်။ ခရီးသွားများသည် ယင်းမြို့ကြီးများတွင် ၁၄ ရက်ကြာမြင့်သော သီးသန့်နေထိုင်ခြင်း (Quarantine)ကို ခံယူပြီးမှသာ ဘေဂျင်းမြို့ ဧရိယာသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။

**စီးပွားရေးပြန်လည်နှိုးဆွခြင်း**

တရုတ်နိုင်ငံက မတ်လကုန် စီးပွားရေး နှိုးဆွမှုအစီအစဉ်တစ်ရပ်ကို စောစောပိုင်းက ကြေညာခဲ့ပါသည်။ ယင်းမှာ စီးပွားရေးကို တွန်းအားပေးရန် ငွေချေးစည်းကမ်းများကို လျှော့ပေါ့ပေးရန် အထူးဘွန်း (Bond)စာချုပ်များ ထုတ်ပြန်ရေးကို ရည်မှန်းခဲ့သည်။ ဘဏ္ဍာရေးလိုငွေပြမှုသည် ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်သည်ဟု သမ္မတ ရှီကျင်းပင်က အရိပ်အမြွက်ပြောကြားပြီး စုစုပေါင်း ကန်ဒေါ်လာ ၃၄၄ ဒသမ ၁ ဘီလီယံကို ကတိပြုခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှုကိုအားပေးရေး နည်းလမ်းသစ်များ စဉ်းစားရာတွင် ဒေသအာဏာပိုင်များကိုလည်း ထည့်သွင်းခဲ့ပြီး စိတ်ဝင်စားစရာ နည်းလမ်းများ မွေးဖွားခဲ့သည်။ ထိုသို့သော နည်းလမ်းတစ်ခုမှာ အွန်လိုင်းမှ ဈေးဝယ်ခြင်း၊ အစားအစာပို့ဆောင်မှုနှင့် တည်ခင်းဧည့်ခံရေး လုပ်ငန်းများတွင် စားသုံးမှုကို အားပေးကူညီရန်

စာမျက်နှာ ၃၀ »

# International



## Leader's Profile

# အီဂျစ်ဝန်ကြီးချုပ် မူစတာဖာမက်ဘော်လီ

ရဲမင်း

မူစတာဖာမက်ဘော်လီသည် အီဂျစ်နိုင်ငံ၏ လက်ရှိဝန်ကြီးချုပ်ဖြစ်သည်။

မက်ဘော်လီသည် အီဂျစ်အစိုးရအဖွဲ့တွင် အိမ်ရာနှင့် မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ကြားဖြတ်ဝန်ကြီးချုပ်အဖြစ်လည်း ခေတ္တ တာဝန်ထမ်းဆောင်ခဲ့သည်။

မက်ဘော်လီသည် ကိုင်ရိုတက္ကသိုလ် အင်ဂျင်နီယာဌာနမှ ဘွဲ့ရရှိခဲ့သည်။

၁၉၈၈ တွင် မဟာဘွဲ့နှင့် ၁၉၉၇ တွင် ဒေါက်တာဘွဲ့ရရှိခဲ့သည်။

၎င်းသည် ၂၀၀၉ စက်တင်ဘာမှ ၂၀၁၁ နိုဝင်ဘာအထိ အိမ်ရာနှင့် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနတွင် မြို့ရွာစီမံကိန်း အထွေထွေအာဏာပိုင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

တစ်ပြိုင်နက်တည်းမှာပင် ယင်းဝန်ကြီးဌာနလက်အောက်မှ အိမ်ရာနှင့် ဆောက်လုပ်ရေး သုတေသနစင်တာ၏ လေ့ကျင့်သင်ကြားရေးဌာန၏ အမှုဆောင်ဒါရိုက်တာတာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။

မက်ဘော်လီသည် ၂၀၁၂ နိုဝင်ဘာမှ ၂၀၁၄ ဖေဖော်ဝါရီအထိ ကုလသမဂ္ဂ လူသားပြန်လည်နေရာချထားရေး အစီအစဉ်၌ အာရပ်နိုင်ငံများအတွက် ဒေသဆိုင်ရာ ဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။

၂၀၁၄ မတ်လတွင် ဝန်ကြီးချုပ် အီဘရာဟင်မာလက်က ၎င်းအား အိမ်ရာဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။

၂၀၁၅ စက်တင်ဘာတွင် ဝန်ကြီးချုပ် ရှရစ်အစ္စမေးလ်လက်ထက်တွင်လည်း မက်ဘော်လီက အိမ်ရာဝန်ကြီးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့သည်။

မက်ဘော်လီက အီဂျစ်အိမ်ရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေချိန်မှာပင် သန်းနှင့်ချီသော တိုက်ခန်းများ ဆောက်လုပ်ရေး စီမံကိန်းအကောင်အထည်ပေါ်လာခဲ့သည်။

ယင်းစီမံကိန်းသည် သမ္မတ အယ်လ်စီစီ တာဝန်ယူပြီးနောက် အသက်ဝင်လာခဲ့သော အဓိက အမျိုးသားစီမံကိန်းကြီးတစ်ရပ်လည်းဖြစ်သည်။

၂၀၁၇ မေလက ဝန်ကြီးချုပ် အစ္စမေးလ် ဆေးကုသမှုခံယူရန် ဂျာမနီသို့ သွားရောက်ချိန်၌ မက်ဘော်လီသည် ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့ရသည်။

၂၀၁၈ အငြင်းပွားဖွယ် သမ္မတရွေးကောက်ပွဲတွင် သမ္မတ အယ်လ်စီစီ ပြန်လည်ရွေးကောက်တင်မြှောက်ခံရပြီး ဝန်ကြီးချုပ် အစ္စမေးလ် နုတ်ထွက်ခဲ့ပြီးနောက် ဇွန်လ ၇ ရက်တွင် မက်ဘော်လီအား အယ်လ်စီစီက ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

ဇွန်လ ၉ ရက်တွင် ဝန်ကြီးချုပ် မက်ဘော်လီက အစိုးရအဖွဲ့ကို အပြောင်းအလဲများ လုပ်ဆောင်ခဲ့ပြီး အချို့ကို ဆက်လက်တာဝန်ပေးအပ်ခဲ့သည်။

၎င်း၏ အစိုးရအဖွဲ့တွင် အမျိုးသမီးဝန်ကြီးရှစ်ဦး ပါဝင်ခဲ့ပြီး ယခင်အစိုးရလက်ထက်က ခြောက်ဦး စံချိန်ကို ချိုးဖျက်ခဲ့သည်။

ဇူလိုင် ၃ ရက်တွင် ဝန်ကြီးချုပ် မက်ဘော်လီက ၎င်း၏ မူဝါဒဆိုင်ရာ ထုတ်ပြန်ချက်ကို ပါလီမန်သို့ တင်ပြခဲ့သည်။

ဇူလိုင် ၂၅ ရက်တွင် အီဂျစ်ပါလီမန်က မက်ဘော်လီ၏ အစိုးရအဖွဲ့နှင့် မူဝါဒထုတ်ပြန်ချက်ကို ထောက်ခံချက်ပေးခဲ့သည်။ *—Ref: Wikipedia*

---

စာမျက်နှာ ၂၉ မှ

## နိုင်ငံနှင့် စီးပွားရေးကို စနစ်တကျ ပြန်ဖွင့်ရန် ကြိုးစားနေသော တရုတ်

ဒစ်ဂျစ်တယ်လက်ဆောင်ကူပွန်များ မိတ်ဆက်ခြင်းဖြစ်သည်။

ထိုသို့ လုပ်ဆောင်ခြင်းမှာ ဂျီဒီပီ၏ ၄၅ ရာခိုင်နှုန်းအထိရှိသော တရုတ်နိုင်ငံ၏ အစဉ်အလာအားဖြင့် မြင့်မားသော ငွေကြေးစုဆောင်းမှုနှုန်းကြောင့် ဖြစ်နိုင်ပါသည်။ ငွေသားအကူအညီသာ ပေးအပ်ခဲ့ပါက ယင်းငွေကြေးများ ဘဏ်ထဲတွင်သာ ဆက်ရှိနေမည်ဖြစ်သည်။ ဒစ်ဂျစ်တယ်ကူပွန်များ၏ ဆင့်ကဲသက်ရောက်မှုသည် ငွေသားနှင့် နှိုင်းယှဉ်ပါက နှစ်ဆခန့် ထိရောက်သည်ဟု တရုတ်ဗဟိုဘဏ်က ခန့်မှန်းတွက်ချက်ထားသည်။

ထို့အပြင် ပြည်သူလူထု၏ စားသုံးမှုတန်ဖိုးသည် ၂၀၁၉ တရုတ် ဂျီဒီပီဖွံ့ဖြိုးတိုးတက်မှု၏ ထက်ဝက်ကျော် ပါဝင်ဖြည့်ဆည်းပေးသည်ဟု အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၏ အဆိုအရ သိရသည်။

ပြည်နယ်နှင့် မြို့ကြီးပေါင်း ၃၀ က ဒစ်ဂျစ်တယ်ကူပွန်များကို မိတ်ဆက်ထားပြီးဖြစ်ကာ ဟန်ဂျိုးမြို့ဆိုလျှင် ကန်ဒေါ်လာ ၂၃၇ ဘီလီယံရှိ ကူပွန်များ ဖြန့်ချိထားပြီးဖြစ်သည်။ ဤနည်းအားဖြင့် တရုတ်က ပိုမိုကြီးထွားလာနေသော အီလက်ထရွန်နစ်ကုန်သွယ်မှုကဏ္ဍကို ထောက်ပံ့ကူညီပေးနေသည်။ အီလက်ထရွန်နစ်ကုန်သွယ်ရေးမှာ သန်းနှင့်ချီသော လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် ကုန်ထုတ်လုပ်သူများ၏ အဓိကအသက်သွေးကြောဖြစ်သလို တရုတ်နည်းပညာ ကုမ္ပဏီကြီးများ ခြေကုပ်ယူထားသော နေရာလည်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် တရုတ်က ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို လမ်းလွှဲစေသော စည်းမျဉ်းနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများကိုလည်း ပြန်လည်သုံးသပ်နေသည်။ တရုတ်ဗဟိုဘဏ်က ဧပြီ ၂၀ ရက်တွင် အတိုးနှုန်းများ ထပ်မံလျှော့ချခဲ့ပြီး ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်ဖြစ်သည်။

အခြားတရုတ်ဘဏ္ဍာရေးအဖွဲ့အစည်းများကလည်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SME)များကို အကူအညီပေးရေး အစီအစဉ်များ ဖော်ဆောင်နေသည်။ ယင်းတွင် ကြွေးမြီများကို နောက်ဆုတ်ပေးခြင်းနှင့် ကုန်ထုတ်လုပ်မှုများ ပြန်လည်စတင်နိုင်ရန် သီးခြားငွေချေးငှားမှု အစီအစဉ်များ လုပ်ဆောင်ပေးခြင်းတို့ ပါဝင်သည်။

ထို့အပြင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန်လည်း တရုတ်အစိုးရက အားထည့်လုပ်ဆောင်နေသည်။ ယင်းတွင် ရင်းနှီးမြှုပ်နှံမှုဘဏ်လုပ်ငန်းနှင့် ငွေကြေးစီမံခန့်ခွဲရေး ဈေးကွက်များ ဖြေလျှော့ပေးခြင်းများ ပါဝင်သည်။ ပထမဆုံးအကြိမ်အဖြစ် ချမ်းသာကြွယ်ဝမှုရန်ပုံငွေအဖွဲ့များသည် ဖက်စပ်များအဖြစ်မဟုတ်ဘဲ အပြည့်အဝပိုင်ဆိုင်သော လုပ်ငန်းများအဖြစ် လိုင်စင်များလျှောက်ထားနိုင်မည်ဖြစ်သည်။

စီးပွားရေးအတွက် တံခါးဖွင့်ထားကြောင်း အချက်ပြရန် တရုတ်က စိတ်အားထက်သန်နေပါသည်။ မတ်လ ၃၁ ရက်ကပင် ရှန်ဟိုင်းမြို့တွင် အကောင်အထည်ဖော်မည့် ကြီးမားသော စက်မှုလုပ်ငန်းစီမံကိန်း ၁၅၂ ခုအား လက်မှတ်ရေးထိုးခဲ့ကြောင်း ကြေညာခဲ့သည်။ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၆၂ ဒသမ ၃ ဘီလီယံရှိသော ရင်းနှီးမြှုပ်နှံမှုတွင် Bosch, Mitsubishi နှင့် Walmart ၏ ကုမ္ပဏီခွဲ Sam's Club တို့ ပါဝင်ခဲ့သည်။

### နာမည်ကောင်းထိခိုက်မှုကို ပါဝါအပျော့ သံတမန်ရေးဖြင့် ပြန်လည်ပြုပြင်ခြင်း

COVID-19 ဗိုင်းရပ်စ်အား ဝူဟန်မြို့ ဓာတ်ခွဲခန်းတစ်ခုတွင် ထုတ်လုပ်ခဲ့သည်ဆိုသော လံကြုပ်သီအိုရီများ ပျံ့နှံ့မှု၊ ပွင့်လင်းမြင်သာမှုအပေါ် စိုးရိမ်ပူပန်မှုနှင့် စွပ်စွဲမှုအများအပြားရှိခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ စီးပွားရေး ပြန်လည်တိုးတက်မှုသည် ကပ်ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သော နာမည်ကောင်းထိခိုက်မှုကို ရပ်တန့်နိုင်မည်လားဆိုခြင်းအပေါ် များစွာမူတည်နေပါလိမ့်မည်။

တရုတ်နိုင်ငံသည် အီတလီနိုင်ငံသို့ စုစုပေါင်း ဆရာဝန် ၃၀၀၊ သန်းနှင့်ချီသော ဗိုင်းရပ်စ်စမ်းသပ်ပစ္စည်း (Kits)များ ထောင်နှင့်ချီသော အသက်ရှူစက်များအား ပို့ဆောင်ခဲ့သည်။ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ လာအို၊ မော်လဒိုက်၊ မွန်ဂိုလီးယား၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာသို့ နှာခေါင်းစည်း ၁ ဒသမ ၈ သန်း၊ စမ်းသပ်ပစ္စည်း ၂၁၀,၀၀၀၊ အကာအကွယ်ဝတ်စုံ ၃၆,၀၀၀၊ အသက်ရှူစက်များ၊ အဖျားတိုင်းစက်အမြောက်အမြား ပေးပို့ခဲ့သည်။

ထိခိုက်သော နိုင်ငံများသို့ ဆေးဘက်ဆိုင်ရာ အကူအညီပေးပို့ခြင်း လက်ငင်းလုပ်ရပ်အပြင် တရုတ်နိုင်ငံသည် ၎င်းတို့၏ အထင်ကရ ခါးပတ်နှင့်လမ်း (BRI) စီမံကိန်းများအပေါ် ဗိုင်းရပ်စ်ကူးစက်မှု၏ ဆင့်ကဲအကျိုးဆက်များကိုလည်း ပြန်လှန်သုံးသပ်နေသည်။

တရုတ်နှစ်သစ်ကူးအတွက် အိမ်ပြန်လာသော တရုတ်အလုပ်သမားများ တရုတ်တွင် Lockdown များကြောင့် ပိတ်မိနေကြစဉ် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ လာအို၊ ကင်ညာ၊ မလေးရှား၊ မြန်မာ၊ ဆော်ဒီအာရေဗီးယား၊ သီရိလင်္ကာအပါအဝင် နိုင်ငံပေါင်းများစွာမှ BRI စီမံကိန်းများ နောက်ဆုတ်သွားခဲ့သည်။

တစ်ဖက်တွင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)အတွက် ရန်ပုံငွေကို ရပ်တန့်မည်ဟု အမေရိကန်က ကြေညာခဲ့သဖြင့် တရုတ်အတွက် ယင်းနယ်ပယ်တွင် ဦးဆောင်မှုမြင့်တင်ရန် အခွင့်အရေးရှိနေသည်။ တကယ်တမ်းလည်း တရုတ်က BRI စီမံကိန်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ကျန်းမာရေးပိုးလမ်းမ (Health Silk Koad)အစီအစဉ်ရှိနေခဲ့သည်။ ယင်းမှာ BRI နိုင်ငံများကြားတွင် ပြည်သူ့ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ရန် ဖြစ်သည်။

ကျန်းမာရေးပိုးလမ်းမ အစီအစဉ်နှင့်ပတ်သက်၍ ဝေဖန်မှုများ၊ မသင်္ကာမှုများရှိနေသော်လည်း တရုတ်က အဖွဲ့ဝင်နိုင်ငံများကို အရေးတကြီးလိုအပ်နေသော ဆေးပစ္စည်းများ ထောက်ပံ့ခြင်း၊ အမျိုးသားစွမ်းရည်များ တည်ဆောက်ရန် ကူးစက်ရောဂါထိန်းချုပ်ရေး အတွေ့အကြုံမျှဝေခြင်းများ လုပ်ဆောင်ခဲ့သည်။

နယ်စပ်ပိတ်ဆို့မှုများရှိနေချိန်၌ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးပို့ရာတွင် BRI အခြေခံအဆောက်အအုံကွန်ရက်၏ အရေးပါပုံကို မီးမောင်းထိုးပြရင်း တရုတ်က ကျန်းမာရေးပိုးလမ်းမ အစီအစဉ်ကို ဆက်လက်တွန်းအားပေးဖွယ်ရှိသည်။

### ပြန်လည်ထူထောင်ရေး

COVID-19 ကာကွယ်ဆေးသည် ၂၀၂၁ အထိ ထွက်ပေါ်လာဖွယ်မရှိသော်လည်း ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် ကြိုးပမ်းရာတွင် တရုတ်က မှန်မှန်ကြီး ချီတက်နေသည်။

၎င်းတို့၏ နိုင်ငံတကာ ရပ်တည်မှုအပေါ် ဗိုင်းရပ်စ်၏ ရိုက်ခတ်မှုကို တရုတ်နိုင်ငံက ကိုင်တွယ်နေရစဉ် ပုံမှန်အခြေအနေနှင့် တူချင်မှ တူပါလိမ့်မည်။

သို့ရာတွင် ရောဂါကူးစက်မှု ဒုတိယလှိုင်း မဖြစ်စေရန် သတိထားရင်း နည်းလမ်းသစ်များနှင့် စီးပွားရေးကို နှိုးဆွခြင်း၊ စီးပွားရေးလုပ်ငန်းများ အတိုင်းအတာတစ်ခုအထိ ပြန်လည်ပတ်နိုင်အောင် အကူအညီပေးရန် လုပ်ဆောင်မှုများကို လေ့လာသင့်ပါသည်။ အထူးသဖြင့် Lockdown ဖယ်ရှားရန် စဉ်းစားနေသော နိုင်ငံများ လေ့လာသင့်သည်။

*—Ref: Life in China after COVID–19 Lockdown gives normal new meaning*

# Entertainment

## ““စိတ်ဓာတ်မကျဖို့လိုပါတယ်။ လူသားတစ်ယောက်ဖြစ်ရင် လူနဲ့ ပတ်သက်တဲ့ ပြဿနာအခက်အခဲဒုက္ခဆိုတာ ကြုံနေရမှာ””

### မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌဦးဖိုးချစ်နှင့် တွေ့ဆုံခြင်း

ဖွဲ့ညဏ်

မြန်မာနိုင်ငံသဘင်အစည်းအရုံးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သဘင်သည်နှစ်သောင်းကျော်အတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ပြီးခဲ့သည့်ရက်ပိုင်းက လှူဒါန်းခဲ့သည်။ သဘင်အစည်းအရုံးက ချမှတ်ထားသည့် စည်းကမ်းချက်နှင့် ကိုက်ညီသူများကို လှူဒါန်းခြင်းဖြစ်၍ သဘင်အလုပ်ဖြင့် အသက်မွေးသူအားလုံးကို လှူဒါန်းနိုင်ရန် သဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်က 'ပိုသူလှူ လိုသူကူ' အစီအစဉ်ကို အကောင်အထည် ဖော်ကာ အမှန်တကယ် လိုအပ် သည့် သဘင်သည်များအတွက် လှူဒါန်းရန်စီစဉ်နေသည်။

ထို့ကြောင့် ဦးဖိုးချစ်ကို COVID-19 ကာလတွင် ကြုံတွေ့ရသည့် သဘင်သည်များ၏အခက် အခဲများအကြောင်းနှင့် လှူဒါန်းမှု အစီအစဉ်များအကြောင်း ဆက်သွယ်မေးမြန်းခဲ့ပါသည်။



**COVID-19 ကြုံရတဲ့ အချိန်မှာ သဘင်သမားတွေအတွက် ဘယ်လိုအခက်အခဲတွေ အဓိကကြုံရလဲ။**

ကျွန်တော်တို့တင်မှ မဟုတ်ဘူး။ နိုင်ငံရော ကမ္ဘာနဲ့ချီပြီး သူ့လောကနဲ့သူအားလုံးဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတာချည်းပဲ။ သဘင်အနုပညာရှင်တွေအနေနဲ့ကျတော့ တကယ့်အလုပ်လုပ်ရမယ့်အချိန်ကာလကြီး။ အလုပ်တကယ်လုပ်ရမယ့်အချိန်၊ သဘင်သည်၊ အနုပညာရှင် ၉၅ ရာခိုင်နှုန်းလောက်က ဒီအချိန်မှာ အလုပ်လုပ်ပြီး မိုးတွင်းမှာ တစ်ခါပြန်ပြင်ဆင်ကြ၊ ထိုင်စားကြတာ။ အဲဒီနေရာမှာ ခါးဖြတ်ရိုက်လိုက်သလိုပဲ။ လုံးဝပြတ်သွားတယ်။ စားဝတ်နေရေးအပြင် စိတ်ဓာတ်တွေရော။ ခံစားမှု။ နောက်နှစ်ပြန်လုပ်ရမှာရော။ အခက်အခဲဆိုတဲ့အပိုင်းကတော့ အများကြီး၊ တော်တော်ကိုဒုက္ခဖြစ်သွားတာ။

**မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆို သဘင်သည်အင်အားက ဘယ်လောက်ရှိလဲ။**

တကယ့်တကယ် နှစ်သိန်းခွဲသုံးသိန်းလောက်ထိရှိမယ်။ ဒါပေမဲ့ အဲဒါကိုစုစည်းဖို့၊ တချို့လည်း လုပ်မစားတော့ဘူး။ အဲဒါတွေကို ပြန်စုစည်းဖို့ ကြိုးစားနေတာ ကြာပြီ။ စာရင်းတွေကောက်နိုင်ဖို့အတွက် ကြိုးစားတုန်းပါပဲ။ မနှစ်ကတည်ထောင်သူတွေ၊ စာချုပ်ချုပ်သူတွေစသဖြင့် နှစ်သောင်းကျော်ရှိတယ်။ အမှန်တကယ်က တော်တော်များတယ်။

**သဘင်အစည်းအရုံးအနေနဲ့ကော COVID-19 နဲ့ပတ်သက်ပြီး ဘာတွေလုပ်ဆောင်ပေးဖြစ်လဲ။**

ဒီသတင်းတွေ စကြားကတည်းက တစ်ချိန်မဟုတ် တစ်ချိန်တော့ ရပ်နားနိုင်တယ်ဆိုတာမျိုး အစည်းအဝေးမှာပြောဖြစ်တယ်။ ကိုယ်နိုင်တဲ့ဝန်နဲ့ သဘင်သမားတွေအတွက် အတတ်နိုင်ဆုံး ထောက်ပံ့ကူညီနိုင်ဖို့လုပ်မလဲ။ နိုင်ငံတော်ကို ဘယ်လိုတင်ပြမယ်။ ဘယ်လိုလေးတော့ ပြင်ဆင်ထားသင့်တယ်ဆိုတာ တော်တော်ကြာပြီလုပ်ခဲ့တာ။ ဒါပေမဲ့ ကျွန်တော်တို့အစည်းအရုံးရော သဘင်အနုပညာရှင်တွေက ငွေကြေးအင်အား နည်းကြပါတယ်။ အစည်းအရုံးက ငွေကြေးအင်အားနည်းတဲ့ကြားထဲကစိတ်ဓာတ်မကျဘဲ ရှန်းထွက်ကြရတာ။ ပြင်ဆင်တာတော့ ကြာပြီ။ လမ်းကြောင်းပေါ်မှာတော့ လုပ်ဆောင်နေရဆဲပါပဲ။

**ပြီးခဲ့တဲ့ရက်က လှူဒါန်းမှုတွေလည်း ပြုလုပ်တာနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။**

လှူတာကတော့ သဘင်အစည်းအရုံးက တိုင်းနှင့်ပြည်နယ်မှာရှိတဲ့ ငွေ၊တချို့မြို့နယ်မှာရှိတဲ့ ငွေကို အကူအညီတောင်း။ နောက်ပြီး ရုံးချုပ် ဗဟိုမှာရှိတဲ့အလှူငွေတွေပေါင်းလိုက်ပြီး သိန်း ၁,၅၀၀ မတည်လိုက်တယ်။ မတည်လိုက်ပြီး တစ်နိုင်ငံလုံးသတ်မှတ်ချက်သုံးခု စာချုပ်လုပ်သား၊ တည်ထောင်သူ၊ အသက်(၇၅)နှစ်အထက် သက်ကြီးတွေဆိုပြီးတော့ ဆောင်ရွက်လိုက်တဲ့အခါမှာ တစ်ဦးကို ဆန်ငါးပြည်နှုန်းရမယ်ဆိုပြီး ကြေညာလိုက်တယ်။ အဲဒီအချိန်မှာ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက မေတ္တာစေတနာပေါ့။ အရင်ကလည်း သဘင်အနုပညာရှင်တွေကို တောက်လျှောက်စောင့်ရှောက်ခဲ့ပါတယ်။ လိုတာထပ်ဖြည့်ပါဆိုပြီး ဆန်သုံးပြည်နဲ့ တခြားစားစရာတွေ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထပ်ဖြည့်ပေးပါတယ်။ သိန်း ၁,၅၀၀ ပေါ့။ သိန်း ၁,၅၀၀ မှာအစည်းအရုံးက လှူတာကိုသိန်း ၁,၃၀၀။ သိန်း ၂၀၀ ကတော့ သဘင်သည်ဖြစ်ရင်ပြီးရောဆိုပြီး လှူမယ့်ဘက်ကိုထည့်တယ်။ အဲဒါနဲ့ တစ်နိုင်ငံလုံးကို လှူဖြစ်တာပါ။

**'ပိုသူလှူ လိုသူကူ' ဆိုတဲ့ အစီအစဉ်လေးလုပ်ဖြစ်တဲ့ အကြောင်းကိုလည်း ပြောပြပေးပါဦး။**

'ပိုသူလှူ လိုသူကူ' ကတော့ ပိုတဲ့သူကလှူ လိုတဲ့သူကိုကူညီကြမယ်ပေါ့။ အဲဒီဟာမှာ တချို့တွေကမပိုဘူး။ စာနာစိတ်ပေါ့။ စေတနာအားတအားကောင်းတဲ့အခါကျတော့ အခက်အခဲရှိတာမှန်တယ်။ လှူမယ်ဆိုပြီး ဖြစ်သွားတာ။ အစီအစဉ်ကတော့ တော်တော်များများ အပြင်ကလှူရင် သဘင်အနုပညာရှင်တွေက မပါတာပဲ။ မပါတာများတာ မဟုတ်ဘူး။ ပါကိုမပါဘူး။ ရန်ကုန်မှာလည်း စုစုစည်းစည်းတစ်နေရာတည်းမှာရှိတာ မဟုတ်တော့လေ။ ကျွန်တော့်အနေနဲ့ ဒါကိုပြင်ဆင်ဖို့လိုတယ်လို့ တွေးမိတယ်။ တွေးမိတဲ့အတိုင်းလည်း ဆောင်ရွက်ခဲ့တယ်။ အဲဒီသတင်းကိုကြားပြီး ဆရာတော်အရှင်ဆေကိန္ဒကလည်းသိန်းတစ်ရာ လှူဒါန်းပါတယ်။ စောင့်ရှောက်ပေးတယ်။ အနုပညာအပေါ်မှာ စောင့်ရှောက်ချင်ကြတဲ့သူတွေကလည်း လှူပေးပါတယ်။ ကျွန်တော်လည်း ငွေကြေးအရပွဲကမှ ရပ်တည်ရတဲ့သူ ဖြစ်တဲ့အတွက် အဆင်မပြေပါဘူး။ ငွေကြေးအခက်အခဲရှိတယ်။ ရှိတဲ့အတွက် ဘာလုပ်လဲဆိုတော့ မန္တလာမင်းက ဆုချထားတဲ့ Express ကားကြီးရှိတယ်။ အဲဒီကားကိုဘဏ်မှာ ချေးငှားစနစ်နဲ့ထားပြီး အဲဒီကအလှူငွေနဲ့မတည်မယ်။ ကားကတော့ ရုံးဖွင့်ရက်မှစလုပ်ရမှာ။ သိန်းသုံးရာမတည်ပြီးလှူမယ်လို့ လုပ်လိုက်တော့ အဖေကိုလည်း ခွင့်ပြုချက်တောင်းတယ်။ CB ဘဏ်ဥက္ကဋ္ဌကြီးက ကျွန်တော့်အခက်အခဲကိုသိတော့ သိန်းနှစ်ရာ ထည့်ပေးလိုက်တော့ ဒီကားကြီးပြီးသွားတဲ့အချိန်မှာ သိန်းတစ်ရာဆိုတော့ သိန်းသုံးရာပေါ့။ မတည်ပြီးလှူတာ။ လိုရင်ထပ်ဖြည့်ရမှာပေါ့။ လှူတယ်ဆိုတာလည်း သဘင်အနုပညာရှင်တွေက တကယ်လည်း အခက်အခဲဖြစ်တာ။ ကျွန်တော်တို့ဘဝအကြောင်းကျွန်တော်တို့ပိုသိတယ်။ ပြည်သူလူထုကိုမှီရတယ်။ ပျော်ပွဲရွှင်ပွဲတွေရှိမှ အဆင်ပြေမှာ။ နိုင်ငံရေးအဆင်မပြေလည်း ဇာတ်သမားက ကလို့မရဘူး။ ကျန်းမာရေးစီမံချက်နဲ့ ဘာရောဂါ၊ ညာရောဂါဆိုလည်း ပွဲမိန့်မရဘူး။ စာမေးပွဲဆိုလည်း ပွဲမိန့်မရဘူး။ စီးပွားရေးအဆင်မပြေလည်း ကျွန်တော်တို့အဆင်မပြေဘူး။ အများကြီးပဲ။ အဲဒီကြားမှာ တအားကိုခက်ခဲလို့ ကျွန်တော်က မတည်တာပါ။ အားလုံးပူးပေါင်းပါဝင်လာကြပြီ။ အဲဒီခေါင်းစဉ်ကတော့ သဘင်သည်ဖြစ်ရမယ်။ အမှန်တကယ်လိုအပ်ရင်ရပြီ။ ကျန်တာဘာမှမလိုဘူး။

**လိုအပ်ချက်ရှိတဲ့ သဘင်သည်တွေအနေနဲ့ ဘယ်လိုအကြောင်းကြားရမလဲ။ လှူဒါန်းချင်သူတွေကော ဘယ်လိုလှူဒါန်းလို့ရမလဲ။**

'ပိုသူလှူ လိုသူကူ' အစီအစဉ်ကို Page အနေနဲ့ စပြီးတင်ထားပြီးပြီ။ အဲဒီအကောင့်လည်း တင်ပေးမယ်။ လှူချင်ရင် အဲဒီမှာ လှူလို့ရတယ်။ အခက်အခဲရှိတဲ့ သဘင်သည်တွေအနေနဲ့က လည်းပို့စ်အောက်မှာ Comment ဝင်ရေးလို့ရတယ်။ ဆက်သွယ်ရမယ့်ဖုန်းနံပါတ်တွေ ပေးထားတယ်။ အဲဒါအားလုံးကိုဆက်သွယ်လို့ရတယ်။ ဆက်သွယ်လာတာနဲ့ ကျွန်တော်တို့ကအိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးမှာဖြစ်ပါတယ်။

စာမျက်နှာ ၃၁ »

## Entertainment

# COVID-19 ရောဂါအတွက် ကူညီဖို့သီချင်းသစ်တစ်ပုဒ် ပူးပေါင်းဖန်တီးထားတဲ့ အရီယာနာဂရန်ဒီနဲ့ ဂျပ်စတင်ဘီဘာ



**လန်ဒန်၊ မေလ-၂**

COVID–19 ကမ္ဘာ့ကပ်ရောဂါပျံ့နှံ့မှုအတွင်း ရှေ့ဆုံးမျက်နှာစာမှ ပါဝင်အလုပ်လုပ်ပေးနေကြသူများ၏ ကလေးများအတွက် ပညာသင်စရိတ်နှင့် ရန်ပုံငွေများ ထောက်ပံ့ပေးရေးအဆိုတော်အရီယာနာဂရန်ဒီနှင့် ဂျပ်စတင်ဘီဘာတို့ပူးပေါင်း၍ 'Stuck With U' အမည်ရသီချင်းတစ်ပုဒ်ဖန်တီးထားသည်။

၂၀၁၉ ဧပြီလက ဖျော်ဖြေပွဲတစ်ခုအတွင်း အရီယာနာက ဂျပ်စတင်ဘီဘာကို ဖိတ်ခေါ်ကာ ၎င်း၏ Sorry သီချင်းကို ဖျော်ဖြေစေခဲ့သည်။ ဂျပ်စတင်ဘီဘာနှင့် အရီယာနာတို့၏ သီချင်းသစ် Stuck With U ကို မေလ ၈ ရက်တွင် စတင်ထုတ်လွှင့်ရောင်းချမည်ဖြစ်ကာ ရရှိသောငွေကို First Responderr Children's Foundation အဖွဲ့နှင့်ပူးပေါင်း၍ လှူဒါန်းမည်ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်ရေးလုပ်သားများ၊ အရေးပေါ်ဆေးဘက်ဆိုင်ရာနည်းပညာရှင်များ၊ ကပ်ရောဂါပညာရှင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်သမားများ၏ သားသမီးများအတွက် ပညာသင်စရိတ်ပေးမည်ဖြစ်သည်။

ယင်းသီချင်းသစ်ထွက်ရှိမည့်အကြောင်းကို အဆိုတော်နှစ်ဦးစလုံးက တွစ်တာမှတစ်ဆင့် ကြေညာခဲ့ကြသည်။

ယင်းနှင့် ပတ်သက်၍ နောက်ထပ်သတင်းအချက်အလက်များကို မိမိ၏အင်စတာဂရမ်အကောင့်မှတစ်ဆင့် ကြေညာပေးမည်ဟု အရီယာနာက ပြောကြားသည်။

Stuck With U သီချင်း ရောင်းချမှုနှင့် ထုတ်လွှင့်မှုအပိုင်းကို ဂျပ်စတင်ဘီဘာ၏ Universal Music Group က တာဝန်ယူမည်ဖြစ်သည်။

ယင်းသီချင်းသစ်၏ နမူနာပုံစံကို မကြာခင်အွန်လိုင်းပေါ်တင်ပေးမည်ဟု ဂျပ်စတင်ဘီဘာက ၎င်း၏တွစ်တာအကောင့်၌ ဖော်ပြထားသည်။ (Mtv.com)






စာမျက်နှာ ၃၁ မှ

## မြန်မာနိုင်ငံသဘာဝအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌဦးဖိုးချစ်နှင့် တွေ့ဆုံခြင်း

**COVID-19 က ဘယ်လိုအတွေ့အကြုံတွေ ရလိုက်တယ်လို့ ပြောလို့ရမလဲ။**

အများကြီးပဲ။ တကယ်ကို အံ့သြစရာကောင်းလောက်တဲ့ အတွေးအခေါ်၊ အယူအဆတွေလည်းရတယ်။ ဘာတွေ ကြိုတင်ပြင်ဆင်သင့်တယ်ဆိုတဲ့ အတွေးအခေါ်တွေလည်းရတယ်။ ရုတ်တရက်ကြုံလာတဲ့အခါမှာ စိတ်ဓာတ် ဘယ်လိုပြင်ဆင်ထားရမယ်။ Stay Home လုပ်တဲ့အချိန်မှာတောင် စိတ်ယိုင်မသွားအောင် ခံနိုင်ရည်ရှိဖို့။ အများကြီးပါပဲ။ နောက် ငွေရေးကြေးရေးစီးပွားရေးအရရော၊ အနုပညာအရရော၊ ကိုယ့်ရဲ့ခံနိုင်မှုစွမ်းအားတွေ၊ လုပ်ငန်းကိုင်ငန်းတွေအရရော ပြင်ဆင်ဖို့လိုတယ်ဆိုတဲ့ အသိတွေ အများကြီးရသွားပါတယ်။

**ကပ်ကြီးပြီးသွားရင်တောင် သဘင်သည်တွေ နားရတဲ့ မိုးကာလကိုရောက်တော့မှာဆိုတော့ ဘာတွေ ထပ်ပြီးစဉ်းစားထားတာရှိလဲ။**

သဘင်သည်တွေအတွက် နိုင်ငံတော်အဆင့်လည်းတင်ပြ။ နောက်တစ်နည်းလည်း ထပ်စဉ်းစားရမယ်။ သူတို့ ပြန်လည်ပြီး တည်ထောင်နိုင်လာအောင်၊ ပြန်ရပ်တည်လာနိုင်အောင်လည်း စဉ်းစားပေးရမယ့် တစ်ချက်၊ လက်ရှိ ကြားကာလစားဝတ်နေရေးအတွက်လည်း ဒါလေးနဲ့ပြီးလို့မရနိုင်သေးဘူး။ တော်တော်ထပ်ကြိုးစားရဦးမှာ။ လွယ်တော့မလွယ်ဘူး။ သူတို့အတွက် စားဝတ်နေရေးက တအားကိုခက်ခဲသွားကြပြီ။ လက်လုပ်လက်စားလည်းမဟုတ်ဘူး။ လုပ်ငန်းရှင်လည်းမဟုတ်ဘူး။ အမြဲတမ်းအလုပ်ရှိလားဆိုတော့လည်းမရှိပြန်ဘူး။ တော်တော်တော့ ခက်ခဲတယ်။ သတ်မှတ်ရတာ။ သေချာတာကတော့ တကယ့်ကိုဒုက္ခရောက်တာ။ ကျွန်တော်က အဲဒီလိုပြောလို့ သဘင်သမားတွေအတွက်ပဲပြောတယ်ထင်မှာ။ ကျန်တဲ့နေရာတွေမှာလည်း ကျွန်တော်ပြောခဲ့သလို သူ့အထွာနဲ့သူ အခက်အခဲ၊ ဒုက္ခဖြစ်ကြတဲ့သူတွေချည်းပါပဲ။

**COVID-19 နဲ့ပတ်သက်ပြီး ပရိသတ်တွေကိုအကြံပြုစကားလေး ပြောပေးပါဦး။**

စိတ်ဓာတ်မကျဖို့ပဲ။ အရာရာ စိတ်ကဦးဆောင်ရတာ။ အဲဒီတော့ စိတ်ဓာတ်မကျဖို့လိုပါတယ်။ လူသားတစ်ယောက် ဖြစ်ရင် လူနဲ့ပတ်သက်တဲ့ ပြဿနာ အခက်အခဲဒုက္ခဆိုတာ ကြုံနေရမှာ။ ဒါကြီးပြီးသွားရင်လည်းပျော်စရာကောင်းတာတွေကြုံရသလို စိတ်ညစ်စရာလည်း ကြုံနေရဦးမှာပဲ။ တစ်သက်လုံးမှာဒီတစ်ခုနဲ့ပြီးသွားမှာမဟုတ်ဘူး။ ဒုက္ခတွေလည်းလာဦးမယ်။ သုခတွေလည်းလာဦးမယ်။ ဒါတွေကိုရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ထားဖို့ စိတ်ဓာတ်မကျဖို့ စိတ်ဓာတ်ကိုအမြဲတမ်းဆန်းစစ်ပြီးတော့ ကိုယ်တိုင်ပြင်ဆင်ဖို့လိုပါတယ်။ ဒါက လောကရဲ့သဘာဝတစ်ခုအနေနဲ့ ဒုက္ခဖြစ်ပါတယ်။ ဒီအပေါ်မှာ စိတ်ဓာတ်မကျဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# Technology

## COVID-19 ကာလအတွင်း Viber တွင်အဖွဲ့လိုက်ဖုန်းခေါ်ဆိုမှု ၁၀ ဆနီးပါးတက်

မြင့်ကျော်လှိုင်

ရန်ကုန်၊ မေလ ၄ ရက်

COVID-19 ကာလ အတွင်း မြန်မာနိုင်ငံ၌ Viber ကွန်ရက်တွင်အဖွဲ့လိုက် ဖုန်းခေါ်ဆိုမှု ယခင်ထက် ၁၀ ဆနီးပါး တိုးတက်ခဲ့ပြီး ၎င်း၏ Community အတွင်းသို့ ဝင်ရောက်ကြည့်ရှုသူ ၆၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း Viberကုမ္ပဏီက ထုတ်ပြန်သည်။

Viber သည် မြန်မာနိုင်ငံ၌ COVID-19 ရောဂါစတင်ဖြစ်ပွားချိန်တွင် ၎င်း၏ကွန်ရက်အတွင်း၌ အဖွဲ့လိုက် ဖုန်းခေါ်ဆိုမှုကို လူဦးရေ ၂၀ အထိ တစ်ပြိုင်တည်းဆက်သွယ်နိုင်ရန် စီစဉ်ပေးခဲ့သည့်နောက် အသုံးပြုသူဦးရေတိုးတက်ခဲ့ခြင်းဖြစ်သည်။

အလားတူ Viber သည် COVID-19 ရောဂါနှင့်ပတ်သက်ပြီး ယုံကြည်စိတ်ချရသည့် သတင်းများရယူနိုင်သော Community ကို မိတ်ဆက်ခဲ့သည်။ အဆိုပါ Community သည်အဖွဲ့ဝင်ပေါင်း ခုနစ်သိန်းကျော်ကို မြန်မာဘာသာဖြင့် ထုတ်လွှင့်ပေးနိုင်ခဲ့သည်။ Viber ၏ စီအီးအို Mr. Djamel Agaoua က "ဒီလိုခက်ခဲနေတဲ့အချိန်မှာ အချင်းချင်း အလွယ်တကူဆက်သွယ်နိုင်အောင် ကူညီပေးဖို့ ကျွန်တော်တို့ လုပ်ဆောင်ခဲ့ကြတယ်။ လွတ်လွတ်လပ်လပ် လုံလုံခြုံခြုံဆက်သွယ်အသုံးပြုနိုင်အောင် ကျွန်တော်တို့ ဆက်လက် လုပ်ဆောင်သွားပါမယ်" ဟု ပြောသည်။

ကွန်ရက်တွင် လူသုံးအများဆုံး လုပ်ဆောင်ချက်မှာ အဖွဲ့လိုက် စာတိုပေးပို့ခြင်းနှင့် အဖွဲ့လိုက်ဖုန်းခေါ်ဆိုခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဖွဲ့လိုက် စာတိုပေးပို့ခြင်းသည် ၁၃၄ ရာခိုင်နှုန်း မြင့်တက်လာပြီး Viber အသုံးပြုသူများ၏ ပျမ်းမျှအဖွဲ့လိုက် ဖုန်းခေါ်ဆိုခြင်းသည်လည်း ၃၇၀% အထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။



## OPPO F15 ကိုပြည်တွင်းဈေးကွက်တွင် စတင်မိတ်ဆက်

မြင့်ကျော်လှိုင်

ရန်ကုန်၊ မေလ- ၄

ပါးလွှာသော ကိုယ်ထည်နှင့် 48MPQuad-Camera ပါဝင်သည့် OPPO F15 ကို မြန်မာနိုင်ငံဈေးကွက်တွင် ပြီးလကုန်ပိုင်းက စတင်မိတ်ဆက်ခဲ့သည်။

အဆိုပါဟန်းဆက်ကို အရောင်နှစ်ရောင်ဖြင့် ရရှိနိုင်မည်ဖြစ်ပြီး ၃၉၉,၉၀၀ ကျပ်ဖြင့် စတင်ရောင်းချခဲ့ကာ Shop.com.mm တွင်လည်း ပို့ဆောင်ခအခမဲ့အနေဖြင့် တင်ဆက်ရောင်းချသည်ဟု OPPO က ထုတ်ပြန်သည်။

OPPO F15 တွင် နောက်ဘက်တွင် ကင်မရာလေးလုံးပါရှိပြီး ရှေ့ဘက်ကင်မရာအဖြစ် 16MP (F2.0) AI Beauty 2.1 ကင်မရာကို အသုံးပြုထားသည်။

Memory 8GB+128GB ပါဝင်ပြီး Battery 4000 mAh ဖြစ်သည်။ Type C အမျိုးအစားဖြစ်ကာ ၇၂ မိနစ်အတွင်းဖုန်းအားအပြည့် ပြန်လည်အားသွင်းနိုင်ပြီး ပုံမှန်အားသွင်းစနစ်များထက် လေးဆမြန်ဆန်သည်ဟု ကုမ္ပဏီက ထုတ်ပြန်သည်။

OPPO သည် F15 မိတ်မဆက်ခင်က F3 series, F5 series, F7 series, F9 series, F11 series စသည်တို့ကို မိတ်ဆက်ခဲ့သည်။

## SME လုပ်ငန်းများကို Shop.com ကူညီမည်

မြင့်ကျော်လှိုင်

ရန်ကုန်၊ မေလ- ၄

COVID-19 ရောဂါကာလအတွင်း SME လုပ်ငန်းများ ငွေကြေးအကျပ်အတည်းကို ဖြေရှင်းနိုင်ရန် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမည်ဟု အလီဘာဘာဂရုပ်ပိုင်ဆိုင်သည့် Shop.com.mm က ထုတ်ပြန်သည်။

SME လုပ်ငန်း (အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း) ၃,၀၀၀ ကျော်ကို ငွေသားစီးဆင်းမှု၊ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်၊ စားသုံးသူထံ ကုန်ပစ္စည်းရောက်ရှိရေး အစရှိသည်တို့ကို ကူညီပေးမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အရောင်းမြှင့်တင်ရေးအစီအစဉ်များ၊ ထုပ်ပိုးမှုကုန်ကြမ်းများ ထောက်ပံ့ခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ ကုန်ကျစရိတ်ကို လျှော့ချပေးခြင်း၊ e Commerce ပလက်ဖောင်းပေါ်ရှိ ဈေးရောင်းချမှုကို ကော်မရှင်နှုန်းကင်းလွတ်ခွင့်ပြုခြင်း၊ ကွန်ရက်ပေါ်တွင် အခမဲ့ကြော်ငြာများ တင်ဆက်ပေးခြင်းကို ပြုလုပ်ပေးမည်ဟု Shop.com.mm မန်နေဂျင်းဒါရိုက်တာ Mr.Frans Maas က ပြောသည်။

အဆိုပါ ဝန်ဆောင်မှုအားလုံး၏ တန်ဖိုးသည် ကျပ်သန်း ၄၀၀ ခန့် တန်ကြေးရှိလိမ့်မည်ဟု ၎င်းက ပြောသည်။

COVID-19 ရောဂါကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာမှုများရှိနေသဖြင့် ယခုကဲ့သို့ ကူညီရခြင်းဖြစ်သည်ဟု Shop.com.mm ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ Shop.com.mm သည် မြန်မာနိုင်ငံ e Commerce ဈေးကွက်၌ ငါးနှစ်ကြာလုပ်ကိုင်ခဲ့ပြီး လက်ရှိတွင် ဈေးရောင်းချသူ ၅,၀၀၀ ကျော်နှင့် လစဉ်သုံးစွဲသူ တစ်သိန်းကျော်ကို ပိုင်ဆိုင်ထားသည်။ ၎င်းတို့သည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကုန်စည်များကို e Commerce ဝက်ဘ်ဆိုက်ပေါ်မှတစ်ဆင့် လုပ်ငန်းလည်ပတ်ရန် ရည်ရွယ်ထားသည်။



# Sports



# "ပြိုင်ပွဲအပေါ် အာရုံစူးစိုက်မှုကောင်းကောင်းနဲ့ ယှဉ်ပြိုင်ပြီး ပြိုင်ဘက်ကို အသန့်ရှင်းဆုံး အနိုင်ယူဖို့ပဲ ဆုံးဖြတ်ထားပါတယ်"

## မြန်မာ့လက်ရွေးစင် Pool ကစားသမား ဘုန်းမြင့်ကျော်နှင့် ဆက်သွယ်မေးမြန်းခြင်း



*Chinese 8 Ball ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသည့် ဘုန်းမြင့်ကျော်*

ဓာတ်ပုံ – Ko Ar Ti/Fb

ရွှေဘုတ်

ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် အားကစားပြိုင်ပွဲအများစု ရပ်နားထားသော်လည်း တရုတ်နိုင်ငံ ချောင်ရန်မြို့၌ Chinese 8 Ball ပြိုင်ပွဲကို ပရိသတ်မပါဘဲ ဧပြီ ၁၈ ရက်က စတင်ကျင်းပနေသည်။ ယင်းပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်နာမည်ကြီး တရုတ်ကစားသမား ခုနစ်ဦးနှင့် အတူ ၂၀၁၉ ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် မြန်မာ့လက်ရွေးစင် Pool ကစားသမား ဘုန်းမြင့်ကျော် ယှဉ်ပြိုင်နေသည်။ ကစားသမားရှစ်ဦးသာ ယှဉ်ပြိုင်သည့် ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်အထိ လေးလကြာ ကျင်းပမည်ဖြစ်ပြီး ချန်ပီယံဆုရသည့် ကစားသမားကို ဆုကြေး (မြန်မာငွေ ကျပ်သိန်း ၁,၀၀၀ ကျော်) ချီးမြှင့်မည်ဖြစ်သည်။ ဘုန်းမြင့်ကျော်သည် မေလ ၃ ရက်အထိ ယှဉ်ပြိုင်ထားသည့် ပထမအဆင့်တွင် သုံးပွဲဆက် အနိုင်ရရှိထားသည်။ တရုတ်နိုင်ငံတွင် လက်စွမ်းပြ ယှဉ်ပြိုင်နေသည့် ဘုန်းမြင့်ကျော်ကို 7Day News ဂျာနယ်က ဆက်သွယ် မေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်သည်။

**Chinese 8 Ball ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရပုံလေး ပြောပေးပါဦး။**

ဒီပြိုင်ပွဲက တရုတ်မှာ ရှစ်ယောက်တည်း ပြိုင်ခွင့်ရတဲ့ ပြိုင်ပွဲပါ။ ကစားသမားတွေကိုတော့ စပွန်ဆာကုမ္ပဏီက ရွေးချယ်တာပါ။ သူတို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းအတိုင်း ရွေးတာဖြစ်ပြီး ကမ္ဘာ့ချန်ပီယံနဲ့ နိုင်ငံတကာပြိုင်ပွဲတွေမှာ ချန်ပီယံဆုရတဲ့သူတွေကို ဦးစားပေး ရွေးချယ်ခဲ့တာပါ။ ဒီလိုပြိုင်ပွဲမျိုးမှာ ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ကမ္ဘာ့ချန်ပီယံတွေနဲ့အတူ ပြိုင်ခွင့်ရတဲ့အတွက် ဂုဏ်ယူဖို့ကောင်းပါတယ်။ ကျွန်တော့်အတွက် မှတ်တိုင်တစ်ခုလို့လည်း ပြောလို့ရပါတယ်။ ကျွန်တော်က ချန်ပီယံမဖြစ်ဖူးပေမယ့် တရုတ်မှာ ပြိုင်ပွဲတွေ ဆက်တိုက်ပြိုင်နေပြီး ထိုက်သင့်သလောက် အောင်မြင်မှုလည်း ရထားတယ်။ ဆီးဂိမ်းမှာလည်း ရွှေတံဆိပ်နှစ်ခုရထားတဲ့အတွက် ရွေးချယ်ခံရတယ်လို့ ထင်ပါတယ်။

**ဒီပြိုင်ပွဲမှာ ပါဝင်တဲ့ပြိုင်ဘက်တွေအကြောင်း ပြောပြပေးပါဦး။**

ဒီပြိုင်ပွဲမှာ ကျွန်တော်က လွဲလို့ တခြားကစားသမား ခုနစ်ယောက်စလုံးက ကမ္ဘာ့အဆင့်ကစားသမားတွေချည်းပဲ။ ပြိုင်ဘက် ခုနစ်ယောက်မှာ ခြောက်ယောက်က ကမ္ဘာ့ချန်ပီယံတွေပါ။ တရုတ်နိုင်ငံရဲ့ အကောင်းဆုံးကစားသမားတွေကို ရွေးထားတာဖြစ်တယ်။ တစ်ယောက်ချင်းစီက ပုံစံတစ်မျိုးစီနဲ့ ကောင်းကြတဲ့ကစားသမားတွေဖြစ်သလို အားသာချက်တွေလည်းရှိတယ်။ သူတို့က ဒီကစားနည်းကို ငယ်ငယ်ကတည်းက ကစားတယ်။ ကိုယ်ကကျတော့ သူတို့ လမ်းတစ်ဝက်လောက်မှ စကစားတာ ဖြစ်လို့ ပိုခက်ခဲတယ်။ ဘာပဲဖြစ်ဖြစ် အခက်အခဲတွေကို စိန်ခေါ်မှုလို့ သဘောထားလိုက်တယ်။ ဘယ်ပွဲမှ မလွယ်ပါဘူး။ ကျွန်တော့်အတွက် စိန်ခေါ်မှု အရမ်းကြီးသလို အတွေ့အကြုံ သစ်တွေလည်း အများကြီးရမယ့်ပွဲပါ။ ကမ္ဘာ့ချန်ပီယံတွေဆိုပေမယ့် ကျွန်တော်ကတော့ ပြိုင်ပွဲတိုင်းကို အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင် ကြိုးစားသွားမှာပါ။

**ဒီပြိုင်ပွဲ အဖွင့်ပွဲ သုံးပွဲဆက် အနိုင်ရခဲ့တာက ဘယ်အပိုင်းတွေ အားသာချက်လို့ ပြောလို့ရလဲ။**

ပရိသတ်တွေရဲ့ အားပေးမှုနဲ့ ပို့သတဲ့ မေတ္တာတွေကြောင့် နိုင်ပွဲရခဲ့တာပါ။ အားကစားနည်းတစ်ခုမှာ အားပေးမှုက အရမ်းလိုအပ်ပါတယ်။ တကယ် သူတို့ကိုနိုင်ဖို့ ကျွန်တော့်အတွက် အရမ်း ခက်ခဲပါတယ်။ လီဟိုင်ထောင်နဲ့ ပွဲမှာ ဆိုခက်ခဲပါတယ်။ သူနဲ့ ဒီပွဲမတိုင်ခင် နှစ်ကြိမ်တွေ့ဆုံဖူးပြီး နှစ်ကြိမ်စလုံး ရှုံးနိမ့်ထားပါတယ်။ သူက အတွေ့အကြုံ ကိုယ့်ထက်များပြီး ကမ္ဘာ့ချန်ပီယံလည်း ဖြစ်တယ်။ ပြီးတော့ ကစားကွက်ကလည်း တူတယ်။ ကျွန်တော့်အတွက် ဒီအချိန်မှာ အဓိက လိုအပ်နေတာက အားပေးမှု ခွန်အားတွေပါ။ ဒီခွန်အား၊ တွန်းအားတွေကပဲ ကျွန်တော့်ကို အင်အားဖြစ်စေပြီး နိုင်ပွဲတွေအဖြစ် ပြောင်းနိုင်ခဲ့တာပါ။

**လာမယ့် လက်ကျန်ပွဲတွေအတွက် ဘယ်လိုပြင်ဆင်ထားလဲ။**

ပွဲတိုင်းကို ကျွန်တော်ကတော့ အကောင်းဆုံး ကစားနိုင်အောင် ကြိုးစားပြင်ဆင်နေပါတယ်။ စိတ်တည်တည်ငြိမ်ငြိမ်နဲ့ ထိုးနိုင်အောင်လည်း ပြင်ဆင်ထားတယ်။ နောက်ထပ် နိုင်ပွဲတွေနဲ့ ကျွန်တော်တို့မြန်မာအလံကို လေထဲမှာ ဝဲနိုင်အောင် အမြဲကြိုးစားသွားပါမယ်။

**ဒီပြိုင်ပွဲမှာ ဘယ်အဆင့်ထိ ရည်မှန်းထားလဲ။**

ဒီပြိုင်ပွဲက ပထမအဆင့်မှာ ရှစ်ယောက်ပတ်လည် ကစားရမှာပါ။ ပထမအဆင့်ပြီးရင် အဆင့် (၁) ကနေ (၄) အထိရတဲ့ ကစားသမား လေးဦးရယ်၊ အဆင့် (၅) နဲ့ (၆) ရတဲ့ ကစားသမားက Play-Off ကစားပြီး အနိုင်ရတဲ့သူ စုစုပေါင်း ငါးဦးက နောက်တစ်ဆင့်ယှဉ်ပြိုင်ရမှာပါ။ ဘယ်အဆင့်ထိရောက်ရမယ်လို့ ပြောဖို့ခက်ပါတယ်။ ဘယ်အဆင့်ထိရောက်ရမယ်လို့လည်း ကိုယ့်ကိုယ်ကိုယ် ဖိအားမဖြစ်ချင်ဘူး။အဓိကက အကောင်းဆုံးနဲ့ အသန့်ရှင်းဆုံး ယှဉ်ပြိုင်မယ်လို့ တွေးထားတယ်။ ပြိုင်ပွဲအပေါ် အာရုံစူးစိုက်မှုကောင်းကောင်းနဲ့ ယှဉ်ပြိုင်ပြီး ပြိုင်ဘက်ကို အသန့်ရှင်းဆုံး အနိုင်ယူဖို့ပဲ ဆုံးဖြတ်ထားပါတယ်။

**ဒီပြိုင်ပွဲပြီးရင် တခြားပြိုင်ပွဲတွေ ပြိုင်ဖို့ စီစဉ်ထားတာ ရှိသေးလား။**

ပြိုင်ပွဲက လေးလလောက်ကြာမှာပါ။ အချိန်လည်း ကြာမယ်။ နောက်နှစ်လလောက် ကျန်သေးတယ်။ ဒီပွဲပြီးရင်တော့ ကြားထဲမှာတော့ လေ့ကျင့်မယ်။ လေ့ကျင့်မှု ပြည့်ဝလာပြီဆိုရင် ပြိုင်ပွဲအသေးလေးတွေပြိုင်ဖို့ပဲ ရှိပါတယ်။ ပြိုင်ပွဲအကြီးတွေကျတော့ လက်ရှိမှာ COVID-19 ကြောင့် ကျင်းပနိုင်ခြင်း မရှိသေးပါဘူး။

**မြန်မာနိုင်ငံက အားပေးနေတဲ့ ပရိသတ်တွေကို ဘာပြောချင်လဲ။**

မြန်မာပြည်က ကျွန်တော့်ကို အားပေးနေတဲ့ ပရိသတ်တွေ အခုလို COVID-19 ကြောင့် စိတ်ပူပန်နေမှုကနေ ကျွန်တော့် နိုင်ပွဲကြောင့် စိတ်ထွက်ပေါက် တစ်ခု ဖြစ်နိုင်ပါစေ။ အခုလို ကျွန်တော့်ကို အင်တိုက်အားတိုက်အားပေးလို့ အရမ်းဝမ်းသာပါတယ်။ အားလည်း အရမ်းဖြစ်စေပါတယ်။ ကစားသမားတိုင်းအတွက် အားပေးမှုက လိုအပ်ပါတယ်။ ကျွန်တော်က နိုင်ငံ့အတွက် တစ်ထောင့်တစ်နေရာကနေ ကြိုးစားနေတာပါ။ အခုလို အားပေးတဲ့အတွက် ကြိုးစားရကျိုးနပ်ပါတယ်။ ပရိသတ်တစ်ယောက်စီတိုင်းကို၊ တစ်ဦးချင်းစီကို အရမ်းကျေးဇူးတင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# ဘက်ဟမ်းပိုင်ဆိုင်တဲ့အသင်းက နာမည်ကြီး ကစားသမားသစ်တွေ ခေါ်ယူနိုင်ဖို့ ပြင်ဆင်နေ

ဇွဲရဲဝင့်

**မီယာမီ** – ဒေးဗစ်ဘက်ဟမ်းပိုင်ဆိုင်ထားတဲ့ အမေရိကန်မေဂျာလိဂ် ဘောလုံးကလပ်ဟာ ကမ္ဘာ့ကျော် ဘောလုံးကြယ်ပွင့်တွေကို ခေါ်ယူနိုင်ဖို့ အလေးအနက် ကြိုးစားနေကြောင်း သိရပါတယ်။

ဘက်ဟမ်းဟာ ကစားသမားဘဝတုန်းက သူနဲ့ ရင်းနှီးခဲ့တဲ့ ရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်နဲ့ဆက်သွယ်ပြီး စပိန်ထိပ်တန်းကလပ်ရဲ့ နာမည်ကြီး ကစားသမား တစ်ယောက်ကို ခေါ်ယူနိုင်ဖို့ မျှော်လင့်နေကြောင်း သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။ လောလောဆယ်တော့ ရီးရဲလ်ရဲ့ လူကာမိုဒရစ်၊ ဟာမက်စ်ရိုဒရီဂတ်ဇ်နဲ့ ဂါရတ်သ်ဘေးလ်တို့ထဲက တစ်ယောက်လောက်ကိုစာချုပ်နိုင်ဖို့ ဘက်ဟမ်းက မျှော်လင့်နေဟန်ရှိပါတယ်။

မေဂျာလိဂ်ကလပ်တွေအနေနဲ့ လစာကန့်သတ်ချက်ကနေ ကင်းလွတ်တဲ့ ကစားသမားသစ်သုံးဦးထိခေါ်ယူဖို့ အခွင့်အရေးရှိနေပါတယ်။ အင်တာမီယာမီဟာ မက္ကဆီကိုအသင်းခေါင်းဆောင်ရိုဒေါ်လ်ဖို ပစ်ဇာရိုနဲ့ အာဂျင်တီးနားကြယ်ပွင့်လေး မက်တီယက်စ်ပယ်လီရီနီတို့ကို စာချုပ်ခေါ်ယူထားပြီးပါပြီ။ လက်ကျန်တစ်နေရာစာအတွက် ကမ္ဘာ့အဆင့် ထိပ်တန်းကစားသမားတစ်ယောက်နဲ့ အားဖြည့်ဖို့ အသင်းက ကြိုးစားနေတာ ဖြစ်ပါတယ်။

အင်တာမီယာမီရဲ့ အားကစားဒါရိုက်တာ ပေါလ်မက်ဒိုနော့ဂ်ကတော့ သူတို့အသင်းကို လာရောက်ပူးပေါင်းချင်တဲ့ ကစားသမားတွေ အများကြီး ရှိနေကြောင်း ကြွေးကြော်ထားပါတယ်။ ဒါပေမဲ့ လက်ရှိ ကြုံနေရတဲ့ ကပ်ရောဂါဂယက်ကြောင့် လူသစ်တွေ စုဆောင်းတဲ့နေရာမှာ အခက်အခဲရှိနေကြောင်းတော့ မက်ဒိုနော့ဂ်က ဝန်ခံပြောကြားသွားပါတယ်။ •

_Ref: Goal





# ဖျူရီနဲ့ ပွဲစဉ် အထမြောက်ပြီး အနိုင်ရချင်တယ်လို့ ထုတ်ပြောလာတဲ့ ဂျိုရှုအာ

ဇွဲရဲဝင့်

**လန်ဒန်** – တိုင်ဆန် ဖျူရီကို အနိုင်ယူပြီး လက်ဝှေ့အဖွဲ့ချုပ် အားလုံးရဲ့ ချန်ပီယံဆုတွေကို သိမ်းကျုံးဆွတ်ခူးထားနိုင်ဖို့ မျှော်လင့်ကြောင်း အန်သိုနီဂျိုရှုအာက ပြောကြားခဲ့ပါတယ်။

အသက်(၃၀)အရွယ် ဗြိတိန်လက်ဝှေ့ကျော် ဂျိုရှုအာဟာ WBA၊ IBF၊ WBOနဲ့ IBO လက်ဝှေ့အဖွဲ့ချုပ်တွေရဲ့ ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို သိမ်းပိုက်ရယူပြီး အငြင်းပွားစရာ ချန်ပီယံတစ်ဦးအဖြစ် ရပ်တည်နေပါတယ်။ သူနဲ့ တစ်နိုင်ငံတည်းသား ဖျူရီကလည်း လက်ဝှေ့ကြိုးဝိုင်းတွေထဲ တစ်ကျော့ပြန် ဝင်ရောက်လာတဲ့နောက် WBC အဖွဲ့ချုပ် ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို ရရှိထားပါတယ်။

ဂျိုရှုအာက သူဟာ လောလောဆယ်တော့ မကြာခင် ထိုးသတ်ဖို့ ညှိနှိုင်းထားတဲ့ ကူဘရတ်ပူလက်ဗ်နဲ့ ပွဲစဉ်ကို ပိုပြီး အာရုံစိုက်ထားဦးမယ်လို့ ဆိုပါတယ်။ "ဒါပေမဲ့ တစ်ဖက်မှာလည်း ပူလက်ဗ်နဲ့ ပွဲကို ကျော်ပြီး စဉ်းစားထားရမှာတွေ ရှိပါတယ်။ ကျွန်တော်က ဖျူရီကို အနိုင်ယူဖို့ ကြိုပြင်ထားမှာပါ။ ဒီစကားအပေါ် ယုံကြည်တဲ့သူရော၊ သံသယဝင်တဲ့ သူပါရှိလိမ့်မယ်။ ဒါက ပြဿနာမဟုတ်ပါဘူး။ ကျွန်တော်ကတော့ ဖျူရီကို အနိုင်ထိုးသတ်ဖို့ အမြဲတမ်း ကြိုးစားနေမှာပါ" လို့ ဂျိုရှုအာက ဖွင့်ဟသွားပါတယ်။

အသက်အရွယ် အရလည်း မတိမ်းမယိမ်းဖြစ်တဲ့ လက်ဝှေ့ကျော်နှစ်ဦးရဲ့ ပွဲစဉ်သာ လက်တွေ့အထမြောက်လာရင် ဂန္ထဝင်မြောက်ပွဲကြီးပွဲကောင်း တစ်ခု ဖြစ်လာနိုင်ပါတယ်။ သူတို့နှစ်ယောက် ထိုးသတ်ကြဖို့ ကိုယ်စားလှယ်အဖွဲ့တွေက ညှိနှိုင်းနေပေမယ့် အစောပိုင်းအဆင့်မှာပဲ ရှိနေသေးကြောင်းလည်း သိရပါတယ်။

_Ref: Ring News



# Business



# COVID -19 ဒဏ်ခံ စီးပွားရေး လုပ်ငန်းများအတွက် မျှော်လင့်ချက်

*လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံတစ်ရုံတွင် COVID-19 ကာကွယ်ရေးဆောင်ရွက်ထားမှု များကို ကျန်းမာရေးဝန်ထမ်းများကစစ်ဆေးနေစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

ထွန်းထွန်းမင်း

ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် ထိခိုက်သည့်လုပ်ငန်းများကိုကုစားရန် အစိုးရက COVID-19 စီးပွားရေးကုစားမှု အစီအစဉ် ( COVID-19 Economic Relief Plan- CERP) ကို ဧပြီလကုန်ပိုင်းက ထုတ်ပြန်လိုက်သည်။

ထုတ်ပြန်ချက်တွင် စာမျက်နှာ ၁၅ မျက်နှာပါပြီး ရည်မှန်းချက် ခုနစ်ခု၊ မူဝါဒ ၁၀ ခု၊ ဆောင်ရွက်ရန်စီမံချက် ၃၆ ခုနှင့် လုပ်ဆောင်ချက် ၇၆ ခု ပါဝင်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “COVID-19 စီးပွားရေးကုစားမှု အစီအစဉ်ဟာ COVID-19 ကြောင့် မြေကြီးလက်ခတ်မလွဲ ကြုံတွေ့ရမယ့် စီးပွားရေးသက်ရောက်မှုကို ကုစားနိုင်မှာဖြစ်ပါတယ်”ဟု ထိုစီမံချက်အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အစိုးရက ယင်းစီမံချက်သည် COVID-19 ကြောင့် မြန်မာ့စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများကို လျော့ကျစေနိုင်သလို ခိုင်မာသည့်စီးပွားရေးတိုးတက်မှုများကို အမြန်ဆုံးခုန်ပျံကျော်လွှားရောက်ရှိမည့် အခြေအနေများ ပိုင်ဆိုင်စေမည်ဟုလည်း ဆိုထားသည်။

ထို့ကြောင့် ထိုကုစားမှုအစီအစဉ်က မြန်မာ့စီးပွားရေးကို အမှန်တကယ်ပြန်လည်နိုးဆွနိုင်မည်လားဟူသော မျှော်လင့်ချက်သည် မြန်မာ့စီးပွားရေးအသိုင်းအဝန်းတွင် လှုပ်ရှားအသက်ဝင်လာသည်။

ကပ်ရောဂါကြောင့် စိတ်ဓာတ်ကျဆင်းနေသူ လုပ်ငန်းရှင်များကြား အားတက်ဖွယ်ရာသတင်းစကား ဖြစ်လာသော်လည်း အမှန်တကယ် လုပ်ဆောင်နိုင်ခြင်းရှိ၊ မရှိအပေါ် သံသယရှိနေကြ၏။

ထိုစီမံချက်များကို လေ့လာကြည့်လျှင် ဗဟိုဘဏ်က လုပ်ဆောင်ချက်များ အဓိကဆောင်ရွက်မည်ကို တွေ့ရမည်ဖြစ်ပြီး လုပ်ဆောင်ချက်များနှင့် တာဝန်ခံရမည့်ဌာနများကို ပူးတွဲထုတ်ပြန်ထားသည်။ •

စီမံချက်တွင် ဘဏ်အတိုးနှုန်းများ ၃ ရာခိုင်နှုန်းအထိလျှော့ချရန်၊ ငွေတိုက်စာချုပ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းကို လျှော့ချခြင်း၊ ဈေးကွက်တုံ့ပြန်မှုအပေါ် မူတည်၍ ရန်ပုံငွေကျပ်ဘီလီယံ ၂၀၀ မှ ကျပ်ဘီလီယံ ၅၀၀ ထားရန်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့က စီးပွားဖြစ်ချေးငွေများတိုးချဲ့ရန်၊ ရင်းနှီးမြှုပ်နှံရန် မြန်မာ့စီးပွားရေးလုပ်ငန်းများကို ဘဏ်ထုတ်ချေးငွေ အသစ်များအတွက် ၅၀ ရာခိုင်နှုန်း အစိုးရက အာမခံပေးရန် စသည့် လုပ်ငန်းများ လုပ်ဆောင်ရန် သက်ဆိုင်ရာဌာနအလိုက် တာဝန်ပေးထားသည်။

“၅၀ ရာခိုင်နှုန်းကလည်း အစိုးရအာမခံပေးဆိုတဲ့အတွက် တော်တော်လေးကို ကောင်းမွန်တဲ့အတွက် ကြိုဆိုပါတယ်” ဟု စီးပွားရေးလုပ်ငန်းရှင် ဦးလှမောင်ရွှေကဒင်း၏ဖေ့စ်ဘွတ်ခ်တွင် ရေးသားထားသည်။

ထပ်တိုး ရင်းနှီးမြှုပ်နှံမှုများကို ဝင်ငွေခွန်သက်သာခွင့် ၁၀ ရာခိုင်နှုန်းပေးရန်၊ လယ်သမားများအတွက် မှတ်သုံရာသီအမီ ငွေကြေးထောက်ပံ့ခြင်း (သို့မဟုတ်) ချေးငွေပေးခြင်းတို့ ဆောင်ရွက်ရန်လည်း ပါဝင်သည်။

စံချိန်မမီ ချေးငွေကိုလည်း သက်တမ်းသုံးနှစ်အထိ တိုးပေးရန်၊ အမည်ရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အမြန်ဆုံးခွင့်ပြုရန်၊ မဟာဗျူဟာမြောက် အဆောက်အအုံများ တည်ဆောက်ရေး အရှိန်မြှင့်ရန် ပါဝင်သည်။ ကုန်သွယ်ရေးမြှင့်တင်ရန် ကူးသန်းရောင်းဝယ်ရေး ဘဏ်အချို့ကို ငွေကြေးထောက်ပံ့ရန် ကျပ်ဘီလီယံ ၁၀၀ ရန်ပုံငွေထောင်ခြင်းတို့ ပါဝင်သည်။

> **အတိတ်တုန်းက လာမယ့်အနာဂတ်အတွက် အသေးစိတ် အစီအစဉ်တွေ ချမှတ်ထားခဲ့တာမျိုး မရှိပေမယ့်လည်း COVID-19 ကို တိုက်ဖျက်ဖို့ ကျွန်မတို့အတူတကွ ရင်ဆိုင်ကြရပါမယ်။ ကျွန်မတို့ရဲ့ စုစည်းတုံ့ပြန်မှုဟာ ပြည့်စုံပြီး စနစ်တကျရှိရပါမယ်**

လယ်သမားကို ဆက်လက်ဆွဲဆောင်နိုင်ရန် ဆန်စပါးပြည်ပတင်ပို့မှုကို လွယ်ကူချောမွေ့စေရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ခံရမည်ဖြစ်သည်။

ဆန်းသစ်ထုတ်ကုန်များကို တိုးမြှင့်မိတ်ဆက်ခြင်း အခန်းကဏ္ဍတွင် မိုဘိုင်းငွေပေးချေရေးလုပ်ငန်းများအသုံးပြုရေး လှုံ့ဆော်ပေးရန်နှင့် အစိုးရကိုယ်တိုင်အသုံးပြုရန် ဗဟိုဘဏ်က ဆောင်ရွက်ရမည်ဖြစ်သည်။ အခြားနည်းပညာလုပ်ငန်းများကို အဆင့်မြှင့်တင်ခြင်း၊ အားပေးခြင်းတို့ ဆောင်ရွက်ရန်လည်း ပါဝင်သည်။ ထို့ပြင် COVID-19 တိုက်ဖျက်ရေးအတွက် လုပ်ငန်းစဉ်စီမံချက်များကိုလည်း ထည့်သွင်းထားသည်။

၎င်းအပြင် ရန်ပုံငွေနှင့် အရေးပေါ်ရန်ပုံငွေများ သုံးစွဲနိုင်ရေးကိုမြှင့်တင်ရန် စီမံကိန်း၊ ဘဏ္ဍာ

စာမျက်နှာ ၃၇ သို့

# အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ချေးငွေဆုံးရှုံးမှု လျာထားချက်ကို စက်တင်ဘာအထိ ခွင့်ပြုမည်

**အောင်ရဲကို**
**ရန်ကုန်**
**မေလ - ၅**

အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ၊အဖွဲ့အစည်းများ၏ ချေးငွေဆုံးရှုံးမှုလျာထားချက်ကို လာမည့်စက်တင်ဘာအထိခွင့်ပြုမည်ဟု ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက ထုတ်ပြန်သည်။

ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှုလျာထားချက်များကို မတ်လ ၃၁ ရက်အထိဆောင်ရွက်ရန်နှင့် ဧပြီ ၁ ရက်ကစ၍ ကောက်ခံရန်ကျန်ရှိသော ချေးငွေလက်ကျန်များအပေါ် ချေးငွေဆုံးရှုံးမှုလျာထားချက်သည် ချေးငွေလက်ကျန်ပမာဏ၏ ၁ ရာခိုင်နှုန်းလျာထားရန်ဖြစ်ပြီး အဆိုပါလျာထားချက်ကို စက်တင်ဘာအထိ ခွင့်ပြုမည်ဖြစ်သည်။

“ချေးငွေတစ်ခု ချေးထားတယ်။ မတ်လ ၃၁ ရက်နေ့ ပြန်ဆပ်ရမယ်ဆိုပါတော့ ပြန်မဆပ်လိုက်နိုင်ဘူး။ နောက် ဧပြီလမှာပါ ထပ်မဆပ်နိုင်ဘူး။ အဲဒီကာလတွေကို ထပ်မတွက်တော့ဘဲ နောက်ဆုံးအဆင့်အနေနဲ့သတ်မှတ် လိုက်တာ။ ဆိုလိုတာက COVID ဖြစ်နေတဲ့ကာလအတွင်းမှာ ပြန်မဆပ်နိုင်တဲ့ချေးငွေတွေကို ဆုံးရှုံးတဲ့လျာထားချက်ထဲ မထည့်ဖို့ပေါ့”ဟု ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ပြောသည်။

COVID-19 ရောဂါကြောင့် လုပ်ငန်းများ ပုံမှန်မဆောင်ရွက်နိုင်စဉ်အတွင်း ချေးငွေပြန်လည်ကောက်ခံမှု မလုပ်ဆောင်နိုင်သောကြောင့် ချေးငွေပေးဆပ်မှုနောက်ကျခြင်းနှင့် စပ်လျဉ်း၍ အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်ကော်မတီ၏ ညွှန်ကြားချက်(၅/၂၀၁၆)ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဧပြီ ၃၀ ရက်ကလည်း အသေးစားငွေရေးကြေးရေးအဖွဲ့များက နိုင်ငံ့ဝန်ထမ်းနှင့်ကုမ္ပဏီဝန်ထမ်းများကို ချေးငွေထုတ်ချေးနိုင်မည့် သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၉ အထိ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအရ အသေးစားငွေရေးကြေးရေးလုပ်ကိုင်ခွင့်ရ ကုမ္ပဏီနှင့် အဖွဲ့အစည်း ၂၀၀ ခန့်ရှိကာ တစ်နှစ်အတွင်း လုပ်ငန်းမတည်ငွေကျပ် ၅၇၇ ဘီလီယံကျော်နှင့် ထုတ်ချေးခဲ့သည့်ပမာဏမှာ ကျပ်ဘီလီယံသုံးထောင်ကျော် ရှိခဲ့သည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၁,၄၀၆ | ၁,၄၁၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၉၄၀ | ၉၈၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁,၄၂၀ | ၁,၄၉၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၉ | ၄၂ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၉၈ | ၂၀၀ | ကျပ် |

မေလ ၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၇၉၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၉၁၂၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၆.၉၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၇.၀၆၀၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၁.၅၅၂၀ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၄၀၃၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၇.၇၅၂၀ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၇၅.၆၄၄၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁၄,၈၆၉.၈၇၈၉ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၄.၂၉၇၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၁.၆၄၃၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၅၀.၅၃၄၄ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၁.၄၁၅၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၂၂၁.၆၁၄၄ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃၂.၅၂၈၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၇၅.၄၅၅၂ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၂၃,၄၄၅.၅၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၃.၆၇၂၅ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၆၇၁.၀၀ |
| ရေနံ | စည် | ၂၆.၀၉ |
| ငွေ | အောင်စ | ၁၄.၈၈ |
| ကြေးနီ | ပေါင် | ၂.၃၁ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၁.၉၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

မေလ ၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

စာမျက်နှာ ၃၆ မှ

# COVID -19 ဒဏ်ခံ စီးပွားရေးလုပ်ငန်းများအတွက် မျှော်လင့်ချက်

ရေးနှင့် စက်မှုဝန်ကြီးဌာနက လုပ်ဆောင်ရမည်ဖြစ်သည်။ ၎င်းတို့ထဲတွင် အစိုးရအဖွဲ့အစည်းအားလုံး၏ ၂၀၁၉-၂၀ ဘတ်ဂျက် ၁၀ ရာခိုင်နှုန်းကို ဖြတ်တောက်ပြီး COVID-19 ရန်ပုံငွေအဖြစ် သုံးရန်လည်းဆိုထားသည်။ ထို့ပြင် ပြည်ပအကူအညီများ၊ ရငွေများနှင့် ချေးငွေများရရှိနိုင်ရေးဆောင်ရွက်ရန်လည်း အထက်ပါဝန်ကြီးဌာနကို ဆောင်ရွက်စေသည်။



လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံတစ်ရုံတွင် ဝန်ထမ်းတစ်ဦး လုပ်ငန်းခွင်ဝင်နေစဉ်

ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

ကပ်ရောဂါ တိုက်ဖျက်ရေးအတွက်ပြည်ပချေးငွေအနည်းဆုံး အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံမှ ၂၀၀ အထိ ရရှိရန်နှင့် ချေးငွေရရှိရေးစတင်ဆောင်ရွက်ခြင်းတို့ကို စောင့်ကြည့်သွားမည်ဟုဆိုထားသည်။

“အခုဆိုရင် CERP ထွက်ပြီး တစ်ပတ်အတွင်းမှာ အမေရိကန်ဒေါ်လာသန်းရာနဲ့ချီ ထောက်ပံ့ဖို့ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတချို့မှ အတည်ပြုချက် ရရှိပြီးဖြစ်ပါတယ်။ CERP မှာ Action Plans များ အသေးစိတ် ပါရှိတဲ့အတွက် ဘယ်ဖွံ့ဖြိုးမှုအဖွဲ့အစည်းက ဘယ် Action Plans များကို ထောက်ပံ့မှာလဲဆိုတာ ညှိနှိုင်းရတာ အရမ်းမြန်ပါတယ်” ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ဆိုထားသည်။

ဦးဆက်အောင်က လက်ရှိရေးဆွဲလိုက်သည့် စီမံချက်သည် သီအိုရီများကို အခြေခံရေးဆွဲထားခြင်းမဟုတ်ဘဲ လက်တွေ့ဆောင်ရွက်နိုင်မှုကို အခြေခံရေးဆွဲထားခြင်းဖြစ်ရာ စီးပွားရေးသီအိုရီများနှင့် ဆန့်ကျင်ကောင်းဆန့်ကျင်နိုင်၍ တောင်းပန်အပ်ပါသည်ဟုဆိုထားသည်။

ထို့အပြင် ယခုစီမံချက်ကို တိုတိုရှင်းရှင်းရေးသားပြီး နိုင်ငံခြားပညာရှင်များထံမှ အကြံဉာဏ်များရယူသော်လည်း မြန်မာလူမျိုးများသာ ရေးဆွဲထားသည့် စီမံချက်ဖြစ်သည်ဟု ဦးဆက်အောင်က ဆိုသည်။

ထိုစီမံချက် ရေးဆွဲရာတွင် လပိုင်းအတွင်း ဆောင်ရွက်ရမည့် ရေတိုစီမံကိန်းများကိုသာ ရေးဆွဲထားပြီး အချိန်ယူဆောင်ရွက်ရမည့် စီမံချက်ကို နောက်ပိုင်းမှ ထည့်သွင်းမည်ဟုဦးဆက်အောင်က ၎င်း၏ဖေ့စ်ဘွတ်ခ်တွင် ရေးသားထားသည်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ စက်မှုလယ်ယာ၊ မြေယာနှင့် အစိုးရငွေတိုက်စာချုပ်များမှာ ယခုရေတိုစီမံချက်တွင် မပါဝင်ရခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

မြန်မာ့စီးပွားရေးလေ့လာသူ ဦးမင်းခင်က အခုစီမံချက်သည် ပြီးပြည့်စုံသည့်စီမံချက်မဟုတ်တိုင် အထိုက်အလျောက်ကောင်းမွန်သည်ဟု မှတ်ချက်ပေးသည်။ သို့သော် ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် ရွှေ့ပြောင်းလုပ်သားများ သန်းနှင့်ချီပြန်ဝင်လာနိုင်၍ အလုပ်အကိုင်ပေးရန် စီစဉ်ထားသင့်သည်ဟု မှတ်ချက်ပေးသည်။

COVID-19 ရောဂါ ကာလမှာ အချိန်ပိုကြာနိုင်ပြီး အချိန်မရွေး ပြန်လည်ပေါ်ပေါက်နိုင်၍ လူစုလူဝေးဖြင့် မဆောင်ရွက်ရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပိုမိုအားပေးထားသင့်ဟု သူကအကြံပြုသည်။

ပြည်တွင်း ဘဏ်တစ်ခုမှ အမှုဆောင် အရာရှိချုပ်တစ်ဦးကလည်း “မွေးမြူရေးနဲ့ ရေလုပ်ငန်းက စိုက်ပျိုးရေးပြီးရင် ဒီနိုင်ငံမှာ အလားအလာ အကောင်းဆုံးလုပ်ငန်းတွေပဲ။ ဘေးနိုင်ငံတွေမှာ ဝယ်လက်လည်း အထိုက်အလျောက်ရှိတာ။ ဒါတွေကိုလည်း ဦးစားပေးချင်စေတယ်” ဟု ၎င်းကဆိုသည်။

စီးပွားရေးကပ် ကျော်လွှားရန် အစိုးရကသာ ဦးဆောင်ရမည်ဖြစ်ပြီး တစ်ကမ္ဘာလုံးတွင်လည်း ကျော်လွှားရန် ပြင်ဆင်နေကြရာ လက်ရှိ အစိုးရထုတ်ပြန်သည့် စီမံချက်သည် အကောင်းဆုံးမဟုတ်သည့်တိုင် စေတနာထား ဆောင်ရွက်ထားသည်ကို တွေ့ရသည်ဟုလည်း သူကဆိုသည်။

စီးပွားရေးလုပ်ငန်းရှင်များက ယခုကပ်ရောဂါကို ကျော်လွှားရာတွင် အစိုးရတစ်ခုတည်းအနေဖြင့် ကျော်လွှားနိုင်ရန် မလွယ်ကူကြောင်းနှင့် ဝိုင်းဝန်းဆောင်ရွက်မှသာ ကျော်လွှားနိုင်မည်ဟုဆိုထားသည်။

ဒေါ်အောင်ဆန်းစုကြည်ကတော့ ထိုကပ်ရောဂါသည် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေကာ နောက်ဆက်တွဲ အကျိုးဆက်များလည်း အကြီးအကျယ်လာဦးမည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးနှင့် စီးပွားရေးတွင် စိန်ခေါ်မှုများ တွေ့ကြုံလာရဦးမည်ဖြစ်ပြီး နိုင်ငံအတွင်းမည်သည့် စီးပွားရေးလုပ်ငန်းများမျှ တောင့်ခံနိုင်မည်မဟုတ်ဟု သူက ခန့်မှန်းထားသည်။ ထို့ကြောင့် သူက ယခုလိုသတင်းစကားပါးသည်။

“အတိတ်တုန်းက လာမယ့် အနာဂတ်အတွက်အသေးစိတ်အစီအစဉ်တွေ ချမှတ်ထားခဲ့တာမျိုး မရှိပေမယ့်လည်း COVID-19 ကို တိုက်ဖျက်ဖို့ ကျွန်မတို့အတူတကွ ရင်ဆိုင်ကြရပါမယ်။ ကျွန်မတို့ရဲ့စုစည်းတဲ့ပြန်မှုဟာ ပြည့်စုံပြီး စနစ်တကျရှိရပါမယ်”

# International

## တရုတ်အပေါ် အခွန်အကောက်ချမှတ်ခြင်း ရွေးချယ်စရာတစ်ခုဟု ဒေါ်နယ်ထရန့် ပြောကြား

**ဝါရှင်တန်၊ မေလ- ၂**

COVID-19 ကူးစက်မှုနှင့်ပတ်သက်၍ လက်တုံ့ပြန်ရန် နည်းလမ်းများကိုစဉ်းစားနေစဉ်တရုတ်နိုင်ငံအပေါ် အခွန်အကောက်များ တိုးမြှင့်ခြင်းသည် သေချာပေါက် ရွေးချယ်စရာ နည်းလမ်းတစ်ခု ဖြစ်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားသည်။

"တရုတ်နဲ့ပတ်သက်ပြီး အများအပြား ဖြစ်ပျက်နေပါတယ်။ ဖြစ်ပျက်ခဲ့တာတွေနဲ့ ဆက်စပ်ပြီး ကျွန်တော်တို့ မကျေနပ်ပါဘူး"ဟု ဒေါ်နယ်ထရန့်က သတင်းထောက်များအား ပြောကြားသည်။

"ဒါဟာ ဆိုးရွားတဲ့ အခြေအနေပါ။ တစ်ကမ္ဘာလုံးမှာ နိုင်ငံပေါင်း ၁၈၃ နိုင်ငံရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ ပြောစရာ အများကြီးရှိပါတယ်။ သေချာပေါက်ရွေးချယ်စရာတစ်ခုဖြစ်ပါတယ်"ဟု ဒေါ်နယ်ထရန့်က ပြောကြားသည်။

ဝူဟန်မြို့မှ စတင်ခဲ့သော COVID-19 ကပ်ရောဂါရိုက်ခတ်မှု ဖြစ်ပေါ်ပြီးနောက် အမေရိကန်နိုင်ငံက တရုတ်ထံမှ နစ်နာကြေးများ တောင်းဆိုသွားဖွယ်ရှိသည်ဟု ဒေါ်နယ်ထရန့်က သီတင်းပတ်စောစောပိုင်းက ပြောကြားခဲ့သည်။

မေလ ၁ ရက် ညအထိ အမေရိကန်နိုင်ငံတွင် COVID-19 ကြောင့် သေဆုံးမှု ၆၅,၀၀၀ ခန့် ရှိလာကြောင်း ဂျွန်ဟော့ပ်ကင်း တက္ကသိုလ်မှ ပြုစုထားသော စာရင်းအရ သိရသည်။

စုစုပေါင်း COVID-19 ကူးစက်ခံထားရသူ ၁ ဒသမ ၁ သန်းကျော်ရှိကြောင်း အဆိုပါ တက္ကသိုလ်က မှတ်တမ်းတင်ထားသည်။



*အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်* OLIVER CONTRERAS / EPA

အမေရိကန်သည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြောင့် လူအသေအပျောက်အများဆုံးနိုင်ငံအဖြစ်လည်း မှတ်တမ်းဝင်နေသည်။

*—Ref: Reuters*

## ဆီးရီးယား အနောက်ပိုင်း၊ တောင်ပိုင်း ဒုံးကျည်ပစ်ခတ်ခံရမှု အစ္စရေးကို အပြစ်တင်

**ဘေရွတ်၊ မေလ- ၂**

ဆီးရီးယားနိုင်ငံ အနောက်ပိုင်းနှင့် တောင်ပိုင်းသို့ လေကြောင်းမှ တိုက်ခိုက်မှုနှစ်ခုသည် အစ္စရေးတို့၏ လက်ချက်ဖြစ်သည်ဟု လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့က ပြောသည်။

ဆီးရီးယားအနောက်ပိုင်း ဒါရာဒေသ၌ ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့သည်ကို တက်ကြွလှုပ်ရှားသူများက ကြားခဲ့ရကြောင်း လန်ဒန်မြို့အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က ပြောကြားသည်။

တဲလ်အာမာနှင့် မာအာရီယာဒေသရှိ ဆီးရီးယားအစိုးရ တပ်ဖွဲ့များနှင့် အီရန် လက်နက်ကိုင်အဖွဲ့များ နေရာယူထားသည့် စခန်းနှစ်ခုသို့ အစ္စရေးတပ်ဖွဲ့များက ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု လူ့အခွင့်အရေးအဖွဲ့က စွပ်စွဲသည်။

ဆီးရီးယားတောင်ပိုင်း နယ်စပ်အနီး အယ်ဂါဘီဒေသလည်း တိုက်ခိုက်ခံရသည်ဟု ယင်းအဖွဲ့က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုများတွင် ထိခိုက်ဒဏ်ရာရသူမရှိကြောင်း လူ့အခွင့်အရေးအုပ်စုက ပြောသည်။

အစိုးရပိုင် ဆီးရီးယားအာရပ် သတင်းအေဂျင်စီကလည်း အစ္စရေးတပ်ဖွဲ့များအား စွပ်စွဲပြောကြားသည်။

ယင်းစခန်းများသို့ ရဟတ်ယာဉ်များက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ လူအသေအပျောက်မရှိဘဲ ပစ္စည်းများသာ ပျက်စီးခဲ့သည်ဟု ဆီးရီးယားသတင်းဌာနက ပြောသည်။

ဒုံးကျည်များကို ဂိုလန်ကုန်းမြင့်မှနေ၍ ကူနီထရာဒေသသို့ ပစ်ခတ်ခဲ့သည်ဟု ဆီးရီးယားသတင်းက ဖော်ပြသည်။

*—Ref: UPI*

နောက်ကျောဖုံး မှ

## ဓာတ်ခွဲခန်းထဲက ဗိုင်းရပ်စ် သီအိုရီနှင့် တရုတ်-အမေရိကန် စကားလုံးစစ်ပွဲများ

(သို့မဟုတ်) လိုသလို မျိုးဗီဇပြုပြင်ပြောင်းလဲထားသည်ဟု ယုံကြည်ရသည့် မည်သည့်အထောက်အထားမျှ မတွေ့ရဟု ပညာရှင်များက ဖြေရှင်းခဲ့ကြသည်။ ယင်းအတွက်ကြောင့်လည်း အဆိုပါ ခန့်မှန်းသီအိုရီကို အခြေခံ၍ ဆွေးနွေးပြောဆိုမှုများလည်း အရှိန်ပြန်လျော့သွားခဲ့သည်။ ထိုအချိန်က အမေရိကန်ပြည်ထောင်စုတွင် ရောဂါကူးစက်မှုနှင့် သေဆုံးမှုများဆိုးဆိုးရွားရွား မဖြစ်သေးချေ။ ယခုတော့ အမေရိကန်တွင် COVID-19 ကြောင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံ၌ မကြုံစဖူး အပြင်းထန်ဆုံး ထိခိုက်လာခဲ့သည်။ ရောဂါတားဆီးထိန်းချုပ်ရေးနှင့် ပတ်သက်၍ သမ္မတ ဒေါ်နယ်ထရန့်၏ မူဝါဒများအပေါ်တွင်လည်း ဝေဖန်မှုများ မြင့်တက်လာသည်။ ယင်းသို့သော ကာလမျိုးတွင် ထရန့်၏ အစိုးရက ကိုရိုနာဗိုင်းရပ်စ်၏ မူလအစမှာ ဝူဟန်ရှိ ဓာတ်ခွဲခန်းတစ်ခုမှ ဖြစ်နိုင်သည်ဆိုသော ထင်ကြေးကို သိသိသာသာပြန်လည် အသက်သွင်းလာခဲ့ခြင်းဖြစ်သည်။

ဧပြီအတွင်း၌ ထရန့်က ကိုရိုနာဗိုင်းရပ်စ်၏ ရင်းမြစ်အမှန်ကို စိတ်ဝင်တစား စုံစမ်းနေကြောင်း စတင်၍ အစဆွဲထုတ်ခဲ့သည်။ ပြီးခဲ့သည့် လကုန်ပိုင်းတွင် အိမ်ဖြူတော်သတင်းစာ ရှင်းလင်းပွဲ၌ သတင်းထောက်တစ်ဦးက ကိုရိုနာဗိုင်းရပ်စ်မှာ ဝူဟန်ဓာတ်ခွဲခန်းမှ စတင်ပျံ့နှံ့လာသည်ဟု ယုံကြည်ရသည့် အထောက်အထားမျိုးရှိ၊ မရှိ မေးမြန်းခဲ့သည်။ ထိုအခါ ထရန့်က ယုံကြည်ထိုက်သည့် အထောက်အထားများကို ၎င်းကိုယ်တိုင် မြင်ထားခဲ့ကြောင်း ဖြေကြားခဲ့သည်။ သို့သော် မည်သို့သောအထောက်အထားဖြစ်သည် ဆိုခြင်းကိုမူ မှတ်ချက်မပေးခဲ့ချေ။ ၎င်းတွင် ပြောခွင့်မရှိဟု ထရန့်က ဆိုသည်။

သမ္မတ၏စကားသည်အမေရိကန် ထောက်လှမ်းရေးအရာရှိများ၏ ထုတ်ပြန်ချက်နှင့်မူ တိတိကျကျ ဆန့်ကျင်နေခဲ့သည်။ ဧပြီလကုန်ပိုင်းတွင် အမေရိကန် အမျိုးသားထောက်လှမ်းရေးဌာနက ရှားရှားပါးပါး ကြေညာချက်တစ်စောင် ထုတ်ပြန်ရာ၌ ၎င်းတို့သည် ကိုရိုနာဗိုင်းရပ်စ်၏မူလအစကို စုံစမ်းနေကြောင်း အတည်ပြုဖော်ပြထားသည်။ သို့သော် ဗိုင်းရပ်စ်ကို လူသားများ ဖန်တီးထားသည် (သို့မဟုတ်) ဓာတ်ခွဲခန်းတစ်ခုမှ စတင်ပျံ့နှံ့လာသည်ဟု ယုံကြည်ရသည့် မည်သည့်အထောက်အထားမျှ မတွေ့ရသေးကြောင်း မယုတ်မလွန် မှတ်ချက်ပေးထားသည်။

အမေရိကန် ထောက်လှမ်းရေးက ထိန်းထိန်းသိမ်းသိမ်း ကြေညာချိန်တွင် အမေရိကန် အစိုးရပိုင်းကမူ ကိုရိုနာဗိုင်းရပ်စ်သည် ဝူဟန်ဓာတ်ခွဲခန်းထဲတွင် စတင်ပေါ်ပေါက်လာသည်ဆိုသော စွပ်စွဲချက်ကို တစ်ရစ်ချင်းစီ တိုးလာခဲ့သည်။ မေလ ၃ ရက်က ABC သတင်းဌာန၏ This Week အစီအစဉ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ခ်ပွန်ပီယိုက ထိုကိစ္စကို နောက်ထပ် ဒီဂရီတစ်ဆင့် ထပ်မြှင့်ပေးလိုက်သည်။ ပွန်ပီယိုက ကိုရိုနာဗိုင်းရပ်စ်သည် ဝူဟန် ဓာတ်ခွဲခန်းမှ စတင်ပျံ့နှံ့ခဲ့ကြောင်း အလွန်စုံလင်များပြားသည့် အထောက်အထားများ ရရှိထားပြီဟု အတိအလင်း ပြောဆိုခဲ့သည်။

"တကယ်တော့ တရုတ်က ဓာတ်ခွဲခန်း တစ်ခုခုမှာ စမ်းသပ်မှုအမှားအယွင်းကြောင့် ကမ္ဘာကြီးမှာ ဗိုင်းရပ်စ်ကူးစက်မှုတွေ ဖြစ်လာတယ်ဆိုတာ ဒါပထမဆုံး အကြိမ်လည်း မဟုတ်ဘူးလေ"ဟု ပွန်ပီယိုက ဆိုသည်။ အမေရိကန်အစိုးရက တရုတ်ရှိ ဓာတ်ခွဲခန်းများ၏ လုံခြုံရေး စံနှုန်းအားနည်းချက်ကြောင့် အန္တရာယ်အလွန်များသည့် ရောဂါပိုးမွှားတစ်မျိုး ပြင်ပသို့ ပေါက်ကြားရောက်ရှိနိုင်ခြေ မြင့်မြင့်မားမားရှိနေကြောင်း ယခင်ကတည်းကစွပ်စွဲခဲ့ဖူးသည်။ ပွန်ပီယိုက WHO သည်လည်း တရုတ်၏အလိုကျ အသုံးတော်ခံသည့် ရုပ်သေးအဆင့်မျှသာ ရှိသည်ဆိုသောသဘောမျိုးပါထည့်သွင်း ဝေဖန်သွားသည်။

အမေရိကန်အစိုးရက ဝူဟန်ဓာတ်ခွဲခန်းမှ ဗိုင်းရပ်စ် စတင်ကူးစက်သည်ဆိုသော အယူအဆကို အားဖြည့်ပေးနေသည်မှာ ၎င်းတို့အပေါ် ပြည်တွင်းတွင် ကျရောက်နေသည့် ဖိအားများထံမှ အာရုံလွှဲချင်၍လား၊ သို့တည်းမဟုတ် အမှန်တကယ် ယုံကြည်ထိုက်သည့် အချက်အလက်များ ရရှိထား၍လားဆိုသည်ကိုမူ တိတိကျကျ မသိရသေးချေ။ တရုတ်အာဏာပိုင်များက ဗိုင်းရပ်စ်၏ ဖွဲ့စည်းပုံမှာ သဘာဝအတိုင်း မတော်တဆ ပေါ်ပေါက်လာခြင်းသာဖြစ်ကြောင်း WHO ၏ ထောက်ခံချက်ကို ကိုးကားပြီး ဖြေရှင်းခဲ့သည်။ သို့သော် အမေရိကန်က COVID-19 ဝယက်တွင် WHO အပေါ် အယုံအကြည်မရှိဟုဆိုကာ ထောက်ပံ့ကြေး အစီအစဉ်များကိုပါ ရပ်ဆိုင်းပစ်ခဲ့ပြီးဖြစ်သည်။ တစ်နည်းအားဖြင့် COVID-19 နှင့်ပတ်သက်၍ WHO ၏ ထောက်ခံချက်၊ တင်ပြချက်များကို အမေရိကန်အစိုးရက ထည့်စဉ်းစားနေမည် မဟုတ်ချေ။

နောက်ထပ် ရှုပ်ထွေးစေသည့်ကိစ္စတစ်ခုမှာ တရုတ်အစိုးရကိုယ်တိုင်က ကိုရိုနာဗိုင်းရပ်စ်၏ မူလအစကို နိုင်ငံတကာ ပညာရှင်များ လွတ်လပ်စွာစုံစမ်းစစ်ဆေးခွင့်ပေးရန် တောင်းဆိုမှုကို ငြင်းဆန်နေခြင်းဖြစ်သည်။ တရုတ်ဘက်က တုံ့ပြန်ဖြေရှင်းသည်မှာ လတ်တလောတွင် ရောဂါတိုက်ဖျက်ရေး ကိစ္စအတွက်သာ အာရုံစိုက်သင့်ပြီး ရောဂါ၏ ရင်းမြစ်ကို နောက်ကြောင်းပြန်စစ်ဆေးစုံစမ်းနေခြင်းက မူလရည်မှန်းချက်မှ လမ်းချော်သွားစေသလို အရင်းအမြစ်ကောင်းများ ပြုန်းတီးစေသည်ဆိုသော အကြောင်းပြချက်မျိုး ဖြစ်နေသည်။ ထိုအချက်ကလည်းအမေရိကန်အစိုးရအတွက် တရုတ်အပေါ် ပြစ်တင်စွပ်စွဲရန် အားဖြည့်ပေးနေသည်။

တရုတ်သည် ကပ်ရောဂါထိန်းချုပ်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာ အသိုက်အဝန်းအပေါ် ရိုးသားမှုမရှိခဲ့ကြောင်း သီးခြားဝေဖန်မှုများနှင့်လည်း ရင်ဆိုင်နေရသေးသည်။ တရုတ်တွင် ရောဂါကူးစက်မှုနှင့်ပတ်သက်ပြီး ထုတ်ပြန်ခဲ့သော လူနာအရေအတွက်နှင့် အသေအပျောက်ကိန်းဂဏန်းများကို အတည်ပြုဆန်းစစ်ရန် ခက်ခဲလွန်းကြောင်း ပညာရှင်များက ဝန်ခံထားသည်။ တရုတ်အစိုးရအနေဖြင့် ရောဂါဆိုးကို နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်ကြောင်းပြသရန်အတွက် ကိန်းဂဏန်းများကို လျှော့ချထားကြောင်း စွပ်စွဲခံနေရသည်။ ထို့အပြင် ရောဂါ၏ ပြင်းထန်မှု အစစ်အမှန်ကို သတင်းထိမ်ချန်ဖုံးဖိခြင်းဖြင့် နိုင်ငံတကာမှ ဆေးဝါးအထောက်အပံ့ပစ္စည်းများကို တရုတ်က လက်ဦးအောင် ဝယ်ယူ စုဆောင်းထားနိုင်ခဲ့ကြောင်း ထောက်ပြမှုများလည်း ရှိခဲ့သည်။ COVID-19 က ကမ္ဘာ့ကပ်ရောဂါအဆင့် ဖြစ်လာသောအခါ နိုင်ငံတကာဈေးကွက်တွင် လိုအပ်သည့် ဆေးဝါးနှင့် ကျန်းမာရေး အထောက်အပံ့ပစ္စည်းများ ပြတ်လပ်ကုန်သည်။

လက်ရှိ အခြေအနေအရမူ ဓာတ်ခွဲခန်းမှ ဗိုင်းရပ်စ်ဆိုသော သီအိုရီကို အကြောင်းပြု၍ အမေရိကန်က စွပ်စွဲပြီး တရုတ်က ချေပနေရသည်။ This Week အစီအစဉ်တွင် ပွန်ပီယို၏ ထိုးနှက်ပြောဆိုမှုများအပြီး၌ တရုတ်မီဒီယာများက အမေရိကန် အစိုးရ၏ စကားတိုင်းသည် တိကျမှန်ကန်သည့် အထောက်အထားအပေါ် အခြေခံထားခြင်းမဟုတ်ဟု တုံ့ပြန်သွားခဲ့သည်။ တရုတ်အစိုးရပိုင် Global Times သတင်းစာ၏ အယ်ဒီတာ့အာဘော်၌ စီအိုင်အေ ထောက်လှမ်းရေးဌာန အကြီးအကဲဟောင်း ပွန်ပီယိုသည် အခြေအမြစ်မရှိသော စွပ်စွဲချက်များဖြင့် တစ်ကမ္ဘာလုံး အံ့ဩစိတ်ပျက်သွားစေခဲ့သည်ဟု ရေးသားဖော်ပြထားသည်။ ပွန်ပီယိုသည် အထောက်အထားအများအပြား လုံလုံလောက်လောက်ရရှိထားသည် ဆိုသော်လည်း မည်သည့်အထောက်အထားကိုမျှ လက်တွေ့မပြနိုင်ခဲ့ကြောင်းလည်း တရုတ်မီဒီယာကြီးက လှောင်ပြောင်သွားခဲ့သေးသည်။

ယခင်က ဓာတ်ခွဲခန်းမှ ဗိုင်းရပ်စ်စပြန့်သည်ဆိုသော ကိစ္စသည် လူမှုကွန်ရက် မီဒီယာများတွင် လိုရာဆွဲယူပြီး ထင်ကြေးပေး ရေးသားထားသည့် အဆင့်ထက် မပိုခဲ့ချေ။ သို့သော် ယခုအခါတွင်မူ ကမ္ဘာပေါ်ရှိ ဩဇာအကြီးဆုံး နိုင်ငံအစိုးရ နှစ်ရပ်ကြား အပြန်အလှန်စကားစစ်ထိုးရသည့် အထင်ကရအကြောင်းအရာကြီးတစ်ခု ဖြစ်လာခဲ့သည်။ မည်သူမှန်ပြီး မည်သူမှားကြောင်းကိုမူ ကာယကံရှင်များထက် မည်သူမျှ ပိုမသိနိုင်ချေ။ အလွန်သေချာသည့် အချက်တစ်ခုက ကိုရိုနာဗိုင်းရပ်စ်၏ မူလဇာစ်မြစ် အမှန်ကို တစ်ကမ္ဘာလုံးကလည်း ပွင့်လင်းမြင်သာမှုရှိရှိ၊ တိတိကျကျ အတည်ပြုဖော်ထုတ်ရန် လိုလားစောင့်မျှော်နေကြသည် ဆိုခြင်းပင်ဖြစ်သည်။

*—Ref: CNN, Bloomberg, Financial Times*

# တရုတ်ဓာတ်ခွဲခန်းတွင် COVID-19 ရောဂါ အစပြုသော အထောက်အထားမတွေ့ရဟု ဩစတြေးလျဝန်ကြီးချုပ်ပြောကြားပြီး စစ်ဆေးရန် တိုက်တွန်း

**ဆစ်ဒနီ၊ မေလ- ၂**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို နိုင်ငံတကာက စုံစမ်းစစ်ဆေးရန် တောင်းဆိုသောကြောင့် ဘေဂျင်းကို ဒေါသထွက်စေခဲ့သော ဩစတြေးလျဝန်ကြီးချုပ် စကော့တ် မောရစ်ဆင်က ယင်းရောဂါသည် တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ဓာတ်ခွဲခန်းမှ အစပြုခဲ့သည်ဆိုသော အထောက်အထားမတွေ့ရဟု ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရန့်က ကိုရိုနာဗိုင်းရပ်စ်သည် တရုတ်ဗိုင်းရပ်စ် ဓာတ်ခွဲခန်းတစ်ခုတွင် အစပြုခဲ့ဖွယ်ရှိသည်ဟု ယုံကြည်ကြောင်း ကြာသပတေးနေ့က ပြောထားသော်လည်း ၎င်းတွေ့မြင်ခဲ့ရသည်ဆိုသော အထောက်အထားကို ဖော်ပြရန် ငြင်းဆိုခဲ့သည်။

ယင်းသီအိုရီကို ထောက်ခံရန် ဩစတြေးလျတွင် အချက်အလက်မရှိဟု မောရစ်ဆင်က သောကြာနေ့က ပြောကြားပြီး ရှုပ်ထွေးစရာရှိနေခြင်းကြောင့် ဗိုင်းရပ်စ် စတင်ပုံနှင့် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ပုံကို နားလည်ရေး စုံစမ်းစစ်ဆေးရန် မိမိ၏ တောင်းဆိုမှုကို ထောက်ခံရာရောက်သည်ဟု ပြောကြားသည်။

မိမိတို့တွင် ယခင်က ရရှိထားသော အချက်အလက်များအရ ဗိုင်းရပ်စ်သည် ဝူဟန်မြို့ ဓာတ်ခွဲခန်းတွင် စတင်ခဲ့ဖွယ်မရှိကြောင်း ဖော်ပြနေသည်ဟု ထရန့်၏ မှတ်ချက်များနှင့်ပတ်သက်၍ မေးမြန်းရာတွင် ကင်ဘာရာမြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်အတွင်း မောရစ်ဆင်က ပြောကြားသည်။

သို့သော် ယခုအခြေအနေမျိုးများတွင် မည်သည့်အချက်ကို မိမိတို့ ပယ်ချထား၍မရဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

ဗိုင်းရပ်စ်သည် တရုတ်နိုင်ငံ ဝူဟန်မြို့က စတင်ခဲ့သည်ကို မိမိတို့ သိထားပြီး အများဆုံးဖြစ်နိုင်ခြေမှာ တောရိုင်းတိရစ္ဆာန်များ ရောင်းသော သားစိမ်း၊ ငါးစိမ်း ဈေးများနှင့် ဆက်စပ်နေဖွယ်ရှိသော်လည်း ယင်းကို နှံ့နှံ့စပ်စပ် လေ့လာရမည်ဖြစ်ကြောင်း မောရစ်ဆင်က ပြောကြားသည်။

လင်းနို့နှင့် သင်းခွေချပ်များသည် ဗိုင်းရပ်စ်လက်ခံကောင်များ ဖြစ်နိုင်ပြီး တောရိုင်းတိရစ္ဆာန်များမှ စတင်ခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်အများစုက ပြောဆိုနေကြသည်။

*—Ref: Reuters*

# အသွားအလာပိတ်ပင်မှု အဆုံးသတ်ရန်နီးလာစဉ် အီတလီဝန်ကြီးချုပ်က ပြည်သူများသို့ တောင်းပန်

**ရောမ၊ မေလ- ၂**

အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက စီးပွားရေးအခက်အခဲများ ခံစားနေရသော ပြည်သူများသို့ တောင်းပန်ပြီး COVID-19 ကပ်ရောဂါကြောင့် ချမှတ်ထားသော အသွားအလာပိတ်ပင်မှုများ ဖယ်ရှားပေးသည်နှင့် တစ်ပြိုင်နက် တောက်ပသော အနာဂတ်ရှိစေရမည်ဟု ကတိပြုသည်။

အီတလီသည် မေလ ၄ ရက်က အသွားအလာပိတ်ဆို့မှု ကန့်သတ်ချက်များကို ဖြေလျှော့ပေးလိုက်သည်။

အီတလီသည် COVID-19 ကြောင့် ကမ္ဘာတွင် အချိန်အကြာဆုံး အသွားအလာပိတ်ဆို့ရသော နိုင်ငံဖြစ်ပြီး ယင်းသို့ နှစ်လကျော်ကြာ အသွားအလာပိတ်ဆို့ခဲ့ရမှုက ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယလှိုင်းကို ရှောင်လွှဲရန် လုံလောက်မှုရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။



နှာခေါင်းစည်းဝတ်ဆင်သွားလာနေသူများကို အီတလီနိုင်ငံ နေပယ်လ်စ်မြို့တွင် တွေ့ရစဉ် CIRO FUSCO / EPA

ထို့အပြင် အီတလီသည် ကမ္ဘာတွင် အမေရိကန်နိုင်ငံပြီးလျှင် ဗိုင်းရပ်စ်ကြောင့် ဒုတိယ အသေအပျောက်အများဆုံးနိုင်ငံဖြစ်ပြီး ၂၈,၂၃၆ ဦး သေဆုံးကာ ၂၀၇,၄၂၈ ဦး ကူးစက်ခံရသည်။

သို့သော် နေ့စဉ်ကူးစက်မှုတွင် မတ်လအစောပိုင်းကတည်းက ဖြည်းဖြည်းချင်းလျော့ကျလာသည်။

အီတလီ၏ အသွားအလာပိတ်ပင်မှု ကြာရှည်ခြင်းက စီးပွားရေးကျဆင်းမှုတွင် ယူရိုဇုန်ရှိ အခြားနိုင်ငံများထက် ပို၍ခံစားရမည့်လမ်းကြောင်းပေါ်တွင် ရှိစေသည်။

လုပ်သားထုထက်ဝက်သည် အစိုးရကူညီပံ့ပိုးမှုအပေါ် မှီခိုနေရပြီး ၎င်းတို့က အလုပ်အကိုင်များ ဆုံးရှုံးသွားမည်ကို စိုးရိမ်ပူပန်နေကြောင်း စစ်တမ်းတစ်ရပ်က ဖော်ပြသည်။

ရုန်းကန်နေရသော မိသားစုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ရည်ရွယ်သည့် ယူရို ၅၀ ဘီလီယံ ကျော်ကို ပေးရန် မိမိ၏ အစိုးရအနေဖြင့် နှောင့်နှေးခဲ့ကြောင်း ကွန်တီက ဝန်ခံသည်။

"အစိုးရကိုယ်စား ကျွန်တော် တောင်းပန်ပါတယ်။ ပြည်သူတွေရဲ့ အတိဒုက္ခကို ကျွန်တော်တို့ ခံစားမိပြီး သူတို့ရဲ့ စိုးရိမ်ပူပန်မှုတွေကို နားလည်ပါတယ်။ လစာပေးချေမှုတွေမှာ နှောင့်နှေးနေ၊ နှောင့်နှေးပါလိမ့်ဦးမယ်။ ပြည်သူတွေရဲ့ လစာတွေအတွက် ကျွန်တော်တို့အနေနဲ့ ဆက်ပြီးဖေးပေးဆောင်ရွက်သွားမှာဖြစ်ပြီး ဘဏ္ဍာရေးထောက်ပံ့ကူညီမှုတွေ တတ်နိုင်သမျှ မြန်မြန်ပြီးပြည့်စုံအောင် လုပ်ပါ့မယ်"ဟု ကွန်တီက ပြောသည်။

ယခုနှစ်စီးပွားရေး ၈ ရာခိုင်နှုန်းခန့် ကျုံ့မည်ဟု အီတလီအစိုးရက ခန့်မှန်းထားသည်။

*—Ref: AFP*

# COVID-19 ပိတ်ဆို့မှုအတွင်း ဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်သူ ရာပေါင်းများစွာကို မလေးရှား ဖမ်းဆီးခဲ့

**ကွာလာလမ်ပူ၊ မေလ- ၂**

ကိုရိုနာဗိုင်းရပ်စ်အသစ်ကြောင့်ဖြစ်သော COVID-19 ကမ္ဘာ့ကပ်ရောဂါပျံ့နှံ့မှု ထိန်းချုပ်ရေး ခရီးသွားခြင်းနှင့် လှုပ်ရှားသွားလာမှုကို တားမြစ်ထားသည့်ကာလအတွင်း မလေးရှားအစိုးရက ၎င်းတို့နိုင်ငံတွင်း တရားမဝင်နေထိုင်နေသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအလုပ်သမား ရာပေါင်းများစွာကို ဖမ်းဆီးခဲ့ကြောင်း လူ့အခွင့်အရေးအဖွဲ့များက ပြောကြားသည်။

နိုင်ငံခြားမှ ရွှေ့ပြောင်းနေထိုင်သူများကြောင့် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့စေသည်၊ အစိုးရ၏ အရင်းအမြစ်များအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟု မလေးရှားနိုင်ငံတွင် အချို့က စွပ်စွဲထားခြင်းနှင့်အတူ ၎င်းတို့ရှိနေခြင်းနှင့်ပတ်သက်၍ မကြာသေးမီက လူထု၏ ဒေါသထွက်မှု ကြီးထွားလာခဲ့သည်။

မလေးရှားတွင် မှတ်ပုံတင်ထားသော နိုင်ငံခြားသားအလုပ်သမား နှစ်သန်းခန့်ရှိသော်လည်း စာရွက်စာတမ်း အသေအချာမရှိဘဲ နိုင်ငံတွင်း နေထိုင်သူ များစွာရှိသည်ဟု အရာရှိများက ခန့်မှန်းထားသည်။

မလေးရှားအစိုးရက ဒုက္ခသည်များကို တရားဝင်အသိအမှတ်ပြုခြင်းမရှိဘဲ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများအဖြစ် မှတ်ယူထားသည်။

ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်များ ထောင်နှင့်ချီနေထိုင်ရာ မြို့တော် ကွာလာလမ်ပူရှိ ဒေသများတွင် လူဝင်မှုကြီးကြပ်ရေး စီးနင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ယင်းဖမ်းဆီးမှုများ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း လူ့အခွင့်အရေးအဖွဲ့များနှင့် လူမှုမီဒီယာပေါ်မှ ဓာတ်ပုံများအရ သိရသည်။

ကလေးများအပါအဝင် ရွှေ့ပြောင်းနေထိုင်သူ ၇၀၀ ကျော် ဖမ်းဆီးခံခဲ့ရကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့နှင့် အာရှပစိဖိတ်ဒုက္ခသည် အခွင့်အရေးကွန်ရက်တို့က ပြောကြားသည်။

မှတ်ချက်ပေးရန် တောင်းဆိုမှုကို မလေးရှားရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့က တုံ့ပြန်ခြင်းမရှိပေ။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ခိုလှုံခွင့်တောင်းခံသူ အနည်းငယ်ဖမ်းဆီးခံရပြီး ၎င်းတို့ကို မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုရေးအတွက် ထိန်းသိမ်းခြင်းဖြစ်သည်ဟု မလေးရှားအရာရှိများက အသိပေးထားသည်ဟု ပြောကြားသည်။

*—Ref: Reuters*

# လက်ထောက်ဝန်ထမ်းအား လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခဲ့ခြင်းကို ဂျိုးဘစ်ဒန် ငြင်းဆို

**ဝါရှင်တန်၊ မေလ- ၂**

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က ၎င်း၏ လက်ထောက်ဝန်ထမ်းဟောင်း အမျိုးသမီး တာရာရိဒ်အား လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခဲ့သည်ဆိုခြင်းကို အမေရိကန်သမ္မတ ရွေးကောက်ပွဲ ဒီမိုကရက်တစ်ပါတီ၏ ကိုယ်စားလှယ်လောင်း ဂျိုးဘစ်ဒန်က ပြတ်ပြတ်သားသား ငြင်းဆိုခဲ့သည်။

"ကျွန်တော် ဒါကိုလုံးဝသံသယရှင်းအောင် ပြောပါတယ်။ ဒါဟာ ဘယ်တုန်းကမှ မဖြစ်ခဲ့ပါဘူး"ဟု ရုပ်သံတွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဂျိုးဘစ်ဒန်က ပြောကြားသည်။

ထိုစဉ်မှ မစ္စစ်ရိဒ်က တိုင်ကြားမှုလုပ်ခဲ့သည်ဆိုခြင်းနှင့်ပတ်သက်၍ အထက်လွှတ်တော်မော်ကွန်းတိုက်မှမှတ်တမ်းများကို ရှာဖွေရန် ဂျိုးဘစ်ဒန်က တောင်းဆိုခဲ့သည်။

မစ္စစ်ရိဒ်သည် ပြီးခဲ့သည့်လက ရဲတပ်ဖွဲ့ထံ ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားခဲ့သည်။

မိမိသည် လိင်ပိုင်းဆိုင်ရာ စော်ကားမှု သားကောင်ဖြစ်ခဲ့ရသည်ဟု မစ္စစ်ရိဒ်က အမှုဖွင့်ခဲ့သော်လည်း ဂျိုးဘစ်ဒန်၏ အမည်ကို ထည့်သွင်းဖော်ပြခြင်းမရှိပေ။

မိမိအနေဖြင့် လုံခြုံရေးအကြောင်းများကြောင့်သာ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်ဟု မစ္စစ်ရိဒ်က ပြောသည်။

မစ္စစ်ရိဒ်သည် ၁၉၉၂-၉၃ ဆီက ဘစ်ဒန်၏ လက်ထောက်ဝန်ထမ်းအဖြစ် အလုပ်လုပ်ကိုင်ခဲ့သည်။

ထိုစဉ်က ဂျိုးဘစ်ဒန်သည် ဒီလာဝဲလ်ပြည်နယ်မှ အထက်လွှတ်တော်အမတ်အဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။

၁၉၉၃ က လွှတ်တော်ခန်းမနံရံတစ်ခုသို့ အတင်းအကျပ်ဆွဲကပ်၍ ဂျိုးဘစ်ဒန်က ၎င်းကို လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှု လုပ်ခဲ့သည်ဟု ယခုအခါ အသက် (၅၆) နှစ်ရှိပြီဖြစ်သော မစ္စစ်ရိဒ်က ပြောသည်။

ဂျိုးဘစ်ဒန်သည် သမ္မတရွေးကောက်ပွဲတွင် လိင်ပိုင်းဆိုင်ရာ စော်ကားခံရသည်ဟု အမျိုးသမီး ၂၅ ဦးက စွပ်စွဲခဲ့သော သမ္မတ ဒေါ်နယ်ထရန့်နှင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

*—Ref: BBC*



ဝူဟန်မြို့ရှိ ဝူဟန်ရောဂါဗေဒဌာန ဓာတ်ခွဲခန်းတွင် သုတေသနသမားနှစ်ဦး အလုပ်လုပ်နေသည်ကို တွေ့ရစဉ်

FILE PHOTO / SHEPHERD HOU / AFP

# ဓာတ်ခွဲခန်းထဲက ဗိုင်းရပ်စ်သီအိုရီနှင့် တရုတ်-အမေရိကန် စကားလုံးစစ်ပွဲများ

ဖွဲ့ရဲဝင့်

**လက်**ဆုပ်လက်ကိုင် မပြသနိုင်သည့် ထင်ကြေးများ၊ ခန့်မှန်းသီအိုရီများကို ဖြန့်ဝေနေခြင်းက ကပ်ရောဂါဆိုးကို တိုက်ဖျက်သည့် အားထုတ်မှုများအတွက် အဆိပ်အတောက်သာ ဖြစ်စေလိမ့်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)က ကြိုကြိုတင်တင် သတိပေးထားခဲ့ဖူးသည်။ သို့သော် လတ်တလော အခြေအနေများအရ ကမ္ဘာ့အင်အားကြီး နိုင်ငံနှစ်ခု၏ အစိုးရများက ကိုရိုနာဗိုင်းရပ်စ်၏ မူလအစနှင့်ပတ်သက်၍ လက်ဆုပ်လက်ကိုင် မပြနိုင်သေးသည့် အယူအဆတစ်ရပ်ကို အကြောင်းပြုပြီး အပြန်အလှန်စကားလုံးများဖြင့် စစ်ခင်းထိုးနက်လျက် ရှိနေကြသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီးကို ဖြစ်ပွားစေသည့် SARS-CoV-2 ကိုရိုနာဗိုင်းရပ်စ်ကို လွန်ခဲ့သော လေးလခန့်က တရုတ်နိုင်ငံ အလယ်ပိုင်း၊ ဝူဟန်မြို့တွင် စတင်တွေ့ရှိခဲ့သည်။ ထိုအချိန်ကစ၍ ဗိုင်းရပ်စ်ကူးစက်မှုက လျင်လျင်မြန်မြန် ကျယ်ပြန့်လာခဲ့ပြီး ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၂၁၀ ကျော်သို့ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်သည်။ မေလ ၄ ရက် ညနေအထိ စာရင်းများအရ တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် ရောဂါကူးစက်ခံရသူ သုံးသန်းခြောက်သိန်းခန့်ရှိလာပြီး အသေအပျောက်ကလည်း နှစ်သိန်းခွဲနားနီးကပ်လာခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် စတင်ပျံ့နှံ့သည့် တရုတ်နိုင်ငံ၌ ယခုအခါ ရောဂါကူးစက်မှုများကို ရာနှုန်းပြည့်နီးပါး ချုပ်နှိမ်ဟန့်တားထားနိုင်ပြီဖြစ်သည်။ တစ်ဖက်တွင် တရုတ်၏ နိုင်ငံရေး၊ စီးပွားရေး ခါးသီးပြိုင်ဘက် အမေရိကန်ပြည်ထောင်စုက တစ်ကမ္ဘာလုံးတွင် ရောဂါကူးစက်မှု အများဆုံး၊ အသေအပျောက် အခြေအနေအဆိုးဆုံး တန်းစီဇယားကို လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်လာခဲ့သည်။

တရုတ်အစိုးရက ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများသည် ဝူဟန်မြို့ရှိ သားစိမ်း၊ ငါးစိမ်း ဈေးတန်းတစ်ခုမှ အစပြုခဲ့ကြောင်း တရားဝင် ကြေညာထားသည်။ ကနဦး သုတေသနရလဒ်များကို အခြေပြုပြီး ယင်းဗိုင်းရပ်စ်သည် လင်းနို့များမှတစ်ဆင့် အခြားနို့တိုက်သတ္တဝါတစ်မျိုးထံ ရောက်ရှိပြီး ထိုမှတစ်ဆင့် မျိုးဗီဇပြောင်းလဲကာ လူ့ခန္ဓာကိုယ်ကို ထိုးနှက်တိုက်ခိုက်နိုင်သည့် ဖွဲ့စည်းပုံမျိုး ပြောင်းလဲသွားသည်ဟု ယုံကြည်ရကြောင်း တရုတ် သုတေသီများက ထုတ်ပြန်ခဲ့သည်။ သို့သော် တရုတ်မှ ရောဂါကူးစက်မှုများ နိုင်ငံပိုင်နက် အပြင်ဘက် စတင်ကျော်လွန်လာချိန် အစောပိုင်းကာလများကတည်းက ကိုရိုနာဗိုင်းရပ်စ်၏ မူလအစနှင့်ပတ်သက်၍ ထင်ကြေးအမျိုးမျိုးရှိခဲ့သည်။ အထင်ရှားဆုံး၊ လူပြောအများဆုံး ခန့်မှန်း သီအိုရီတစ်ခုမှာ ဗိုင်းရပ်စ်သည် သားစိမ်း၊ ငါးစိမ်း ဈေးတန်းမှ စတင်လာခြင်း မဟုတ်ဘဲ ဝူဟန်မြို့ထဲရှိ ဓာတ်ခွဲခန်းတစ်ခုမှ ပျံ့နှံ့လာသည်ဆိုသော အယူအဆဖြစ်သည်။

ယင်းယူဆချက်ကို WHO ရော အခြားနိုင်ငံတကာ သုတေသီအများစုကပါ ယင်းထင်ကြေးကို ငြင်းဆန်ပယ်ချခဲ့သည်။ ဗိုင်းရပ်စ်၏ ဖွဲ့စည်းပုံကို လေ့လာကြည့်သည့်အခါ လူသားများ ဖန်တီးထားသည် **စာမျက်နှာ ၃၈ ››**



7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

Supplement
Vol.19, No.7 - MAY 6 , 2020

# လက်ရှိကာလနှင့် ကိုဗစ်အလွန်တွင် လယ်ယာ၊ သားငါးကဏ္ဍအတွက် ဆောင်ရွက်ရမည့်အချက်များကို ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ အကြံပြု

**ပိုင်စိုးသူ**

**နေပြည်တော်-** ဆန်စပါးအပါအဝင်ဟင်းသီးဟင်းရွက်နှင့်လယ်ယာ၊ သားငါးကဏ္ဍများအတွက် လက်ရှိ ကာလနှင့် ကိုဗစ်အလွန်ကာလများတွင် ဖော်ဆောင်ပေးရမည့် အချက်အချို့ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က တိုက်တွန်းအကြံပြုသည်။

Agriculture Sector (လယ်ယာသားငါးကဏ္ဍ)ကိုလက်ရှိကပ်ရောဂါကာလနှင့်အလွန်ပြန်လည်ထူထောင်ရေးကာလများတွင် အထူးအလေးပေးမြှင့်တင်ကူညီရမှာဖြစ်ကြောင်း ဦးရဲမင်းအောင်က သူ၏လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အသိပေးထားသည်။

"ဒီနေရာမှာ ခေတ်အဆက်ဆက် (ယနေ့အထိ)အလွန်အားထည့်ခဲ့တဲ့ ဆန်စပါးလုပ်ငန်းကိုလည်း ဘေးဖယ်လို့မရသလို သူ့ကိုပဲ အာရုံစိုက်နေရင်လည်းလယ်ယာကဏ္ဍဖွံ့ဖြိုးရေးက မပြည့်စုံမထိရောက်ပါဘူး"ဟု ၎င်းက ရေးသားထားသည်။

သီးနှံများမှာ ဆန်စပါးကဲ့သို့ပင် အရေးကြီးသည့်ကဏ္ဍတစ်ခုမှပါဝင်နေသည်ဟုလည်းဦးရဲမင်းအောင်က ဆိုသည်။

ယင်းအတွက် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ကြံ၊ နေကြာ၊ ဝါ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စိုက်ပျိုးစရိတ်ချေးငွေ လုံလောက်စွာပေးခြင်း၊ သိုလှောင်သန့်စင်တန်ဖိုးမြှင့်မည့် ရင်းနှီးမြှုပ်နှံမှုများ စီစဉ်ပေးခြင်း၊ သီးနှံပေါ်ချိန် ဈေးမကျစေရန် အခြေခံဈေးသတ်မှတ်ပေးခြင်းနှင့် လိုအပ်ပါက နိုင်ငံတော်မှ ဝင်ရောက်ဝယ်ယူပေးခြင်းများ ဆောင်ရွက်သင့်ကြောင်း အကြံပြုရေးသားထားသည်။

ထို့အပြင် အိမ်နီးချင်းနိုင်ငံများမှ သွင်းကုန်အဖြစ် ဝင်ရောက်နေမှုများကို စိစစ်စီမံပေးခြင်း၊ Agribusiness များ၏ ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများအနက် Value Chain Financing များ၊ Contract Farming အတွက် Financing များကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများထံမှ လုံလောက်စွာရရှိရေး စီစဉ်ပေးခြင်း၊ G to G ညှိနှိုင်းမှုများဖြင့် ပြည်ပဈေးကွက်များ ပိုမိုရရှိစေရန် စီစဉ်ပေးခြင်းနှင့် Public Private Dialogue, Partnership များကို လက်တွေ့ကျကျ တိုးချဲ့ဆောင်ရွက်ခြင်းများကို ဦးစားပေးလုပ်ဆောင်သင့်ကြောင်း ဦးရဲမင်းအောင်က တိုက်တွန်းထားသည်။

ဆက်လက်၍ အသားကဏ္ဍနှင့် ငါးကဏ္ဍတို့အတွက် အရေးကြီးသည့် မြေအသုံးချမှုကိစ္စအပေါ် မွေးမြူရေးလုပ်ငန်းရှင်များ၏ လယ်ယာမြေအသုံးချမှု၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းအသုံးချမှုများကို အမြန်ဆုံးအသိအမှတ်ပြုပေးရေးနှင့် ဥပဒေနှင့်အညီ ခွင့်ပြုပေးရန်လည်း လိုအပ်နေသေးသည်ဟု ၎င်းက ဆိုသည်။

"ပြည်ထောင်စုဝန်ကြီးဌာနရဲ့ လုပ်ဆောင်မှုထက် ပြည်နယ်၊ တိုင်းအစိုးရများရဲ့ မွေးမြူရေးဆိုင်ရာ မြေအသုံးချမှု အစီအမံတွေ၊ မူဝါဒတွေကို အမြန်ဆုံးချမှတ်ခွင့်ပြုနိုင်ဖို့ ပိုမိုအရေးကြီးလိုအပ်ပါတယ်"ဟု ဦးရဲမင်းအောင်က ပြောသည်။

အသားကဏ္ဍနှင့် ငါးကဏ္ဍသည် ၂၀၁၆၊ ၂၀၁၇ နှစ်များကစ၍ ပို့ကုန်ပမာဏတိုးတက်လာသည်ကို တွေ့ရသော်လည်း မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအချို့ကြောင့် အသားကဏ္ဍပို့ကုန်ပိုမိုတိုးတက်လာသည်ကို တွေ့ရသည်ဟု ၎င်းက အချက်အလက်များအပေါ် အခြေခံ၍ သုံးသပ်ပြထားသည်။

တွက်ချက်ထားသောစာရင်းများအရ ၂၀၁၆ နောက်ပိုင်းတွင် လယ်ယာသားငါးပို့ကုန်တန်ဖိုးမှာ ကန်ဒေါ်လာ လေးဘီလီယံကျော်အထိ တက်လာသည်ဟု ၎င်းက ဆိုသည်။

သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုအားပေးကူညီမည်ဆိုပါက တစ်နှစ်၊ ၂ နှစ်အတွင်းမှာ USDငါးဘီလီယံအထက်ကိုတင်ပို့ရောင်းချနိုင်သောအခြေအနေရှိနေကြောင်း ဦးရဲမင်းအောင်က သုံးသပ်အကြံပြုထားသည်။

"သုံးလေးနှစ်အတွင်းမှာ USD ၁၀ ဘီလီယံထိ Export Revenue ရနိုင်တဲ့အခြေအနေရှိပါတယ်"ဟု ၎င်းက ပြောသည်။

ယင်းအတွက် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ ပူးပေါင်းညှိနှိုင်းပြီး ပို့ကုန်မဟာဗျူဟာ၊ လယ်ယာစီးပွားရေးဖွံ့ဖြိုးမှု မဟာဗျူဟာတို့နှင့်အညီ အမြန်ဆုံးလက်တွေ့ လုပ်ဆောင်ဖို့ စီစဉ်ဆောင်ရွက်သွားဖို့လိုကြောင်း ဦးရဲမင်းအောင်က ဖြည့်စွက် ပြောကြားသည်။

# တရုတ်မှ တရားမဝင် မြန်မာလုပ်သား ၁,၆၀၀ ခန့်ကို နေရပ်သို့ ပြန်ပို့

**အောင်သစ်လွင်**

**ရန်ကုန်** - တရုတ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် တရားမဝင် ရွှေ့ပြောင်းမြန်မာလုပ်သား ၁,၆၀၀ ခန့်ကို ပြည်တွင်းသို့ ပြန်ပို့ပေးထားကြောင်း ဘေဂျင်းမြို့ရှိ မြန်မာသံရုံးက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံတွင် COVID -19 ရောဂါဂယက်ကြောင့် စက်ရုံ၊ အလုပ်ရုံများ ရပ်ဆိုင်းထားစဉ် အခက်အခဲတွေ့နေသော မြန်မာနိုင်ငံသား စက်ရုံဝန်ထမ်းများအား အကူအညီပေးခဲ့သည့် အခြေအနေကို မြန်မာသံရုံးက မေလ ၄ ရက်တွင် သတင်းထုတ်ပြန်ခြင်းဖြစ်သည်။

အခက်အခဲတွေ့နေသော ရွှေ့ပြောင်းလုပ်သားများကို နေရပ်ပြန်ပို့ရေး ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ဇန်နဝါရီလမှ မေလ ၄ ရက်အထိ စုစုပေါင်း ၁,၅၈၀ ဦးကို ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု ထုတ်ပြန်သည်။

နေရပ် ပြန်လာနိုင်ခဲ့သော မြန်မာနိုင်ငံသားများမှာ မြန်မာနယ်စပ်နှင့် မိုင် ၁,၉၀၀ ခန့်အထိဝေးသော ရှန်းတုန်း၊ ကျန်းစူး၊ ကျက်ကျန်း၊ အန်းဟွေးနှင့်ဖူးကျန့် ပြည်နယ်များတွင် သွားရောက်အလုပ်လုပ်နေရသူများဖြစ်သည်။

သံရုံး၏ အကူအညီမရမီတွင် မြန်မာနိုင်ငံသားများသည် တည်းခိုစရာမရှိ၍ လမ်းပေါ်တွင် နေထိုင်ရခြင်း တရုတ်ရဲတပ်ဖွဲ့က ဖမ်းမည်စိုး၍ တောထဲတွင် တိမ်းရှောင်ခဲ့ရခြင်း နေရပ်ပြန်ရမည်ဟုဆိုကာ ကားခငွေလိမ်လည်ခံရခြင်းများ ကြုံတွေ့ခဲ့ကြရသည်။

# ရန်ကုန်တက္ကသိုလ် ဆရာ ဆရာမများအတွက် အွန်လိုင်းအင်္ဂလိပ်စာသင်တန်း ပထမဆုံးဖွင့်



ကပ်ရောဂါ COVID-19 ကြောင့် အွန်လိုင်းမှ ပညာသင်ကြားမှုများ အစိုးရရော ပုဂ္ဂလိကပါ ပိုမိုပြုလုပ်လာသည်
ဓာတ်ပုံ - ချေအောင်မောင်(အခရယူရ)

**ဆုဆက်**

**ရန်ကုန်** - ဆရာ ဆရာမများအတွက် အွန်လိုင်းစနစ် အင်္ဂလိပ်စာသင်တန်းကို ရန်ကုန်တက္ကသိုလ်က ပထမဆုံး ဖွင့်လှစ်ပို့ချနေသည်။

တက္ကသိုလ် ဆရာ ဆရာမများအတွက် အွန်လိုင်းစနစ်ဖြင့် ပို့ချသည့် အင်္ဂလိပ်စာသင်တန်းကို အင်္ဂလိပ်ဘာသာစကားအမျိုးသားဗဟိုဌာနနှင့် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတို့ ပူးပေါင်း၍ မေလ ၄ ရက်က စတင်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ရန်ကုန် တက္ကသိုလ်တွင် အင်္ဂလိပ်စာဘာသာရပ်မှအပ ကျန်ဘာသာရပ်များမှ ၂၀၁၅ နောက်ပိုင်း အသစ်ခန့်အပ်သော လက်ထောက်ကထိက၊ နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမ ၉၁ ဦး ထိုသင်တန်းတွင် တက်ရောက်နေသည်။ သင်တန်းကာလ လေးပတ်ကြာမြင့်မည်ဖြစ်ပြီး Microsoft Teams Applicationကို အသုံးပြု၍ သင်ကြားပို့ချခြင်းဖြစ်သည်။

နေ့စဉ် ရုံးဖွင့်ရက်များတွင် တစ်နေ့လျှင် သုံးနာရီကြာ အွန်လိုင်းရှိစာသင်ခန်းတွင် နှစ်ဦးတွဲ၊ အဖွဲ့လိုက် လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ ဆွေးနွေးခြင်း၊ Quiz များဖြေဆိုခြင်း၊ အွန်လိုင်းတွင် ရနိုင်သော Digital Resources ကို အသုံးပြုပြီး ကိုယ်တိုင်လေ့ကျင့်မှုများ ပြုလုပ်ရသည်။

"အင်္ဂလိပ်စာဌာနကနေ ဆရာ ဆရာမတွေအတွက် အွန်လိုင်းသင်တန်း ဖွင့်တာပါ။ ကျောင်းသားတွေတော့ မပါသေးဘူး။ ဒါက ရန်ကုန်တက္ကသိုလ်အတွက် အွန်လိုင်းစနစ်နဲ့ ပို့ချတာ ပထမဆုံးလို့တော့ ပြောလို့ရတယ်"ဟု ရန်ကုန်တက္ကသိုလ် သင်တန်းရေးရာဌာန တာဝန်ရှိသူက ပြောသည်။

# COVID-19 ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရန် အစိုးရဖိတ်ခေါ်ချက် မြောက်ပိုင်းသုံးဖွဲ့နှင့် KNPPတို့ အကြောင်းမပြန်သေး

**အောင်ဇော်ထွန်း**

**ချောက်** - တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ကို CO–VID–19 ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရန် ဆက်သွယ်ခဲ့ရာ လေးဖွဲ့ထံမှ အကြောင်းပြန်ကြားချက်မရသေးဟု အစိုးရကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း) က ပြောသည်။

နိုင်ငံတော်သမ္မတရုံးက ဧပြီ ၂၇ ရက်တွင် ဖွဲ့စည်းခဲ့သည့် COVID–19 ကာကွယ်၊ ထိန်းချုပ်ကုသရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီက ကော်မတီဖွဲ့စည်းပြီးကြောင်း အခြေအနေ၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အခက်အခဲရှိပါက ကော်မတီသို့ ဆက်သွယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် တိုင်းရင်းသားအဖွဲ့များထံ စာပို့ခဲ့သည်ဟု ၎င်းကဆိုသည်။

ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု အကြောင်းပြန်ကြားသည့်အဖွဲ့များမှာ 'ဝ'အဖွဲ့(UWSA)၊ ကချင်အဖွဲ့(KIA)၊ မိုင်းလားအဖွဲ့(NDAA) နှင့် ရှမ်းအဖွဲ့(SSPP) တို့ဖြစ်ပြီး တအာင်းအဖွဲ့(TNLA)၊ ကိုးကန့်အဖွဲ့(MNDAA)၊ ရခိုင်အဖွဲ့(AA) စသည့် မြောက်ပိုင်းလက်နက်ကိုင်သုံးဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့၏ အကြောင်းပြန်ကြားချက်မရသေးဟု ၎င်းကဆိုသည်။

KNPP အထွေထွေအတွင်းရေးမှူး ရွှေမျိုးသန့်က KNPP အနေဖြင့် ရောဂါကာကွယ်ရေးကို ပူးပေါင်းဆောင်ရွက်ရန် ယခင်ကတည်းက အောက်ခြေသို့ ညွှန်ကြားထားပြီး ဖြစ်ကြောင်းပြောကြားသည်။ အစိုးရ ကော်မတီက စာပို့ထားခြင်းကိစ္စကိုမူ ၎င်းအနေဖြင့် မသိသေးဟု ပြောသည်။

အစိုးရ ကော်မတီအနေဖြင့် NCA လက်မှတ်ထိုး ၁၀ ဖွဲ့ ကိုယ်စားလှယ်များနှင့် မေလ ၅ ရက်က ရန်ကုန်မြို့၌ တွေ့ဆုံ၍ COVID –19 ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် မေလ ၈ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ထပ်မံညှိနှိုင်းရန် စီစဉ်ထားကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း) က ပြောသည်။



သုံးနာရီကြာ လောင်ကျွမ်းသော မီးကို မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်နေစဉ် ဓာတ်ပုံ – Myanmar Fire Services Department

# ဒဂုံဆိပ်ကမ်း စက်မှုဇုန်(၁)မီး အချိန်သုံးနာရီကြာ ငြိမ်းသတ်ခဲ့ရ

**ဖွဲ့ညဏ်**

**ရန်ကုန်** – ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုဇုန် (၁) ရှိ ပစ္စည်းသိုလှောင်သည့် ဂိုဒေါင်တွင် မီးလောင်မှုဖြစ်ပွားရာ Level–2 အဆင့် မီးငြိမ်းသတ်ယာဉ်များက သုံးနာရီခန့်ကြာ မီးငြိမ်းသတ်ခဲ့ရသည်။

မေလ ၅ ရက်နေ့လယ် ၁ နာရီခန့်တွင် ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုဇုန် (၁)ရှိ မင်္ဂလာရာမင်းသားကြီးလမ်းနှင့် ဦးချိန်လမ်းထောင့်ရှိ Premier Disrtibution ၏ပစ္စည်းသိုလှောင်သည့်ဂိုဒေါင်၌ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မီးလောင်မှုသို့ Level–2 အဆင့် မီးငြိမ်းသတ်ယာဉ်များသွားရောက်မီးငြိမ်းသတ်ခဲ့ပြီး ညနေ ၃ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့၏ ဖေ့စ်ဘွတ်ခ်၌ဖော်ပြထားသည်။

မီးလောင်သည့်အကြောင်းရင်း၊ ဆုံးရှုံးမှုတန်ဖိုးနှင့် အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနေကြောင်း မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

# ဗဟိုဘဏ်က ဝယ်ယူသော်လည်း တစ်ဒေါ်လာ ၁,၄၀၀ အောက်သို့ကျဆင်း

**ပြည်သိမ်း**

**ရန်ကုန်** - COVID–19 ရောဂါဖြစ်နေချိန် ပြည်တွင်းစျေးကွက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁,၄၀၀ အောက်ကျဆင်းပြီး မေလ ၅ ရက် ညနေပိုင်းတွင် တစ်ဒေါ်လာ ၁,၃၉၆ ကျပ် စျေးဖွင့်သည်။

ဗဟိုဘဏ်က မေလ ပထမပတ် ရုံးဖွင့်ရက် နှစ်ရက်တွင် ဒေါ်လာခြောက်သန်းကို လေလံစျေးကွက်ဖြင့် ဝယ်ယူခဲ့သည်။ မေလ ၄ ရက်တွင် တစ်ဒေါ်လာ ၁,၄၀၈ ကျပ်ဖြင့် ဒေါ်လာ သုံးသန်း၊ မေလ ၅ ရက်တွင် တစ်ဒေါ်လာ ၁,၃၉၇ ကျပ်ဖြင့် နောက်ထပ် သုံးသန်း ထပ်မံဝယ်ယူသော်လည်း ဒေါ်လာတန်ဖိုး ထပ်မံကျဆင်းလာခြင်းဖြစ်သည်။

ယခုနှစ်ဆန်းပိုင်းတွင် ဒေါ်လာတန်ဖိုးက ၁,၃၂၀ ကျပ်ဝန်းကျင်အထိ ကျဆင်းခဲ့သည်။ တစ်ဒေါ်လာ ၁,၄၂၀ ကျပ်ဝန်းကျင်သို့ ပြန်လည်မြင့်တက်ပြီးနောက် မေလ ပထမပတ်အတွင်း ဒုတိယအကြိမ် ကျပ် ၁,၄၀၀ အောက်ကျဆင်းခြင်းဖြစ်သည်။

COVID–19 ရောဂါဖြစ်ပွားနေချိန်တွင် ကျပ်ငွေတန်ဖိုးမြင့်တက်ပြီး ဒေါ်လာကျခြင်းက ငွေကြေးဖောင်းပွမှုကို သက်သာစေကြောင်း ကမ္ဘာ့ရတနာဘဏ် ဒုတိယ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာ လှညွန့်က ဆိုသည်။ လက်ရှိ ဒေါ်လာတန်ဖိုးကျဆင်းမှုနှင့် ပတ်သက်၍ ပို့ကုန်၊ သွင်းကုန်စီးပွားရေး လုပ်ငန်းရှင်အချို့က ကုန်သွယ်မှု တုံ့နှေးနေခြင်းကြောင့်ဟု ပြောသည်။

# ထိုင်းနိုင်ငံမှ ပြန်လာသူများကို KNU ၏ လေးကေ့ကော်မြို့သစ်၌ Quarantine ထားရန် ပြင်ဆင်

**အောင်ဇော်ထွန်း**

**ချောက်**–ထိုင်းနိုင်ငံမှ ပြန်လာမည့် မြန်မာနိုင်ငံသားများကို မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်၌ Quarantine ထားရှိရန် ကရင်ပြည်နယ်အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့ ပူးပေါင်းဆောင်ရွက်နေကြောင်း KNU တာဝန်ရှိသူများက ပြောသည်။

KNU ၏ ကွပ်ကဲမှုအောက်တွင်ရှိသည့် အဆိုပါ လေးကေ့ကော် မြို့သစ်တွင် လူဦးရေ ၂၀၀ ကို Quarantine ထားရှိရန် ပြင်ဆင်ထားသည်ဟု လေးကေ့ကော်မြို့သစ် တည်ဆောက်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး စောဌေးမြင့်အောင်က ပြောသည်။

“ထောက်ပံ့မှုက အစိုးရပိုင်းအနေနဲ့ ဒီဘက်က လိုအပ်ချက်ကိုပေးတယ်။ အစိုးရက စားစရိတ်ပေးတယ်။ လူတစ်ဦးကို တစ်နပ်ကို ၇၀၀ ပေးတယ်၊ သုံးနပ်ဆိုတော့ ၂,၁၀၀ ပေးတယ်”ဟု စောဌေးမြင့်အောင်က ပြောသည်။

ဖေဖော်ဝါရီလကုန်ပိုင်းမှ လက်ရှိအချိန်ထိ လူဦးရေ ၄၀၀ ခန့်ကို လေးကေ့ကော်မြို့သစ်၌ Quarantine ထားရှိပြီးဖြစ်ကြောင်း၊ ယင်းတို့အနက် နေ့စဉ်ပြုလုပ်သည့် ကျန်းမာရေးမှတ်တမ်းအရ COVID–19 ရောဂါပိုးရှိ၊ မရှိ စစ်ဆေးရန် လိုအပ်သူအချို့ကို ကျန်းမာရေးဌာန အစီအစဉ်ဖြင့် စစ်ဆေးခဲ့ရာ ရောဂါပိုးမရှိကြောင်း ၎င်းကပြောသည်။

လေးကေ့ကော်မြို့သစ်၌ Quarantine ထားရှိရန် ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုအဆင့် အစိုးရနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်းမဟုတ်ဘဲ အောက်ခြေလိုအပ်ချက်အရ ပြည်နယ်အစိုးရနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း KNU အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးက ပြောသည်။ ထိုင်းနိုင်ငံမှ ပြန်လာသူများအနက် နယ်စပ်ဂိတ်မှ တရားဝင်ပြန်လာသူများရှိသကဲ့သို့ ချောင်းကိုကူးပြီး တရားမဝင် ပြန်လာသူလည်း အများအပြားရှိကြောင်း ၎င်းက ပြောသည်။

လေးကေ့ကော်မြို့သစ်သည် KNU အဖွဲ့ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးနောက် ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရနှင့် KNU တို့ ညှိနှိုင်းဆောင်ရွက်ပြီး အကောင်အထည်ဖော်သည့် မြို့သစ်ဖြစ်သည်။

စစ်ဘေးဒုက္ခသည်များ၊ KNU တပ်ဖွဲ့ဝင်များ အဓိကနေထိုင်သည့် အဆိုပါမြို့သစ်ရှိနေအိမ်များ တည်ဆောက်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ဂျပန်ကူညီရေးအဖွဲ့ နိပ္ပွန်ဖောင်ဒေးရှင်းတို့က ထောက်ပံ့ကူညီခဲ့သည်။

7DAY NEWS JOURNAL
Vol.19, No.7
MAY 6 , 2020 A3



# ဘူးသီးတောင်ရှိ စစ်ဘေးရှောင်စခန်းတွင် ရေရှားမှုနှင့် မသန့်ရှင်းမှုကြောင့် ဝမ်းရောဂါဖြစ်နေ

## အစိုးရအနေဖြင့် သောက်သုံးရေကန်များတူးဖော်ပေးရန် ကူညီရေးအဖွဲ့တောင်းဆို

**လင်းဟိန်း၊ အောင်နိုင်**

**ရန်ကုန်** - ဘူးသီးတောင်မြို့နယ် အတွင်း အစိုးရက ဆောက်လုပ်ပေးထားသည့် စစ်ဘေးရှောင်စခန်းတစ်ခုရှိ လူဦးရေ ၅၀ ခန့်မှာ ဝမ်းရောဂါဖြစ်ပွားနေပြီး ကျန်းမာရေးစောင့်ရှောက်မှုများ အလေးထား ဆောင်ရွက်ရန်လိုကြောင်း ရခိုင်တိုင်းရင်းသားမျိုးနွယ်များအစည်းအရုံး (REC) က ပြောသည်။

ဘူးသီးတောင် မြို့နယ် မြောင်းနားကျေးရွာ အနီးတွင် ပြည်နယ်အစိုးရအဖွဲ့က ဆောက်လုပ်ပေးထားသည့် စခန်းတွင် ထိုသို့ဖြစ်ပွားနေခြင်းဖြစ်ပြီး ယင်းစခန်း၌ ကျောက်စာတိုင်၊ အလယ်ချောင်း၊ ကမ်းချောင်းနှင့် ကန့်ကော်မြိုင်ကျေးရွာတို့မှ ထွက်ပြေးလာကြသည့် ဒေသခံ ခမီတိုင်းရင်းသားများ နေထိုင်ကြကာ ၇၀၀ ခန့် ရှိသည်။

ဝမ်းရောဂါ ဖြစ်ပွားမှုမှာ သောက်သုံးရေ လုံလောက်မှုမရှိခြင်း၊ ရေမသန့်ခြင်း၊ အိမ်သာ မသန့်ရှင်းခြင်းတို့ကြောင့်ဟု REC ဥက္ကဋ္ဌ ဦးရွှေဘော်စိန်က ပြောသည်။ ထိုစခန်းမှ ဒုက္ခသည်များမှာ မသန့်ရှင်းသည့် ရေများကို သောက်သုံးနေကြရပြီး ရေမလုံလောက်မှုကြောင့် အဝတ်အစားများအားလုံးကိုလည်း လျှော်ဖွပ်၍ မဝတ်ကြရကြောင်း ၎င်းက ဆိုသည်။

"မသန့်တဲ့ရေကို ဒီအတိုင်း သောက်ရတဲ့အခါ ကလေးတွေ ဝမ်းပျော့တယ်။ ကလေးကတစ်ဆင့် တခြားအိမ်သားတွေ ကူးတယ်" ဟု ဦးရွှေဘော်စိန်က ပြောသည်။

ယင်း ဒုက္ခသည်စခန်းတွင် အိမ်သာ ၂၄ လုံး ရှိသော်လည်း အိမ်သာနှင့် မိလ္လာပိုက်သွယ်တန်းမှုများ တစ်ပြေးတည်းကဲ့သို့ ဖြစ်နေသဖြင့် သန့်ရှင်းမှုမရှိဟုလည်း REC က ဆိုသည်။

ဝမ်းရောဂါ ဖြစ်နေသည့် ဒုက္ခသည်များကို သက်ဆိုင်ရာ ကျန်းမာရေးဌာနက လာရောက်ဆေးကုသမှုရှိသော်လည်း ရောဂါဖြစ်နေသူများကိုသာကုသပေးပြီး ကျန်ဒုက္ခသည်များအတွက် ကြိုတင်ကာကွယ်မည့် အစီအမံများ၊ ပညာပေးမှုများမရှိကြောင်း ဦးရွှေဘော်စိန်က ပြောသည်။

"ရောဂါဖြစ်တဲ့အခါမှ ဆေးလာကုပေးမယ်ဆိုတဲ့ အနေအထားနဲ့ လုံးဝမလုံလောက်ဘူး" ဟု ၎င်းကဆိုသည်။ ထို့အပြင် သက်ဆိုင်ရာဒုက္ခသည်စခန်း၊ ကျေးရွာများအလိုက် တာဝန်ရှိသူများထံ လိုအပ်သည့် အရေးပေါ်ဆေးဝါးများထားရှိရန်လည်း ဦးရွှေဘော်စိန်က တိုက်တွန်းသည်။

သောက်သုံးရေရှားပါးမှုမရှိစေရေး၊ ရေကောင်းရေသန့် ရရှိရေးတို့အတွက် အစိုးရအနေဖြင့် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဒုက္ခသည်များအား ကူညီပေးနေသည့် ကူညီရေးအဖွဲ့များကပြောသည်။

"ရေရှားတာ၊ ရေမသန့်တာက စခန်းတိုင်းလိုလိုမှာ ဖြစ်နေတာ။ အဲဒါကို အစိုးရကကူညီပြီး လုပ်ပေးဖို့လိုတယ်" ဟု မြေပုံမြို့နယ်မှ ဒုက္ခသည်များအား ကူညီပေးနေသည့် ကိုဝင်းသိန်းက ပြောသည်။

# COVID-19 လူနာများကို ဖောင်ကြီးသို့ ပို့ဆောင်ရန် ကြိုတင်ပြင်ဆင်



*COVID-19 ကုသရေးဌာန(ဖောင်ကြီး)မှ ICU အခန်းတစ်ခန်းကို တွေ့ရစဉ်*
ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ယမင်း**

**ရန်ကုန်** - ရန်ကုန်တိုင်းအတွင်းရှိ COVID–19 လူနာများကို COVID–19 ကုသရေးဌာန (ဖောင်ကြီး) သို့ ပို့ဆောင်ရန် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ကုသမှု ဆေးပညာဌာနနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

လက်ရှိတွင် ရန်ကုန်တိုင်းအတွင်းပိုးတွေ့လူနာများကို ဝေဘာဂီဆေးရုံနှင့် တောင်ဥက္ကလာပ အထူးကုဆေးရုံတို့တွင် ထားရှိကာ ယင်းဆေးရုံနှစ်ခုနှင့် မလုံလောက်ပါက ဖောင်ကြီး COVID–19 ကုသရေးဌာနသို့ပို့ဆောင်မည်ဖြစ်သောကြောင့် ယခုကဲ့သို့ ပြင်ဆင်ထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်)မှ ဥက္ကဋ္ဌ ဦးစိုးသန်းက ပြောသည်။

"ရန်ကုန်မြို့ပေါ်ဆေးရုံတွေမှာ လူနာထားနိုင်တဲ့အင်အားက အခုက လုံလောက်နေသေးတယ် ပေါ့နော်။ ဒီမှာမလုံလောက်လို့ရှိရင်ဖောင်ကြီးကိုပို့မှာ။ အဲဒီအတွက်လည်း စမ်းသပ်မောင်းနှင်မှု သုံးကြိမ်တိုင်တိုင် လုပ်ပြီးသွားပြီ။ PPE တွေ၊ ပစ္စည်းတွေ အကုန်လုံး ဆေးရုံကြီးက ထောက်ပံ့ပေးထားပါတယ်။ သင်ကြားမှုအပိုင်းမှာ ဆရာဝန်ကိုယ်တိုင် လေ့ကျင့်သင်ကြားပေးထားပါတယ်"ဟု ၎င်းက ပြောသည်။

လူနာများ ပို့ဆောင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အရေးပေါ်လူနာတင်ယာဉ် ငါးစီးပြင်ဆင်ထားပြီး အဆိုပါယာဉ်တစ်စီးလျှင် လူမှုကယ်ဆယ်ရေးအဖွဲ့ဝင် နှစ်ဦးလိုက်ပါ ဆောင်ရွက်မည်ဖြစ်သည်။

လူမှုကယ်ဆယ်ရေးအဖွဲ့သည် အဆိုပါလူနာများပို့ဆောင်ခြင်းအပြင် ရန်ကုန်ဆေးရုံကြီးရှိ ဝင်ပေါက်တွင် အဖျားတိုင်းတာခြင်းလုပ်ငန်းများကိုပါ အားဖြည့်ကူညီပေးနေကြောင်း ဖောင်ကြီးသို့ ပို့ဆောင်ရာတွင် အရေးပေါ်လူနာတင်ယာဉ် ကွပ်ကဲရေး တာဝန်ယူထားရသော ရန်ကုန်ဆေးရုံကြီး၊ အရေးပေါ်ကုသမှု ဆေးပညာဌာနမှ ဒေါက်တာဖြိုးသီဟက ပြောသည်။

"သူတို့က ဂျူတီဝင်တာ နှစ်နေရာရှိတယ်။ ရန်ကုန်ဆေးရုံကြီး အဝင်ဝနေရာမှာ အဖျားတိုင်းတာတာ လုပ်ပေးတာတစ်ခု နောက်တစ်ခုက ယာဉ်မောင်း။ လူအင်အားက အဖျားတိုင်းတာအတွက်က လူ ၆၀ အဆိုင်းနဲ့ ချထားပေးတယ်။ ကားမောင်းဖို့အတွက်က ၂၇ ယောက် ချထားပေးတယ်။ ဆေးပညာအရ သူတို့ရဲ့စိတ်ချယုံကြည်မှုအတွက်က အဓိကက PPE ကိုပဲ သင်တန်းအဓိကထားပေးတာ။ ကျန်တာကတော့ သူတို့အခြေခံဗဟုသုတတွေရှိပြီးသားဆိုတော့ သိပ်စိတ်ပူစရာမရှိပါဘူး"ဟု ၎င်းကပြောသည်။

ဝေဘာဂီဆေးရုံတွင် COVID–19 လူနာ ၉၀ ဆံ့ကာ တောင်ဥက္ကလာပ အထူးကုဆေးရုံသည် လူနာ၇၀ခန့်ဆံ့သည်။ COVID–19 ကုသရေးဌာန (ဖောင်ကြီး)တွင်မူ ကနဦးအနေဖြင့် လူနာ ၅၀၀ ခန့် လက်ခံကုသပေးနိုင်ရန် ပြင်ဆင်ထားသည်။

# COVID-19 ပြန့်ပွားမှု တွန်းလှန်ရေးအတွက် အိန္ဒိယက မြန်မာကို ဆေးဝါးများလှူဒါန်း

**ထက်အာကာကျော်**

**ရန်ကုန်** - COVID–19 ပြန့်ပွားမှု တွန်းလှန်ရေးအတွက် အိန္ဒိယအစိုးရသည် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်း ၁၈ မျိုးကို မြန်မာအစိုးရအား ယမန်နေ့ (မေလ ၅ ရက်) တွင် လွှဲပြောင်းပေးအပ် လှူဒါန်းခဲ့သည်။

COVID–19 ရောဂါဖြစ်ပွားပြီးနောက် အိန္ဒိယအစိုးရသည် မြန်မာအစိုးရ၊ ပြည်သူများနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်နေကြောင်းနှင့် ကမ္ဘာတစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှု လုပ်သားများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းများနှင့်အတူ COVID–19 တွန်းလှန်ရာတွင် ရှေ့တန်းမှရပ်တည်နေကြောင်း အိန္ဒိယသံရုံးက ထုတ်ပြန်သည်။

အိန္ဒိယအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပြီး ယင်းအခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်ခဲ့ကြောင်း သံရုံးက သတင်းထုတ်ပြန်သည်။

အိန္ဒိယက လှူဒါန်းသည့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများသည် COVID–19 ရောဂါကိုတိုက်ဖျက်ရန် လိုအပ်သည့် ညီညွတ်သော စုပေါင်းအားထုတ်မှုကို ရောင်ပြန်ဟပ်စေကြောင်းနှင့် နှစ်နိုင်ငံ အစဉ်အလာအရ နွေးထွေးမှု၊ ရင်းနှီးသော ဆက်ဆံရေးကို ပြသခြင်းဖြစ်သည်ဟု သံရုံး၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

ပြီးခဲ့သည့် ဧပြီ ၃၀ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီ တို့သည် COVID–19 အရေးကို ဖုန်းဆက်ဆွေးနွေးခဲ့ပြီး ခေါင်းဆောင်များသည် COVID–19 ကြောင့်ဖြစ်ပေါ်သည့် လက်ရှိနှင့် အနာဂတ်စိန်ခေါ်မှုများကို အတူတကွ နီးကပ်စွာ ဆက်လက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

# World News & Sports

7Day News အချပ်ပို

## ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဆေးဝါးများ တန်းတူအသုံးပြုခွင့်ပေးရန် အင်ဒိုနီးရှား တောင်းဆို

**ဂျကာတာ–** ကမ္ဘာတစ်ဝန်း ရောဂါကူးစက်သူ သုံးသန်းကျော်လာစဉ် ကိုရိုနာဗိုင်းရပ်စ်အသစ်ကို ကုသရေးဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဆေးဝါးများ တန်းတူအသုံးပြုခွင့်ရရေး အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုက တောင်းဆိုသည်။

COVID–19 ရောဂါ ကုသဆေးများနှင့် ကာကွယ်ဆေးများကို တတ်နိုင်သော ဈေးနှုန်းဖြင့် အချိန်ကိုက်အသုံးပြုခွင့်ရရှိကာ ရောဂါတိုက်ဖျက်ရန် လိုအပ်သည်ဟု ဝီဒိုဒိုက ကြေညာချက်၌ ဖော်ပြသည်။

အင်ဒိုနီးရှားသမ္မတသည် မည်သည့်မဟာအင်အားကြီးနိုင်ငံများဘက်သို့မှ မလိုက်ဟု ကြေညာပြီး ၁၉၆၁ က စတင်ဖွဲ့စည်းခဲ့သော စစ်အေးစစ်ပွဲခေတ်အဖွဲ့ မဟာမိတ်မဟုတ်သောအဖွဲ့ (NAM)၏ တစ်စိတ်တစ်ပိုင်းဖြစ်သော နိုင်ငံများ အကြီးအကဲ ၃၉ ဦး၏ COVID–19 ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည်။NAM အဖွဲ့ဝင်နိုင်ငံများက အဖွဲ့ဝင်များအတွက် လိုအပ်သော အရေးကြီးသည့် ဆေးဘက်ဆိုင်ရာနှင့် လူသားချင်းစာနာရေး လိုအပ်ချက်များကိုစာရင်းပြုစုရန် အမှုဆောင်အဖွဲ့ ဖွဲ့စည်းသော အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများထံ ပေးပို့မည်ဖြစ်ကြောင်းအင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရတ်နိုမာဆူဒီက ပြောကြားသည်။

အင်ဒိုနီးရှားတွင် COVID–19 ရောဂါ ကူးစက်သူ ၁၁,၅၈၇ ဦးရှိပြီး လူ ၈၆၄ ဦး သေဆုံးခဲ့ပြီဖြစ်သည်။

ဥရောပကော်မရှင်အကြီးအကဲ ဗွန်ဒါလီယန်၏ ကြေညာချက်အရ ကမ္ဘာ့ကပ်ရောဂါတိုက်ဖျက်ရေး ကမ္ဘာ့ခေါင်းဆောင်များက ကန်ဒေါ်လာ ၈ ဘီလီယံပေးမည်ဟု တနင်္လာနေ့က ကတိပြုခဲ့ကြောင်း သိရသည်။ *Reuters*

## ပြင်သစ်တွင် COVID-19 ကြောင့် သေဆုံးသူ ၂၅,၀၀၀ ကျော်သွား

**ပါရီ–** ပြင်သစ်နိုင်ငံတွင် COVID–19 ကြောင့် သေဆုံးသူအရေအတွက်သည် မေလ ၄ ရက်က ၃၀၆ ဦး ထပ်တိုးလာကာ စုစုပေါင်း ၂၅,၂၀၁ ဦးရှိလာပြီဖြစ်ကြောင်း အစိုးရကိန်းဂဏန်းများက ပြသနေသည်။

တနင်္လာနေ့က သေဆုံးသူ အရေအတွက်သည် လေးရက်အတွင်း အများဆုံးဖြစ်သည်။

တနင်္ဂနွေနေ့က သေဆုံးသူ ၁၃၅ ဦးသာ ရှိခဲ့သည်။

သို့ရာတွင် တနင်္ဂနွေနေ့များတွင် သက်ကြီးစောင့်ရှောက်ရေးစင်တာများမှ သတင်းပို့မှု နောက်ကျလေ့ရှိပြီး နောက်ပိုင်းတွင်မှ ပြန်ဖြည့်ရလေ့ရှိသည်။

ပြင်သစ် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် အထူးကြပ်မတ်ဆောင်၌ ကုသမှုခံယူနေရသူအရေအတွက်သည်တနင်္ဂနွေနေ့ ၃,၈၁၉ ဦးရှိခဲ့ရာမှ ၃,၆၉၆ ဦးသို့ လျော့ကျသွားသည်ဟု ပြောကြားသည်။

ယင်းမှာ ၂၆ရက်ဆက်တိုက် လျော့ကျလာခြင်းဖြစ်သည်။

ဆေးရုံတင်ထားရသော အရေအတွက်သည်လည်း ၂၅,၈၁၅ မှ ၂၅,၅၄၈ ဦးသို့ လျော့ကျခဲ့ပြီး သီတင်းသုံးပတ်ခန့် ဆက်တိုက်လျော့ကျလာခြင်းဖြစ်ကြောင်း သိရသည်။

—*Ref: AFP*

## COVID-19 ကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူ နှစ်သိန်းခွဲကျော်လာ

### ကပ်ရောဂါ ဒုတိယလှိုင်း (သို့မဟုတ်)တတိယလှိုင်း ရှိနိုင်ကြောင်းပညာရှင်သတိပေး



ဓာတ်ပုံ–အေပီ

**ပါရီ–**ကမ္ဘာတစ်ဝန်းတွင် COVID–19 ကူးစက်ခံရသူ ၃ ဒသမ ၆ သန်း ကျော်ရှိလာပြီး သေဆုံးသူ စုစုပေါင်း နှစ်သိန်းခွဲကျော်လာသည်။

မေလ ၄ ရက်က စာရင်းများအရ ကမ္ဘာတစ်ဝန်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃,၆၄၆,၂၁၁ ဦးရှိပြီး ၂၅၂,၄၀၇ ဦး ရှိကာ ၁,၂၀၀,၁၇၀ ဦး ပြန်လည်သက်သာလာသည်။

လတ်တလောရက်များအတွင်း ကူးစက်သူနှင့် သေဆုံးသူအများစုသည် မြောက်အမေရိကနှင့် ဥရောပတွင် ဖြစ်ပွားသော်လည်း ယခုအခါ လက်တင်အမေရိက၊ အာဖရိကနှင့် ရုရှားနိုင်ငံတွင် ကူးစက်မှု များပြားလာသည်။

ဗိုင်းရပ်စ်ပျံ့နှံ့ထိန်းချုပ်ရာတွင် အထောက်အကူဖြစ်စေသော တင်းကျပ်သည့်အသွားအလာပိတ်ဆို့မှုများကို နိုင်ငံအမြောက်အမြားက ဖြေလျှော့ပေး နေစဉ် ယခုအရေအတွက် ရောက်လာခြင်းဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယလှိုင်း (သို့မဟုတ်)တတိယလှိုင်း ကျယ်ပြန့်စွာရှိလာနိုင်ဟု ကင်ဘာရာဆေးရုံမှ ကူးစက်ရောဂါကျွမ်းကျင်သမားတော် ပီတာကော်လီ နွှန်က ခန့်မှန်းသည်။

—*Ref: Reuters*

## လက်ဆွဲနှုတ်ဆက်သော ချယ်လ်ဆီးတိုက်စစ်မှူး ဟောင်းကာလူး အရေးယူခံရ

**ဘာလင်–** အသင်းဖော်များနှင့် လက်ဆွဲနှုတ်ဆက်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေး COVID–19 ဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို ချိုးဖောက်သောကြောင့် ဟာသာဘာလင်အသင်းက အိုင်ဗရီကို့စ် လက်ရွေးစင်တိုက်စစ်မှူး ကာလူး (၃၄)နှစ်ကို အရေးယူသည်။

ဖေ့စ်ဘွတ်ခ်ပေါ် တင်ထားသောဗီဒီယိုဖိုင်တွင် ချယ်လ်ဆီးကစားသမားဟောင်း ကာလူးက ကစားသမားများ၊ အသင်းဝန်ထမ်းများနှင့်လက်ဆွဲနှုတ်ဆက်ပြီး ယင်းကို ဂျာမန်လိဂ်က ရှုတ်ချခဲ့သည်။

“အဝတ်အစားလဲခန်းက ကာလူးရဲ့ပုံတွေက လုံးဝလက်မခံနိုင်စရာပါ”ဟု ဂျာမန်ဘောလုံးလိဂ်က ပြောပြီး ဟာသာဘာလင်အသင်းက ကာလူးကို အသင်းသားအဖြစ်မှ ချက်ချင်းဆိုင်းငံ့ခဲ့သည်။

ကာလူးက ၎င်း၏ လုပ်ရပ်များအတွက် ပြန်လည်တောင်းပန်သော်လည်း မိမိအနေဖြင့် မိခင်နိုင်ငံရှိ ကျန်းမာရေးစီမံကိန်းများတွင် ပံ့ပိုးကူညီမှုအတွက် ပိုမိုလူသိများသင့်သည်ဟု ပြောသည်။

—*Ref: AFP*

